
www.burmeseclassic.com

# လရောင်ကျေးရှင်

သံသယမြူ



www.burmeseclassic.com

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ – ဒေါ်ကေနိုင်ဦး (မြ-၀၃၇၆၉)
ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်း/ – ဒေါ်နွဲ့နွဲ့ရီ (မြ-၀၉၈၇၀)

အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၈၈)၊ ၅၁ လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

အကြိမ် – ပထမအကြိမ်
၂၀၁၂ ခုနှစ်၊ ဇူလိုင်လ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀၀/-

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃
လရောင်ကျူးရှင်
သံသယမြူ/ လရောင်ကျူးရှင်၊ ရန်ကုန်။ ရွှေသမင်စာပေ
၂၀၁၂။
၂၈၈– စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။
(၁) သံသယမြူ




အခန်း (၄၂)

"ဘာဝယ်ခဲ့ရမလဲ .. စားချင်တာ မှာလေ .. ညစာအမီ ပြန်လာမှာပါ"

မောင်နဲ့ နှယ် ကို ဝေခနဲကြည့်ပြီး မူလ ခေါင်းခါလိုက်သည်။

"မျက်နှာက ဘာဖြစ်နေတာလဲ .. ကြည်ကြည်ဖြူဖြူ နေစမ်းပါ၊ သူ့မျက်နှာကို မတွေ့ဘူးလား"

နှယ် က သူ့ပဲ မေး .. သူပဲပြောကာ နားနားကပ်ပြီး ကလိသွားသေးသည်။ မောင့်မျက်နှာက တည်နေတာလည်း မဟုတ်၊ ပြုံးရယ်လိုပုံလည်း မရှိ၊ မူလ နဲ့ မျက်လုံးချင်းလည်း မဆုံခဲ့ပါ..။

နှယ် ပြောနေသမျှကို အကြည့်တစ်ချက်ပဲ ဝေ့ကာ ကားပေါ်ရောက်သွား၏။

အမြင်မတော်တိုင်း မသိမသာ မေးမြန်းဆုံးမတတ်သည့် ဒေါ်အုကိုယ်တိုင် ဟိုတစ်ညက စပြီး နောက်ထပ် ဘာမှမမေးတော့ဘဲ နေတတ်သလို နေတော့တာမျိုး ..။

ဒီအဖြစ်တွေကို ညို့ ကို ပြောဖို့ မပြောဖို့ အားယူရင်း ပြောနေစရာမလိုဘဲ ညို အကဲခတ်မိသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေဖြစ်ကုန်ပြီလဲ .. ငါ့ကို မှန်မှန်ပြောစမ်းပါ"

အတင်းအကျပ်မေးတော့မှ အနည်းအကျဉ်းပြောမိကာ အဆိုးဝါးဆုံးကိုတော့ ချန်ခဲ့လိုက်၏။

"ငါ မပြောဘူးလား မူလ .. ခုတော့ နင့်လည်ပင်းက လည်းနင်းခံရတာထက် ဆိုးပြီမို့လား၊ နီးစပ်ရာပျော်တတ်တာ ယောက်ျားတွေဘက်က ဖြစ်နိုင်ဆုံးအခွင့်အရေးပဲ၊ ခေတ် ကို နောက်မှ စိတ်တိုချင်တို၊ နွယ်တသို ကို အရင်ရှင်းပစ်လိုက်ပါ၊ ညည့်သည်က ညည့်သည်လိုမနေတဲ့ဥစ္စာ၊ နင် ဘာတွေ အားနာနေတာလဲ၊ ခေတ် ရဲ့အမေတို့ ပြန်လာရင် နင့်ကိုပဲ အပြစ်တင်မှာနော် .. တော်ကြာ သူ လုပ်ကြံခဲ့တာတွေကို နင် မသိဘူးပဲမှတ်ပြီး သူ့ကို နင်ကိုယ်တိုင် ခေါ်ပါတယ် ဘာညာနဲ့ မဟုတ်တာတွေ ဇာတ်ခင်း မပြောဘူးလို့ နင် ပြောနိုင်လား .."

ကိုယ့်ရဲ့ဒိုင်ယာရီ သူမဆီရောက်နေပြီဆိုတာ ညို က မသိသေးဘဲ တပ်အပ်ခန့်မှန်းနေသဖြင့် ရှုပ်ထွေးနေသည့်စိတ်ထဲမှာ ငိုချင်လာသည်။

နွယ် ဘာတွေကြိမ်းဝါးပြီး ဘယ်လိုနိုင်ကွက်နင်းခဲ့သလဲဆိုတာ..

"ငါ သတိပေးသားနဲ့ မူလ ရယ် .. အဲ့တစ်ယောက် အကျင့်မကောင်းပါဘူးဆိုတာ မယုံဘူး၊ ခုတော့ ခေတ် က ရွံ့သလိုလို .. စိတ်ဆိုးမပြေသလိုလိုနဲ့ .. နောက်ဆို တကယ်သာယာသွားမှာပဲ၊ ကိုယ့်ယောက်ျား ကိုယ့်ကို ဒီလောက်ချစ်တာ ဘာဖြစ်လို့ မာနကြီးနေသေးတာလဲ၊ သူ ကျေနပ်အောင် သေချာရှင်းပြလိုက်လေ၊ လိုအပ်ရင် ငါနဲ့ ကိုတူး ပါ လာခဲ့ပါမယ်၊ အဲဒီကိစ္စက ငါတို့နဲ့လည်း ဆိုင်နေတဲ့ဟာ"

"နေပါစေဟာ .. မောင်က စိတ်မကောက်တတ်ပါဘူး၊ သူ စိတ်ဆိုးပြေသွားရင် နားလည်မှာပါ"

"အေး .. အဲဒါမျိုးတွေ စုဆောင်းမိလာရင် နာကြည်းသွားတတ်တယ်၊ မပြောမရှိနဲ့"

ပြောလို့မဆုံးသေးခင် ဖုန်းသံ မြည်လာ၏။ မူလ ထုတ်ယူလိုက်





တော့ ညို က လိုက်ငုံ့ကြည့်ကာ ...

"ခေတ် ဆီက"

"အင်း .."

မူလ ဝမ်းသာသွားသည်။ ဒါပေမယ့် တခြားအသံတွေပဲ ကြားနေရပြီး ဘာတွေပြောနေမှန်း မသိ ..။ ခေတ် ကလည်း ပြောနေရင်းဆူညံသံတွေကို စိတ်တိုကာ ဖုန်းကို ဒိုင်းခနဲ ဆောင့်ချပစ်လိုက်၏။

"တင်မီ .. မင်းရဲ့ဘေးကမှန်ချပ်ကို ဆွဲစေ့လိုက်စမ်း၊ ဖွင့်ပြီး ဘာလုပ်ထားတာလဲ"

"ရှင်!... ဟုတ်ကဲ့"

တင်မီကို ပျာပျာသလဲ ထလုပ်၏။ နောက်ထပ်လည်း ခေါ်ချင်စိတ် မရှိတော့သဖြင့် တခြားဖုန်းဝင်လာတော့ အလုပ်ကိစ္စထဲ ပြန်ရောက်သွားသည်။ ဒါပေမယ့် အလုပ်က ပြန်လာတဲ့အထိ သူ့စိတ်တွေ မရှင်မပျနိုင်တာ မူလ ကြောင့် ..၊ စိတ်အစဉ်သည် ဘယ်သွားသွား ဘာလုပ်လုပ် ရေးမူလ သာ ကြီးစိုးနေခဲ့၏။

နွယ်တသို လည်း လှသည်။ မူလ လောက် မဟုတ်ပေမယ့် ဆံပင်ရှည်ထားပုံကလည်း သိပ်မကွာ၊ အရပ်အမောင်း ကိုယ်လုံးဟုပ်ပုံချင်းကျတော့လည်း နွယ် ကတောင် ပိုလှနေသေးသည်။

သို့သော် မူလ နဲ့ယှဉ်နိုင်တဲ့အထိ သူ့မျက်လုံးထဲမှာ ဘယ်တုန်းကမှ မတိုးခဲ့ပေ ..' မူလ က ခေါင်းလျှော်ချိန်မှလွဲ၍ ဆံပင်တွေကို ကျောထက်မှာ ကလစ် သို့မဟုတ် ခေါင်းစည်ကွင်းလှလှလေးတွေနဲ့ စည်းချထားတာ များ၏။

နွယ် ကတော့ မြင့်မြင့်မှာ တင်စီး သိုက်၊ ဘေးစောင်းမကျတကျမှာ ဖြစ်လိုက်၊ ဖားလျားဖြန့်ထားတာတွေလည်း ရှိကာ ဆံထုံးလိုလို ကတုံးလိုလို ရှင်းပြောင်နေအောင် သိမ်းတင်ထုံးဖွဲ့၍ ပွိုင့်ဒေါက်မြင့်တွေ စီးထားတော့ ဟော့ထ်ဖြစ်လွန်း၏။



www.burmeseclassic.com

www.burmeseclassic.com



ဖိနပ်ဆို ခုံမြင့်ခပ်နိမ့်နိမ့်လေးတွေပဲ စီးတတ်သည့် မူလ ရဲ့ပုံရိပ်လေးဟာ သူ့ရင်ထဲကို လေညင်းလေးတစ်စလို ဝင်ရောက်လာခဲ့တာပေမယ့် မြဲမြဲစွာ အမြစ်တွယ်ခဲ့တာက ညောင်ခြေထောက်ပင်ကြီးလို ဖြစ်၏။

ချစ်မင်းဦး ကတော့ ပြန်ခါနီးမှာ တိုးတိုးကြိတ်ကြိတ် ကပ်ပြောသွားခဲ့သည်။

"ချစ်ချင်တာက တစ်ယောက်တည်းပေမယ့် ကျောသားရင်သားတော့ ခွဲခြားထားပေါ့ကွ၊ ရေသောက်မြစ်တစ်ခုတည်းနဲ့ အသီးအပွင့်တွေ အများကြီး ပြန့်ပွားပေးလို့ ရတာမျိုး၊ သူ့ကိုချစ်တာလည်း ချစ်၊ နှယ့် ကိုလည်း လိုက်လျောပေးလိုက်၊ ချစ်စိတ်ဆိုတာ နှိုးဆွ ထုတ်ဖော်ရတာမျိုးလည်း ရှိတာပဲ၊ နှယ် နဲ့ငြိပြလိုက်.. မင်းရဲ့ မူလ ဘာဖြစ်လာမလဲ မြင်ရလိမ့်မယ်" တဲ့။

ချစ်မင်းဦး ရဲ့စကားတွေကို ပြန်တွေးရင်း လူးလွန့်တက်နေသည့် စီးကရက်ငွေ့တွေကို ပျောက်ပျက်သွားတဲ့အထိ ငေးကြည့်နေမိ၏။ ဒီလိုလုပ်ပြဖို့ဆိုတာ လွယ်သလား ...။

ပန်းရန့်တွေ သင်းပျံ့နေသည့် ဥယျာဉ်ငယ်လေးထဲမှာ အကျအနထိုင်ပြီး သူ တမ်းတနေတာက ပန်းရနံ့တွေမဟုတ်ဘဲ မူလ ရဲ့ ကိုယ်သင်းနံ့လေး ဖြစ်နေသည်။

ဘယ်သူ ဘာပြောပြော မူလ ကိုပဲချစ်သည့် နိုင်မြဲခြင်းက ဘယ်လိုအလှအပကိုမှ တပ်မက်စိတ် မဖြစ်။ ချစ်တယ်ဆိုသည့်စကားတွေ အစား တခြားသော အကြောင်းအရာအားလုံးအပေါ်မှာသာ ပျော်ဝင်လွယ်တတ်သည့် မိန်းမကိုမှ သူ စွဲစွဲလမ်းလမ်း ချစ်မိခဲ့၏။

မကြားချင်ဘဲလည်း ပြောခဲ့မိသည်။ မပေးချင်မှန်းသိပေမယ့် လိုချင်၏။ လိုချင်တာကိုမရဘဲ မလိုချင်တာတွေ အလျှံပယ်ဖြစ်နေတာ 'မင်း ကံကောင်းတာ' လို့ ပြောသေးသည်။





တကယ်ဆို သူ့ရဲ့ကံကောင်းခြင်းများစွာထဲမှာ အဆိုးဆုံးက မူလ ကို စိတ်နာမုန်းတီးလို့ မရနိုင်ခြင်းပင် ..။

နာရီဝက်ကြည့်မိရင်း တိုနေပြီဖြစ်သည့် စီးကရက်ကို ခြေထောက်နားချ၍ ဖိနင်းပစ်လိုက်၏။ နေရာမှ ထရပ်လိုက်မိပေမယ့် ဘယ်ဆီကို ဦးတည်ရမှန်း မသိ။ အလုပ်ကပြန်လာကတည်းက ရေချိုးသည့်အလုပ်တစ်ခုကိုပဲ အချိန်ပေး၍ ခြံထဲဆင်းနေခဲ့မိသည်။

မေမေတို့လည်း ပြန်လာတော့မည်။ မူလ နဲ့ သူ့ရဲ့အိမ်ထောင်ရေးက ထူးခြားနွေးထွေးမလာဘဲ နှယ် နဲ့ ရင်းနှီးခြင်းကသာ ပိုတိုးလာခဲ့၏။ ဘယ်ခြေလှမ်းတွေကို တိုးရဆုတ်ရမှန်း မညီတော့ဘဲ ဖြစ်နိုင်လျှင် အချိန်တွေထဲက နုတ်ထွက်ချင်မိသည်။

မူလ ဆီက နူးညံ့သောချစ်ခြင်းကိုရဖို့ သူ့အတွက် သေချာရဲ့လား ..၊ အိပ်ခန်းထဲ ပြန်တက်လာခဲ့ပြီးမှ တံခါးဟထားတာမြင်တော့ ရှေ့မှာပဲ ခဏရပ်နေမိသည်။

စကားများရန်ဖြစ်ကြပြီဆို မူလ ဘက်ကနေ သူ့ကို အလျှော့ပေးခဲ့ဖူးတာ မရှိ။ ပြိုင်ဆိုင်မာန်ဝင့်နေတာမျိုး မဟုတ်သော်လည်း သူမ ဘာမှမသိခဲ့သလိုလို .. မရှိခဲ့သလိုလို။

ဆံပင်တွေထဲ လက်ထည့်ဖွရင်း ကိုယ့်ကိုယ်ကိုယ် ကလေးဆန်နေပြီလားလို့တောင် တွေးမိလာ၏။ 'သူ 'စ'မခေါ်ဘဲနဲ့ ငါလည်း မခေါ်ဘူး'ဆိုပြီးတော့လည်း မနေနိုင်။

အမြဲတမ်း ကိုယ်ချည်းပဲ လျှော့လာရသည့်အဖြစ်ကြောင့်လည်း ရင်ခံနေသည်။ စိတ်က တွေဝေနေဆဲပေမယ့် လက်က တံခါးကို တွန်းဖွင့်လိုက်ပြီး ဖြစ်သည်။

အပေါ်ထပ်တံခါးဖွင့်ထားသည့် ဗီရိုကြီးရှေ့မှာ မူလ ရပ်နေလျက် အဝတ်တွေ ထည့်နေသလား .. အကျီလဲဖို့အတွက် ယူနေတာလား။

တံခါးနှင့်ကွယ်နေသည့် အနေပါပိုင်းကို မမြင်ရဘဲ သူ့ခြေလှမ်း



www.burmeseclassic.com

www.burmeseclassic.com



တွေ့ မူလ ဆီကိုပဲ တိုးလျှောက်သွားခဲ့သည်။

မှောင်ရီသမ်းနေသည့်အခန်းထဲမှာ မီးဖွင့်မထားသဖြင့် ဆံပင်တွေ ဖြန့်ချထားသည့် မူလ ကိုယ်လေးကို နောက်ကနေ သိမ်းကျုံးဖက်ထား လိုက်မိ၏။

"မူလ ရယ် .. မင်း တကယ်ကို နေနိုင်လွန်းတယ်"

သူ မူလ အမှတ်နှင့် တင်းကျပ်စွာပွေ့ဖက်ထားလိုက်ပြီး ဆံနွယ် တို့ကြားမှ တိုးတိုက်၍ ဂုတ်သားနုနုလေးဆီ နမ်းရှိုက်ဖို့ပြင်လျှင် ...

"ဟာ!..၊ မင်း ..."

အမှတ်တမဲ့ဖြစ်ခဲ့သည့် ယစ်မူးခြင်းကို စိမ်းသက်သော ကိုယ် သင်းနံ့က တွန်းထုတ်ပစ်လိုက်သည့်နှယ် ...။

လက်တွေ ဖျတ်ခနဲ ကွာကျသွားကာ ခြေတစ်လှမ်းစာ လက် လှမ်းလို့မမီတမီ အကွာအဝေးထိ ချက်ချင်းရောက်၏။

"နွယ်တည့် .. မင်း .. မင်း ဘာလုပ်နေတာလဲ"

"နွယ် ဒီလိုပဲ ဝင်နေကျပဲဟာ.. အစ်ကိုပဲ အတင်းဝင်ဖက်ပြီးတော့.."

"ဟား!... ကျွတ် .."

ခေတ် ခြေရောလက်ပါ ခါလျက် စကြည့်စားပွဲက ကုလားထိုင် ကို ဒိုင်းခနဲ လွှဲကန်ပစ်၏။

"ဟုတ်တယ် .. ငါ မဆင်မခြင်ဖြစ်သွားတာ၊ ဆောရီးပဲ .. မင်း သွားတော့"

"ဆောရီး ဆိုတာကို ကျေနပ်ပါတယ်၊ သွားတော့လို့ နှင်လွှတ် တိုင်းတော့ မသွားနိုင်ဘူး အစ်ကို၊ နွယ် က ဒီအိမ်က အလုပ်သမား မဟုတ်ဘူး"

နွယ် မျက်ဝန်းတွေက စူးစူးရဲရဲဖြစ်နေသည်။ ဗီရိုထံခါးကို နောက် ပြန်ပိတ်လိုက်ပြီး မျက်နှာချင်းဆိုင် တစ်လှမ်းချင်း လျှောက်လာ၏။

ဖဒါရောင်ဖျော့ဖျော့ အသားကပ် ပိုးဖျော့အင်္ကျီလေးက ညဝတ်





ပုံစံ လက်တစ်လုံးချိတ်လေးဖြစ်ကာ ခါးစမ်းပုံးရုံ ထိုနံ့နံ့။

အောက်ပိုင်းမှာဝတ်ထားတာက မူလ အိပ်နေရင်းဝတ်ထားတတ် သည့် စကတ်ရှည်ပွပွလေး ဖြစ်သည်။

ဒီစကတ်လေးကိုပဲ အခန်းဝကနေ လှမ်းမြင်ပြီး မူလ လို့ သူ ထင်ခဲ့တာ ဖြစ်၏။ မိုးချုပ်လုလုအချိန်၊ အိမ်မှာလည်း လူရုံနေကာမှ သူမ ဒီအခန်းထဲမှာ ထိတ်ဆိတ်စွာရှိနေမည်လို့ ဘယ်လိုလုပ် တွေး မိမလဲ ...။

'ငါ့အပြစ် မဟုတ်ဘူး' ဆိုတာပဲ အထပ်ထပ်တွေးမိကာ မျက်နှာ ရှေ့ ရောက်လာသည့် စူးစူးရဲရဲမျက်လုံးတွေကို ခေတ် ပြန်လည် စိုက် ကြည့်မိ၏။

"မင်းကို ငါ့အလုပ်သမားမဟုတ်လို့ တောင်းပန်တာ နွယ်၊ အလုပ်သမားတစ်ယောက်က ငါ ခွင့်မပြုဘဲ ဒီအခန်းထဲထိ ကျူးကျော် ဝင်ခွင့် မရှိဘူး"

"ဒါဆိုလည်း ပြေရာပြေကြောင်း ပြောလို့ ရပါတယ်၊ အစ်ကိုနဲ့ ပတ်သက်လာရင် နွယ် ဘယ်တုန်းက ဒေါသထွက်ခဲ့တာ ရှိသလဲ"

"ငါကတော့ ဒေါသထွက်နေတယ်၊ စိတ်အခန့်မသင့်တဲ့အခါ ပြောမှားဆိုမှားတွေလည်း ရှိလာတတ်တယ်၊ အဲဒီတော့ ငါတို့ စကား များများ မပြောကြတာ ကောင်းတယ်"

နွယ် က အနီရောင်ရင့်နေသည့် နှုတ်ခမ်းသားတို့ကို လှလှပပ လေး တွန့်မဲ့ကာ မီးခလုတ်ဆီ လျှောက်သွားပြီး ဖွင့်ပစ်လိုက်၏။

ပြီးတော့ သူနဲ့မလှမ်းမကမ်းမှာ ပြန်လာရပ်သည်။ သူမပုံစံက နေနေကျ ကိုယ့်နေရာ ကိုယ့်အခန်းတစ်ခုလို အသားထကျ။

"အစ်ကိုက စကားပြောဖို့လေးတောင် တွန့်တိုနေတာလား၊ နွယ် ကတော့ အစ်ကို့ကို မင်္ဂလာဆောင်ပြီးတဲ့ ညနေကတည်းက လိုတာထက်ပိုခဲ့တာ၊ တာဝန် ဝတ္တရားဆိုတာထက် စိတ်ရောကိုယ်ပါ ရင်းနှီးခဲ့တာ"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"ဘာ .. ပြောလိုက်တယ်၊ မင်းစကားက .."

"သူငယ်ချင်းအတွက် ပေးဆပ်တာထက် ပိုတာကို ပြောတာပါ၊ ပြီးတော့ သနားတာ.. ဘာမှမသိတဲ့ လူမမယ်ကလေးလေးတစ်ယောက်လိုပဲ အမှိုက်ပုံမှာ အမှိုက်တစ်စလို စွန့်ပစ်ခံရတာတောင် ကိုယ့်ကိုယ်ကိုယ် ဘယ်ဘဝရောက်မှန်းမသိဘဲ အမေကို မပို့တပိအော်ခေါ်ပြီး ငိုနေတုန်း .."

ခေတ် ဘာမှမမေးပေမယ့် ရှုပ်ထွေးသည့်စကားများထဲမှာ နစ်မျောရင်း ထူနက်သည့်မျက်ခုံးအစုံ ထိဆက်မတတ် ကုတ်ကျနေခဲ့၏။

နွယ် က ခေတ် ရဲ့မျက်နှာကို သေချာအကဲခတ်ပြီးမှ ဆက်၍...

"မာနကြီးတဲ့ယောက်ျားတစ်ယောက်ကို ဒီစကားတွေပြောရတာ အားနာပါတယ်၊ ဒါပေမယ့် အစ်ကိုက အစွဲအလမ်းကြီးလွန်းတယ်၊ တစ်စုံတစ်ယောက်ကို စွဲလမ်းတဲ့စိတ်တစ်ခုတည်းနဲ့ အတ္တ မာနတွေကို အားလုံး ဘေးချိတ်ခဲ့တယ်၊ နွယ် ကတော့ အားလုံးနဲ့ရောပြီး ဘေးရောက်မခံနိုင်ဘူးလေ ..၊ ကိုယ့်ဘက်က ရင်းနှီးပေးဆပ်ထားရပြီး နင်ထုတ်ခံရပါများတော့ ရင်နာတယ်"

"ဒီထက်ရှင်းအောင်ပြော နွယ်၊ ဘာတွေ ရင်းနှီးပေးဆပ်တာလဲ၊ မင်း ပြောနေတာ ဘယ်သူ့အကြောင်းလဲ"

"အစ်ကိုနဲ့ နွယ့် အကြောင်းပါပဲ၊ ဒါရိုက်တာကာ ရေးမှုလ"

"ဘာ!..."

"သူ အလုပ်လုပ်လို့မရအောင် အစ်ကို ကပ်တွယ် နှောင့်ယှက်နေလို့တဲ့၊ သူ ရင်ဖွင့်ပြီး နွယ့် ကို အကူအညီတောင်းခဲ့တာ၊ သူ့ရဲ့စိတ်ကို တစ်ဖက်ကနေ ပြောင်းလဲသွားအောင် ကူညီပါလို့ .. အချိန်ကာလ တစ်ခု သတ်မှတ်ပြီး သူ ကမ်းလှမ်းတာလေ"

ခေတ် မေးရိုးနှစ်ဖက်မှာ တင်းခနဲ လှုပ်ခါသွား၏။ ပြီးတော့ ရှေ့ကို တစ်လှမ်းတိုးလိုက်ပြီး တုံ့ခနဲ ရပ်သည်။





နွယ် က အရိုးခံပုံစံလေးနှင့် မျက်တောင်လေး တဖျပ်ဖျပ်ခတ်ရင်း အံ့ဩသလိုကြည့်၏။

ပြီးမှ အားနာသွားသည့် အပြုံးယဲ့ယဲ့နှင့် မျက်ဝန်းလေးတွေ တိမ်းဝယ်သွား၍ ...

"စိတ်မကောင်းပါဘူး အစ်ကို၊ ရှင် အရမ်းနစ်နာလွန်းတယ် ထင်လို့ပါ၊ နွယ် ကိုယ်တိုင် ထူးဆန်းတဲ့အတွေးတွေနဲ့ ထင်ရာလုပ်တတ်တဲ့ အကျင့်ရှိလို့ ဒီထိ ရောက်ခဲ့ပေမယ့် ကိုယ့်သူငယ်ချင်း လွန်လွန်းပါလားဆိုတာ ကိုယ်တိုင်ကြုံမှ ယုံခဲ့တာလေ၊ နောက်ပြီး ကိုယ့်ဘဝကို ဘယ်လောက်ထိ အလေးအနက်မထားခဲ့သလဲဆိုတာ လေးလေးနက်နက် ခံစားတတ်တဲ့ အစ်ကိုနဲ့ဆုံမှ နားလည်ခဲ့တာ၊ ဒါတွေကို မယုံဘူးဆိုရင်တော့ သူ့ရဲ့ဒိုင်ယာရီထဲမှာ နေ့စွဲတွေ ရှိမှာပါ၊ အစ်ကို ဖတ်ကြည့်ပေါ့"

"နွယ်တသို .."

နွယ် က ပြောပြီးတာနှင့် မျက်နှာလေးမော့ပြီး ထွက်သွား၏။ ခေတ် က ရှေ့ကနေ ဖြတ်တားလိုက်ကာ ...

"မင်းပြောတာတွေကြောင့် ဒီမှာ ဘာတွေ ဖြစ်ပျက် ပြောင်းလဲသွားနိုင်ဆိုတာ မင်း သိရဲ့လား .."

"သိတယ်လေ .. အစ်ကိုက မယုံလို့လား"

သူ နွယ့် ပခုံးနှစ်ဖက်ကို ဖျတ်ခနဲ ဆုပ်ကိုင်၍ ခြိမ်းခြောက်သလို မီးသွစ် နာကျင်စေလျက် ...

"မင်းကို ငါ ထပ်မေးမယ် .. မင်းပြောတာတွေအားလုံးက မင်းရဲ့ လျှာဖျားပေါ်ကလာတာတွေမို့လား၊ သဘာဝကျအောင် လိမ်ပြောဖို့ မကြိုးစားနဲ့နော် .. မင်းကို ငါ ခွင့်လွှတ်မှာ မဟုတ်ဘူး"

"ဟွန်း .."

နွယ် က ရုန်းလည်းမရုန်းဘဲ တွန့်ရှုံ့သွားတာလည်းမရှိဘဲ တည့်တည့်ပြန်မော့ကြည့်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"အခု အစ်ကို့ရဲ့ မူလ ကို သွားမေးလိုက်လေ၊ သူက ငြင်းတယ် ဆိုရင် နွယ် အစ်ကို့မျက်စိရှေ့ကို နောက်တစ်ခေါက် ထပ်မလာဘူး။ ဟုတ်နေတယ်ဆိုရင်တော့ ယောက်ျားပီပီ မာနနဲ့ ရဲရဲတင်းတင်း ဆုံးဖြတ်စမ်းပါ၊ ချစ်တတ်တယ်ဆိုပြီး သစ္စာတွေနဲ့ နှင်နေဖို့ မလိုဘူး။ အချစ်ဆိုတာ သာယာမှုရှိမှ ပြည့်စုံတာ"

"တောက် .."

ခေါင်းထဲမှာ မီးတောက်မီးလျှံကြီး ဟုန်းခနဲ လွင့်တက်လာကာ တစ်ကိုယ်လုံး အရည်တွေအဖြစ် ပျော်ကျသွားခဲ့သည်လား ..။

သူမ ခရီးထွက်သွားသည်။ နွယ် ရောက်လာခဲ့၏။ နွယ် နဲ့ သူ ရှိနေချိန်တိုင်း သူမက အလုပ်စားပွဲမှာ အေးအေး။ နောက်ဆုံး ဒင်နာမှာ မိတ်ဆွေအသိုင်းအဝိုင်းတွေက နွယ် နဲ့ သူ့ကို ခနီးမောင်နှံ ထင်လိုထင်..။ ဟိုလိုလို ဒီလိုလို အပြောတွေနဲ့ စ ..။

သူ ပြေးကြည့်တော့ သူမက အလုပ်စားပွဲမှာ အိပ်ပျော်နေတာ ငြိမ်းချမ်းစွာ ..။

လက်စသတ်တော့ မင်းက ဒီလို ဇာတ်ခင်းခဲ့တာကိုး ..။

ရတယ် မူလ .. မင်း လုပ်လိုက်ပါ ..။





အခန်း (၄၃)

ခရီးရောက်မဆိုက် ကြားရတာတွေက နားထဲမှာ မဆံ့ပါလား..။

"တကယ် ဒီတိုင်းပဲလား မအု"လို့ မယုံနိုင်စွာ မေးမိရင်း မူတို့ အိမ်ကို ဖုန်းဆက်မလို့ ကိုင်လိုက်မိသေးသည်။ ဒါပေမယ့် ပြန်ချထားလိုက်ရ၏။

ဒီထက်သေချာအောင် သိရမှဖြစ်မည်။ ထို့ကြောင့် ညနေ သားနဲ့ နွယ် တို့ ပြန်ရောက်လာမှ မေးကြည့်လိုက်တော့ ...

"သူ့ကို ကုမ္ပဏီမှာခန့်မလို့ အလုပ်သင်ခေါ်သွားနေတာ မာမီ" တဲ့။

ခေတ် က တည်ငြိမ်သည့်ပုံစံမျိုးနှင့် ဖြစ်၏။ တင်းမာခြင်းအရိပ်တွေကို လေဆိပ်မှာ လာကြိုကတည်းက ခေါ်ရှေ့သဖင် အကဲခတ်မိသည်။

နွယ်တာသို ဆိုတာလေးကို ..၊ ဘာမှန်းမသိသေးဘဲ ပျာယာခတ်နေသည့် ဖော်ရွေမှုကြောင့် ကုမ္ပဏီက ဝန်ထမ်းတစ်ယောက်ယောက်လားလို့တော့ တွေးဖြစ်ခဲ့၏။ ကြားရသည့်သတင်းတွေက ရင်ကို အဆမတန် ပူလောင်သွားစေလျက် ...



www.burmeseclassic.com

www.burmeseclassic.com



"သမီး မူလ .. ဒီမိန်းကလေးက သမီးရဲ့သူငယ်ချင်းဆို .."

မူလ ကို ညဉ့်နက်ပိုင်းကျမှ တိုးတိုးတိတ်တိတ် ဝင်မေးမိသည်။

"ဟုတ်တယ် အမေ"

"သမီးတို့ချင်း အဆင်မပြေဖြစ်နေကြတာ မာမီ ရိပ်မိတယ်၊ ဘယ့်နှယ် လင်မယားချင်းမတည့်နေတုန်း သမီးရဲ့သူငယ်ချင်းက .."

"မောင့်ရဲ့အလုပ်တွေကို သူက ဝိုင်းကူ .."

"အိုကွယ် .. ဒီလောက်ဗျာများနေရမယ့်အလုပ် မဟုတ်ပါဘူး၊ သမီးတို့ အဆင်မပြေဖြစ်ကြတာ သိပ်မဆန်းပေမယ့် ကြားလူဝင်နေတုန်းမှာ မကောင်းဘူး သမီး၊ အဲဒါ မာမီတို့ပြောရမယ့်စကားလည်း မဟုတ်ဘူး၊ သမီးက သားရဲ့အိမ်ရှင်မ"

ကရုဏာဒေါသနှင့် ပြစ်တင်မောင်းမဲသလို ပြောမိတာတွေ ဖြစ်ကုန်ရသည်။ မူလ ခမျာလည်း မျက်နှာမကောင်းရှာပါ။ သို့သော် နှစ်ယောက်ကြားမှာ နွေးထွေးခြင်းမဲ့စွာ အေးစက်နေခြင်းသည် ဘယ်လို ယပ်ခပ်ပေးလို့မှ မီးတောက်လာဖွယ် မမြင်တော့ ခက်သည်။

နောက်ဆုံး လင်မယားနှစ်ယောက်စလုံး ဒေါ်အု ကိုပဲ သေချာအောင် ထပ်မေးရတော့သည်။

"ကျွန်မမြင်သမျှကတော့ အဲဒီအတိုင်းပါပဲ မမကြီးရယ် .. ကျွန်မအထင်ပြောရရင် လင်မယား ပြန်ခေါ်ရခက်အောင် ဒီမိန်းကလေး ခလောက်ဆန်နေတာနဲ့ တူတယ်၊ လူလေးကလည်း အရင်ဆိုရင် ဒီလောက်ထိ အေးတိအေးစက်နေတတ်တာ မဟုတ်ဘူး၊ သူတို့ လင်မယား မတည့် ခဏပဲ"

"ညမှုညတာတွေရော ဘယ်လို ရင်းနှီးနေကြသလဲ၊ သားက အခန်းခွဲအိပ်တယ်ဆိုတော့ ဟိုမိန်းကလေးကရော .."

"မသိပါဘူး မမကြီးရယ် .. အိပ်ချိန်ရောက်ရင် ကျွန်မက ဝင်အိပ်ရတာပဲ၊ အိပ်ချိန်မှာ မအိပ်သေးဘဲ တွေ့သွားရင် မနွယ် က ဟိုမေး





ဒီမေးရယ် .."

"ဘာ!..."

ဒေါ်ရွှေသဇင် အသံကျယ်သွား၏။ ဦးထွန်းမင်း က ပခုံးကိုပုတ်၍ သတိပေးကာ ...

"ဒီမိန်းကလေးက သားနဲ့ မူလ နှစ်ယောက်စလုံးအပေါ်မှာ ဩဇာညောင်းနေတာလား"

"မသိဘူး ဆရာကြီး၊ လူလေးနဲ့ ပိုရင်းနှီးလာမှ ပြောတာဆိုတာ ရဲလာသလိုတော့ ရှိတယ်"

"အဲဒါ လင်မယားကြားမှာ မအု က တစ်ဖက်တစ်မျိုး ကြားဝင်စေ့စပ်ပေးပါလား မအု ရယ် .."

"မလုပ်ပါနဲ့ မမကြီးရယ် .. ကျွန်မလည်း သင့်တင့်တဲ့အရပ်ကနေ တန်တဲ့စကားကိုပဲ ပြောရဲတာပါ"

"ဟုတ်တယ်လေကွာ .. ဘယ့်နှယ် မအု ကို အပြစ်တင်နေရတာလဲ၊ မင့်သားနဲ့ ချွေးမက လူငယ်လေးတွေမှ မဟုတ်တာ၊ မင်းတောင်မှ အခု ကြားဝင်ဖို့ ခက်နေတယ်မို့လား"

ဦးထွန်းမင်း က တွေးတွေးဆဆ ပြောသည်။ ဒေါ်ရွှေသဇင် က မကျေနပ်နိုင်။ ထိုပြဿနာသည် လွယ်လွယ်လေးနှင့် ရှင်းရခက်ခြင်းသို့ရောက်လျက် ညနှင့်မနက် အလွယ်တကူ ဖြတ်သန်းပြီးဆုံးသွားခဲ့သည်သာ ရှိသည်။ ရှင်းလို့ မပြီး။

မနက် ကော်ဖီသောက်ကြပြီဆို အိမ်မှာ နေရာတွေ လွဲနေကြပြီလားလို့ အံ့ဩနေရလောက်အောင် ဖြစ်ပျက်နေတာ မပြောချင်လို့လည်း မရ ...။ စားပွဲမှာ ခေတ် မှလွဲလျှင် အားလုံး လူစုံနေကြလျက်။ နောက် ဝင်လာသူက နွယ် ဖြစ်၏။

"နွယ် လာလေ .. ကော်ဖီသောက်ရအောင်"

ဒေါ်ရွှေသဇင် အတွက် ကော်ဖီထည့်ပေးရင်း မူလ က လှမ်းခေါ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ နွယ် က ဝင်လာပြီးမှ စားပွဲနား မရောက်ခင် ရပ်တန့်သွားကာ ...

"ရပါတယ်၊ အလုပ်အတူသွားမှာဆိုတော့ အစ်ကို ဆင်းလာမှပဲ သောက်လိုက်တော့မယ်"

နွယ် က မတည်မပြုံးလေး ပြော၍ ပြန်လှည့်ထွက်လိုက်သည်။ ရောက်စကတည်းက ခေတ် က မိတ်ဆက်ပေးသည်။ လူကြီးတွေကတော့ မကြည်လင် ..။

ဦးဆုံးရောက်လာခဲ့သည့် မူလ ရဲ့အမေက စ၍ ဒေါ်အုအထိ သူမကို ကြည်လင်တဲ့သူ မရှိတာ နားလည်ပြီးသား။ ခေတ် ရဲ့မိဘတွေ လေဆိပ်ကနေ ဒီခြံဝင်းထဲ ပြန်မရောက်ခင်လေးမှာ ဘယ်သူတွေက ဘယ်လို အတင်းစကားတွေနဲ့ တို့ထောင်လိုက်တာကိုလည်း တွက်မိထားသည်။

ထို့ကြောင့် ဦးထွန်းမင်း ဒေါ်ရွှေသဇင် တို့၏ ကြည်ဖြူခြင်းကို သူမ ဘယ်တော့မှ ရယူဖို့ ကြိုးစားမှာ မဟုတ်ပေ။ နလို မနက် ကော်ဖီဝိုင်းမှာ မူလ လို ရိုကျိုးစွာ ကော်ဖီထည့်ပေးဖို့ သူမ ဝါသနာမပါ။

မနက် အရုဏ်မတက်မီ ဆွမ်းထချက်ဖို့၊ အိမ်သားတွေအတွက် မနက်စာ စုံလင်စွာ ပြင်ဆင်ထားဖို့၊ ဒါတွေလည်း စိတ်ပါရင် လုပ်မည်၊ စိတ်မပါရင်တော့ မတတ်နိုင် ..။

မူလ ရဲ့နေရာကို သူမ လိုချင်ခဲ့တာ မီးဖိုချောင်ထဲကနေရာ မဟုတ်ပေ။

သည်ခေတ်လူ ရဲ့ ဝဲဘက်ရင်အုံအတွင်းပိုင်းတစ်နေရာသာ ဖြစ်သည်။ ခုဆို အခြေအနေတွေက သူမ တွက်ထားသလို အဆိုးဆုံးဆိုတဲ့ ထိတောင် မဖြစ်ခဲ့ပေ။

ပြဿနာကို နည်းနည်းလေး တူးဆွပေးလိုက်တာနှင့် ဘယ်လိုမှ မရှန်းနိုင်ခဲ့ပါဆိုသော သည်ခေတ်လူ က မူလ ကို မုန်းတီးသွားခဲ့သည်။





သူမ နောက်ထပ် သတိပေး ကြိမ်းမောင်းဖို့မလိုဘဲ ပြန်ရောက်လာကြသည့် လူကြီးတွေကို မူလ တစ်ခွန်းတစ်ပါဒမျှ ဖွင့်ဟတိုင်တောခြင်း မပြုခဲ့။

လူစုံချိန်တိုင်းမှာ ဘယ်သူ ဘယ်လိုဖြစ်နေမှန်းမသိသော နားလည်နိုင်သည့်မျက်လုံးကြီးတွေ တဝင်းဝင်းနှင့် လူကြီးတွေ မျက်နှာတ ရယ်စရာ ..။

သူမကတော့ ခေတ် ရဲ့ဘေးမှာ ရှိနေခွင့်ရပြီမို့ ရင်ခွင်နေရာဆိုတာ မကြာခင် ရလာမှာပါ။

"ဟော .. အစ်ကို ဆင်းလာပြီလား၊ အပြင်မှာပဲ ဘရိတ်ဖက်စ်စားမှာလား .. ကော်ဖီသောက်ဦးမလား၊ နွယ် ကတော့ လူကြီးတွေ့ရှေ့မှာ နည်းနည်း အနေခက်တာနဲ့ အစ်ကိုလာမှ စားမယ်ဆိုပြီး ထွက်ခဲ့တာ"

ထွက်လာတာနှင့် ကားသော့ကိုင်ထားပြီးပြီကို မြင်လျက်နှင့် နွယ် က တမင်မေးလိုက်ခြင်း ဖြစ်သည်။ ပြီးတော့ အိမ်မှာ မျက်နှာငယ်စွာနေရသူလေးသဖွယ် လည်ပင်းလေးပွတ် မျက်လွှာချ၍ ...

"နွယ် လည်း ဘယ်လိုဆုံးဖြတ်ရမှန်းတောင် မသိတော့ပါဘူး၊ မူလ ကိုယ်တိုင်က အစ်ကိုနဲ့ နွယ့် ကို မကြည်တော့ဘူး ထင်တယ်၊ သူလူ ကိုယ့်ဘက်သား'လုပ်နေတယ်လို့ ပြောပြီးကာမှ စကားကောင်းကို မပြောဘူး"

ခေတ် နေရာမှာ ခဏရပ်ကာ ထမင်းစားခန်းဆီ လှမ်းကြည့်၏။ နွယ် က ကော်ဖီရောင်ကိုယ်ကျပ်ဝတ်စုံပေါ်မှာ ကုတ်အင်္ကျီအနက်လေးနှင့်ဖြစ်ကာ ရင်ဘတ်မှာ နာမည်နဲ့ အမှတ် ချိတ်မထားပေမယ့် ကုမ္ပဏီဝတ်စုံမှန်း သိသာ၏။

ပြီးတော့ ဝင်းနုနု မျက်နှာမှာ မျက်လုံးတွေကို ပန်းရင့်ရောင်သမ်းရုံ မည်းနက်နေအောင် တင်ထားပြီး နှုတ်ခမ်းသားတွေ ရှား



www.burmeseclassic.com

www.burmeseclassic.com



ရင့်ရောင်မည်းမည်း။

ဆံပင်တွေကို ကော်ဖီရောင်နှင့် အနက်စင်းကျားပါသော ခေါင်းစည်းကွင်းနှင့် မြင့်မြင့် တင်စည်းထား၏။ သုံးလက်မခွဲလောက်ရှိသော ဒေါက်ချွန်ဖိနပ်သံက မာမီတို့ကတော့ နားကြားပြင်းကပ်နေနိုင်၏။

နွယ် ပြန်ထွက်လာခဲ့သည်ဆိုတော့ မာမီတို့ရဲ့ မလိုလားသည့် မျက်လုံးတွေ ဘယ်အရပ်ကနေ မြစ်ဖျားခံလာနိုင်သည်ကို ခေတ် ရှာဖွေမိတာ ဖြစ်သည်။

အလုပ်သွားကြမှာချင်း တူရင်တောင် ခုလောက်ဆို ထမင်းစားခန်းထဲမှာ မူလ ဘယ်လိုပုံစံလေးနဲ့ ရှိနေမည်ကို ပြေးကြည့်စရာမလို။

"အစ်ကို ဘာစဉ်းစားနေတာလဲဟင်၊ ကော်ဖီသောက်မလို့လား၊ သောက်ချင်သောက်လေ .. နွယ် ကားပေါ်ကပဲ စောင့်မယ်"

"မသောက်တော့ပါဘူး၊ မာမီ ငါ့ကို မေးနေသေးလား"

"ဟင့်အင်း .."

သူ ဒီတိုင်းပဲထွက်လာခဲ့စဉ် ထမင်းစားခန်းဘဲက ထွက်လာသည့် မာမီနှင့် မျက်နှာချင်းဆိုင်မိ၍ ...

"ကော်ဖီတောင် မသောက်တော့ဘူးလား"

"ချိန်းထားတာရှိလို့ပါ မာမီ"

မာမီ မျက်လုံးတွေ နွယ့် ဆီ မရောက်ပေမယ့် စူးရဲစွာ လှုပ်ရှားနေခြင်း၏အကြောင်းရင်းကို သူ သိနေ၏။

"သားက အလုပ်တွေ သိပ်ကြိုးစားနေတော့ မင်းဒက်ဒီက အံ့သြနေတယ်၊ သူက ပြန်မေးရတော့မလို ဖြစ်နေပြီတဲ့၊ အခု သွားဖို့ရှိရင်လည်း သွားလေ.. ညနေတော့ စောစောပြန်ခဲ့၊ သားကို မာမီတို့ ပြောစရာရှိတယ်"

ပြောလို့ပြီးမှ နွယ့် ဆီကို ဝေ့ခနဲကြည့်၏။ ပြီးတော့ ဘာမှ ထပ်မပြောတော့ဘဲ ပြန်လှည့်ဝင်သွားသည်။





ခေတ် မျက်မှောင်ကုတ်လျက်နှင့် ကားစက်နှိုး၏။ နွယ် က ဘေးနားထိုင်ရင်း မရဲတရဲကြည့်ကာ ...

"အစ်ကိုတို့မိသားစု အဆင်မပြေဖြစ်နေကြတာ နွယ့် ကြောင့်လား .. ဟင်"

"မဟုတ်ပါဘူး"

မကြည့်ဘဲဖြေ၍ ကားကိုခြံထဲကနေ မညင်သာစွာ မောင်းထွက်ခဲ့၏။

"နွယ် အစ်ကို့မျက်နှာတစ်ခုတည်းနဲ့ မူလ ကို အတိုက်အခံလုပ်ပြီး ရပ်တည်ခဲ့မိတာ မှားပြီထင်တယ်၊ အစ်ကို့ကို စိတ်ချမ်းသာစေချင်တဲ့သူမို့လို့ ခုလို အစ်ကို မကြည်လင်ဖြစ်နေတာ နွယ် မမြင်ချင်ဘူး"

"အဲဒီတော့ မင်း ဘာလုပ်ပေးနိုင်သလဲ နွယ်"

"အစ်ကို ပြောလေ .. နွယ် ဘာလုပ်ပေးရမလဲ၊ အစ်ကို့အမေတွေကို ရှင်းပြပေးရမလား၊ အစ်ကိုတို့လင်မယား ပြန်ပြေလည်အောင်.."

"တော်တော့ .. မင်းကို အဲဒါတွေပြောလာအောင် မေးနေတာမဟုတ်ဘူး"

"နွယ့်ကို မအော်ပါနဲ့ အစ်ကို၊ အစ်ကို့ကို မေတ္တာတွေပိုပြီး ဒီအိမ်မှာ မျက်နှာအောက်ချနေရပေမယ့် နွယ့် မှာလည်း မာနရှိတယ်၊ အစ်ကိုမဟုတ်တဲ့ ဘယ်လိုလူတစ်ယောက်ကိုမှ နွယ် အလျှော့မပေးခဲ့ဖူးဘူး သိလား"

"အဲဒါတွေ သိလည်း မင်းကို ငါ ရာထူးတိုးပေးမှာ မဟုတ်ဘူး နွယ်"

နွယ် က မာနပြသလောက် ခေတ် ရဲ့မျက်နှာကလည်း တစ်စက်မှ မလျှော့ ...။

"အားမနာတမ်းပြောရရင် အိမ်ထောင်ရေးကွန်ရက်တစ်ခုထဲကို ဝင်ပါလာကတည်းက မင်း မှားခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို!.."

ကားက အရှိန်မလျှော့ဘဲ တဟဲဟဲပြေးနေသလောက် ခေတ် ထ ရှေ့ကိုပဲ ကြည့်နေကာ ...

"ဇော်ကားသလိုဖြစ်သွားရင် ဆောရီးပဲ၊ ဒါပေမယ့် မင်းက ကျေး ဇူးတင်ထိုက်တဲ့ မိတ်ဆွေစာရင်းထဲမှာတော့ မပါသေးဘူး"

"မတင်ပါနဲ့ .. နွယ့် စိတ်ကိုက ထူးဆန်းပါတယ်လို့ အစ်ကို့ကို ပြောခဲ့သားပဲ၊ မူလ က အကူအညီတောင်းတော့လည်း ကိုယ့်သူငယ် ချင်းဘက်က မခံချင်စိတ်နဲ့ သူ နှစ်ခါမပြောရဘဲ ထထွက်လာခဲ့တာ"

"ဘာကို မခံချင်တာလဲ"

ဖျတ်ခနဲ လှည့်ကြည့်မေးတော့ နွယ် က ကိုယ်လေး မတ်သွား ကာ ...

"ဒီလောက်တောင် နားလည်မှုမရှိတဲ့လူလား ဆိုပြီးတော့လေ.. သုတေသနပညာရှင်ကိုယူပြီး သူ့အလုပ်ကို စိတ်မရှည်နိုင်တာ သဘာဝ မှမကျဘဲ၊ အဲဒါကြောင့် မူလ ဘေးကို ရှင် မကပ်နိုင်အောင် အကြောင်း တစ်မျိုးမျိုးနဲ့ တိမ်းစောင်းပေးမယ်ဆိုပြီး အားခဲလာတာ၊ ဒီရောက်မှ တစ်ဖက်စွန်းကို တကယ်ရောက်နေတာက ကိုယ့်သူငယ်ချင်းမှန်း သိခဲ့ ရတယ်၊ သူ့မှာ ပညာတတ်တွေ ဝိုင်းဝိုင်းလည်ပြီး လုပ်စရာအလုပ်တွေ နဲ့ အားလပ်ချိန်မရှိအောင် ထောင့်စေ့နေတဲ့အချိန် .. အစ်ကိုက အထီး ကျန် ဖြစ်နေရတယ်၊ အဲဒီမှာ အစ်ကို့ဘက်က ရပ်တည်ချင်စိတ် ဖြစ် သွားခဲ့တာလည်း စိတ်မြန်လက်မြန် ဆုံးဖြတ်တတ်တဲ့ နွယ့် အကျင့် ကြောင့်ပဲ"

"ကျေးဇူးတင်သင့်မှန်းတော့ သိတယ် နွယ်၊ ဒါပေမယ့် ငါ သူ့ကို နာကျင်တဲ့စိတ်နဲ့ တနုံ့နုံ့ ခံစားရတိုင်း ဒီပြဿနာ စခဲ့ရတာ မင်း ကြောင့်ပဲလို့ တွေးဖြစ်တယ်၊ မင်း ရောက်မလာခဲ့ရင် သူ ဒီလိုပုံစံနဲ့ ရှင်းဖြစ်မှာ မဟုတ်ဘူး"





"အခု နွယ် က ဘာလုပ်ရမလဲ အစ်ကို"

"ဒီတိုင်းပဲ နေပါ၊ မာမီတို့ကိုလည်း မင်း ရှင်းပြဖို့မလိုဘူး၊ ဒီ ပြဿနာကို ဘယ်သူမှမသိတာ အကောင်းဆုံးပဲ၊ သူထင်သလိုကောင် မျိုး မဟုတ်ဘူးဆိုတာ ပြဖို့ ငါ့မှာ မာနရှိပေမယ့် စောသေးတယ်၊ ထိရှပွန်းပဲ့သွားမှ နာကျင်တာ မဟုတ်ဘူးဆိုတာ သူ နားလည်သွားရ မယ် .. အဲဒါ အဓိကပဲ၊ ဒီအတွက် သူ့ကို ငါ ဘယ်တော့မှ ခွင့်လွှတ်မှာ မဟုတ်ဘူး"

အဲဒါ အမှန် ...၊

နွယ့် နှုတ်ခမ်းမှာ ပြုံးယောင်သမ်းသွားသည်။

ကြိုးစားမှုတိုင်းဟာ ဘယ်တော့မှ အချည်းအနှီး မဖြစ် ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၄)

♪… ကိုကိုကို မြတ်မြတ်ချစ်တည်းကကွယ် အိပ်မက်များ မက်တဲ့ထိအောင် ရင်မှာ စွဲလမ်းခဲ့တယ် …

… ကိုကိုကို လူတွေမကောင်း ပြောကြရင် မခံချင်ဘူး .. ယုံကြည်စိတ်ကကွယ် အကာအကွယ် .. ပေးမိပါတယ် …

သီချင်းသံက ညဦးလေပြည်ထဲမှာ မျောလွင့်ပါလာသည်။ အလုပ်ထဲမှာ အာရုံစိုက်နေသည့် မူလ ရဲ့ခေါင်းလေး ထူမတ်သွားခဲ့၏။

ခြံထဲက သီချင်းသံမှန်း သိလိုက်သဖြင့် နေရာမှထကာ ပြတင်းပေါက် ခန်းဆီးလေးကို သိမ်းဖယ်ကြည့်လိုက်မိသည်။

နွယ် က ညဝတ်ဂါဝန်အဖြူရောင်ရှည်ကြီးနှင့် မျက်နှာစာရှေ့က ဒန်းပေါ်မှာ ဂစ်တာထိုင်တီးနေ၏။ တစ်ဆက်တည်း မြင်ရတာက ဒန်းနဲ့မျက်နှာချင်းဆိုင် အပေါ်ထပ်ဝရန်တာမှာ မတ်တတ်ရပ်၍ စီးကရက်သောက်နေသည့် ခေတ် က ထိုဆီကို ငုံ့ကြည့်နေ၏။

အပေါ်ထပ်နဲ့ အောက်ထပ်၏ မီးအလင်းရောင်တချို့နှင့် သူတို့နှစ်ယောက်ကို မူလ သေချာမြင်နေရသည်။ သီချင်းသံသည် သူမရင်ကို လေးနက်ခန့်ညားစွာ ထိုးဆောင့် လှောင်ရယ်နေသည့်နှယ် …။





♪… ကိုကိုကို အိမ်က ဇနီးချောနဲ့အတူ .. တစ်ခါတလေ လမ်းသွားရင်းတွေ့ရင် ဘယ်လိုပြေသိမ့်ရမှာလဲ ..

.. ကို .. ကို .. ကို .. ကိုကိုရေ .. ချစ်တယ် …

ခပ်ဟဟ ဝရန်တာတံခါးကနေ သားရဲ့ကျောပြင်ကို ရပ်ကြည့်နေရင်း ဒေါ်ရွှေသဇင် စိတ်တွေတိုနေမိသည်။ အောက်ဘက်ကြမ်းပြင်ပြတင်းပေါက်ကနေ မူလ ချောင်းကြည့်နေတာကို မြင်ခဲ့ပြီးမှ ဒီဘက်ကို တမင်လာကြည့်တာ ဖြစ်သည်။

လင်မယားနှစ်ယောက် ဘာတွေ မပွင့်လင်းနိုင်ဘဲ ဘာကြောင့် သီးခြားမျိုးသိပ်နေကြမှန်း မသိ။ ဟိုမိန်းကလေးကရော မိကောင်းဖခင် သားသမီးမှ ဟုတ်ရဲ့လား .. ဘယ်လိုအဆင့်အတန်းလဲ။

ဒေါ်အုံ ပြောပုံအရတော့ ငွေတွေသုံးလိုက်တာ တဖျောဖျော ဆိုပဲ။ မိဘ ဂရုစိုက်ခြင်းမခံရသော အထည်ကြီးပျက် မိသားစုတစ်စုထဲက ကာရိုက်တာတွေမှန်း သိနေပေမယ့် စိတ်ရှိတိုင်းပြောဆိုဖို့က မူလရဲ့သူငယ်ချင်း ဖြစ်နေသည်။

ထို့ပြင် သားက အလုပ်ထဲမှာ နေရာပေးဖို့ ရည်ရွယ်ပြီးဖြစ်တဲ့ မိန်းကလေး..၊ သားကို ဒီမိန်းကလေး မရိုးသားဘူးဆိုတာ ကိုယ်ဆောင် သိနေသေးတာ မူလ က ဘာဖြစ်လို့ သည်းခံနေရတာလဲ ..။

သားကို မက်မောမှုမရှိဘူးဆိုရင်တောင် ဒီလောက်ထိ မီးကုန်ယမ်းကုန် လွှတ်ပေးထားသလိုတော့ မဖြစ်သင့်ဘူးမို့လား။

သူငယ်ချင်းကို မျက်နှာပျက်မခံနိုင်သည့်အတွက် အိမ်ထောင်ရေးကိုတော့ ပျက်လိုက ပျက်စေ .. ဒီလိုမျိုးလား။

သီချင်းဆိုနေလိုက်တာလည်း ကြည့်ပါဦး၊ ကျော်မကောင်း ကြားမကောင်း ..၊ ဒေါ်ရွှေသဇင် တံခါးကို ဆွဲလှပ်ပြီး အပြင်ထွက်လိုက်သည်။

"သား .."



www.burmeseclassic.com

www.burmeseclassic.com



ခေတ် ချာခနဲ လှည့်ကြည့်သည်။ ပြီးတော့ စီးကရက်ကို စတီးတန်းနှင့် ဖိချေပစ်လိုက်ကာ ...

"မာမီ နားငြီးလို့လား .. ဆိုနေတာ ကောင်းလွန်းလို့ ကျွန်တော် နားထောင်နေတာ"

"နားငြီးလောက်အောင်တော့ အနှောင့်အယှက် မဖြစ်ပါဘူး၊ ဒါပေမယ့် ဒီသီချင်းမျိုးကို ဒီနေရာမှာ သူ မဆိုသင့်ဘူးထင်တယ်"

မာမီ ပြောချင်တာကို သူ သိသည်။ ဒါပေမယ့် မသိသလိုနေလိုက်ကာ ...

"သီချင်းဆိုတာ လူတိုင်း ခံစားခွင့်ရှိတာပဲ မာမီရာ .. နွယ် က ပွင့်လင်းတတ်တာပါ"

"သူ သီချင်းကို ခံစားနေတာ မဟုတ်ဘူး၊ ခံစားချက်တွေကို တစ်စုံတစ်ယောက်ဆီ အစုလိုက်အပြုံလိုက် ပို့လွှတ်နေတာ"

စိတ်ကို ထိန်းမရတော့ဘဲ လွှတ်ခနဲ ပြောလိုက်ပြီးမှ ...

"မင်း မာမီ မေးတာကိုဖြေစမ်း .. မူလ နဲ့ ဘာတွေဖြစ်ထားတာလဲ၊ မခေါ်မပြောဘဲနေခဲ့ကြတာ ဘယ်လောက်ကြာပြီလဲ"

"ဒီလိုပဲ ဘာမှ ကြီးကြီးကျယ်ကျယ် မဟုတ်ဘူး"

"ဟုတ်တယ် .. ဟုတ်ကိုဟုတ်တယ်၊ မူလ ကို ကြိုက်ပြီး သားပဲ လက်ထပ်ဖို့ ကြိုးစားခဲ့တာမို့လား"

"အဲဒါနဲ့ပဲ သူ ဘယ်လောက်စော်ကားနေနေ ကျွန်တော်က အပြုံးမပျက် နေပေးရမှာလား"

ပြန်ပြောလာသည့်စကားကိုကြားမှ ဒေါ်ရွှေသဇင် ဆက်စပ် တွေးယူရင်း ...

"သမီးက ဘာတွေ စော်ကားနေလို့လဲ"

ခေတ် မျက်နှာ ချက်ချင်း ပုံပြောင်းသွားကာ ဝရန်တာရှေ့ကို ပြန်လှည့်လိုက်၏။ ငုံ့ကြည့်လိုက်တော့ နွယ် က မော့ကြည့်၍ သီချင်း





နောက်တစ်ပုဒ် ပြောင်းနေပြီ။

♪..... နင် ရည်းစားရှိရှိ .. မရှိရှိပါကွယ် .. ငါက ချစ်မှာပဲ ...
..... လူတိုင်းက မြင်ရင် ဂရုမစိုက်ပါကွယ် .. တကယ် ဇွတ်ချစ်မှာပဲ ...
..... ဟော့ .. ဟော့ .. ဟော့ .. ယောကျ်ားလေးတစ်ယောက်လိုပါပဲ...
..... ဟော့ .. ဟော့ .. ဟော့ .. ဇွတ်ချစ်တတ်တာ ငါပဲ ....

ကြည့်စမ်း ..၊

ဒေါ်ရွှေသဇင် မျက်လုံးတွေ ပြူးသွားသည်။ ဒီကောင်မလေး ဒီနေရာမှာ မအေတစ်ယောက်လုံး ရှိနေတာကို မမြင်ဘူးလား ..။

သားရဲ့ဘေးမှာ ပြောင်းရွှေ့ရပ်လိုက်ကာ မလိုလားစွာနဲ့ ကြည့်မိ၏။ နွယ် က မျက်နှာလေးလွှဲပစ်လိုက်ပေမယ့် သီချင်းသံကို မရပ်..။

♪..... ဘာခိုင်းခိုင်းပါကွယ် .. ချစ်တဲ့သူရယ် ... အကုန် လုပ်ပေးမှာပဲ...
..... အသက်ပေးမလားဆိုရင် ချစ်တဲ့သူရယ်.. ယူလိုက် ပေးမှာပဲ ...
..... မိုးချုပ်သွားတိုင်း ညဝဉ့်မျှော်တယ် .. မိုးလင်းသွားတိုင်း နေ့စဉ်မျှော်စောင့် ....
..... ကြင်နာပါကွယ် .. ချစ် .. ချစ်ရဲ့အဖြေကို စောင့်နေတယ် ....
♪..... ယောကျ်ားလေးလည်း ချစ်ရင် ဒီလို .. မိန်းကလေးလည်းပဲ ချစ်ရင် ဒီလိုပဲ ...
..... လူတွေအမြင်ကို ဘယ်သူမှ ဂရုမစိုက် .. ဇွတ်ချစ်ပစ်မှာပဲ ...
..... ဟော့ .. ဇွတ်ချစ်မယ်ဟော့ .. ဟော့ .. ဟော့ .. ...

"သား ဒီဘက်လှည့်လိုက်စမ်း"

ဒေါသကြောင့် အသားများပါ တုန်၏။ ဆံပင်ရှည်တချို့ ပခုံးထက်ကနေ လည်ပင်းကြားထဲထိ ခွေဝိုက်ဆင်းနေသည့် ခေတ် ရဲ့



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာချောချောကို နားမလည်စွာ သေချာကြည့်၏။

မိန်းမကို ရွံ့ချင်တာလား၊ နွယ် ဆိုတာလေးကို တကယ်ပဲ စိတ်ဝင်စားနေတာလား ..။

တစ်ဖက်က ဖြားယောင်းမှုတွေ ပြည့်ဝနေသော သီချင်းသံနှင့် ခေတ် ရဲ့မျက်နှာကို ကြည့်ကာ ဒေါ်ရွှေသဇင် တုန်လှုပ်လာခဲ့၏။

"မင်း .. မင်း .. မာမီ့စကားကို နားထောင် သား၊ ဒီကောင်မလေးကို ပြန်လွှတ်လိုက်တော့ .. အလုပ်မပေးရဘူး၊ မင်း သူနဲ့ ဆက်မတွဲရဘူး"

"ကျွန်တော် တွဲနေတာမဟုတ်ဘူး မာမီ၊ အလုပ်လုပ်နေတာပါ"

"အဲဒီအလုပ်က စီးပွားရေးအတွက်လား သားရဲ့"

"မပြောပါနဲ့တော့ မာမီ၊ မူလ နဲ့ ကျွန်တော့်ကြားမှာ ဘယ်သူမှ စာနာနားလည်ပေးလို့မရနိုင်တဲ့ အကြောင်းတွေ ရှိတယ်"

"အဲဒါကြောင့် မဟုတ်ဘူး သား၊ 'အက်ကြောင်း ..' အိမ်ထောင်တစ်ခု ပြိုကွဲတော့မို့ လုံးဝသေချာနေတဲ့ အက်ကြောင်း"

'မတတ်နိုင်ဘူး' ဆိုသည့် မျက်နှာနှင့် ခေတ် က တစ်ဖက်လှည့်ပစ်၏။

"မင်း ဘယ်လိုပြောင်းလဲသွားတာလဲ သား၊ မာမီ ဘယ်လိုမှကို နားမလည်နိုင်တော့ဘူး၊ နွယ် ဆိုတဲ့ ကောင်မလေးက .."

"သူ့သူငယ်ချင်းပဲ မာမီ ရွှေးမူလ ရဲ့သူငယ်ချင်း၊ သူနဲ့ပတ်သက်ပြီး ရောက်လာလို့ ကျွန်တော်နဲ့ ရင်းနှီးခဲ့တာ၊ သူကိုယ်တိုင်တောင် တစ်ခွန်းတစ်ပါဒမှ မပြောဘဲ နေတာ၊ မာမီ ဘာဖြစ်လို့ နွယ့်ကိုပဲ ကြည့်မရ ဖြစ်နေတာလဲ"

"သူကိုယ်တိုင် မပြောတာက သူငယ်ချင်းဆိုတာလည်း ပါတယ်၊ သားရဲ့ဂုဏ်သိက္ခာကို ထိခိုက်မှာစိုးတာလည်း ရှိမှာပဲ၊ ဘာလဲ .. သားက သူ့ သဝန်တိုအောင် တွဲပြနေတာလား၊ အဲဒါ သေးသိမ်တဲ့အလုပ်





နော် သား .. သူက စုံမက်မြတ်နိုးလာတဲ့အထိ 'မစောင့်ဘဲ သား လက်ထပ်ခဲ့တာ၊ သားက သည်းခံရမယ်"

"ဟွန်း .."

ရင်ထဲမှာ စူးစူးရှရှ နာကျင်သွားသည်။ သူက သည်းမခံတတ်တဲ့ ကောင်လို့ မာမီ ထင်နေတာလား ..။

ယောက်ျားရဲ့ဂုဏ်သိက္ခာကို ငဲ့ညှာပြီး ရွှေးမူလ ဆိုတဲ့ မိန်းကလေး ရင့်နှုတ်ပိတ်နေရှာတယ်ပေါ့ ..၊

ဟားတိုက် ရယ်ပစ်ချင်သည်။ အခြောက်တိုက် ရယ်သံကြီးကြောင့် ပူပြင်းတုန်ခါပြီး ကမ္ဘာကြီးပါ မီးဟုန်းဟုန်း လောင်သွားနိုင်၏။

အဲဒီလို ကမ္ဘာနဲ့ချီပြီး နှိုင်းယှဉ်ရလောက်အောင် အကြီးကြီး နာကျင်နေတာ ဘယ်သူမှ မသိနိုင် ..။

ဒီကောင် တဏှာရူး နှာဘူး ဆိုပြီး မိန်းမတစ်ယောက်နဲ့ အစားထိုးပေးထားဖို့ ရွှေးမူလ ဆိုတဲ့ မိန်းမ နွယ့် ကို ဒီမှာခေါ်ထားတာ၊ ရင်ဘတ်ထဲမှာ အော်ဟစ်ပြောသံတွေ ဆူညံနေ၏။

တကယ်တမ်းကျတော့ မာမီ့ရှေ့မှာ ခပ်စေ့စေ့ အံကြိတ်ရင်း မျက်နှာလွှဲ၍သာ ..။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၄၅)

"သည်ခေတ်လူ .."

အိမ်ထဲကို လှမ်းဝင်လိုက်သည်နှင့် ဒက်ဒီမျက်နှာက ရှေ့မှာ ဘွား ခနဲ ပေါ်လာကာ ခေါ်သံက မညင်သာ။ ခေတ် ရဲ့နောက်က လိုက်ဝင် လာသည့် နွယ် က ခေါင်းလေးငုံ့၍ ရှေ့ဆက်သွားမည်ပြင်လျှင် ...

"မိန်းကလေး .. ခဏ"

နွယ့် ခြေလှမ်း တုံ့ခနဲ ဖြစ်သွားသည်။

"မင်းနဲ့လည်း ဆွေးနွေးစရာရှိတယ်၊ ဒီမှာ ခဏထိုင်ပါ"

"ဒက်ဒီ .."

ရီဝေဝေဖြစ်နေသည့် အာရုံတွေကို ကြည်လင်သွားအောင် ခေါင်း ခါပစ်လိုက်မိသည်။ ဒါပေမယ့် ရီဝေနေဆဲနှင့် ...

"နွယ့် ကို ဆွေးနွေးစရာရှိတယ်ဆိုတာ ကျွန်တော်နဲ့ပဲ တပေါင်း တည်း ဆွေးနွေးလိုက်ပါ ဒက်ဒီ၊ သူက ကျွန်တော့်ကို ကူညီနေတဲ့သူ၊ မူလ ရဲ့သူငယ်ချင်းကောင်းဆိုလည်း မှန်တာပဲ၊ ဒက်ဒီ အခု ဒေါသထွက် နေတော့ ကျွန်တော့်အပေါ်ဖြစ်တဲ့ ဒေါသတွေကို တစိမ်းက တလွဲထင် စရာတွေဖြစ်ကုန်ရင် မကောင်းပါဘူး၊ မင်း သွားနားလိုက်တော့ နွယ်"





မူးရီနေပေမယ့် ခေတ် က စကားလှအောင် ပြောနိုင်သေးသည်။ ဦးထွန်းမင်း ကို တောင်းပန်ရင်း နွယ့် ကိုပါ လှည့်ပြောလိုက်၏။

နွယ် ကလည်း ခေတ် ရဲ့ခွင့်ပြုချက်တစ်ခုသာ အစီကထားတာ မျိုး ..၊ ပြောလိုက်တာနှင့် ဦးထွန်းမင်း ကို တစ်ချက်မှမကြည့်တော့ဘဲ တန်းဝင်သွား၏။

ဧည့်ခန်းမှာ နှစ်ယောက်စလုံး လာထိုင်မှပြောမည်ဆိုပြီး စောင့် နေသည့် ဒေါ်ရွှေသဇင် ကိုယ် မတ်ခနဲဖြစ်သွားသည်။ မျက်နှာချင်းဆိုင် မှာ ကိုယ်တိုင်ရပ်စောင့်နေသည့် ဦးထွန်းမင်း မျက်နှာတစ်ပြင်လုံး ညိုပုတ်ပုတ် ဖြစ်သွားခဲ့ပြီး ...

"သည်ခေတ်လူ"

"ပြောပါ ဒက်ဒီ"

"အခု ပြောစရာ မရှိတော့ဘူး"

ဦးထွန်းမင်း စကားဆုံးသည်နှင့် လက်တစ်ဖက်က မျက်နှာဆီ ရိုပ်ခနဲ ဖြတ်ဝင်သွား၏။

"ခွပ် .."

"ကိုထွန်း .."

ခေတ် မျက်နှာ အသံတိတ် ငိုက်ကျသွားပေမယ့် ဒေါ်ရွှေသဇင် အလန့်တကြားအော်ပြီး ထပြေးလာ၏။

"သား .. အို!... သွေးထွက်နေပြီ၊ ဘယ်လိုလုပ်လိုက်တာလဲ ကိုထွန်း ရယ် .."

လင်မယားနှစ်ယောက်စလုံး ဒီည သားကို ပြောပြဆွေးနွေးကြ ည့်အစီအစဉ်ထဲမှာ ကိုယ်ထိလက်ရောက် ဆုံးမဖို့ မပါပေ ..။

ဒေါ်ရွှေသဇင် မျက်စိမျက်နှာပျက်လျက် ခေတ် ရဲ့နှုတ်ခမ်းထောင့် မှာ စို့တက်လာသည့်သွေးစကို တယုတယ သုတ်ပေးသည်။ ခေတ် က ထိုလက်ကို ဖယ်ချလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ထိုးပါ ဒက်ဒီ.. အဲဒီလို တစ်စုံတစ်ရာနဲ့ ပေါက်ကွဲခွင့်ကို ကျွန်တော် လိုချင်တာပါ၊ မကျေနပ်သေးရင်လည်း ထပ်ထိုးလို့ရတယ်၊ နောက်ထပ် မလိုချင်တာက နွယ့် ကို ဒီအိမ်ကနေ ထွက်သွားစေဖို့ ညွှန်ကြားချက်ဖြစ်မယ့် စကားမျိုးပဲ"

"ဘာကွ .."

"ကိုထွန်း တော်ပါတော့ .. သားသမီးကို ရှင် ဘယ်တုန်းကမှ ကိုယ်ထိလက်ရောက် မလုပ်ခဲ့ဘူးဘဲနဲ့"

ဦးထွန်းမင်း က လက်သီးဆုပ်ကြီးနှင့် ရှေ့တိုးလိုက်ပြီးမှ ကိုယ်ရှိန်သတ်၍ ...

"မင်းကို ငါ လူလိုပြောဖို့စောင့်နေတာ သည်ခေတ်လူ၊ ဒါပေမယ့် မင်းက ငါ့ကို လူမထင်ကြောင်း ပြလိုက်လို့ ထိုက်တန်တာနဲ့ ဆုံးမလိုက်တာ၊ မိဘကို မင်းက ဒါမလုပ်ပါနဲ့၊ ဒီစကားမကြားချင်ဘူး ပြောရအောင် ငါတို့က မင်းကို သားသမီးဂုဏ်ဟော အနန္တောနဲ့ ခေါင်းပေါ်တင် မွေးလာခဲ့တာလား"

"ကျွန်တော် ဒါကလွဲပြီး အားလုံးကို လက်ခံမှာပါ ဒက်ဒီ၊ နွယ့်ကို ဘာအကြောင်းနဲ့မှ ဒီက ထွက်မသွားစေချင်လို့"

"တောက် .. မင်းကလားကွ .."

"အို .. ကိုထွန်း"

ဦးထွန်းမင်း တက်ခေါက်၍ နောက်ပြန်ဆုတ်ရပြန်၏။ ဒီည ဒီလိုဖြစ်ရလိမ့်မည်လို့ စိတ်ကူးထဲမှာတောင် မတွေးခဲ့မိပေ။

နွယ့် ကို ဒီက ထွက်မသွားစေချင်ဘူးဆိုပြီး အထိုးအကြိတ်ခံနေတဲ့ပုံက သူ့ဒေါသတွေကို ဘယ်လိုမှ ချုပ်တည်းမထားနိုင်တော့တာဖြစ်သည်။

ခုတော့ ကိုယ့်သားကိုယ် ဒေါသဖြစ်ရတာထက် နွယ်တသို ဆိုသည့်မိန်းကလေး မျက်နှာထားမတတ်၊ အနေအထိုင်မတတ်တာတွေ





ကြောင့် သူတို့မှာ ပြောရခက် ဆိုရကျပ်၊ သားကိုမေးတော့ မဖြေသလို ချွေးမကို ပြန်ကြည့်လိုက်တော့လည်း မီးဖိုခန်းနဲ့ ကွန်ပျူတာရှေ့မှာ ရှိနေချိန်ကလွဲပြီး စကားစမြည်ပြောဖို့အချိန်ဆိုတာ ရှာလို့မရ။

ဒီအိမ်မှာ ဘာတွေဖြစ်ပျက်နေကြတာလဲ။

ဦးထွန်းမင်း ဆိုဖာဆီပြန်သွားပြီး ခေါင့်ခနဲ ထိုင်ချလိုက်သည် အထိ ရပ်နေပြီးမှ အထဲကို ခေါင်းငိုက်စိုက်နှင့် ဝင်၏။

ညဦးနက်မှပြန်လာကတည်းက ဧည့်ခန်းကို ချောချောမောမော ဖြတ်သန်းမရမှန်း နားလည်ပြီးသားပါ။ ဒက်ဒီနဲ့မာမီ ပြန်ရောက်လာကြပြီး ဒက်ဒီနဲ့ ရင်မဆိုင်ဖြစ်သေးသည့်အချိန်တိုင်းမှာ ရင်ဆိုင်မိပြီဆိုရင်တော့ ပြေပြေပြစ်ပြစ်ရှိကြဖို့ မလွယ်ဘူးဆိုတာ သိနေခဲ့သည်။

ဒီညကျမှ အပြန်နောက်ကျသည်။ ဒက်ဒီ့စကားသံကြောင့် နွယ့်ထံကြမ္မာကို တွက်မိကာ သူ ကာကွယ်လိုက်ရခြင်း ဖြစ်သည်။

သူမ မရှိလို့မဖြစ်သည့် ကိုယ့်အကြောင်းကိုလည်း ကိုယ်သာ သိနေသည်မို့ ...

"မောင် .."

အခန်းတံခါးကို ဖွင့်မလို့ လက်လှမ်းသည်နှင့် တံခါးက ဖွင့်သွား၏။ သူ့ရှေ့မှာ မူလ သည် အဝါနုရောင် ဆွယ်တာပွပွ၊ ဘောင်းဘီရှည် အညိုပွပွလေးနှင့် ဆံပင်တွေကိုတော့ လက်ကိုင်ပဝါလေးနှင့် နောက်မှာ ကပိုကရိုစည်းထား၏။

"မောင့်ကို မူလ စကားပြောပါရစေ"

"ဘာ!..."

"မူလ တို့ စကားမပြောဖြစ်တာ ကြာပြီလေ၊ မောင့်ကို မူလ အမြဲ စောင့်နေတာ"

"ဟွန်း .."

ခေတ် က ပခုံးတွေပါအောင် တွန့်မဲ့ပစ်ကာ နံရံမှာ ပခုံးစောင်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကပ်မှီလိုက်ပြီး ...

"မပြောဖြစ်တာ မဟုတ်ဘူး၊ မင်းနဲ့ ဘာမှပြောဖို့မရှိလို့ မပြော တာ၊ ခုလည်း အလုပ်တွေ ကျပ်သိပ်ပွတ်ညပ်နေတဲ့ကြားက မင်း အချိန်ယူပြီး စောင့်နေရပေမယ့် ကိုယ်က ကိုယ့်ရဲ့အားလပ်ချိန်တွေကို မင်းအတွက် ဖြုန်းဖို့ စိတ်ကူးမရှိဘူး၊ ရှေ့က ဖယ်ပေး"

"မောင် .."

"ဖယ်စမ်းပါ"

သူ အထဲဝင်ဖို့ပြင်သည်နှင့် မူလ လှုပ်လှုပ်ရှားရှားဖြစ်သွားကာ ဖယ်ပေးလိုက်ပေမယ့် တွန့်ဆုတ်ဆုတ်မို့ လမ်းကမပွင့်။

ခေတ် က ဒီတိုင်း တိုးတိုက်ဝင်သွားလျှင် မူလ ကိုယ်လေး ဒယိမ်းဒယိုင် ဖြစ်ကျန်ရစ်၏။ ဒါပေမယ့် ခေတ် သူ့ဗီရိုထဲက တစ်ခုံ တစ်ခုယူပြီး ပြန်လှည့်ထွက်လာတော့ ထပ်၍ ကာဆီးမိပြန်ကာ ...

"မူလ ကို စကားနည်းနည်းလောက် ပြောခွင့်ပေးပါ မောင်ရယ်.. အခု မောင် ထင်နေတာတွေကို .."

"ရှေးမူလ မင်းနဲ့ပတ်သက်လာတိုင်း ငါပဲ ထင်၊ ငါပဲ ခွင့်လွှတ်ခဲ့ ရတာတွေလေ၊ မင်းက ဘာကိုပြောချင်လို့လဲ၊ ခုလည်း မင်းရဲ့အမူ အရာ၊ မင်းရဲ့မျက်လုံးတွေထဲမှာ ငါ သိရတာတွေ အမှန်ပဲဆိုတာ အဖြေထွက်နေတယ်"

"မဟုတ်သေးပါဘူး မောင်ရယ် .. မူလ ပြောမှာက ဘယ်သူနဲ့မှ မပတ်သက်တဲ့အကြောင်းပါ"

"မင်းနဲ့ပဲ ပတ်သက်တာပေါ့ .. အဲဒါ ပိုဆိုးသွားပြီ၊ လုံးဝ နိုးပဲ"

"မောင် .."

ဒီတစ်ခါ လူကိုတိုက်မသွားဘဲ တံခါးကို အသားကုန် ဆွဲဖွင့်ပစ် လိုက်ပြီး လှည့်မကြည့်စတမ်း ထွက်သွား၏။ မူလ မျက်ရည်တွေ ဝေ့တက်လာကာ မလှုပ်မယှက်လေး ကျန်ခဲ့သည်။





တကယ်ပြောမယ့်စကားက ကိုယ်နဲ့သာ သက်ဆိုင်သလို မောင့် ကို မပြောလို့မဖြစ်တဲ့ တခြားအကြောင်းတစ်ခုရှိပါ၏။

စကားပြောချင်စိတ်တောင် မရှိအောင် ဖြစ်နေသည့် မောင့်ရဲ့ ချက်လုံးစိမ်းတွေကြောင့် နောက်ထပ် မကြိုးစားလိုတော့ပေမယ့် အခန်း ပြင် ထွက်မိတဲ့အထိ ခြေလှမ်းတို့က စက်ရုပ်လို ပါသွားမိသည်။

ထိုအခါ ဘုရားခန်းထဲကထွက်လာသော နွယ် သည် မောင့်ကို တစ်စုံတစ်ရာပြောဆိုရင်း အတူတူယှဉ်တွဲ ပါသွားသည့်အဖြစ်ကို မြင် လိုက်ရ၏။

ဒီတိုင်းပဲ ရပ်ငေးကျန်ခဲ့ရသည့်အဖြစ်မှ လှေကားအဆင်းတွင် နွယ် က ခြေချော်၍ မောင့်ရဲ့လက်မောင်းတစ်ဖက်ကို ဖက်တွယ် ထိန်း ယူလိုက်သည့်မြင်ကွင်းကြောင့် မျက်နှာလွှဲခဲ့မိ၏။

မနက်ကမှ ကြားလိုက်ရသည့်စကားအရ မောင်ကိုယ်တိုင်က နွယ် ကို ပြန်မလွှတ်နိုင်ပါဟု တရားဝင် တောင်းဆိုထားခဲ့သည်တဲ့။

နာကျင်မှုသည် ခံစားတတ်ပြီဆိုကတည်းက သက်သက်သာသာ လေး မဟုတ်ပါလားဆိုတာကို သိသာစေခဲ့တာ ဖြစ်သည်။

သို့ ကလည်း အပြစ်တင်ပြီးရင်းတင်ကာ မေမေတို့က ခုချိန်ထိ ခွင့်မလွှတ်သေးပေ ..။

ဖြစ်ပေါ်လာခဲ့သည့် ဤအမှုအား ကျွန်မပြုမိ အပြစ်ရှိလျှင် ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၆)

"နွယ် .. မင်း ငါနိုင်းတာကိုပဲ လုပ်စမ်းပါ၊ မဆိုင်တာတွေ မပြော ပါနဲ့"

"အစ်ကိုက တစ်ရက်ပြီးတစ်ရက် ယိုင်လဲတော့မတတ် ဖြစ်လာ နေတာကိုး၊ ခုဆို အလုပ်ပြန်ချိန်တိုင်း နည်းနည်းဖြစ်ဖြစ် သော တာပဲ"

"အဲဒါ မင်းနဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ .. နွယ် က အစ်ကို့ကို စိတ်■ဆင်းရဲစေချင် ကူညီနေတာ၊ တစ်အိမ်လုံးကလည်း ကြည့်တာ မဟုတ်ဘူး"

"ဘယ်သူကြည့်ကြည့် မကြည့်ကြည့် ငါကြည့်ဖို့ပဲ လိုတာ"

"အစ်ကိုကလည်း နွယ့် ကို အသုံးချနေတာပဲလေ"

ဖန်ခွက်ကို ဒိုင်းခနဲ ဆောင့်ချကာ ခေတ် က လှည့်ကြည့်၏

"မင်းကိုယ်တိုင် ကျေနပ်ပါတယ်လို့ ပြောခဲ့တာပဲလေ"

နွယ် က ရုပ်တရက် ဘာမှပြန်မပြောဘဲ ဆွေးမြေ့သည့်မျက်ဝ တို့နှင့် ကြည့်၏။ ဒီည ဦးထွန်းမင်း အိမ်မှာမရှိပေ။ မနက်ပိုင်းလော မှ ပြန်ရောက်မှာမို့ အလုပ်ပြန် သောက်မလာဘဲ အိမ်မှာပဲ ဆေ တိတ်တဆိတ် လှုပ်ရှားနေတာ ဖြစ်သည်။





ည ဆယ်နာရီ၏ အော်တိုမြည်သံလေးကို တိုးသဲ့စွာ ကြားလိုက်ရ လျှင် နွယ့် မျက်ဝန်းတွေ မသိမသာ တိမ်းဖယ်သွားကာ ...

"ဟုတ်ပါတယ် .. နွယ် က အစ်ကို့အတွက် စင်ဒရဲလားလို ဆွဲ ဆောင်နိုင်တဲ့ မင်းသမီးလေး မဖြစ်နိုင်ပေမယ့် အစ်ကိုကတော့ ပုံပြင်ထဲ က မင်းသားလေးထက် ပိုတဲ့ .. နွယ့် အတွက် .."

"နွယ်တသို"

ခေတ် က တစ်ကျိုက်လောက်ပဲ မျိုချမိထားသဖြင့် မူးယစ်ရီဝေ သည့်ပုံ လုံးဝမရှိသေးဘဲ နွယ့် ကို မျက်မှောင်ကုတ်၍ စူးစူးရဲရဲ စိုက် ကြည့်၏။

"မင်း မမိုက်ချင်ပါနဲ့ .. စကားတွေ လျှောက်ဝှေ့မနေဘဲ ပြောရ ရင် မင်းကို ငါ မချစ်ဘူး၊ မင်းနေရာမှာ ဘယ်လော်ကလုတဲ့မိန်းမဖြစ် ဖြစ် ငါ ပြောမှာက ဒီစကားပဲ"

"စောပါသေးတယ် အစ်ကို .. အချစ်ဆိုတာ တစ်ကြိမ်တည်းမှာ နှစ်ချစ် ပြိုင်တူဖြစ်မလာတတ်ပေမယ့် ဖြစ်ပျက်ခြင်းသဘောပါပဲ၊ ထာဝရ ပြီးဆုံးသွားတယ်ဆိုတာ မရှိဘူး"

"ဘယ်သူက ပြီးဆုံးပြီ ပြောလို့လဲ၊ သည်ခေတ်လူ ဆိုတဲ့ကောင် အသက်ရှင်နေသမျှ ရွှေမှုလ ဆိုတဲ့ မိန်းမ ရှိနေသရွေ့ ငါ့အချစ်တွေ အားလုံးက သူ့ဆီမှာ"

"ဒါဆို အခု တော်ပါပြီဆိုတာရော .."

"ဟွန့် .."

ခေတ် က မျက်နှာလွှဲပစ်လိုက်ပြီး မဲ့သည်။ ပြီးမှ ဖျတ်ခနဲ ပြန် ကြည့်၍ ...

"မင်း နားလည်ဖို့ မလွယ်ဘူး နွယ်၊ အချစ်က မင်း သိနေသလို သာယာခြင်းတစ်ခုတည်း မဟုတ်ဘူး၊ အဲဒါတွေ မင်းနဲ့ ပြောနေချင် စိတ်လည်း မရှိဘူးကွာ .. အလုပ်လုပ်ရတာ စိတ်မပါဘူးဆိုရင် မင်း



www.burmeseclassic.com

www.burmeseclassic.com



လည်း သွားအိပ်တော့"

သူမကို အလုပ်နဲ့ထားခဲ့ပြီး သူ ထ,ထွက်လာခဲ့သည်။ သိပ်မကြာ လိုက်ဘဲ သူမ အနားရောက်လာသည်။ အချိန်တိုင်း ကိုယ့်ဘေးမှာပဲ ရှိနေသည့်အဖြစ်ကြောင့် သူမကို အနားမှာခေါ်ထားရသော ကိုယ့်အစီ အစဉ်က မစဖြစ်ဘဲ မိဘတွေ စစ်မေးတာပဲ ခံနေရသည်။

ဒီဒေါသတွေကိုပဲ ဒိုင်ခံ လက်ခံနေရ၏။ ကြေနေသည့်ရင်ဘတ် ကြီးက ကြာရင် အရည်ပျော်ကျသွားမလား မသိ ..။

"အစ်ကို .."

"ပြော"

"နွယ် က မူလ လို ရိုးပုံရိုးပန်းမနေတတ်လို့ အစ်ကို အထင်သေး တာလား"

"အထင်သေးတာကြီးတာ ဘာကိုကြည့်ပြီး ဆုံးဖြတ်တာလဲ၊ ရိုး သားတယ် .. မိုက်ရိုင်းတယ်ဆိုတာကို သရုပ်ဆောင်လို့ရတယ်လို့ မင်း ပြောချင်တာလား"

"အများကြီး မပြောတတ်ပါဘူး အစ်ကို၊ အစ်ကို့အပေါ်မှာ နွယ် စိတ်မပါဘဲ ဟန်ဆောင်ပန်ဆောင် လိုက်လျှာခဲ့တာ ဘာမှမရှိဘူးဆို တာပဲ သိစေချင်တာပါ"

ခေါင်းတယမ်းယမ်းနှင့် ခေတ် ထိုင်ရာက ထရပ်သည်။ နွယ် ကတော့ ထိုင်ရာမထ လိုက်မော့ကြည့်ကာ ...

"အစ်ကို့ကို နွယ် က ဘယ်လိုပုံစံနဲ့ဖြစ်ဖြစ် ချစ်တယ်"

ပြောချင်တာ ပြောချလိုက်ပြီးမှ နေရာမှ ထရပ်၏။ သူမဘက်မှာ အခွင့်အရေးမရှိတော့သည့်နောက် စိတ်က လွှတ်ချင်နေသည်။

ပြီးတော့ ဟိုလူ ဒီလူ ပြောသည့်စကားတွေအပြင် ဒေါ်ရွှေသဇင် ပြောခဲ့တာတွေက ရင်နာဖို့ ကောင်း၏။

"ဒီစကားမျိုးတွေ မပြောခဲ့ဖူးပေမယ့် မိဘဆိုတာ သားသမီး





အတွက်ဆိုရင် ဆယ့်နှစ်ကြိုးကဝေလို ကြံ့သလိုကျသလို 'က'ရတာပဲ နွယ်တည်း၊ အခု အန်တီ ပြောမှာတွေက မင်းရဲ့နားထဲမှာ ဘီလူးဆိုင်း တီးသလို ကြမ်းရင်ကြမ်းနေလိမ့်မယ်၊ အဲဒါ သားအတွက်ပဲ ..၊ မင်း ကြောင့် သူများလင်မယား ကွဲကွာပျက်စီးသွားမှာမျိုး မင်းလည်း ဖြစ် စေချင်မှာ မဟုတ်ပါဘူး၊ အကယ်၍ ဖြစ်ကောင်းဖြစ်နိုင်တာကို သိရက် နဲ့ နေတာဆိုရင်လည်း အန်တီတို့က လက်မခံနိုင်ဘူး"တဲ့။

ပက်ခနဲ ပြန့်ခံပြောတတ်သည့်အကျင့် ရှိပေမယ့် ဒီစကားတွေကို သူမ နားထောင်နေခဲ့ရသည်။

"မူလ ကလည်း မင်းရဲ့သူငယ်ချင်းကောင်းပါ၊ သူ မင်းကို ဘာမှ မပြောဆို မတားဆီးဘဲနေတာ မင်းရဲ့ဂုဏ်သိက္ခာကို အများကြီး ညှာတာခဲ့တာဆိုတာ မင်း သိဖို့ကောင်းတယ်"

"နွယ် ကလည်း သူ့ကိုခင်လွန်းလို့ ရောက်လာခဲ့တာပဲ အန်တီ"

ကတိတွေရှိခဲ့ကြပေမယ့် သူလည်း လူကြီးတွေအားကိုးနဲ့ ကိုယ့် ကို တိုက်ထုတ်ဖို့ ကြိုးစားနေသည်လို့ သတ်မှတ်လိုက်ပြီး အားလုံးကို ဖွင့်ပြောပစ်လိုက်သည်။

ဒေါ်ရွှေသဇင် ဆိုသည့်မိန်းမကြီး ပြုံးကျယ်သွားသည့်မျက်လုံး တွေက ပုစွန်ဆိတ်က အမေခေါ်ရလောက်၏။

"သူ့လုပ်ပုံတွေ မဟုတ်တာကို ဖျောင်းဖျရင်း အစ်တို့အပေါ် ကရု ဏာပိုပြီး တစ်ဖက်သတ် ရပ်တည်ပေးလိုက်တာ၊ သူ့ကို ကူညီဖို့လာတဲ့ အယောင်ဆောင်တွေအစား အစစ်အမှန်တွေနဲ့ အစ်ကို့ကို ကူညီခဲ့တာ"

"ဘာပဲဖြစ်ဖြစ် သားက အိမ်ထောင်ရှိတဲ့ယောက်ျား၊ မူလ ဒီလို စိတ်ကူးတွေဖြစ်ခဲ့တယ်ဆိုရင်တောင် သူ့ကာရိုက်တာ ပျက်စီးသွားတာ မျိုး မဟုတ်ဘူး၊ ကိုယ့်သူငယ်ချင်းကို စေတနာရှိရင် သားကို တစ်မျိုး၊ မူလ ကို တစ်မျိုး မင်းက 'ရင်ကြားစေ့'ပေးလို့ ရတယ်"

"နွယ် ကတော့ စိတ်ကူးထဲမှာတောင် မပေါ်ခဲ့ဖူးတာ အမှန်ပဲ



www.burmeseclassic.com

www.burmeseclassic.com



အန်တီ၊ သူက ရက်စက်သလောက် အစ်ကိုက အရှုံးအရှုံးချစ်နေတာ၊ အရမ်း သည်းခံရှာတာ၊ ချစ်တတ်တဲ့သူဘက်က နွယ် ရပ်တည်တာ မမှားပါဘူး''

''မှားတာပေါ့အေ့ .. အခု နေ့ရောညရော မင်းတို့တွဲနေတာ ပတ်ဝန်းကျင်မှာ မင်းရဲ့ဂုဏ်သိက္ခာ ဘာမှမရှိတော့ဘူး၊ တို့က မိန်းကလေးဘက်ကို ငဲ့ညှာပြီး သားနဲ့လက်ထပ်ပေးချင်ရင်တောင် သားမှာ သူ့မိန်းမ ငုတ်တုတ်ရှိသေးတယ်၊ သားကလည်း မူလ ရှိနေသားနဲ့ တခြားမိန်းကလေးကို လက်ထပ်မယ် ထင်လို့လား..၊ မင်းပဲ နစ်နာမှာကို နားလည်ပါ၊ အတောင့်ရှည် အစေ့မများခင် မင်း နောက်ဆုတ်လိုက်ဖို့ အန်တီ ပြောချင်တယ်ကွယ် ..''

ဒေါ်ရွှေသဇင် ပြောခဲ့သမျှကို သူမအပြင် တခြားလူ မသိသေးပါ။ အခြေအနေသည် ပျက်စီးဖို့ လှုပ်လှုပ်ရွရွဖြစ်လာခဲ့သည့်အတိုင်း ဗိုလ်လည်း မဆိုး၊ ကောင်းဖို့လည်း မရှိ။

ဒီလိုအချိန်အခါမှာ သူမ သတ္တိရှိမှဖြစ်မည်ဆိုတာ အထပ်ထပ်သေချာပြီးမှ ပြောချလိုက်မိတာဖြစ်သည်။ ခေတ် နဲ့ မူလ ရဲ့အခြေအနေ ဒီတိုင်းကနေ ပြောင်းလဲခွင့်ပေးလို့ မဖြစ် ..။

လိုချင်တာကို ရယူနိုင်ပြီဆိုလျှင် ပိုင်ရှင်ဖြစ်စေ၊ ခိုးယူသူပဲဖြစ်စေ ဒါက ပိုင်ဆိုင်ခွင့်ရခြင်းသာ ဖြစ်သည်။ အဓိကက လိုချင်တာကို ပိုင်ဆိုင်ဖို့ ..။

ကိုယ့်အတွေးနဲ့ကိုယ် နှစ်ယောက်စလုံး နှုတ်ဆိတ်နေမိကြစဉ် ခေတ် ရဲ့မျက်လုံးထဲမှာ ဖျတ်ခနဲ အရိပ်တစ်ခုကို သတိထားမိလိုက်၏။ တစ်ပြိုင်တည်း သိလိုက်တာက ထိုအရိပ်ပိုင်ရှင်ဟာ မူလ ဖြစ်နေခြင်း..။

''အို ..''

အမှတ်တမဲ့ ရင်ခွင်ထဲဆွဲ၍ ပွေ့ဖက်ထားလိုက်သဖြင့် နွယ် လန့်လည်းလန့်၍ အံ့ဩကာ .. ခေတ် ကို မော့ကြည့်လိုက်မိ၏။





''မင်းက တော်တော်လှတာပဲ နွယ် .. ငါ ခုမှ သတိထားမိတာ နောင်တရတယ်''

ခေတ် ရဲ့စကားသံကြောင့် တံခါးနားရောက်မှ မူလ ခြေလှမ်းလေး တုံ့သွား၏။

''မင်းနဲ့ငါ ရင်ခုန်သံဆော့ဖ်ဝဲတစ်ခု အတူရေးပြီး တစ်ပတ်လောက် လျှောက်မလား''

''အစ်ကို့အတွက်ဆို ဘာဖြစ်ဖြစ်လို့ နွယ် ပြောပြီးပြီပဲ''

''ဟွန်း .. ချစ်ဖို့ကောင်းတယ်''

''အား .. ဟွန်း .. အစ်ကိုကလည်း ..''

မူလ ရင်ခုန်သံတွေ တဒိန်းဒိန်းမြည်ကာ မြည်သံတွေ တွန်းကန်နေလို့လား .. တစ်စုံတစ်ရာ၏ ဖျစ်ညှစ်ဆုပ်ဆွဲနေမှုကြောင့်လား ..။

ရင်ဘတ်တစ်ပြင်လုံး ဟင်းလင်းပွင့်ထွက်သွားသလိုပင်။ ဒီလိုအသံတွေ သူမကိုယ်တိုင်လည်း ရေရွတ်မြည်တမ်းခဲ့ခြင်း မရှိ၊ သူတစ်ပါးဆီကလည်း မကြားဖူးခဲ့ပါ။

ရှက်တာနဲ့ နာကျင်မှု နှစ်ရပ်မှာ ဘယ်အင်အားက ကြီးမားနေမှန်း မသိဘဲ နေရာမှာပဲ ခွေကျတော့မလိုဖြစ်လာတာက သေချာ၏။

အပြေးတစ်ပိုင်း ပြန်လှည့်ထွက်လာခဲ့လျှင် မျက်ရည်စက်တွေက မိုးစက်များနှယ် ..၊

ဒါပေမယ့် ရေလိုလည်း မအေး၊ ပန်းလိုလည်း မမွှေးသော ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၇)

"ဒေါက် .. ဒေါက် .."

"ဘယ်သူလဲ"

"ဒေါ်အု .. နွယ် ပါ၊ တံခါး ခဏဖွင့်စမ်းပါ"

မေးမိတာ ကိုယ့်အပြစ်။

ဒီအချိန်ဆို အိပ်ရာဝင် ပုတီးစိပ်နေကျမှန်း သိထားသဖြင့် မူလ ဆို တံခါးလာခေါက်မှာ မဟုတ်ပေ။ တခြားလူတွေလည်း ဒီတိုင်းပဲ ဖြစ်သည်။ 'သွားအိပ်တော့'လို့ ခွင့်ပြုပြီးတာနှင့် ပြန်ထွက်ခဲ့ပါဦး ဆိုတာ မရှိသလောက်ပါ။

"တံခါးလေးဖွင့်ရမှာကို ကြာလိုက်တာ ဒေါ်အု ရယ် .. စက္ကန့် ပိုင်းနဲ့ သေမယ့်မသာရှိနေရင် ဘယ်လိုလုပ်မလဲ"

တံခါးဖွင့်လိုက်တာနှင့် ခါးထောက်လျက်သား နွယ့် မျက်နှာက စူပွပွ မဲ့လျက်ရှိကာ ...

"နိုးချင်လွန်းလို့ မဟုတ်ပါဘူး၊ အရေးကြီးလို့ လာနိုးတာ"

"ဟုတ်ပါပြီ .. ဒေါ်အု က မအိပ်သေးပါဘူး၊ ပြောလေ မနွယ်.. ဘာဖြစ်လို့လဲ"





မေးလိုက်ကာမှ နွယ် က ခါးထောက်ထားသည့်လက်တွေကို ချလိုက်ပြီး ရှေ့ထပ်တိုးသည်။ မျက်နှာကို ထပ်ငုံ့၍ လေသံတိုးတိုးနှင့်...

"မူလ လေ နွယ် နဲ့ အစ်ကို့ကို အထင်လွဲပြီး ငိုနေတယ်၊ သူ ဒီလို တစ်ခါမှ မငိုဖူးဘူး၊ ဒေါ်အု သွားချော့လိုက်ပါဦး၊ နွယ့် ကို စကားကောင်းကောင်းမပြောတာ ကြာပြီ"

ဟင်!...

ဒေါ်အု မျက်နှာပျက်သွား၏။ ညအိပ်ရာဝင်ချိန်ထိ လှနေသည့် နွယ့် မျက်နှာပေါ်က မိတ်ကပ်ပြေပြေနှင့် နှုတ်ခမ်းနီဆီ အကြည့်ရောက် သွားပြီးမှ မျက်နှာလွှဲမိ၏။

'အထင်လွဲတာမှ ဟုတ်ရဲ့လား'ဆိုသည့် အတွေးကြောင့် မူလ မျက်နှာလေးကို မြင်ယောင်မိရင်း ခြေလှမ်းတွေက သွက်နေခဲ့၏။

မိုးလင်းကမိုးချုပ်ထိ ခေတ် ရဲ့ဘေးမှာ ရှိနေတတ်တာက နွယ် ပဲ ဖြစ်သည်။ ဒီအချိန်ထိ သူတို့ အတူရှိနေသည့်အဖြစ်မှာ ဘယ်လို အထင်လွဲမှားဖွယ်တွေ ဖြစ်ပျက်နေခဲ့တာလဲ ..။

အိမ်မှာ အရင်လို မစိုပြေတော့တာ ကြာပါပြီ။ လူကြီးတွေက လည်း ခေတ် ကို ပြောဆိုဖို့ထက် ဘယ်လိုဖြေရှင်းကြမလဲဆိုသည့် နည်းလမ်းကောင်းကိုပဲ တွေးကြတော့သည်။

မူလ က သူငယ်ချင်းဆိုသည့်အဖြစ်ကနေ နွယ့် ကို မပယ်ရှား သလို ခေတ် ကလည်း နွယ့် ကို မထိရဖို့ တားဆီးခဲ့၏။

တစ်ခုခုတော့ မှားယွင်းနေပြီမှန်း သိသော်လည်း ဒါက ကိုယ်ဝင် ပြောရမည့်နေရာ မဟုတ်။

"ဟင်!..."

ဒေါ်အု အတွေးတွေရော .. ခြေလှမ်းတွေပါ ရပ်သွား၏။ မူလ က အခန်းထဲကထွက်လာတာဖြစ်ကာ သူ့ကိုမမြင်ဘဲ ရေချိုးခန်းဆီက် ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖျတ်ခနဲ မြင်လိုက်ရသည့် မီးအလင်းရောင်ထဲက မျက်နှာလေးမှာ နီရဲနေလိုက်တာ ပန်းသွေးရောင်အဝတ်စလေး ကပ်ထားသလိုပင်။

မယောင်မလည်လိုက်သွားပြီး နားစွင့်ကြည့်တော့ မူလ မျက်နှာသစ်နေတာဖြစ်၏။ ခပ်ဟဟကျန်ရစ်သောတံခါးကြားကနေ မြင်နေရသဖြင့် ကျောထက်မှာ ဆံပင်တွေ ကပိုကရိုပြန့်ကျနေကာ နဖူးနဲ့ဆံပင်တွေကို ရေစိုလက်နှင့် ရောသိမ်းတင်နေပုံလေးက သနားစရာ ..။

ဘယ်လိုလုပ်ရမလဲ ..၊ လာတုန်းကတော့ စေတနာ ကရုဏာတွေနှင့် ခြေလှမ်းတွေက အပြေးတစ်ပိုင်း၊ မြင်လိုက်ရတော့ သင့်တော်ပါ့မလားလို့ တွေးမိပြန်သည်။

မူလ ကရော ယုံကြည်အားကိုးစွာ ရင်ဖွင့် တိုင်ပင်မှာတဲ့လား၊ ဟိုအရင်အစကတည်းက အမြင်မတော်တာတွေရှိလို့ သတိပေးခဲ့ဖူးသည်။

မမကြီးကိုယ်တိုင် မေးမြန်းနေတာတွေလည်း ကြားပါသည်။ မူလ က ခံစားချက်တွေကို ဘယ်သူတစ်ယောက်နဲ့မှ ပြောပြတိုင်ပင်ခဲ့တာမျိုး မရှိ။

ဒေါ်အုံ ခြေလှမ်းတွေကို ပြန်ဆုတ်လိုက်ရင်း ရင်နင့်သွားမိသည်။

• 'မင်းလေ့မျောလည်း မဆယ်နဲ့၊ ခြေနှစ်ချောင်းလည်း မကယ်နဲ့'တဲ့ ..၊ ဒါက ကယ်တင်ထားတာ မဟုတ်ပေ။

နွယ်တည်သို ဆိုတာ ဝင်လာကတည်းက ဘီလူးဆိုင်းတီး၍ ..။





## အခန်း (၄၈)

'မပြောမပြီး၊ မတီးမမြည်'ဆိုသည့် စကားနှင့် ခင်း၍ ဒေါ်ရွှေသဇင် က အစချီသည်။

ဒေါ်နွဲ့မူ ကတော့ ဒီနေရာမှာရှိနေရပေမယ့် ဘာမှမပြော၊ မေးလည်း မမေးဘဲ နွယ်တည်သို ဆိုတာလေးကိုပဲ စူးစိုက်ကြည့်နေမိ၏။

သူမမျက်နှာလေးက ပန်းနုရောင်လေးဖုံနေကာ ပြင်ဆင်ပြီးစမို့ ပိုလှနေသလား မသိ ..၊

မိတ်ကပ်ကိုတော့ သုံးတတ်ပေမယ့် ကာလာတွေ ဘယ်တော့မှ မတင်ခဲ့သော ကိုယ့်သမီးထက် ပိုလှနေတာတော့ သေချာ၏။

နောက်ထပ် ခြားနားတာတစ်ခုသည် မကြည်ဖြူသောမျက်နှာများနှင့် ရှိနေကြသည့် လူကြီးတွေရှေ့မှာ သူမမျက်နှာက ပြုံးတော့မလို၊ တည်တော့မလို မထီတထိ နှုတ်ခမ်းများဖြင့် ...

"နွယ် သိပါတယ် .. ဒါပေမယ့် အစ်ကိုက မှာထားတယ်၊ သူက ပြောတာမဟုတ်ဘဲ ဘယ်သူ ဘာပြောပြော ထင်သလို ဆုံးဖြတ်မသွားရဘူးတဲ့"



www.burmeseclassic.com

www.burmeseclassic.com



ရဲရဲတင်းတင်း ပြန်ပြောသည်။

ဒေါ်ရွှေသဇင် မျက်နှာ တင်းခနဲဖြစ်သွားပြီးမှ ပြန်လျှော့ကာ …

"ဟုတ်တယ် .. ဒါပေမယ့် သားက အိမ်ထောင်သည်ဖြစ်ပေမယ့် အိမ်ထောင်ကွဲ မဟုတ်သေးဘူး၊ မိဘလက်အောက်မှာ ရှိနေသေးတဲ့အတွက် သူတို့ရဲ့အိမ်ထောင်ရေး ခိုင်မြဲအောင် မိဘမှာ တာဝန်ရှိတယ် နွယ်တသို"

"နွယ် လို့ ခေါ်လည်း ရပါတယ် အန်တီ"

"နွယ်တသို ခေါ်တာလည်း ကောင်းပါတယ်၊ မင်းနဲ့ အဲဒီနာမည် လိုက်တယ်"

"ဪ .."

နွယ် က မျက်ခုံးတွေကို ပင့်လိုက်ကာ အံ့သြသွားသလို တမင် ခေါင်းညိတ်၏။

ဘယ့်လိုမိန်းကလေးလဲ ..၊ သမီးက ဒီလိုမိန်းကလေးနဲ့မှ ဘာဖြစ်လို့ သူငယ်ချင်း ဖြစ်ခဲ့ရတာလဲ ..။

ဒေါ်ရွှေသဇင် လို စကားလုံးတွေ မထွက်သေးပေမယ့် ဒေါ်နွဲ့မူ မျက်ခုံးတွေ စုကုတ်နေပြီ ဖြစ်၏။

"အဲဒီတော့ မိဘတွေအနေနဲ့ ဖြစ်သင့်တဲ့အတိုင်း ပြောရရင် မင်း သူငယ်ချင်းရဲ့အိမ်ထောင်ရေးကိုလည်း ငဲ့တဲ့အနေနဲ့ …"

"နွယ် က လာကတည်းက သူ့အတွက် ငဲ့ညှာစိတ်နဲ့ ကိုယ်ကျိုးစွန့်ပြီးသားပါ၊ ခုလည်း သူတို့အတွက် ကူညီနေတာလို့ နွယ် က ခံယူထားတာ အန်တီ၊ အစ်ကို့ကို နွယ် ကသာ ထိန်းမထားနိုင်ရင် သူ ဒီမှာတောင် ရှိနေချင်မှနေမှာ၊ တစ်ယောက်အပေါ်တစ်ယောက် အထင်မြင်လွဲနေတုန်း တကွဲတပြားဖြစ်မသွားအောင် နွယ် က ထိန်းနေတာ၊ သူတို့ချင်း မပွင့်လင်းကြလို့ ဒီအခြေအနေတိုင်းပဲ ဖြစ်နေတာ၊ နွယ် မှာ အပြစ်ရှိသလား …"





ဒေါ်ရွှေသဇင် ရုတ်တရက် ဖြေရခက်သွား၏။

"တကယ်ဆို အန်တီတို့က ကိုယ့်ကလေးတွေကိုတော့ မဆုံးမနိုင်သေးဘဲ ဧည့်သည်ကိုပဲ ခလုတ်တိုက်နေတာ၊ သူတို့ချင်းသာ ပြေလည်နေရင် ဒါမှမဟုတ် အန်တီတို့သာ သူတို့ကိုပဲ နားဝင်အောင် ပြောပြဆုံးမနိုင်ရင် နွယ် က ဘေးလူပဲ၊ ဘယ်လို ကြားဝင်လို့မှ မရနိုင်ပါဘူး"

"ဟုတ်ပြီ .. ဒါဆိုရင် မင်းက ကာယကံရှင်တွေက မဟုတ်ဘဲ ဘယ်သူပြောပြော ဒီက မခွာနိုင်ဘူးပေါ့"

"အဲဒီလိုသဘောမျိုး ဖြစ်သွားသလား မသိဘူး၊ နွယ် ကတော့ စေတနာနဲ့ပါ"

"အေးလေ .. မင်းက ဒီလိုပြောပြီဆိုတော့ ငါတို့ကလည်း ကြိုသတိပေးရတာပေါ့၊ မူလ ကို ငါ့သား ဘယ်လောက် စုံမက်မြတ်နိုးတယ်ဆိုတာ ငါ အသိဆုံး၊ မင်းနဲ့တွဲနေတာလည်း သူ့မိန်းမကို သူ ရွဲ့နေတာပါ"

သိသားပဲဆိုသည့် မဲ့ပြုံးလေး ရိပ်ခနဲထင်သွားပြီး နွယ် က မျက်နှာလေး လှည့်ပစ်၏။

"တစ်ချိန်ချိန်မှာ မင်းဘက်မှာ နစ်နာပါတယ်ဆိုတဲ့စကား ထွက်မလာစေနဲ့ပေါ့၊ အဲဒီကျရင် ကိုယ့်ဒုက္ခနဲ့ကိုယ်ပဲနော်"

ဆွေးနွေးပွဲလား၊ တောင်းပန်ခြင်းလား ဘာမှန်းမသိလိုက်ဘဲ မျက်နှာစုံညီရှေ့ကနေ နွယ် က ထထွက်သွား၏။ ဒေါ်ရွှေသဇင် နဲ့ ဒေါ်နွဲ့မူ မျက်လုံးချင်း ဆုံသွားလျက် …

"ဘယ်သူ့မှာ အပြစ်ရှိနေတာလဲ မူ၊ နင့်သမီးလား .. ငါ့သားလား"

"သူ့ကိုယ်သူ ဘေးလူပါလို့ ပြောသွားပေမယ့် လှိုင်းနဲ့ လေနဲ့ ကမ်းစပ်ပဲ၊ လှိုင်းကတော့ ငါ့ဟာငါနေတာလို့ ပြောမှာပဲလေ၊ ဒါပေမယ့် ကမ်းစပ်နဲ့လှေ နီးအောင် ဝေးအောင် လုပ်နိုင်တယ်၊ ဘယ်သူက



www.burmeseclassic.com

www.burmeseclassic.com



ဘာနဲ့တူသလဲ နှင် စဉ်းစားကြည့်ပေါ့၊ တစ်ခုမှန်တာက ငါတို့တွေက ကိုယ့်သားသမီးကို မနိုင်တဲ့မိဘတွေ ဖြစ်သွားပြီ”

“ဟုတ်ပါတယ် .. သမီးအကြောင်း နှင့်ကိုတိုင်မိတာ ငါ တောင်းပန်ပါတယ် မှူ ရယ် .. အခု ငါ့သားဘက်က ပြောဆိုမရဖြစ်နေတာတွေကို ..”

“ဒါလည်း ငါ့သမီးက စခဲ့တဲ့မီးပွားပါ၊ တို့နှစ်ယောက်စလုံး..”

“ငါပဲ မှားတာပါ မှူ ရယ် .. သမီးရဲ့ ဝါသနာ ဘယ်လောက်ထိ အစွန်းရောက်ဖြစ်နေတာကို နှင် ပြောပြီး ငြင်းခဲ့သေးတာပဲ၊ သားကလည်း လူငယ်ပီပီ ခေတ်ဆန်တော့ အိမ်ထောင်ရေးမှာ အဖုအထစ်တွေ ရှိလာနိုင်တယ်ဆိုတာ နှင်ပြောပေမယ့် ဂရုမစိုက်ခဲ့တာ ငါပါ၊ သမီးလေးကို ရိုးသားလိမ္မာပြီး ပညာတတ်ရုပ်ချောလေးမို့ ငါ အရမ်းကို ချစ်မိတယ်၊ ချွေးမတော်ချင်တာရော၊ သမီးမရှိတဲ့အတွက် အပိုင်လိုချင်တာရော လောဘတွေတက်ပြီး မရမကတောင်းယူခဲ့တာ၊ သားကလည်း စွဲစွဲလမ်းလမ်းဖြစ်သွားတော့ ဘာမှအခက်အခဲ မကြီးမားနိုင်ဘူးလို့လေ ..”

ရှေ့ဆက်ဖို့လည်း ခက်၊ ပြန်လည်မဆုတ်နိုင်ဖြစ်ကာ ဒေါ်ရွှေသဇင် ငိုတော့မလို၊ ရယ်တော့မလို စိတ်ထိခိုက်နေရှာသည်။

ဒေါ်နွဲ့မှူ က အနားတိုးထိုင်လိုက်ပြီး လက်ကို ဆုပ်ကိုင်ထား၍…

“ငါတို့နှစ်ယောက်အတွက် နားလည်မှုလွဲလောက်တဲ့ အမှားဆိုတာ မရှိဘူး ရွှေ၊ နှင်က နောင်တစကားတွေပြောနေရင် ငါ့သမီးကို တောင်းယူခဲ့မိတာ မှားပြီလို့ နောင်တရနေသလိုပဲ၊ ငါ့ကို နေရခက်အောင် ပြောမနေပါနဲ့ .. တို့လုပ်ရမှာက နွယ်တညို ဆိုတဲ့ မိန်းကလေး သူ့နေရာသူ ပြန်ရောက်သွားဖို့ပဲ၊ ဘယ်သူမှန်နေနေ မှားနေနေ အိမ်ထောင်ရေး မပြိုကွဲဖို့က အဓိက”





ညှော်ခန်းပြင်မှာ ခြေစုံရပ်၍ နားစွင့်နေသည့်မျက်နှာလေး မဲ့သွားသည်။

ထပ်ကြားနေရသည့် စကားသံတွေကြောင့် ဟွန့်ခနဲ ပခုံးတွန့်၍ ရယ်မိသည်။

“ငါကလည်း သမီးရဲ့နေရာမှာ ဘယ်မိန်းကလေးကိုမှ အစားထိုးပြီး ချွေးမ မတော်နိုင်ဘူး”တဲ့ ..။

ဒေါ်ရွှေသဇင့် စကားကြောင့် ဆံပင်တွေကို ခေါင်းမော့ခါလိုက်ပြီး ရှေ့ဆက်လှမ်းခဲ့ရင်း ..၊

“အစားထိုးတာလို့မမြင်ဘဲ နေရာချင်းလဲတာ ဆိုရင်ရော ..”

ဘယ်လိုလဲ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၉)

"ဘာ .. ပြောတယ် .."

"ခုမှ 'ဘာ..'မနေနဲ့၊ အဲဒီတစ်ယောက်မှာ နေရာလုတတ်တဲ့ အကျင့် ရှိတယ်၊ မင်း ခု သိပြီ .. ဘာလုပ်မလဲ ပြော .."

သူငယ်ချင်းတွေက အခမဲ့ အကျိုးဆောင်ပေးနေကြသည်။ သူ မသိစေဘဲ အပင်ပန်းခံ၍ နွယ့် သတင်းကို စုံစမ်းခဲ့ကြ၏။

"ငါတို့လည်း သူ့အိမ်မှာ ဂိုက်လုပ်ဖူးခဲ့တဲ့ဆရာနဲ့ အမှတ်တမဲ့ ဆုံလို့ ဟိုတစ်စ ဒီတစ်စ ကြားလိုက်ရပြီး မင်းအတွက် သေချာအောင် သတင်းနောက် လိုက်ခဲ့ကြတာ .."

အာကာ က စီးကရက်ထုတ်သောက်နေရင်း ဆက်ပြော၏။

"ရုပ်လေး သနားကမားနဲ့ ဘာအကျင့်လဲ မသိဘူး"

နွယ် သည် ငယ်စဉ်ကတည်းက ချမ်းသာကြွယ်ဝစွာ ကြီးပြင်းခဲ့ရသူဖြစ်ကာ မိဘတွေ စီးပွားပျက်တော့ သူမက အရွယ်ရောက်နေပြီမို့ ဆင်းရဲမှာလည်း တရားလွန်ကြောက်ခဲ့၏။

ထို့ကြောင့် ဆင်းရဲစေခဲ့သည့် ဖခင်ကို မုန်းတီးနေခဲ့သည်။





အရွဲ့တိုက်သည့်အကျင့်က တစ်ဖက်စောင်းထိဖြစ်လာပြီး ပြောဆိုနေထိုင်ပုံကအစ စိတ္တဇဆန်လာခဲ့သည်။

တကယ်တော့ နိုင်ငံခြားထွက်သွားသည့်အစ်ကို ဆိုတာ အစ်ကိုရင်းမဟုတ်ဘဲ မိဘက မွေးစားလိုက်သဖြင့် မောင်နှမတော်ခဲ့ကြတာဖြစ်ကာ ထိုယောကျ်ားကို သူမက တစ်ဖက်သတ် မေတ္တာရှိနေခဲ့၏။

မောင်နှမလို တစ်သက်လုံး အတူနေလာခဲ့ကြတာမို့ ပြောဆိုဖွင့်ဟဖို့ မလွယ်တာတွေရှိနေရင်း အစ်ကိုဖြစ်သူက မိန်းမယူလိုက်သည်။

"အဲဒီလင်မယားကို ကွဲအောင်လုပ်တာလည်း သူပဲလို့ သေချာကြားခဲ့တာ .. မင်း သိလား"

အာကာ က သူ့စကားကို အဆုံးသတ်မေးရင် စဉ်းစားသလိုလုပ်နေသည့် ခေတ် ကို အားမလိုအားမရဖြစ်လျက် ...

"ကိုလင်းဝေ ဆိုတဲ့လူ နိုင်ငံခြားကိုရောက်သွားတာ သူတို့အိမ်က ထွက်သွားပြီး တစ်နှစ်လောက်ကြာမှ ဖြစ်တာတဲ့၊ သူ့မိန်းမသာ စောစောစီးစီး မသေခဲ့ရင် သူ သွားမယ်တောင် မထင်ဘူး၊ တချို့က အဲဒီအမျိုးသမီးကို နွယ် က လုပ်ကြံလိုက်သလိုလိုတောင် ပြောနေကြတာ"

"ဟုတ်တယ် ခေတ်၊ နွယ်တသို ကို မင်း တွဲနေတာ အန္တရာယ်ရှိတယ်နော်၊ သတင်းဆိုတာကတော့ မှန်တာရော မှားတာရော ပါမှာပဲ၊ ကိုယ်က ချင့်ချိန်ဘတ်ဖို့ လိုတယ်၊ သူ မရောက်ခင်တုန်းက မင်းတို့ ဒီလိုမျိုး မသင့်မြတ်တာတွေရှိခဲ့တာပဲ၊ မင်္ဂလာဦးညကတည်းက မင်းဘက်က သည်းခံခြင်းနဲ့ စခဲ့တာလေ .. ခုကျမှ သည်းမခံချင်ဖြစ်လာတယ်၊ မူလ ကလည်း မင်း ဘာတွေဖြစ်နေနေ အလုပ်လုပ်နေရရင်ပြီးရော ဆိုတာမျိုး၊ အဲဒါတွေက ပုံမှန်ဖြစ်စဉ်တွေလား"

ခေတ် က စီးကရက်ပြာချွေရင်း ဆတ်ခနဲ ခေါင်းညိတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကြာလာရင် ထိခိုက်ပါများလာတဲ့နေရာမှာ နဲ့လာမှာပဲ၊ သူလည်း နွယ် နဲ့ ငါ့ကိုမြင်ပြီး အရင်လို ပျော့ပျောင်းမှုမရှိတော့တာ ဖြစ်နိုင်တယ်လေ၊ မဖြစ်နိုင်တာက မင်းတို့စိုးရိမ်နေသလို ငါ မစိုးရိမ်ဘူး"

"ဘာဖြစ်လို့လဲ"

"ငါ့ရင်ထဲမှာ နွယ် ဆိုတာ ဘယ်တုန်းကမှ မရှိခဲ့ဘူး"

"ဖိုးခေတ် ရေလာမြောင်းပေးဆိုတဲ့စကားက အလကား ထားခဲ့တာ မဟုတ်ဘူး၊ ရေဆိုတာ မြောင်းဖြစ်နေတဲ့ဘက်ကို ကွေ့ဝင်စီးတတ်တဲ့သဘော ရှိတယ်၊ နွယ်တညို က လှတယ် .. အကြောက်အလန့် မရှိဘူး"

"အဲဒါတွေလည်း ငါသိတယ် ထက်မြက်၊ အာကာ ပြောနေတာကိုလည်း မယုံကြည်တာ မဟုတ်ဘူး၊ ဒါပေမယ့် ငါ့ကို ဒီလောက်ထိ စော်ကားထားတာ တွေးမိတိုင်း ရှက်တယ်၊ အမြဲတမ်း နားလည်ဖို့ပဲ ကြိုးစားခဲ့သမျှ ငါက သူ့ဘေးမှာပဲ တွယ်ကပ်ဖို့ ချောင်းမြောင်းနေတဲ့ .."

ရှေ့မဆက်ဘဲ ခေတ် အံကြိတ်၏။

"သူ့အချစ်ကို မျှော်လင့်လို့ မရနိုင်တော့ဘူးဆိုတာ ငါ နားလည်လိုက်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ အချစ်ကို လုံးဝ နားမလည်တဲ့သူ သေအောင်ချစ်ပြနေလည်း နာဘူးဆိုတဲ့ရာထူးအပြင် တခြား ဘာမှ ရမှာ မဟုတ်ဘူး"

"လွှမ်းတာရှိတိုင်း နာတာနဲ့ မင်း ဖြေနေတာပါ၊ မူလ ကို လုံးဝ ခေါင်းထဲကထုတ်နိုင်လား .. ပြော"

ခေတ် က မဖြေ ..။

"သူပြောစရာရှိတယ်ဆိုတာကို မင်း နားထောင်သင့်တယ်"

"မထောင်ချင်ဘူး"

ပြတ်တောက်စွာ ငြင်း၍ ခေတ် က တစ်ဖက်လှည့်ပစ်၏။





အင်းလျားကန်စပ်လေးမှာ ထိုင်ကြတာမို့ ခေတ် က စားပွဲနဲ့ ဆားတိုက်ထိုင်ကာ အုတ်ဘောင်ပေါ်မှာ ခြေထောက်တစ်ဖက် တင်ထား၏။

"အဲဒီစကားတွေကရော နွယ့် ပါးစပ်ထဲမှာ အပိုအလိုတွေ မပါဘူးလို့ .. မင်း ပြောနိုင်လား"

"သူ့ကို ငါ မေးပြီးပြီ၊ မညာတတ်တဲ့မျက်နှာက အဲဒီအချိန်မှာ အရမ်း နာကြည်းဖို့ ကောင်းတယ်၊ ဘယ်လိုရှင်းပြဖို့ ကြိုးစားကြိုးစား သူ့စကားက ဒါပဲ ပြန်ရောက်တာ .."

အာကာ တို့ ပါးစပ်ပိတ်သွားကြသည်။

နေ့လယ်ခင်းမို့ ဆိုင်ထဲမှာ လူရှင်းနေကာ သူတို့ ထိုင်ခဲ့ကြတာသည်း ကြာပြီဖြစ်၏။ ဆွေးနွေးပွဲကတော့ မအောင်မြင်ပါ။

သူတို့မှာ သတင်းဆိုးကြောင့် စိုးရိမ်တကြီး ပြေးလာပြောပြကြသော်လည်း သုံးပွင့်ဆိုင် ဒီဇာတ်လမ်းသည် ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅၀)

ရက်စထဲရန့်တစ်ခုထဲမှာ စားပွဲရှည်ကြီးနှင့် တည်ခင်းထားသော စားသောက်ဖွယ်များနှင့် လူတွေကလည်း ခုံရှိသမျှ အပြည့်။

တခြားလူတွေကို ဖြတ်သန်းကာ မူလ မျက်လုံးတွေ ခေတ် နဲ့ အတူ ယှဉ်တွဲထိုင်နေသော နွယ် ထံကို တန်းခနဲ ရောက်သွား၏။

"တွေ့လား .. ဟို သီးသန့်ခန်းထဲမှာ"

ပြုံ့င်တူတွေ့လိုက်တာမို့ ညို က ပခုံးချင်းတိုက်ပြီး မခံချင်သံနှင့် ပြောသည်။

"နှင့်ကိုယ်နှင့် နေရာပျောက်နေပြီမှန်း သိရဲ့လား"

မူလ ဘာမှမပြောနိုင်ဘဲ ဦးတည်မိသည့်ခုံမှာပဲ ထိုင်ချလိုက်မိသည်။

ထိုအခါ ခေတ် တို့က ကျောပေးလျက်ဖြစ်ကာ သူမက မျက်နှာမူလျက်သား ..။

"လာ .. ငါတို့ စားပွဲပြောင်းရအောင်"

"မပြောင်းပါနဲ့ ညို ရယ် .. သူတို့ အလုပ်ကိစ္စနဲ့ ဒီမှာဆုံနေကြတာပဲ၊ နွယ် ကလည်း သူ့ရဲ့အတွင်းရေးမှူး ဖြစ်နေပြီ ထင်တယ်"





မူလ ရဲ့ အေးစက်စက် ပျော့ဖတ်ဖတ်ပုံစံလေးကို အသည်းယားတိုင်း ညို့ မှာ မီးနှူးဆွဲယူ၍ လှန်လှော်တာတွေ၊ ပြန်ထားတာအားလုံး ဆောင့်ဆောင့်အောင့်အောင့်တွေချည်း ဖြစ်နေတော့သည်။

စားစရာမှာတာတောင် ဝိတ်တာကို စကားပြောရတာ အဆင်ပြေ ..။

"နှင့်ကို ငါ ဒီတိုင်းဖျောင်းဖျနေလို့ ဘာမှထူးခြားမှာ မဟုတ်တော့ဘူး၊ ဒီကိစ္စထဲ ငါ ဝင်မှ ဖြစ်တော့မယ်"

"ဘာ!..."

"ဟုတ်တယ် .. နှင်တို့နှစ်ယောက်ကြားမှာ နွယ်တညို ဆိုတဲ့ မိန်းမ ကောင်းကောင်းကြီး အကွက်ရွှေ့နေတာ .. အဲဒါ နှင့်ကြောင့်"

"ဘယ်သူ့ကြောင့်ဖြစ်ဖြစ် ငါ ရှင်းဖို့ မကြိုးစားတော့ဘူး ညို၊ သူလည်း ကြာလေ ငါ့အပေါ်မှာ စိမ်းလာလေပဲ၊ အဲဒါကြောင့် ထူးမှာ မဟုတ်တာကို မကြိုးစားချင်ဘူး၊ နောက်ပြီးတော့ .."

"ပြော .. ဘာနောက်ပြီးတော့လည်း .."

"ငါမှားခဲ့တာလည်း ရှိတယ်၊ စကားတတ်လွန်းတဲ့ နွယ့် ကို ပြုံ့င်မပြောနိုင်သလို အစတည်းက မျိုသိပ်ခြင်းတွေ၊ သံသယတွေနဲ့ ကြည်လင်ခဲ့တဲ့ သူ့မေးခွန်းတွေကိုလည်း မဖြေတတ်ဘူး၊ ရှင်းလေ ရှုပ်လေပဲ၊ ငါ ပါးစပ်ဟပေးလိုက်တာနဲ့ ဟားတိုက်ရယ်ပစ်တဲ့ သူ့အသံကို မကြားချင်လို့ပါ၊ ငါ ဘာမှမရှင်းချင်တော့ဘူး"

"မရှင်းလို့ဖြစ်မလား မူလ ရဲ့ .. နှင့်ယောက်ျားကို ကွယ်ရာကနေ ခွယ်နေတာ မဟုတ်ဘူး၊ နှင်တို့နှစ်ယောက်ကြားမှာ ပေါ်တင်ဝင်ပြီး သူ့လက်ကို ချိတ်နေတာ တခြားသော အိမ်ထောင်ရေးဖောက်ပြန်မှုတွေထက် ကြည့်ရဆိုးတယ်၊ သူ ဖောက်ပြန်သွားလည်း နှင့်ကို နာမယ့်လူ ရှိမှာမဟုတ်ဘူး သိရဲ့လား .. နည်းသေးတယ်တောင် ခင်ဦးမှာ၊ ဟွန်း .. ဘာဖြစ်လို့များ ဒီမြင်ကွင်းတွေနဲ့ပဲ ခဏခဏ



www.burmeseclassic.com

www.burmeseclassic.com



လာတိုးနေရလဲ မသိဘူး .. သေချင်တယ်"

ညို က ကလေးဆန်ဆန် ဒေါသတွေနှင့် စကားပြောရင်း မျက်စောင်းရွယ်ရင်း ...

"သူသိမှ ဖြစ်မှာ၊ ရွဲ့ရင်းချိတ်ရင်းနဲ့ လင်မယားကွဲတော့မယ့် အဖြစ်မှာ နွယ်တညို ဘာတွေလုပ်ကြံပြီး ဒီနေရာကိုဝင်ခဲ့တာလဲ ဆိုတာရော ငါ ပြောတော့မယ်"

"မပြောရဘူး .."

"မပြောဘဲနေခြင်းအားဖြင့် နင် လျှို့ဝှက်ခဲ့တဲ့ စိတ်ကူးတွေကို သူက ရင်ထဲမှာပဲ သိမ်းထားပေးခဲ့လို့လား၊ လူကြီးတွေရော ခေတ်ရော အခု အားလုံး သိကုန်ပြီလေ၊ နင်က သစ္စာတွေ ဘယ်ထိထားပေးဦးမှာလဲ .. သူ့ကို ကြည်ဖြူစွာလက်ခံပြီး ငါ့ယောက်ျားကို ကူညီပေးပါလို့ ပြောမိတာလေးနဲ့ ဒီအမှားအတွက် ပြန်ပေးနေရတာ တန်သလား"

မူလ မျက်ရည်ဝေ့တက်လာသည်။ ခေါင်းညိတ် ခေါင်းခါပြုနိုင်စွမ်းလည်း မရှိတော့ဘဲ တစ်သျှူးတစ်စထုတ်ပြီး မျက်နှာလေးငုံ့၍ သုတ်ပစ်၏။

မှန်တစ်ဝက်ခြားနေပေမယ့် ခေတ် နဲ့ နွယ် တို့ ခေါင်းချင်းဆိုင်ပြီး တိုင်ပင်လိုက်၊ ရယ်မောလိုက်နှင့် ချီးယားစ်လုပ်ပြီး ဖန်ခွက်ချင်း ထိခတ်လိုက်ကြတာတွေပါ မြင်နေရသည်။

ထို့ပြင် တခြားသောဧည့်သည်များ၏ အရေးတယူ ဆက်ဆံပြောဆိုမှုတွေနှင့် နွယ် တခမ်းတနားဖြစ်နေတာကိုလည်း တွေ့နေရ၏။

"ဘယ်လိုလဲ .. ဒီကနေထိုင်ကြည့်ပြီး ဖြစ်ပျက်ရှုနေတာလား"

ဒေါက်တာထူး နဲ့ နောင်တူးနော် တို့ ရောက်လာကြကာ ဖင်ထိုင်မချသေးခင် ကိုတူး အသံပဲ အရင်ထွက်လာ၏။





ဒေါက်တာထူး က အားလုံးကို အကဲခတ်မိတော့မှ ဟိုကြည့်ဒီကြည့် မျက်လုံးဝေ့သည်။

"လျှောက်နှောက်မနေနဲ့"

ညို က ဒေါက်တာထူး ကို အားနာသလိုကြည့်ကာ ကိုတူး ကို မျက်ရိပ်ပြ၏။

မူလ နဲ့ ခေတ် ရဲ့အိမ်ထောင်ရေးကို အနည်းအကျဉ်း သိထားသည့်အပြင် တစ်ယောက်တစ်နေရာစီ မြင်လိုက်ရသဖြင့် စလိုက်ပြီးမှ ကိုတူး အားနာသွား၏။

ဒါတောင် 'ဘယ်သူက အရင်ရောက်တာလဲ' လို့ အသံတိုးတိုးနှင့် မေးနေသေးသည်။

"သူတို့က အရင် .."

ညို က တိုတိုတုတ်တုတ် ဖြေ၏။ ဒေါက်တာထူး က သူတို့မျက်လုံးတွေ သွားရာကို အကဲခတ်မိသွားသည့် အကြည့်တွေနှင့် ...

"မူလ ရဲ့အမျိုးသားလား"

"ဟုတ်ကဲ့ ဆရာ"

"ဒီဆိုင်မှာ လူရှင်းတတ်လို့ ချိန်းလိုက်တာပါ၊ ဘယ်လိုလဲ .. ဆိုင်ပြောင်းမလား၊ အပေါ်ထပ်ဖြစ်ဖြစ် သွားမလား"

"ရပါတယ် ဆရာ .. ဘာမှမဖြစ်ပါဘူး"

"မဖြစ်ဘူး ဆရာ .. သူက မျိုသိပ်ကြိတ်ခံ ဆိုတာမျိုး၊ လူလည်း လှုပ်လှုပ်ပဲရှိတော့တယ်"

"ညို ကလည်းဟာ .."

အားလုံး သိနေကြတာပေမယ့် သိပ်မရင်းနှီးတဲ့သူကိုတော့ မသိသင့်တာ မသိစေချင် ..။

ညို က နားမထောင်တော့ဘဲ ...

"နင့်အိမ်ထောင်ရေးရော ကျန်းမာရေးကိုရော ငါတို့အားလုံးက



www.burmeseclassic.com

www.burmeseclassic.com



ဖေးမနေကြတာပဲ၊ နင်ကသာ ကိုယ့်ကိုယ်ကိုလည်း မညှာဘူး၊ ဘာအရေးကိုမှလည်း ဂရုမစိုက်ဘူး၊ တကယ်တမ်းကျတော့ သေလောက်အောင် ခံစားနေရတာ မဟုတ်ဘူးလား"

ပြောမိမှာစိုးလို့ ကိုတူး ကိုတောင် ပိတ်လိုက်သေးသည်။ သူမ ပြောပြီဆိုမှ အစက အဆုံးထိ ...။

"ချန်နယ်ဖိုက်စ်အတွက် ဆော့ဖ်ဝဲရေးတုန်းက သူ မူးလဲမလိုဖြစ်တာ အဲဒီပြဿနာတွေကြောင့်ပဲ ဆရာ၊ သမားတော်ကြီးတောင် ကျန်းမာရေးလည်း ဂရုစိုက်ဦးလို့ ပြောသွားသေးတယ်လေ"

"ဩော် .. အဲဒီလိုဖြစ်နေတာလား၊ ငါက ကြားသာကြားနေတာ သိပ်မသိဘူး၊ မိန်းကလေးတစ်ယောက်အတွက် အိမ်ထောင်ရေးက အရေးကြီးဆုံးပဲ ညီမရဲ့ .. တို့အလုပ်က အရေးကြီးပေမယ့် ဘဝတစ်ခုကို ပြိုလဲပျက်စီးစေနိုင်တာက အိမ်ထောင်ရေးပဲ"

အရေးကြီးမှန်းသိပေမယ့် ကိုယ်မှန်တယ်ထင်တာကိုလည်း လုပ်ရဲခဲ့တာမှန်သော်လည်း သူမရဲ့အိမ်ထောင်ရေးကို အဖတ်ဆယ်နိုင်ဖို့တော့ နောက်ကျခဲ့ပြီ ဖြစ်သည်။

"နင် လိုအပ်တဲ့အချိန်ကျမှ ခေတ် ကို ပြန်ကောက်ယူလို့ရမယ်ထင်သလား"တဲ့ ...။

ညို မေးခဲ့ဖူးသည်။ အခု သူမ ဘာကိုမှ ပြန်မရနိုင်တော့ပါ။

"ကိုယ်ပိုင်ထားတဲ့ပစ္စည်း ကိုယ် မလိုအပ်တော့တာ သေချာလား၊ ဘယ်သူကောက်သွားသွား ကျေနပ်နိုင်လား"တဲ့ ...။

မေမေ မေးတုန်းကလည်း မူလ ခေါင်းညိတ်ခဲ့သလား၊ ခေါင်းခါခဲ့သလား ဘာမှန်းမသိတော့ပေမယ့် သူမ ခုချိန်မှာ ဆုံးဖြတ်ခွင့်မရှိတော့တာ သေချာသွားပါပြီ။

နွယ့် ကို မောင် တိမ်းညွတ်နေပြီဆိုတာ မူလ သိသည်။ လူတွေပြောကြသလို ယောကျ်ားတွေဟာ လက်သာရာမှာ ပျော်ကြတယ်ဆို





တာ မှန်နေသည်လား ...။

"ဘယ်တုန်းကမှ မျက်နှာသာအပေးမခံခဲ့ရတဲ့ ကလေးတစ်ယောက်ဟာ သူ့ကို ဂရုစိုက် နေရာပေးတဲ့လူနဲ့တွေ့ရင် မိဘဆွေမျိုးတစ်ခုမှ မတော်စပ်လည်း ခင်တွယ်သွားကြတာပဲ၊ နေပူထဲကနေ အရိပ်အောက်ကို ရောက်သွားတာမျိုးပေါ့၊ အဲဒီအချိန်မှာမှ သူတို့ တစ်လျှောက်လုံး ပူလောင်ခဲ့ရတာကို ဘယ်လောက်ထိ ပူလောင်ခဲ့ပါလားလို့ ပိုသိသွားကြတာ၊ ဆိုလိုတာကဟာ .. ကျန်ခဲ့တဲ့ နေပူပြင်ကို တစ်ချက်လေးတောင် ပြန်လှည့်မကြည့်ချင်တော့တာမျိုး"

သူငယ်ချင်းချင်းပေမယ့် ညို က လူကြီးလေးလို အမျိုးမျိုးသော ဥပမာတို့ဖြင့် ပြောပြခဲ့သေးသည်။

သူမ် ခိုင်မာစွာ ယုံကြည်နေသည်များထဲမှာ ညို ပြောပြတဲ့ ဥပမာတွေ မပါခဲ့သည့်အတွက် ...

"ကဲ .. ကိုတူး က လမ်းမှာ ကားပျက်လို့ ထားခဲ့ရတယ်ဆိုတော့ ငါနဲ့ လမ်းကြုံတယ်လေ၊ ဆရာ့ကိုတော့ နင် ပြန်ပို့လိုက်တော့"

မူလ တို့ ဆိုင်ထဲကထွက်ခဲ့ကြတဲ့အထိ ခေတ် တို့ ရှိနေကြဆဲ။

"ငါ မူလ နဲ့ပဲ လိုက်သွားတော့မယ်၊ နင့်ကားစီးပြီး နားပူတာမခံနိုင်ဘူး"

ကိုတူး က အရိုးခံနှင့်ပြောတာပေမယ့် ညို နဲ့ မူလ မျက်လုံးချင်းဆုံသွားသည်။

ဟိုတစ်ခါ ကိုတူး နဲ့သွားလာနေတာကို ခေတ် က သံသယတွေနဲ့ မေးဖူးတာ ညို က သိထားသည်။ ဒါကြောင့် သေချာစီစဉ်ပေးကာမှ ကိုတူး က အလိုက်မသိသည့် ကလေးလို ...။

ညို ကားပေါ်တက်ပြီးတဲ့အထိ စိတ်မဖြောင့်သလို ..၊ မူလ က ရပ်ကြည့်နေဆဲမို့ ...

"ကဲ .. မြန်မြန်လစ်ဖို့ လိုနေပြီ၊ ပေး .. ကားသော့"



www.burmeseclassic.com

www.burmeseclassic.com



လက်ကိုဆွဲလိုက်ပြီး ကားသော့ကို ယူသည်။ မောင်းသူနေရာမှာ အကျအန ဝင်ထိုင်လိုက်၏ ...

"တက်လေဟာ.. ငါက စားသောက်ပြီးရင် အကျင့်သိပ်မကောင်းဘူး"

မူလ ကားထဲဝင်ဖို့ တံခါးဖွင့်လိုက်လျှင် မျက်ဝန်းထောင့်ကအရိပ်ကြောင့် လှမ်းကြည့်လိုက်မိ၏။

မောင် ...

နှုတ်ခမ်းလှုပ်ရုံလေး ခေါ်မိတာပေမယ့် အသံတော့ ထွက်သွားခဲ့၏။ ကားတစ်စီးကျော်မှာ ပရာဒိုနှစ်စီး ရပ်ထားလျက်၊ ရှေ့က အနက်ရောင် ပရာဒိုသည် မောင့်ကား ..၊

အားလုံးပဲ နောက်ကားပေါ် တက်ကုန်ကြကာ မောင်နဲ့ နွယ်တို့က အတူတူ။

"ဟော့ .. မူလ"

ဘာလုပ်နေတာလဲလို့ စိတ်မရှည်စွာပြောမည့် ပါးစပ်က အလိုလိုပိတ်သွားခဲ့ပြီး ကိုတူး မျက်လုံးတွေ မူလ ကြည့်နေရာကို ရောက်သွား၏။

မိတ်ကပ်ရောင်ဖျော့ဖျော့ ရုပ်အကျီရှောက်ရှည်၊ ဘောင်းဘီရှည် အဖြူနှင့် မြင့်မြင့်ဖြောင့်ဖြောင့်ယောကျ်ားသည် စောစောကမှ နောက်ကျောကနေ လှမ်းမြင်ခဲ့ရသည့် မူလ ရဲ့ သည်ခေတ်လူ ...။

မျက်နှာကို ခုမှ သေချာ အနီးကပ်မြင်ရတာပါ၊ ဒါပေမယ့် ကြေးနီရောင်လက်နေသည့် မျက်မှန်နက်နှင့် နီမြန်းသော နှုတ်ခမ်းတို့ကြောင့် မျက်နှာက ပိုချောနေသလား မသိ။

နာမည်နဲ့လိုက်အောင် လူကလည်း အလန်းစားပါလား။ သူ ပြန်ကြည့်လိုက်တော့ မူလ ခေါင်းလေးငုံ့ကာ ကားထဲဝင်ထိုင်သည်။ မျက်ဝန်းမှာတော့ ငွေ့ရည်ဖွဲ့နေလောက်ပါပြီ။





ထိုလူကတော့ စတီယာရင်မှာ လက်တင်ထားလျက် မလှုပ်မယှက် ရှိနေဆဲဖြစ်ကာ ဒီကိုကြည့်နေတာလား၊ မကြည့်ဘူးလား မသိ။

"မူလ .."

"ဟင်!..."

"ဆောရီးပါဟာ .. ငါက အလိုက်မသိ အော်လိုက် ခေါ်လိုက်နဲ့"

"ရပါတယ်ဟာ"

"ငါ့ကို ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ၊ နင်တို့လင်မယား လက်ထပ်ကတည်းက ခုချိန်ထိ အဆင်မပြေကြတာလား၊ ခုတလောကျမှ ဖြစ်ကြတာလား"

သူတို့ကား ဘက်ခ်ဆုတ်နေတုန်း ခေတ် က ညာဘက်ကနေ ဝိုက်ကွေ့သွား၏။ မူလ မျက်လုံးလေး ထိုဆီ စွဲငြိပါသွားတာကို စိတ်မသက်သာစွာ ငဲ့ကြည့်မိရင်း ...

"ညို နဲ့ ပြောနေကြတာကို ငါ ကြားတာတွေလည်း ရှိပါတယ်၊ သူက နင့်ကို ချစ်ခဲ့တာပဲ၊ အခု ဘယ်သူက ဘယ်လို 'စ'ဖြစ်တာလဲ၊ တစ်ယောက်ယောက်က ရွဲ့နေတာလို့ ငါထင်တယ်၊ နင် မရွဲ့တတ်ဘူးဆိုတာလည်း သေချာတယ်၊ နည်းနည်း ပြောပြပါလား၊ ဒီလိုပါ .. ငါတို့က ရင်းနှီးနေကြတော့ တစ်ခါတလေ အလိုက်မသိ ပြောဆိုစနောက်မိတာတွေ ရှိတယ်လေ၊ ဘာမှသိမထားလေ အလိုက်ကမ်းဆိုးမသိဖြစ်လေ ဖြစ်မှာစိုးလို့၊ သိထားတော့ ဆင်ခြင်ရတာပေါ့"

ကားပြေးနေတဲ့လမ်းတစ်လျှောက်ကို အဓိပ္ပာယ်မဲ့ ငေးနေရင်း မူလ မျက်တောင်ခတ်သည့် အကြိမ်ရေတွေ များနေခဲ့၏။ ပြီးတော့ ကူရှင်မှာ မှီလိုက်ရင်း မျက်နှာလေး ငုံ့သွားကာ ...

"ငါ့အတွက် ငါ မှန်နေပေမယ့် သူ့ဘက်မှာ ငါ မှားခဲ့ပါတယ်"

"အဲဒီတော့ .."

"ရွဲ့တာပဲဖြစ်ဖြစ် .. တကယ်ဖြစ်ဖြစ် သူလုပ်တာ မမှားပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"နေဦး .. သူ့ရှေ့က စကတ်တိုတို နင့်လောက်ဆံပင်နဲ့ တစ်ယောက်လား"

"အင်း .."

"ဟ .. တကယ်ကြီးလား"

ကိုတူး ကားမောင်းရင်း မျက်နှာပျက်ပျက်နှင့် လှည့်ကြည့်သည်။ ပြီးတော့ ရှေ့ပြန်လှည့်လိုက် ပြန်ကြည့်လိုက်နှင့် ...

"နင့်မှာ ဘာအပြစ်တွေ ဒီလောက်ရှိခဲ့လို့ သူ မမှားဘူး ပြောရတာလဲ"

"နင် မသိတာတွေ ရှိပါသေးတယ် ကိုတူး ရယ် .."

"ကျွတ်!.."

မချင့်မရဲနှင့် ကိုတူး မျက်နှာ ရှုံ့မဲ့သွားသည်။ မိန်းကလေးချင်း မဟုတ်တော့လည်း မရမက နှိုက်နှိုက်ချွတ်ချွတ် မေးလို့မကောင်း။

နည်းနည်းလေးမှ မမေးဘဲ နေလိုက်ရကောင်းသေးဟု တီးတိုးရေရွတ်မိလျက် ...။





## အခန်း (၅၁)

"မင်း အင်တာနက် သုံးထားတယ် နွယ်"

"ဟုတ်တယ် .. ဘာဖြစ်လို့လဲ အစ်ကို၊ အလုပ်ချိန် မဟုတ်ဘဲ နွယ် သုံးလို့ မရဘူးလား"

"မရဘူး .."

ခေတ် က ပြတ်ပြတ်ပြောပြီး ကိုင်ထားသည့်ဆော့ပင်နံကို စားပွဲပေါ်မှာ လက်ဝါးနဲ့ ကပ်ချပစ်လိုက်သည်။

"မင်းကို ငါ ပြောထားဖူးတယ်၊ ငါရဲ့နားနေခန်းထဲမှာ ဘာပစ္စည်းမှ မကိုင်နဲ့ .. ခွင့်မတောင်းဘဲ ဘာမှမသုံးပါနဲ့လို့"

"ဟုတ်ပါတယ် .. နွယ် အရေးကြီးလို့ အပြင်လည်း မထွက်ချင်တာနဲ့ သုံးလိုက်တာ၊ ဘာတွေ ပျက်စီးကုန်လို့လဲဟင်"

ပန်းရောင်ရင့်ရင့်နှင့် နှုတ်ခမ်းသားတွေ ရဲချိတ်နေသည့် မျက်နှာလေးက ပြင်လွန်းတယ်လို့ ထင်စရာရှိပေမယ့် လှတော့ လှနေသည်သာ ...။

အထူးသဖြင့် တစ်ခုခု အရေးကြီးပြီဆို သူမအတွက် ဘာမှ ...။



www.burmeseclassic.com

www.burmeseclassic.com



ဘာမှမဟုတ်သလို အလွန်ဖြူစင်စွာရှိနေသည့် မျက်တောင်ဖျော့လေးတွေ စင်းချထားလျက် ..။

ထိုမျက်နှာကို နားလည်နေသည့်အကြည့်တို့နှင့် ခေတ် အကြာကြီး စိုက်ကြည့်၏။

စားပွဲရှေ့မှာ သူမက ခါးလေးတောင့်၍ ထိုင်နေလျက် ခေတ်ရဲ့မျက်လုံးတွေကို ပြန်ကြည့်နေတာလည်း ယုံလွယ် မိုက်လွယ်သည့် ပီဘိကလေးငယ်လေးလိုမျိုး ..။

"နွယ်တညို"

"ဟုတ် .. ပြောပါ အစ်ကို"

"ခုတလေ အလုပ်ချိန်မှာလည်း မင်း အပြင်ထွက်တာပဲ၊ ငါ့အခန်းထဲမှာ ဝင်အိပ်လို အိပ် .."

"အဲဒါက အစ်ကို့အလုပ်တွေတိုင်းကို နွယ် မကူညီနိုင်လို့ပါ၊ သင်ပေးပါဆိုတော့လည်း .."

"သင်ပေးရအောင် မင်းကို အတွင်းရေးမှူးနေရာမှာ လူချင်းလဲပေးထားပြီးမှ ဒီလိုနေပါ၊ ဒါတွေ လုပ်ပါလို့ ပြန်သင်ပေးနေရင် ငါ့ဘက်က နစ်နာမှာတွေကို မင်း သိလား"

"မသိဘူးလေ .. နွယ် ပြောပြီးပြီပဲ၊ နွယ် က အစ်ကို့အတွက် ဘာမဆို ဖြည့်ဆည်းပေးဖို့ပဲ နားလည်တယ်၊ တခြား နားမလည်တာတွေကို အစ်ကိုက ခွင့်လွှတ်ပေးပါ"

"ခွင့်လွှတ်တယ် .. ငါ့ပြဿနာနဲ့ငါ မင်းရဲ့အကူအညီကို ယူနေရလို့ နံပါတ်တစ် .. ငါ့အတွင်းရေးမှူးကို စင်ကာပူရုံးမှာ အချိန်အကန့်အသတ်မဲ့ ပြောင်းထားလိုက်ရတယ်၊ နံပါတ်နှစ် .. မင်းကို ထားတဲ့အတွက် အကူအညီမရတဲ့အပြင် အတွင်းရေးမှူးမရှိဘဲ ငါ အရမ်းပင်ပန်းနေတယ်၊ နံပါတ်သုံးက ခုလို မလိုအပ်ဘဲ စကားပြောနေရတာတွေဖြစ်တဲ့အတွက် အချိန်ကုန်တယ်၊ စိတ်တိုလာတယ်၊ ငါ နောက်ဆုံး





ပြောမယ် နွယ် .. မင်း စည်းကမ်းရှိရှိ နေပါ"

နွယ့် မျက်နှာလေးမှာ ပန်းရောင် အနုအရင့်တွေ ပြောင်းလဲလျက် ခေတ် ကို မကြည့်ဘဲ ခပ်စိုက်စိုက် စင်းချထားသည့်မျက်တောင်များတို့က တလွန့်လွန့် လှုပ်ခတ်နေခဲ့၏။

"ငါ့အသိုင်းအဝိုင်း ပတ်ဝန်းကျင်မှာ မင်းနဲ့ငါ့ကို ဘာလိုလိုတွေ ပုတ်ခတ်ပြောနေကြတယ်၊ အဲဒီလိုဖြစ်လာတဲ့အတွက် မင်း နစ်နာမှန်းလည်း ငါ သိတယ်၊ ဒါပေမယ့် ပြောစရာမဖြစ်အောင် နေတတ်ဖို့က မင်းရဲ့အပြောအဆိုကအစ စည်းကမ်းရှိဖို့ပဲ"

"နွယ့် ကြောင့်လို့ အစ်ကိုက ပြောတာလား၊ နွယ် က ရင်းနှီးတဲ့ပုံစံနဲ့ ပြောမှားဆိုမှားတွေ ဖြစ်ခဲ့ရင်တောင် နွယ့် အတွက် နစ်နာပေမယ့် အစ်ကို့စိတ်ကူးတွေ ပြည့်ဝတာပဲမို့လား"

"မဟုတ်ဘူး နွယ် .. ငါဖြစ်စေချင်တာ ဒီလို ပုတ်ခတ်စေဖန်သံတွေနဲ့ သံသယချင်တာ မဟုတ်ဘူး၊ မင်းနဲ့ ငါ့ကို အထင်လွဲကုန်တာ ငါ့စိတ်ကူး မဟုတ်ဘူး၊ မင်းကိုမြင်မှ ငါ့မိန်းမကို လူတွေ ပိုပြီး စိတ်ဝင်စားလာကြတာလည်း ငါလိုချင်တဲ့စိတ်ကူး မဟုတ်ဘူး"

"အစ်ကိုလိုချင်တာ နွယ် မသိဘူး၊ နွယ် ကတော့ အစ်ကို့အတွက်ဆိုရင် ကြိုးကလေးနဲ့ပဲ ချွဲခေါ်သွားသွား၊ ကျောပိုးအိတ်ထဲပဲထည့်ထားထား ဘယ်လိုပုံစံနဲ့ဖြစ်ဖြစ် ကျေနပ်နိုင်တယ်"

"ငါ သိတယ်"

ခေတ် ရဲ့မျက်လုံးတွေက စူးရဲအေးစက်လျက် နွယ့် ကို အထင်မြင်သေးခြင်းများဖြင့် ...

"မင်းနဲ့ မူလ ကို မြင်လိုက်ရမှ မိန်းမတွေ ဘယ်နှစ်မျိုး ဘယ်နှစ်စားလောက် ရှိနေသလဲဆိုတာ ငါ တွေးမိလာတယ်"

"သိပ်တော့မရှိနိုင်ဘူး အစ်ကို၊ နွယ် က ဘယ်ထဲမှာမှ မရှိနိုင်တဲ့ ဒဿဂီရိလိုမိန်းမ"



www.burmeseclassic.com

www.burmeseclassic.com



"ဟွန့် .."

ကြေညာရဲသည့်မျက်နှာကို ဆက်မကြည့်ဖြစ်ဘဲ မျက်နှာလွှဲမိသည်။

ရင်ထဲမှာနာနေတာက ချစ်ရလွန်းသူကို မုန်းဖို့ ကြိုးစားနေရလျက် ဘယ်လိုမှ ချစ်မရနိုင်သူကိုကျတော့ မုန်းတယ် .. သွားတော့လို့ နှင်မထုတ်နိုင် ..။

နွယ့် ဘက်က လူအများ သိသာအောင် ဖြစ်နေတာကို သူကိုယ်တိုင် သိသိကြီးနှင့် မသိသလို မမြင်သလို နေခဲ့ရသည်။

သူမဟာ မူလ ရဲ့သူငယ်ချင်း ဖြစ်နေပါလျက် ကိုယ့်ဘက်က ရပ်တည်ခဲ့သည်ဟူသော အချက်က ရင်းနှီးမှုတွေ အားနာခြင်းတွေကို နိုင်မာစေခဲ့၏။

ထို့ပြင် တခြားသော မိန်းမတစ်ယောက်ယောက်ထက် နွယ်တည်သာ ဖြစ်သင့်သည်မို့ ဒီနေရာမှာ လူစားမထိုးနိုင်ပေ ..။

သူ့ဘေးမှာ အစားထိုးဖို့အတွက် နွယ့် ကို သူမကိုယ်တိုင် တွန်းပို့ခဲ့တာ၊ သူမ ဖြစ်စေချင်သည့်အတိုင်း ဖြစ်နေပြီဆိုတာ ပြချင်သည်။

'မချစ်တတ်ဘူး' ဆိုသည့်အသည်းကို မရမက ဆုပ်ညှစ် ဒဏ်ခတ်ချင်၏။ ဒီအတွက် အချိန်က ဆရာကြီး ဖြစ်နေသည်။

အချိန်တိုင်းမှာ နွယ် နဲ့ သူ ခွဲခြားနေလို့မရသည့် နောက်ဆက်တွဲဆိုးကျိုးအတွက်ကတော့ ..၊

စိတ်တွေလွင့်ထွက်သွားစဉ် ဖုန်းသံကြောင့် မျက်လုံးက ဖုန်းဆီ ပြန်ရောက်၏။

"ဟိုစားပွဲပေါ်မှာ မင်းအတွက် အလုပ်တင်ထားတယ်"

"ဟုတ်လား .. နွယ် ဒီနားမှာပဲ ယူလုပ်မယ်၊ တစ်ယောက်တည်း ပျင်းလို့"

ပြောချင်ပြီဆို ဘယ်မျက်နှာမှမကြည့်၊ ခုနက ရွံ့သလိုလို ဂရု





မစိုက်သလိုလို မျက်နှာသည် ခုကျတော့ အလိုက်မသိသော ကလေးတစ်ယောက်လို ပေါ့ပါးသည့် လှုပ်ရှားမှုများနှင့် ..။

"ဟလို .."

"လူလေး .. မူလ နေမကောင်းလို့တဲ့၊ အစောကြီး ပြန်လာတယ်"

ဒေါ်အု အသံက စိုးရိမ်မှုတွေ လွှမ်းကဲနေ၏။ သူနဲ့ မူလ ကို အဆင်ပြေစေချင်နေမှန်းလည်း သိသာပါသည်။

ဒါပေမယ့် မူလ ကိုယ်တိုင် ဒီအဖြစ်တွေကို သည်းမခံနိုင်အောင် ဖွင့်ကန် ပေါက်ကွဲလာတာပဲ သူ လိုချင်သည်။

ထိပ်ပေါက်ခေါင်းကွဲပဲ အကြီးအကျယ် ရန်ဖြစ်ရပါစေ .. တခြားသူ ကြားဝင်ဖေ့စပ်ပေးလို့ ပြန်လည်သင့်မြတ်တာမျိုး မဖြစ်ချင်။

"လူလေး .. လူလေး ကြားလား"

"အင်း .. ကြားတယ်၊ သူ ဘာဖြစ်လာတာလဲ"

"ချွေးတွေပြန်နေတယ် သား .. မူးတယ်လို့ပြောနေတာပဲ၊ အိပ်ရာထဲ ရောက်ကတည်းက မျက်လုံးမဖွင့်ဘူး"

ခုတလော မူလ ဘာဖြစ်လို့ မူးတယ်ချည်း ဖြစ်နေတာလဲ။

ဟိုဟိုဒီဒီ တွေးမိသည့်စိတ်က သူမ သုံးစွဲနေသည့်ဆေးကဒ်တွေကို ပြန်မြင်ယောင်ကာ တင်းခနဲ ဖြစ်သွားမိသည်။

"မိုးမလင်းခင် အိပ်ရာထ၊ ညဉ့်နက်မှအိပ်နဲ့ ပင်ပန်းလို့ဖြစ်မှာပေါ့"

သူ ဖုန်းပြောနေတာကို နွယ် က အလုပ်လုပ်ရင်း နားစွင့်နေ၏။ မျက်လုံးတွေကတော့ အလုပ်ထဲမှာ အာရုံစိုက်နေသလိုပါ။

"ခဏခဏဖြစ်နေတော့ ဒေါ်အု စိုးရိမ်လို့ပါ၊ အိမ်မှာ မမကြီးတို့သည်း မရှိဘူး၊ လူလေး ခဏပြန်လာလို့ ရမလားဟင်"

"မရဘူး .. ရလည်း သူ့အတွက် သူ့ဆရာဝန်တွေရှိရင်း ဖြစ်ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဒေါ်အု ဖုန်းနံပါတ်တွေ သိတယ်မို့လား၊ သူ့ကို ဘာလုပ်ပေး
မလဲ မေးပြီး ခေါ်ဆိုရင် ခေါ်ပေးလိုက်"

စကားပြန်တာကိုမစောင့်ဘဲ ဖုန်းကိုချလိုက်ပြီး မျက်နှာကို လ
ဝါးနဲ့ ဖိဆုပ်ပစ်လိုက်မိသည်။

လက်ပ်တော့ပ်ကို ဖွင့်လိုက်တော့လည်း မောက်စ်မှာတင်ထာ
သည့်လက်က လှုပ်ရှားဖို့ မေ့နေ၏။

ဖိုင်ကိုဖွင့်ပြီးတော့လည်း ဘာလုပ်ဖို့မှ စိတ်မပါ။ နာရီတစ်ချ
ကြည့်ရင်း ဖုန်းကောက်ကိုင်မိ၏။

သို့သော် တစ်ဖက်မှာ ဖုန်းကိုင်မယ့်သူက မရှိ ..။

"ငါ အိမ်ပြန်မယ်၊ မင်း ရုံးဆင်းချိန်အမီ ငါ ပြန်ခဲ့မယ်၊ ခိုင်းထာ
တာ ပြီးရင် နားနေလိုက် .. ဘာမှမကိုင်နဲ့"

"စိတ်ချသွားပါ အစ်ကိုရယ် .. နွယ် ဘာမှမသိဘဲနဲ့ မလုပ်ထာ
ပါဘူး၊ အစ်ကိုသာ အိမ်ပြန်လိုက်ကာမှ ရှိရင်းစွဲဒေါသတွေထက် နှစ်
သုံးဆ ပွေ့ပိုက်ပြီး ပြန်မလာပါနဲ့ .. ဟွန်း"

ခေတ် မျက်ခုံးတွေ တွန့်ကုတ်ကြည့်တာကို နွယ် က ခေါင်းလေ
ငုံ့ကြည့်ပြီး ရယ်သည်။

သူများ ရယ်စရာဖြစ်အောင် သူ တစ်ဖက်သတ်ရူးနေရသည်
အဖြစ်ကို ရှက်ရမှာလား ..၊ ဒီလိုရှက်အောင် တွန်းပို့သည့် ရယ်သံကို
မုန်းတီးရမလား ..။

ကိုယ်မနေနိုင်တာ ကိုယ့်အပြစ် ..၊

သူ ကားကို အိမ်ကိုပဲ တန်းမောင်းခဲ့သည်။

သူမကို ယုယပြုစုပေးဖို့တော့ မဟုတ်ပါ၊ နေမကောင်းဖြ
နေမှန်း သိနေသဖြင့် ဘယ်လိုမှ အေးဆေးထိုင်နေလို့မရသည့်ဒုက္ခ
အိမ်ထိ မောင်းနှင်ခေါ်ဆောင်လာတာ ဖြစ်သည်။

ဘာဖြစ်လာတာလဲ .. ဘယ်လောက်ထိ ဆိုးသလဲ ..။





ဒေါ်အု ကို ဘာလုပ်ပေးလိုက်ပါ ဘာညာ စသဖြင့် မေးမြန်းပြော
ခဲ့ပြီး လှည့်ပြန်ရုံ ..။ ဒါပေမယ့် သူ ဒေါ်အု ကို တွေ့ဆုံမေးမြန်းဖို့ထိ
ဘာမှမဖြစ်ခဲ့ပါ။

ကားကို ခြံဝမှာရပ်လိုက်သည်နှင့် ပေါ်တီကိုအောက်မှာ ရပ်သွား
သည့် ကားနှင့် အထဲကနေ ဆင်းလာကြသည့် ဒေါက်တာ နောင်တူး
နဲ့ ညို ဆိုသည့် ဆရာဝန်မလေး။

ဒေါ်အု က ဘာလုပ်ပေးရမလဲ ..၊ ဘယ်သူ့ကို ခေါ်မလဲ မေးသည်
သူမ တမ်းတလိုက်တာ ဒီလူတွေလား။

ရင်ထဲမှာ ခါးသီးနေသောနာကျင်မှုကြောင့် ကျိစနဲ့ အံကြိတ်မိ
သည်။

နောက်ဆို မင်း ဘယ်တော့မှ မတွေ့ဝေနဲ့ သည်ခေတ်လူ ..၊
ထောက်က နှစ်ချောင်းရှိပေမယ့် လမ်းနှစ်လမ်းကို တစ်ပြိုင်တည်း
လို့ မရဘူး ..။

ဆုံးဖြတ်ပြီးရင် မယိုင်နဲ့ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅၂)

"အိပ်ရာထဲမှာ ဗုံးဗုံးလဲအောင် ကြိုးစားနေတာ ဆယ်တန်းကျောင်းသူလေးဆိုရင်တော့ သနားစရာပဲ သမီး၊ မေမေ ဂုဏ်လည်းယူမိမှာ .. အခုတော့ ကိုယ့်သမီးကို စိတ်ပူလို့လာခဲ့ရပေမယ့် ရှက်နေတယ်"

"မေမေ .."

"ကိုယ့်သားသမီးတွေကိုပဲ နိုင်အောင် ဆုံးမပါလို့ မေမေတို့က အပြောခံလိုက်ရတယ်၊ နွယ်တာညို ဆိုတဲ့ မိန်းကလေးက သူ့သားကိုရော ကိုယ့်သမီးကိုရော အရှုပ်နှစ်ရှပ်လို တစ်ဖက်စီကိုင်ပြီး ထင်သလိုလွှဲယမ်းနေတာတောင် မေမေတို့က ဘာမှပြောဆိုပြင်ဆင်ခြင်း မပြုနိုင်တဲ့ မိဘတွေ .."

မူလ ဘာမှပြောဖို့ မကြိုးစားတော့ဘဲ အိပ်ရာထဲမှာ ပက်လက်လေးရှိနေရင်း အသံတိတ် မျက်ရည်တွေ ကျနေခဲ့သည်။

လှမမာ လာကြည့်သည်ဆိုပြီး ဒေါ်နွဲ့မူ ကလည်း မတ်တပ်ကနေတစ်ချက်ကလေးမှ မထိုင် ...။





လက်မှာချိတ်ထားသည့် လက်ပွေ့အိတ်ကိုပဲ ချိတ်ထားရင်း လက်ပိုက်လိုက်၊ ဆန့်ချလိုက်သည့်လက်မှာ တန်းလန်းဆွဲထားလိုက်နှင့် ...

"ညည်းကို မေမေ ထပ်မေးမယ်၊ လင်မယားချင်း မပြောရဲလောက်စရာ ဘာတွေရှိလို့ ဒီလောက်ထိ ပြတ်တောက်နေကြတာလဲ၊ ကိုယ့်မှာ အပြစ်ရှိတယ်ဆိုရင်လည်း ကိုယ့်အပြစ်ကို ဝန်ခံပြီး သူကျေနပ်အောင် သမီးက တောင်းပန်ရမှာ၊ ဘာလဲ .. အောက်ကျမခံနိုင်ဘူးဆိုတဲ့ မာနတွေလား"

"မဟုတ်ပါဘူး မေမေရယ် .."

"မဟုတ်ဘူးပဲ ထားပါဦး .. ကိုယ့်ရဲ့ မိဘနှစ်ပါးဆီကိုတောင် မလာဘဲ ရှောင်ဖယ်ဖယ်လုပ်နေခဲ့တာကရော ..၊ ညည်း ဘာဖြစ်နေနေ မိဘကိုတော့ ပြေးမတိုင်ပင်သင့်ဘူးလား၊ ညည်းအတွက် အရေးတကြီး လိုအပ်ဆုံးလူတွေက ညည်းရဲ့မှာတ်ခွဲခန်းက ပါရဂူ၊ ပရော်ဖက်ဆာတွေပေါ့ .. တခြား မလိုအပ်ဘူးပေါ့"

ဒေါသကြောင့် 'ညည်း'တွေ 'ငါ'တွေဖြစ်လာလျက် ရှေ့တိုးလာရင်း ဒေါ်နွဲ့မူ အသံတွေ တုန်နေခဲ့၏။

ဒီအဖြစ်တွေကို ဖအေဖြစ်တဲ့သူကိုတောင် အရှိအတိုင်း ကုန်စင်အောင် ပြောမပြရဲခဲ့ပေ။ ရွှေ့ဘက်မှာလည်း သူ့သားအတွက် ဒီလိုပဲ ဖုံးဖိထားရတာတွေ ရှိမှာပါ။

စိတ်ရှိလက်ရှိ ပြောဆိုရုံမက မေးမေးပြီး ဆွဲကိုင်ရိုက်ပုတ်ပစ်ချင်လာသည်။

သို့သော် မျက်နှာချောင်ချောင်လေးနှင့် ခေါင်းအုံးပေါ် ဆံနွယ်တွေ ဖရိုဖရဲပြန့်ကျနေသည့် မြင်ကွင်းကြောင့် ငုံ့မိုးကြည့်ရင်း ဒေါသနဲ့ သရဏာတွေ လုံးထွေးနေခဲ့ရ၏။

"ခု ကြည့်စမ်း .. ဟိုဘေးမှာလည်း တစ်ယောက်နဲ့၊ သမီးရဲ့ဘေး



www.burmeseclassic.com

www.burmeseclassic.com



မှာလည်း ဒေါက်တာ ပါရဂူတွေ ဝိုင်းဝိုင်းလည်၊ သမီးတို့နှစ်ယောက်တည်း ဖြေရှင်းဖို့ရှိလာတာတွေကို ဘယ်အချိန်မှာ ရှင်းကြမှာလဲ၊ မသင့်မြတ်တဲ့ လူနှစ်ယောက်နားမှာ ကြားဝင်ဖျန်ဖြေမယ့်သူ ရှိနေတာ မကောင်းဘူး သမီး၊ သူတို့တွေက စေ့စပ်ဖျန်ဖြေပေးကြတာပေမယ့် သူတို့ကြောင့် မာနတွေ ပိုဖြစ်တတ်တယ်၊ ဟိုဘက်စကား ဒီဘက် စကား၊ ဟိုမရောက် ဒီမရောက်နဲ့ ပျောက်သွားတတ်တယ်၊ ဒီထက်အသေးစိတ် မကောင်းကျိုးတွေကို မေမေ မပြောချင်တော့ဘူး၊ အခု သူ့ဘေးမှာရှိနေတာ ကြားဝင် စေ့စပ်ပေးမယ့်သူ မဟုတ်ဘူး၊ သူ့ကို လိုချင်တပ်မက်နေတာ .. အရှက်သိက္ခာမဲ့အောင် အရှုးအမူးဖြစ်နေတာ၊ သမီးတို့ ဘယ်ထိအောင် မာနတွေ ထားနေကြမှာလဲ"

"မူလ မာနထားတာ မဟုတ်ဘူး မေမေ၊ မရှင်းရဲတော့တာ"

"ဘာပြောတယ်"

"နွယ် ကို မောင့်အတွက် တမင်ဖိတ်ခေါ်ခဲ့တာ မဟုတ်တဲ့အဖြစ်ကလွဲရင် ဖြစ်လာသမျှတွေက မူလ ကြောင့်တွေပါ၊ ဒါပေမယ့် မူလ ရှင်းပြဖို့ ကြိုးစားခဲ့ပါသေးတယ်၊ သူ လက်မခံဘူး မေမေ .. ရှင်းပြဖို့ ကြိုးစားလေ သူက ပိုတွဲပြလေ .."

"တွဲပြနေမှန်းလည်း သမီး သိနေတာပဲ"

"သိပေမယ့် သူ့ တွဲပြဖို့အတွက် တစ်ဖက်က စေတနာနဲ့ ကူညီနေတာ မဟုတ်ဘူး၊ စိတ်ရောကိုယ်ပါ ခံစားပြီး သရုပ်ပြနေတာ၊ မောင်လည်း သူ့ကို တော်တော်ရင်းနှီးနေပါပြီ"

ပြောနေရင်း ရှိုက်သံပါကာ မျက်ဝန်းထောင့်က မျက်ရည်စက်တွေ ဆံနွယ်တွေကြားထဲ တိုးဝင် စီးမျောကုန်ကြ၏။

အစကတော့ အရွဲ့တိုက်တာပါပဲ၊ နောက်ကျတော့ သာယာသွားမှာပါ။

နွယ် က အဆင့်အတန်းနိမ့်ကျတဲ့ အသိုင်းအဝိုင်းထဲက မဟုတ်





သည့်ပြင် ကိုယ့်ထက် အများကြီးလှသည်၊ စကားပြော လည်သည်။

အိမ်ထောင်ဦးစကတည်းက မောင့်အပေါ်မှာ ဘာမှ ဆွဲဆောင်စည်းရုံးနိုင်ခဲ့ခြင်းမရှိသည့် မူလ ဘက်မှာသာ ..။

"ကိုယ့်ဘာသာ ခန့်မှန်းနေတာထက်စာရင် နှစ်ယောက် ရင်ဆိုင်ဖြေရှင်းဖို့ပဲ သမီး ကြိုးစားသင့်တာ၊ သားရှင်သမီးရှင် မျက်နှာချင်းဆိုင်ကြပြီဆိုရင် သမီးရဲ့လုပ်ကွက်တွေ ပုံစံမကျလို့ မေမေ ဘယ်လောက်မျက်နှာပျက် .. အရှက်ရခဲ့သလဲ"

"မူလ တောင်းပန်ပါတယ် မေမေ၊ အဖြစ်တွေက ရှုပ်ထွေးနေရာကနေ အရှုပ်အတိုင်းပဲ အခု နေသားတကျ ဖြစ်နေပါပြီ၊ မူလ မရှင်းပါရစေနဲ့ .. ရှင်းပြဖို့ကြိုးစားရင်း အကြိမ်ကြိမ်အခါခါ သိမ်ငယ်နေရမယ့်အစား မူလ ကို သနားရင် မေမေနဲ့ ပြန်လိုက်ခွင့်ပြုပါ"

"ဟင်!... ဘာ .. ဘယ်လို .."

ဒေါ်နွဲ့မူ ဆတ်ခနဲ ခါသွားသလိုဖြစ်ကာ မူလ ကို တအံ့တသြ ပြန်ငုံ့ကြည့်၏။

"မေမေ .."

မူလ ခေါင်းမူးနေသည့်ကြားက အားတင်းထထိုင်ကာ မျက်နှာထက်မှာ နောင့်ယှက်လာသည့်ဆံပင်တွေကို လက်နဲ့ ပွတ်သပ်ဖယ်ရင်း ...

"မေမေ ဒီကိုလာတိုင်း မျက်နှာငယ်ရသလို မူလ လည်း မောင်နဲ့သူ တွဲနေတာကိုမြင်ရတိုင်း ရှက်ရွံ့သိမ်ငယ်ရပါတယ်၊ မူလ ကို မထားခဲ့ပါနဲ့နော်"

"မဟုတ်ဘူး .. မဟုတ်ဘူး၊ သမီး အဲဒါ ကိုယ့်စိတ်ကို နားလည်ဖို့ အရင်ကြိုးစား၊ သိမ်ငယ်တာမဟုတ်ဘဲ သဝန်တိုနေတာဆိုရင် သဝန်တိုလာတဲ့အတိုင်း ပေါက်ကွဲပစ်လိုက်၊ ခေတ် က အဲဒါကို လိုချင်တာရော မဖြစ်နိုင်ဘူးလား၊ နွယ်တသို ဆိုတဲ့ တစ်ယောက်ကိုပါ ရှင်းထုတ်



www.burmeseclassic.com

www.burmeseclassic.com



ပြီးသား ဖြစ်မှာလေ၊ သေချာ စဉ်းစားပါဦး သမီးရယ်"

သမီးက ချစ်နေပြီလား ဆိုသည့်အတွေးနှင့် ဝမ်းသာမိသလိုလို၊ သနားသွားသလိုလိုနှင့် ဒေါ်နွဲ့မူ ချက်ချင်း နူးညံ့သွားသည်။

မူလ ဘေးမှာ တင်ပါးလွှဲဝင်ထိုင်လိုက်ပြီး လက်မောင်းလေး တစ်ဖက်ကိုပါ ဆုပ်ကိုင်ကာ ...

"သူက စပြီး သမီးကို ချစ်ခဲ့တဲ့သူပဲ၊ သမီးက ချစ်တာကို သူ လိုချင်မှာပါ သမီးရယ် .. လင်မယားဆိုတာ မာနမထားရဘူး"

"ဟင့်အင်း .. မူလ ခေါင်းထဲမှာ အချစ်မရှိဘူး .. ရှက်နေတယ်၊ ဒီကနေ ထွက်သွားချင်တာပဲ ရှိတယ်"

"အချစ်က ခေါင်းထဲမှာနေတာ မဟုတ်ဘူး သမီး၊ ရင်ဘတ်ထဲ မှာ နေတာ၊ သမီး ဆုံးဖြတ်မှားသွားရင် ဒီတစ်ခါ ပြင်ဆင်ခွင့်ရှိမှာ မဟုတ်ဘူး"

"မေမေပဲ ဒီအိမ်ထောင်ရေးအတွက် တာဝန်ယူနိုင်တယ်ဆို"

"ဟင်!..."

"အဆင်မပြေနိုင်စရာ မရှိဘူးဆိုတာ သည်ခေတ်လူ ရဲ့ ချမ်းသာ ကြွယ်ဝခြင်းတွေပါ မေမေ၊ အိမ်ထောင်ရေးအတွက် ညီညွတ်မျှတဖို့က ချမ်းသာတိုင်း ဖြစ်လာမှာ မဟုတ်ပါဘူး"

"မေမေ တာဝန်ယူမယ်ဆိုတာ မေမေ ယုံကြည်ခဲ့တဲ့ ရွှေ တို့ မိသားစုရဲ့ စရိုက်သဘာဝတွေ၊ ပြီးတော့ လိမ္မာယဉ်ကျေးတဲ့ သမီးရဲ့ မိန်းမပီသတဲ့ ဂုဏ်သိက္ခာကို"

ဒေါ်နွဲ့မူ က မူလ ရဲ့နဖူးလေးကို တယုတယ ပွတ်သပ်ပေးရင်း...

"မေမေတို့ရဲ့ မျိုးရိုးဂုဏ်သိက္ခာကို သမီး ရိုက်ချိုးမပစ်ပါနဲ့၊ ယောကျ်ားနဲ့စိတ်ဆိုးတိုင်း အထုပ်ဆွဲပြီး ဆင်းသွားတတ်တဲ့မိန်းမ၊ တစ်လင်မကောင်း တစ်လင်ပြောင်းစနစ်ကို အရှက်မရှိ လက်မထောင်ပြီး ကြွေးကြော်ဂုဏ်ယူတဲ့မိန်းမ၊ အဲဒါ မိန်းမကောင်းတစ်ယောက်ရဲ့ စရိုက်





လက္ခဏာတွေ မဟုတ်ဘူး၊ သမီးရဲ့အပြစ်ဆိုတာလည်း ကာရိုက်တာ ပျက်တာမှ မဟုတ်ဘဲ၊ အစွန်းရောက်တဲ့ အယူအဆ မှားယွင်းမှုတစ်ခု ပါ၊ သူ့ အခု ခြေလှမ်းမှားနေတာလည်း ပြင်ဆင်ချိန်တွေ ရှိသေးတယ် လေ .."

"ပြင်ဆင်လို့ ရသေးတယ်ဆိုတာတွေလည်း မေမေနဲ့လိုက်ခဲ့ပြီးမှ မူလ စဉ်းစားပါရစေ၊ ကွဲကြကွာကြဖို့မဟုတ်ဘဲ ဒီအချိန် ခဏလေးမှာ တော့ လိုက်ခွင့်ပြုပါ မေမေရယ် .. နော်"

"မဖြစ်နိုင်ဘူး သမီး၊ လူငယ်တွေ ဆန္ဒရှိတိုင်း မှားမှားမှန်မှန် လိုက်လုပ်ပေးရအောင် မေမေက မိဘ၊ ဆုံးမပဲ့ပြင်ဖို့ပဲရှိတာကို လူမိုက် အားပေး မလုပ်နိုင်ဘူး"

ဒေါ်နွဲ့မူ က နောက်ထပ်တောင်းဆိုမှုတွေကို မကြားလိုတော့ သည့် မျက်နှာနှင့် နေရာမှ ထရပ်သည်။

မူလ က လက်ကိုပြန်ဆွဲထားကာ ...

"မေမေ .."

မူလ သည် မျက်ရည်တွေစွန်းထင်နေသည့် မျက်နှာမော့မော့ လေးနှင့် တောင်းပန်သလို ကြည့်ကာ ...

"မိန်းမတစ်ယောက်အတွက် ကိုယ်ဝန်ဆောင်ချိန်မှာ စိတ်ချမ်း သာ ကိုယ်ကျန်းမာ ရှိနေရမှာ မဟုတ်ဘူးလား မေမေ"

"ဘယ်လို .."

ဒေါ်နွဲ့မူ မျက်လုံးတွေ ဝိုင်းသွားသည်။

"သမီး ဘာပြောလိုက်တာလဲ ..၊ ပြန်ပြောစမ်း သမီး"

"မူလ မှာ ကိုယ်ဝန်ရှိနေပြီ မေမေ"

"ဘုရား!..."

ဘုရားတရင်း ပုံခနဲထိုင်ချလိုက်ပုံက တစ်စုံတစ်ယောက်က ဖိနှိပ် တွန်းချလိုက်သည့်အတိုင်း ...။



www.burmeseclassic.com

www.burmeseclassic.com



"တကယ်လား .. သမီးက ဒါကို ဖုံးထားတာလား၊ ဘယ်နှစ်လ ရှိနေပြီလဲဟင်"

"နှစ်လ"

"နှစ်လ .."

နှုတ်ဖျားမှ ရေရွတ်ရုံမကဘဲ ဒေါ်နွဲ့မူ လက်နှစ်ချောင်းထောင်ကာ ကိုယ့်လက်ချောင်းတွေကိုပဲ အဓိပ္ပာယ်မဲ့ ငေးသွားမိ၏။

ပြီးမှ ...

"ဒါနဲ့များ သမီးရယ် .."

"မူလ ဘယ်သူ့မှ မသိစေချင်ဘူး မေမေ၊ အဲဒါကြောင့် မေမေ ဘယ်သူ့ကိုမှ မပြောပါနဲ့"

"ဒါ ဖုံးဖိထားလို့ရတဲ့အရာမှ မဟုတ်ဘဲ သမီးရယ် .."

ပြောသံက ဒေါ်နွဲ့မူ ထံမှ မဟုတ်ဘဲ တံခါးဝက လာတာဖြစ်သည်။

ဒေါ်ရွှေသဇင် ဖြစ်သည်။ ကြေကွဲမှုများနှင့် ကတုန်ကယင် ဝင်လာရင်း ...

"မာမီတို့ကို မြေးလေးနဲ့ မခွဲပါနဲ့ သမီးရယ် .. သားကလည်း ဒါကို မသိလို့ပါ၊ သမီးလေး ဘယ်မှမသွားပါနဲ့နော်၊ သားကို မာမီ ထိထိရောက်ရောက် ဆုံးမတော့မယ်"

မူလ မျက်နှာမှာ ဒေါ်ရွှေသဇင် သိသွားသောကြောင့် အကြီးအကျယ် ထိခိုက်သွားသည့် အမူအရာတွေ ဖြစ်သွားခဲ့၏။ ပြီးတော့ ခေါင်းခါပစ်လိုက်ရင်း ...

"ရှဲ့တာဖြစ်ဖြစ်၊ ချိတ်တာဖြစ်ဖြစ် မူလ မျက်စိထဲမှာ သူတို့နှစ်ယောက်ကို သရုပ်ဆောင်နေကြတာလို့ မြင်လို့မရဘူး မေမေ၊ မူလ ဘက်ကလည်း မှားခဲ့တာဆိုတော့ ဒါကို အပြစ်လို့ မမြင်ပါဘူး၊ သူနဲ့ မူလ ရဲ့ဂုဏ်သိက္ခာအတွက် ဒီလိုလုပ်တာက အဖတ်ဆယ်ခြင်းပါ"





"အိမ်ထောင်ကွဲကြတာ အဖတ်ဆယ်ရာကျမလား သမီးရယ် .. မသွားပါနဲ့ .. မာမီ သမီးနေရာမှာ ဘယ်မိန်းကလေးကိုမှ အစားထိုးကြည့်ဖူးလို့ ရမှာ မဟုတ်ဘူး၊ ကုန်ကုန်ပြောမယ် သမီး .. သားကို မိုက်လို့ စွန့်ပစ်လိုက်မိရင်တောင် သမီးကို မစွန့်လွှတ်ဘူး၊ သမီး ထင်နေတဲ့အပြစ်ဆိုတာကို မာမီက အပြစ်လို့မြင်ခဲ့တာမှ မဟုတ်တာ၊ သားပဲ မှားတာ၊ သားကိုပဲ ဆုံးမရမှာ"

အမေနှစ်ယောက်၏ နှောင်တည်းမှုတွေကြားမှာ မူလ အိပ်ရာပေါ်ကိုပဲ ခွေခွေလေး ပြန်လှဲလိုက်ရသည့်အဖြစ်ကို ရောက်သွားခဲ့၏။

ဒါပေမယ့် ကတိတစ်ခုတော့ တောင်းခဲ့မိသည်။ ဒီကိစ္စကို လောလောဆယ် ခေတ် ကို အသိမပေးဖို့ ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅၃)

တစ်ညလုံး နေထိုင်မကောင်းဖြစ်နေခဲ့ပြီး မိုးလင်းခါနီးမှ အိပ်ပျော်သွားခဲ့သည်။ ပြန်နိုးလာတော့ မနက်ခြောက်နာရီ။

မျက်နှာသစ် ရေချိုးပြီးမှ မိုးပြာရောင်နုနု ဆွဲသားဝတ်စုံလေးနဲ့ ကုတ်အင်္ကျီကိုတော့ မဝတ်တော့ဘဲ သေချာခေါက်ပြီး အိတ်လေးထဲ ထည့်ပိတ်လိုက်၏။

မျက်နှာသွမ်းဖတ်ဖတ်ဖြစ်နေတာကို ကရင်မ်ပတ်ဖ်လေးနဲ့ ဖိသိပ်ပြင်ဆင်ကာ ဆံပင်တွေကို အပြောင်သိမ်း၍ နောက်မှာ ခေါင်းစည်းကွင်းနဲ့ ဒီတိုင်း စည်းချထားလိုက်၏။

ဘာတွေလုပ်လုပ် စိတ်ကမပါ။ တစ်ကိုယ်လုံး လေးလံနေပေမယ့် အိမ်ထဲမှာ နေနေသမျှ စိတ်မသက်သာဖွယ်တွေချည်း တွေးနေမိမှာမို့ အလုပ်ထဲသွားဖို့ ပြင်ရခြင်း ဖြစ်သည်။ အိမ်မှာပဲ သက်သက်သာသာ နေဖို့ ညို တဖွဖွပြောနေတာက ခေတ် နဲ့ အဆင်ပြေစေချင်တာလည်း ပါလိမ့်မည်။

ဒီနေ့ မြင်လိုက်ရင်တော့ ညို အပြစ်တင်ဦးမှာ သေချာ၏။ မှန်ထဲမှာ ကိုယ့်ပုံစံကို ပြန်ကြည့်ရင်း မူလ အကြာကြီး ငိုင်နေမိ၏။





အားလုံး၏ အယူအဆ ခန့်မှန်းချက်တွေ ကိုယ်နဲ့ ဘာဖြစ်လို့ ထပ်တူမညီရတာလဲ ..၊ စိတ်ထဲမှာ ဘာလိုလို ခံစားမိနေတာကတော့ ခေတ် နဲ့ သူမ ဝေးသထက် ဝေးကွာသွားခဲ့ခြင်းသာ။

ထိုစဉ် စေ့ထားသည့်တံခါးက ရုပ်ခနဲ ပွင့်သွား၏။ ခေတ် ဝင်လာတာကိုမြင်လိုက်လျှင် မူလ လှုပ်လှုပ်ရှားရှားဖြစ်သွားကာ ပြင်ဆင်ထားပြီးသားအိတ်ကို ကောက်ကိုင်လိုက်သည်။

"ဘာလဲ .. လူလာတာမြင်မှ ရှောင်သွားဖို့ ပြင်တာလား"

နှစ်ယောက် မျက်နှာချင်းဆိုင်ဖြစ်သွားတော့ တစ်ယောက်ကို တစ်ယောက် စူးစိုက်ကြည့်မိ၏။

သူလည်း ကုမ္ပဏီသွားဖို့ အဆင်သင့်ဖြစ်နေသည့်ပုံစံပဲ ဖြစ်သည်။ ဒါပေမယ့် တိုက်ဆိုင်နေတာက ခေတ် ဝတ်ထားတာလည်း အဖြူရိပ်တွေပါသည့် မိုးပြာရောင်ဖျော့ ရုပ်အင်္ကျီလက်ရှည်နှင့် ဘောင်းဘီရှည် နက်ပြာရောင်။

နဖူးကနေ သိမ်းလှန်တင်ထားသည့် ဆံပင်ရှည်က ဘေးနှစ်ဖက်ထိ ရှင်းနေပြီး နောက်ဖျားတချို့သည်သာ ဂုတ်ပေါ်မှာ ခွေဝိုက်ဆင်းနေသည်။ ဖြူဝင်းချောမွေ့နေသည့် ယောကျ်ားပီသသောမျက်နှာနှင့် သူ့ဆီက ရလိုက်သည့် ရေမွှေးနံ့ကြောင့် ငေးကြည့်နေရင်း မူလ နှုတ်ခမ်းလေး မသိမသာမဲ့သွား၏။

ယောကျ်ားတွေကတော့ လေကားသုံးထစ်ဆင်းဖို့တောင် မလိုဘဲ ဖိုချင်တိုင်း ပျိုလို့ရတဲ့ ခေတ်ကြီးပါ။

သည်ခေတ်လူ လို ယောကျ်ားအတွက် မျက်တောင်တစ်ခတ် တောင် ကြာမည်မထင်၊ အချစ်ကို တမ်းတမ်းတတ တောင်းဆိုတတ်ခဲ့တာလည်း သူတို့ ..၊ မုန်းဖို့မေ့ဖို့အကြောင်းတွေ အများအပြားကို ဆုပ်ကိုင်ထားနိုင်တာလည်း သူတို့ပါပဲ။

မူလ နောက်ပြန်ဆုတ်လိုက်ကာ အိတ်ကိုချလိုက်ပြီး ပခုံးက



www.burmeseclassic.com

www.burmeseclassic.com



ဆလင်းဘတ်ကြီးမှာ လက်မလေး ချိတ်ထား၍ ...

"ရှင် ပြောစရာရှိလို့လား"

"မင်းကတော့ မရှိဘူးပေါ့"

"ပြောဖို့ မလိုအပ်တော့လို့ပါ"

"ဟွန်း ..."

ခေတ် က မူလ တစ်ကိုယ်လုံးကို စူးစိုက်ကြည့်ကာ ...

"မင်းရင်ထဲမှာ ငါကလွဲရင် ဘယ်သူနဲ့ဖြစ်ဖြစ် ပြောချင်တာတွေ ရှိနေပါတယ်၊ အဲဒါ ဘာဖြစ်လို့လဲ .. ငါနဲ့ကျမှ မပြောချင် မဆိုချင် အောင် ဖြစ်နေရတာ ဘယ်တုန်းကတည်းက ဖိသိပ် စုဆောင်းနေတဲ့ ခံစားချက်တွေလဲ"

"ရှင်ကရော လိုလိုလားလား နားထောင်ချင်ခဲ့လို့လား၊ နေပါ- အဲဒါတွေ ပြန်မစပါနဲ့၊ အခု ပြောစရာရှိသလား .. မရှိဘူးလား၊ မရှိရင် ကျွန်မ သွားမယ်"

"မသွားရဘူး"

မူလ က ရောင်ထွက်ဖို့ ပြင်၏။ ခေတ် က ခြေတစ်လှမ်း ဘေး ရွှေ့လိုက်ပြီး မူလ ပခုံးတစ်ဖက်ကို ရန်လိုစွာ တိုက်ချပစ်သည်။

မူလ ယိုင်ခနဲဖြစ်သွားတာကို ကြည့်နေပြီးမှ ...

"မာမီ့ကို မင်း ဘာတွေ သွားပြောလိုက်သလဲ"

ဟင်!... ခေါင်းထဲမှာ မိုက်ခနဲဖြစ်သွား၏။ မပြောပါဘူးလို့ ကတိ ပေးခဲ့ပြီးမှ ခေတ် ကို သွားပြောလိုက်တာလား ...။

"မင်းနဲ့ငါပဲ ရှင်းရမယ့်ကိစ္စ၊ ငါတို့နှစ်ယောက်ပဲ ပြောရမှာတွေ မင်း ဘာဖြစ်လို့ မာမီ့ကို သွားပြောတာလဲ"

"ကျွန်မ ဘာမှမပြောဘူး"

"တောက် .."

ရှင်တွေ 'ကျွန်မ'တွေ ထွက်လာတိုင်း အဲဒီမိန်းမကို ပခုံးကာ





ဆွဲယူပြီး စိတ်ရှိလက်ရှိ ခါယမ်းပစ်ချင်နေသည်။ သူမနဲ့ ပတ်သက် လာတိုင်း မမျိုနိုင် မသိပ်နိုင်ဒေါသတွေနှင့် သူသာလျှင် သည်းခံစိတ် မရှိတဲ့ ယောက်ျား၊ သူသာ လူကြမ်း။ ပတ်ဝန်းကျင်မှာ ကိုယ့်ကိုယ်ကို ဘာကောင်ဖြစ်သွားသွား အမိုက်ခံပြီး နွယ် နဲ့ တွဲနေခဲ့တာ၊ ခုတော့...

သူမထံမှ ဘာသံမှထွက်မလာဘဲ အချိန်တွေ ကြာလာတာနဲ့အမျှ သူ့မှာသာ ..။

"မင်းက ဒီမှာမနေနိုင်ပါဘူးလို့ မာမီ့ကို ပြောတယ်မဟုတ်လား"

"ဟုတ်တယ် .. ကျန်းမာရေး မကောင်းနေတုန်း မေမေနဲ့ ခဏ ပြန်နေချင်လို့"

"မင်းရဲ့ကျန်းမာရေး ဘာတွေဖြစ်နေတယ်ဆိုတာ ငါ့ကို ပြော သလား .. ငါ သိခဲ့ရသလား၊ မင်း ဒီကနေ ထွက်သွားခွင့် မသွားခွင့်ကို မာမီက ဆုံးဖြတ်ပေးလို့ ရတယ်လို့များ မင်း ထင်လား"

မူလ မျက်နှာလေး တည်သွားပြီး ဖျတ်ခနဲ မော့၏။

"ဟုတ်ပါပြီ .. ဒီဆုံးဖြတ်ခွင့် ရှင့်မှာပဲ ရှိတာပါ၊ အဲဒါကြောင့် အခု ဆုံးဖြတ်ပေးပါ"

"လုံးဝ သွားခွင့်မပြုဘူး"

မူလ က မချိတရိမဲ့ပြုံးလေးနှင့် ခေါင်းညိတ်လိုက်၏။

"သိပါတယ် .. ရှင့်ရဲ့မကျေနပ်မှုတွေအတွက် 'ဒါတွေ မင်းလုပ်ခဲ့ တာ'လို့ ပြောနေသလိုမျိုး၊ ရှင် ကျွန်မကို တတိတိ စိတ်ဆင်းရဲစေချင် တာ"

"သြော် .. ဒါဆို မင်းနဲ့ နွယ် အစက ပူးပေါင်းခဲ့ကြတယ်ဆိုတာ အမှန်ပဲပေါ့"

အံကြိတ်မေးသံက ကြောက်မက်ဖွယ် တင်းမာနေခဲ့လျက် ...

"မင်း မလိုအပ်လို့ ယောက်ျားကို ခေါင်းလောင်းထိုးပြီး လူချင် တယ်ဆိုရင်လည်း မ[illegible]က်က သဘာဝကျတယ်၊ ကိုယ့်ကို မျှော်မှန်း



www.burmeseclassic.com

www.burmeseclassic.com



သိရက်နဲ့ လက်ထပ်ယူခဲ့တဲ့ကောင်လည်း ဒါ ခံသင့်တဲ့ပြစ်ဒဏ်ပါ။ ဒါပေမယ့် မင်းလုပ်ခဲ့တာ အဲဒီလိုမဟုတ်ဘူး၊ တဏှာရူးတစ်ကောင် မို့လို့ ဆောင်ကြာမြိုင်ကို ခဏသွားပါဦးဆိုပြီး ...''

''ရှင် လျှောက်ပြောမနေနဲ့ .. ကျွန်မ အဲဒီလိုမလုပ်ခဲ့ဘူး''

''လုပ်ခဲ့လို့ မင်း ခုပဲ ဝန်ခံလိုက်တာလေ၊ ကိုယ့်အပြစ်နဲ့ကိုယ် ရှေ့ထွက်မရှင်းရဲလို့ မင်း နွယ် ကိုရော ငါ့ကိုပါ ရှောင်နေခဲ့တာ''

''ရှင် .. ရှင် ဖယ်ပေး''

မျက်ရည်တွေ ပြည့်သိပ်လာခဲ့ပြီး သူ့ရင်ဘတ်ကို တအားတွန်းပစ် လိုက်မိသည်။ ပြီးတော့ အိတ်ကို ဖြစ်သလိုဆွဲယူ၍ ပြေးထွက်၏။ သို့သော် ...

ခေတ် က သူမကိုယ်လေးကို ဇွေ့ခနဲ ပြန်ဖမ်း၍ အတင်းအကျပ် ဖိချုပ်ထားလိုက်ကာ ...

''ဒီမှာ မူလ .. မင်း ဘယ်လောက်ပြေးချင်နေနေ ငါ ပြေးခွင့် မပေးနိုင်ဘူး၊ မင်းအတွက် ငါ သည်းခံ နားလည်ပေးခဲ့ရသမျှ အခု မင်းကြောင့် ငါ ကျဆင်းရတဲ့စိတ်ဓာတ် ဂုဏ်သိက္ခာတွေအတွက် တန် ရာတန်ကြေး ပြန်မရမချင်း မင်း ဒီတိုင်းပဲရှိနေရမယ်၊ မင်း မလိုအပ်ပေ မယ့် ငါ့အတွက် မင်းက အလိုအပ်ဆုံး၊ ငါလိုချင်သမျှ အရာခပ်သိမ်းက လည်း မင်းဆီကပဲ၊ ငါ ဘာမှမရလိုက်ဘဲ ဘယ်တော့မှ ရှောင်ပြေးဖို့ စိတ်မကူးနဲ့ .. အပိုပဲ''

သူ့လက်တွေ ဖြေချလိုက်သည်နှင့် မူလ တစ်ကိုယ်လုံး ပုံကျသွား တော့မတတ် တုန်ယင်ကာ မခံစားခဲ့ဖူးသည့် အသစ်အသစ်သော ခါးသီးမှုတို့သည် ..။





## အခန်း (၅၄)

အိပ်ပျော်တာလည်းမဟုတ်ဘဲ ခေါင်းတွေနောက်နေသဖြင့် ရေ ချိုးပစ်လိုက်ဖို့စိတ်ကူးကာ အိပ်ရာထဲကနေ ပြန်ထလိုက်မိသည်။

ထိုစဉ် ကိုတူး ဆီက ဖုန်းလာသောကြောင့် ထူးဆန်းသွား၏။

''ဟလို ..''

''မူလ .. နင် ဘာလုပ်နေလဲ''

''အိမ်မှာပဲလေ .. ဘာဖြစ်လို့လဲ''

''နင် နေကောင်းတယ်မို့လား''

''အင်း .. ကောင်းပါတယ်၊ နင် ဘယ်ကပြောနေတာလဲ''

''ငါ့အစ်ကိုအကြီးဆုံးရဲ့မွေးနေ့လေ၊ နင် နေမကောင်းဘူးဆိုလို့ မဖိတ်တော့တာ၊ ညို ကလည်း နင် မလာနိုင်လို့ သူလည်း မလာဘူးတဲ့''

''ဟုတ်လား .. နင် ဘာပြောစရာရှိလို့လဲ''

''သည်ခေတ်လူ ဒီမှာရှိတယ်''

''ဟင်!...''

''ငါ့အစ်ကိုနဲ့ တော်တော်ရင်းနှီးပုံပဲ၊ စီးပွားရေးသမားချင်းလေ''

''ဟုတ်မှာပေါ့''

''ဟုတ်မှာပေါ့မနေနဲ့၊ သူ့ဘေးမှာ ဟိုတစ်ခါမြင်လိုက်တဲ့ အစ် ယောက် ပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



နွယ့် ကို ကိုတူး က သိပ်မြင်ဖူးတာမဟုတ်ပေ၊ နာမည်လည်း သေချာမသိ။

"မူလ .."

"ဟင် .."

"နင်တို့က ဘာတွေလဲဟာ၊ သည်ခေတ်လူ က ဖောက်ပြန်နေတာလား .. နင်က အဲဒီလို အခိုင်အမာ ထင်နေတာလား၊ ဒီမှာတော့ သူ့မိန်းမ ရက်စက်တယ်ချည်းပဲ ပြောနေပါလား"

"ဘယ်လို .."

"ရေချိန်လွန်နေပြီ၊ ဘောကအမျိုးသမီးကလည်း မတားဘဲနဲ့ ဘာတွေ ပွားနေလဲ မသိဘူး၊ နင့်လူ ခေါင်းမထူနိုင်ဘဲ ပြောချင်ရာတွေပြောနေတာ"

"သူ ဒီလိုပဲ ခဏခဏသောက်ဖူးတာပဲ ကိုတူး ရယ် .. ဘာဖြစ်လို့ ငါ့ကို ဖုန်းဆက်ရတာလဲ"

"ဟ .. သူတို့ကို မသိတဲ့လူတွေက လင်မယား ထင်နေကြတာ နင့်လူကလည်း ခေါင်းစိုက်နေပြီလေ၊ နင် နေကောင်းရင်လည်း လိုက်လာခဲ့ဟာ"

"ဘာလုပ်ဖို့လဲ"

"ကိုယ့်ယောက်ျားကို ပြန်တွဲခေါ်ပေါ့၊ နင်တို့ တစ်ယောက်နဲ့တစ်ယောက် တစ်ခုခုတော့ လွဲနေပြီနော် .. ဒါမျိုးက အများဖြစ်တတ်တယ် ဖြစ်ခဲ့တာတွေ၊ ဖြစ်လာမှာတွေ နောက်မှ ရှင်း .. အခု နင် လိုက်ခဲ့စမ်းပါ၊ ငါ လာခေါ်ရမလား"

"ဟင့်အင်း .. မခေါ်နဲ့"

"မူလ .. နင် မြုံစိစိ လုပ်မနေနဲ့၊ ဒါ သေးသေးလေး မဟုတ်ဘူးနော် .. တကယ့်အကြီးကြီး၊ ငါလည်း ခုပဲ အိမ်ပြန်တော့မှာ"

"ပြန်ပေါ့ ကိုတူး ရယ် .. သူ ကလေးမှမဟုတ်တာ၊ မျက်နှာချင်းဆိုင်လို့တောင် မရတာ၊ ငါက ဘယ်မျက်နှာနဲ့ လာတွဲရမှာလဲ၊ သူ





သွားလေရာ နွယ် ပါတယ်၊ သူလိုလားတဲ့သူနဲ့ သူ့ဟာသူတွဲသွားခဲ့တာကို မျက်နှာပြောင်တိုက်ပြီး မဏ္ဍပ်တိုင်တက်ပြရလောက်အောင် ငါ မကြောင်ချင်ဘူး"

ကိုတူး ဘာမှဆက်ပြောခင် 'ဂွတ်ဒ်နိုက်' နှုတ်ဆက်ပြီး ဖုန်းချပစ်လိုက်၏။ အမြဲတမ်း ဝါသနာနဲ့ ကိုယ့်အလုပ်ထဲမှာ နစ်မြုပ်ရင်း ပူပင်သောက နည်းခဲ့သမျှ ခုတော့ ထစ်ခနဲဆို မျက်ရည်က နေရာယူတတ်ခဲ့ပြီ။

သူ့ဘက်က ဘယ်လိုစွဲချက်တွေနဲ့ မုန်းတီးနာကျင်သွားခဲ့မှန်း မသိပေမယ့် နွယ့် အပေါ်မှာ သူ သာယာသွားခဲ့ပြီမှန်း သိလိုက်ရသည့်နောက် ကိုယ့်ဘက်က ရှင်းပြချင်တာတွေ၊ ငါ လွန်သွားပြီဆိုသော နောင်ပျာယာခဲ့ရတာတွေ အားလုံးက မထင်မှတ်စွာဘဲ ငြိမ်သက်သွားခဲ့၏။

သူနဲ့ နွယ့် အသံကို ကြားတိုင်း ငိုချင်သည်။ ငိုရမှာလည်း ရှက်ပါ၏။

ဘဝနဲ့ထပ်တူ မြတ်နိုးခုံမင်ခဲ့ရသည့် ဝါသနာဆိုတာလည်း ခုချိန်မှာ ဘာနဲ့တူသလဲဆိုလျှင် ရင်ပြည့်စာတွေစားမိပြီး ဝေဒနာခံရတော့မှာ၊ ထိုအစားကို ပြန်မကြည့်ချင်တော့တာမျိုး ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်နေတာလဲဆိုတာ ပြန်မမေးချင်ပါ။

ဖြစ်ချင်တာတစ်ခုက ယနေ့မှစ၍ နောက်ဆုံးထွက်သက်အထိ..၊ 'အချစ်မသိသော ကိုယ်' ဖြစ်လို၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅၅)

"ဘာ!... မင်း .. မင်း ဘာပြောလိုက်တယ်"

"သား .."

"ဟိတ်ကောင် .. ပြန်ထိုင်နေစမ်း"

ဧည့်ခန်းထဲမှာ ရုတ်ရုတ်သဲသဲတွေ ဖြစ်ကုန်၏။ အချိန်က မနက် ခုနစ်နာရီပဲ ရှိသေးသည်။

အပေါ်ထပ်ကဆင်းလာသည့် မှူလ ခြေလှမ်းတွေ တုံ့သွား၏။

ညက ဆယ့်တစ်နာရီထိုးတဲ့အထိ သူ ပြန်မလာသေးတာကို သိသည်။

အခန်းထဲ လာမအိပ်တာလည်း ကြာပြီမို့ မိုးလင်းမှပြန်လာသည့် အဖြစ်ကိုတော့ ခုမှ သိလိုက်ရတာဖြစ်၏။

ဧည့်ခန်းကို ဘယ်လိုခြေလှမ်းတွေနဲ့ ရောက်သွားခဲ့မှန်း မသိဘဲ ထောင့်ကွယ်လေးမှာရပ်လိုက်ပြီး လှမ်းကြည့်မိ၏။

သားအဖသုံးယောက်က မိုးတိုးမတ်တတ်နှင့် ဆွဲလွဲမနိုင်ဖြစ်နေကြကာ နွယ် က ဆိုဖာထက်မှာ မျက်လွှာချ ထိုင်နေပေမယ့် စေ့ပိတ်ထားသည့် နှုတ်ခမ်းလေးတွေက မာန်အပြည့်နှင့် ..။





"တောက် .. တတ်လည်းတတ်နိုင်တဲ့ မိန်းမ၊ အဲဒီစကား မထပ်ပြောကြည့် .."

"နွယ့် ဘဝအတွက် ဒါကိုတော့ ပြောရမှာပဲ အစ်ကို၊ မိဘတွေ ရှေ့မှာ မရှက်မကြောက် ဖွင့်ပြောရတာက အစ်ကို ခုလိုဖြစ်မှာကို သိလို့၊ မိဘကတော့ ဒီလိုဖြစ်လာရင် ဘယ်လိုသင့်တင့်အောင် စီမံပေးရမယ်ဆိုတာ သိကြမှာပဲ"

"နွယ်တညို .. မင်း ဒီလိုဖြစ်အောင် တမင်တကာ ဖန်တီးခဲ့တာ မဟုတ်ဘူးဆိုရင် အားလုံး ဖြစ်သင့်တဲ့အတိုင်း ဖြစ်ရမယ်၊ စကားပြောတာကို ဆင်ခြင်ပါ"

ဒေါ်ရွှေသဇင် မျက်နှာက ဒေါသကြောင့် အသားစိုင်တွေပါ လှုပ်ခါနေသလို ရှိ၏။

"မင်း လူမှန်းမသိအောင် သောက်ဖူးပါတယ်၊ ဘယ်အချိန်ဖြစ်ဖြစ် အိမ်ကိုပြန်လာတာပဲ၊ အခု ဘာဖြစ်တာလဲ.. ဒီအဖြစ်ထဲမှာ တစ်ခုခု လွဲနေပြီ၊ အဲဒါ ဘာဆိုတာ မင်း ပြောနိုင်လား"

ဒါ မသဲမာမှုဆိုတာ ဦးထွန်းမင်း သိနေသည်။ ဒါကြောင့်ပဲ ဒီမေးခွန်းကို သုံးကြိမ်မြောက် ထပ်မေးရတာ ဖြစ်၏။

သို့သော် ခေတ် ထံမှ ဖြေသံထွက်မလာခဲ့ ..။

"ညက မင်းကိုယ်မင်း ဘာမှန်းမသိအောင်ကို ဖြစ်နေခဲ့တာ အမှန်ပဲလား၊ သည်ခေတ်လူ .. မင်းကို မင်းအဖေ မေးနေတယ်၊ ငါ မေးနေတယ် .. ဟိတ်ကောင်"

"အို .. ကိုထွန်း စိတ်ကိုထိန်းပါဦး"

ခေတ် ရဲ့အင်္ကျီရင်ဘတ်ကို အကြမ်းပတမ်း ဆုပ်ဆွဲပစ်လိုက်ကာ လက်သီးလုံးကြီးချိန်ရွယ်လာသဖြင့် ဒေါ်ရွှေသဇင် အတင်းဝင်ဆွဲရ၏။

"မူးနေတယ်တဲ့.. တောက်၊ မူးနေတဲ့ကောင် မစင်ကျွေး[illegible] စားမလား"



www.burmeseclassic.com

www.burmeseclassic.com



"ကိုထွန်း ရယ် .. တော်ပါတော့"

"တော်လို့ ရမလားကွ၊ သင်းက ခွေးဇာတ်ခင်းလို့ ငါတို့လူကြီးတွေပါ ခွေးလုံးလုံးဖြစ်ပြီ၊ ပါးစပ်ထဲရောက်လာတာနဲ့ အသားတုံးမှန်းမသိ .. ချေးတုံးမှန်း မသိ"

"သိတယ် ဒက်ဒီ.. ကျွန်တော် အဲဒီလိုကောင် မဟုတ်ဘူး၊ ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်နေမှန်းမသိတာ ဖြစ်ရင်ဖြစ်မယ်၊ ဘာလုပ်နေသလဲဆိုတာ သိတယ်၊ အရမ်းမူးနေပေမယ့် ကားပေါ်ရောက်အောင် ကျွန်တော် ပြန်နိုင်သေးတယ်၊ ကားပေါ်ရောက်သွားမှ .."

"ဩော် .. မင်းကို ကားပေါ်ကနေ ဒီမိန်းကလေးက ပြန်ဆွဲချတယ်ပေါ့"

ဦးထွန်းမင်း က ထေ့ငေါ့မေးတာ မဟုတ်ပေ။ နွယ်တညို့ မျက်နှာကို လှည့်ကြည့်ပြီးမှ မေးချလိုက်တာဖြစ်သည်။

ခေတ် ကလည်း 'မင်း ပြောလိုက်'ဆိုသည့် မျက်လုံးများနှင့် ရူးရူးရဲရဲ ကြည့်၏။ ဒေါ်ရွှေသဇင် သူတို့မျက်နှာတွေကို စိုးရိမ်ကြီးစွာ ကြည့်နေမိဆဲ ..။

နွယ် ဟင့်ခနဲ ငိုချလိုက်သဖြင့် ဘာလုပ်ရမှန်းမသိ၊ ပြန်မော့ကြည့်လိုက်လျှင် ဦးထွန်းမင်း ရဲ့ မသက်သာ ရွံရှာသလိုအကြည့်တွေက သူမထံမှာ ရှိနေဆဲနှင့် ပြီးမှ ခေတ် ဆီ ပြန်ရောက်ကာ ...

"မိန်းမယူပြီးမှ သောက်စားရမ်းကားတတ်လာတဲ့ကောင်၊ မင်းခုချိန်ကျမှ အမှန်တရားတွေ ဖင်ဆောင့်ရွတ်နေလည်း အပိုပဲ၊ မိုက်ရဲလို့ မိုက်ပြီဆိုရင် ဆက်သာမိုက်လိုက်၊ မင်းအတွက် မိဘမျက်နှာဆိုတာလည်း အရေးတကြီးလိုတာမှ မဟုတ်ဘဲ"

ဦးထွန်းမင်း အသက်အရွယ်နဲ့မလိုက်အောင် ဒေါသတွေနှင့် ဝုန်းဒိုင်းကြဲသွားသည်။ ဒေါ်ရွှေသဇင် လည်း ဘာစကားပြောဖို့မှ အင်အားမရှိတော့ပါ။





'ဘာဖြစ်ဖြစ် ငါ့သားပြောတာ အမှန်ပဲ လို့ ဘက်လိုက်မဆိုချင်သော်လည်း ဒီအခြေအနေတွေဖြစ်လာခြင်းဟာ လုပ်ကြံဖန်တီးမှုပဲဆိုတာကို သိနေသည်။

သား တကယ်မှားယွင်းခဲ့သည်ပဲထား၊ မှားယွင်းကုန်အောင် ဖြစ်သွားခဲ့တဲ့ အခြေအနေဟာ ...

"နွယ်တညို"

"ရှင် .."

မျက်ရည်စက်လက်နှင့် မော့ကြည့်လာသည့်မျက်ဝန်းလေးတွေက သနားစဖွယ်ရှိသော်လည်း ဒေါ်ရွှေသဇင် သနားစိတ် မဖြစ်ခဲ့ပေ ..။

"ပြောသင့်တာကို ပြောရရင်တော့ သားသမီးချင်း မစာနာလိုက်တာလို့ မင်း ထင်မှာပဲ၊ ဒါပေမယ့် မင်းစကားအတိုင်း ပြောရရင် မိဘက စီမံသင့်တာကို စီမံရတော့မှာ"

"ဟုတ်ကဲ့ပါ"

"မင်းကို ဒီလိုတွေဖြစ်မှာစိုးလို့ တို့တွေအားလုံး တားဆီးခဲ့ကြတယ်၊ ပြန်ဖို့ပြောတယ်"

"နွယ် က တစ်ဖက်ကလည်း သူငယ်ချင်း၊ တစ်ဖက်ကလည်း စိတ်လေနေတဲ့ယောကျ်ား၊ သူတို့အတွက် စဉ်းစားပြီး ညီမျှတဲ့တစ်နေ့နေ့ထိ .."

"ဟုတ်ရဲ့လား .. မင်းနဲ့ဆွေးနွေးတုန်းက မင်းစကားတွေထဲမှာ ဒီလောက် မနွေးထွေးပါဘူး"

"နွယ် ကိုက ချစ်သောစကားကို မဆိုတတ်တာ"

"ထားလိုက်ပါ၊ အခု မင်းတို့နှစ်ယောက် ဧည့်ခံပွဲလုပ်တဲ့အိမ်မှာ .."

"မာမီ .. ကျွန်တော် ဘာမှမဖြစ်ဘူးနော်၊ အဲဒါကြီးနဲ့ ကျိုင်းရလို့ ရဘူး"



www.burmeseclassic.com

www.burmeseclassic.com



ခေတ် က နည်းနည်းလေးမှ အပြောမခံ ..။ ဒေါ်ရွှေသဇင် က လက်ကာတားဆီး၍ နွယ့် ဘက် ပြန်လှည့်သည်။

"မင်းတို့နှစ်ယောက်ကို လင်မယားလို့ထင်ပြီး အခန်းထဲ အတူထည့်ပေးခဲ့တဲ့လူက တကယ်တော့ အရိုးခံပါ၊ သမီး မူလ က သူ့အလုပ် သူလုပ်ရင်း ယောက်ျားကို ပြန်လှည့်မကြည့်နိုင်တော့ တွဲဘက်မညီသေးတဲ့ သူတို့ကို လူသိနည်းတယ်၊ အထူးသဖြင့် မူလ ကို မမြင်ဖူးတဲ့လူက များတယ်"

လင်မယားထင်ပြီး စကြံနောက်ကြ ရင်းနှီးကြတာတွေမှာ ဒီ မိန်းကလေး ဘာမှမဖြေရှင်းဘဲ ဟုတ်သလိုလို၊ သာယာသလိုလိုနဲ့ စီးမျောနေတာတွေကို ဒေါ်အု ပြန်ပြောခဲ့သည်။

"ယောက်ျားလေးဆိုတာကတော့ လင်မယားချင်း မသင့်မြတ်ပြီး ရွဲ့ပြတွဲပြတာ၊ နောက်ပြီး တလွဲထင်တဲ့လူတိုင်းကို မိန်းကလေးထက်ကဲပြီး မျက်ပြူးဆန်ပြာ ဘယ်ရှင်းပါ့မလဲ၊ မနွယ် အနေအထိုင်မတတ်တာတွေ အများကြီးပါပဲ မမကြီးရယ် .. မူလေး ကလည်း သိပ်အေးတာ၊ ကာယကံရှင်တွေကိုယ်တိုင်က မလှုပ်တော့ ကျွန်မလည်း ဘာမှမပြောရဲဘူး"တဲ့။

ဒေါ်ရွှေသဇင် တနုံ့နုံ့ဖြစ်လာသည့် အတွေးစိတ်နှင့် ဒေါသကို မရမက ချိုးနှိမ်မျိုသိပ်လိုက်ရင်း ...

"အဲဒါကြောင့် လူငယ်လေးတွေလည်း မဟုတ်ကြတော့၊ လင်မယားချင်းပဲ မနက်ကျမှ ထပြန်ကြပါဆိုပြီး ကျကျနန ဧည့်ဝတ်ကျေလိုက်ကြတာ၊ တကယ်ဆို ဒီအခြေအနေကို မင်း လက်မခံဘဲ အိမ်ကို ဖုန်းဆက်သင့်တာ"

"နွယ် က ဖုန်းဆက်မလို့ပါ၊ အစ်ကိုက တားနေလို့ .."

"ဘာ!..."

"မင်း .. ဘာပြောတယ်"





နှာထောင်နေသည့် ခေတ် က သူမရှေ့ကို လွှားခနဲရောက်သွားသဖြင့် ဒေါ်ရွှေသဇင် ဆွဲထားလိုက်ရပြန်၏။

"မင်း အေးဆေးနေစမ်း သား"

"ဘယ်လိုလုပ် အေးဆေးနေရမလဲ မာမီ၊ သူပြောပုံက ကျွန်တော်ကပဲ သူ့ကို .."

"နွယ် အမှန်တိုင်းပြောနေတာ"

"မင်းတစ်ကိုယ်လုံးမှာ မှန်တာ တစ်ခုမှမရှိဘူး နွယ်တည်း၊ တောက် .. ငါကိုက ..."

ခေတ် ဆံပင်တွေကို လက်နှစ်ဖက်နဲ့ အကြမ်းပတမ်း ဖွပစ်ကာ တက်ခေါက်လိုက် .. လက်ခါလိုက်နှင့် အရူးမီးဝိုင်းဖြစ်နေ၏။

သွားပြီ .. မူလ နဲ့ သူ ဝေးပြီ။ ချစ်တဲ့စိတ်နဲ့ လှမ်းခဲ့သည့် ခြေလှမ်းတွေက ခလုတ်တိုက်မိမှန်း မသိ၊ မြွေကိုက်မိမှန်း မသိ ..။

ဥုတော့ သူ အဆိပ်သင့်ခဲ့ပြီ၊ အဲဒါ မင်းကြောင့်ပဲ မူလ ..၊

"တောက် .. မင်းကို ငါ လုံးဝ လက်မထပ်နိုင်ဘူး"

ခံစားချက်တွေ တရစ်ရစ် တိုးဆောင့်လာခြင်းက အမုန်းတွေပဲမို့ ယတိပြတ် ပြောပစ်လိုက်၏။ နွယ် က ဒေါ်ရွှေသဇင် ကို လှမ်းကြည့်လိုက်သေးသည်။ ဘာမှမပြောတော့မှ သူမက မျက်နှာကို တင်းပစ်လိုက်ကာ ...

"ရပါတယ် .. လက်ထပ်လိုက်ရခြင်းတစ်ခုအတွက်နဲ့ အစ်ကိုရယ် .. မိဘတွေရယ် အားလုံး အရာခပ်သိမ်း ရုပ်ထွေး ညှိုးမှိန်ကုန်မယ့်အဖြစ်ကနေ လွတ်မြောက်သွားမှာကို ဂရုမစိုက်ဘူးဆိုလည်း ရတယ်၊ နွယ် ကတော့ ကိုယ့်ဘဝရှေ့ရေးအတွက် အညွန့်မကျိုးရအောင် လုပ်ပိုင်ခွင့်ရှိသမျှ လုပ်မှာပဲ၊ ဥပဒေနဲ့ဖြစ်ဖြစ် .. အသိုင်းအဝိုင်း မိတ်ဆွေအကူအညီနဲ့ ဖြစ်ဖြစ်"

ဘာရှေ့ရေးလဲ၊ ဘာအညွန့်တွေ ရှိခဲ့တာလဲ ..၊



www.burmeseclassic.com

www.burmeseclassic.com



တစ်စက်ကလေးမှ အထင်ကြီးလေးစားဖွယ် မဖြစ်ချင်အောင် ပြောဆိုနေထိုင်တာတွေက ရှေ့ရေးနောက်ရေး မျှော်တွေးပြီး အညွန့်မကျိုးအောင် ထိန်းသိမ်းတာတွေလား ..။

မိန်းကလေးတစ်ယောက်ကို ဒီထက်ရင့်သီးအောင် မပြောသင့်တာမို့ အံကြိတ်နေလိုက်ရပေမယ့် ကြားနေရတာ နားထဲမှာ ငှက်စုန်းထိုးသံထက် ဆိုးသည်။

မြင်နေရသည့်မျက်နှာက ယောကျ်ားချင်းသာဆို သူသေကိုယ်သေ အလဲထိုးပစ်ချင်လာအောင် ရွံဖို့ ကောင်း၏။

"မင်းပြောတဲ့စကားတွေက ဖော်ပြနေတာပဲ နွယ်တသို၊ ဒီလိုအဖြစ်မျိုးရောက်ဖို့ မင်း တမင်တကာ ချည်ပြီးတုပ်ပြီး လုပ်ခဲ့တာ"

ဒေါ်ရွှေသဇင် မျိုသိပ်ပရသည့်အဆုံးမှာ ပြောလိုက်မိ၏။ နွယ်က မျက်နှာမပျက် ငုံ့ကြည့်ကာ ...

"ပြဿနာဖြစ်ခဲ့တာက နွယ့် အသိုင်းအဝိုင်းထဲမှာ မဟုတ်ပါဘူး အန်တီ"

"ဘာပဲဖြစ်ဖြစ် ရှေးမူလ ကို ဘယ်သူမှ သိကြတာ မဟုတ်ဘူး"

"သိသိ မသိသိ နွယ် က ကိုယ့်ကိုယ်ကိုယ် ရှေးမူလ လို့ ကြေညာပြီး သွားခဲ့တာမဟုတ်ဘူး၊ ကိုယ့်ရဲ့သူဌေး ဒါမှမဟုတ် ဆရာ ဆိုကတည်းက နွယ် တို့ဘက်မှာ အားနည်းချက်က ရှိပြီးသား၊ ပြီးတော့ နွယ် အစကတည်းက အစ်ကို့ကို .."

"မင်း တော်တော့"

"တော်ပါပြီ .. ဒါပေမယ့် အစ်ကိုသိအောင် ပြောဖို့ရှိသေးတယ်၊ နွယ့် ကို လက်ထပ်မယ်ဆိုရင် အစ်ကိုနဲ့ နွယ် နှစ်ယောက်တည်း အဆင်ပြေမယ့်နည်းလမ်းတွေနဲ့ ညှိလို့ရတယ်"

"ဘာ!..."

"နွယ့်သိက္ခာအတွက် လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးပေးရုံပဲ၊





လူသိရှင်ကြားဖြစ်ဖို့၊ ကြီးကျယ်ခမ်းနားဖို့ နွယ် ဘာမှမတောင်းဆိုဘူး၊ တစ်ခုရှိတာက အစ်ကို့ဇနီးဖြစ်သွားပြီဖြစ်တဲ့အတွက် အစ်ကို့အပေါ်မှာ ပြောရေးဆိုခွင့်လေး နည်းနည်းပါးပါး ရချင်တယ်၊ ဥပမာ .. အလုပ်သမားလို အမိန့်ပေးတာ၊ ဆူငေါက်တာ၊ နွယ့်ကို အထင်မြင်သေးတဲ့မျက်လုံးနဲ့ တစ်ချိန်လုံးကြည့်နေတာတွေ .."

"ဟွန်း .. ကြီးဖို့မှမရှိတာ၊ မင်း .."

နှစ်ယောက်ကိုကြည့်၍ ဒေါ်ရွှေသဇင် တော်တော် နားလည်သွားခဲ့လေသည်။ ထို့ကြောင့် နွယ်တသို ဆိုသည့်မိန်းကလေး ဘယ်လောက်ထိ တစ်ဖက်သတ်ဖြစ်နေခဲ့ပြီး ဒီအခြေအနေတွေထိ ရောက်ကုန်ခဲ့တာ ဘာကြောင့်ဆိုတာ ..။

"နွယ်တသို .. မူလ ရဲ့သူငယ်ချင်းအဖြစ်နဲ့ ငါတို့တွေ သိခဲ့တာ"

ကိုယ့်ဟာကိုယ် ကြိတ်တွေး ကြိတ်ဖြေရင်း ဒေါ်ရွှေသဇင် ဘယ်လိုမှ သည်းမခံနိုင်တော့သဖြင့် ဆုံးဖြတ်ချက်ချဖို့အတွက် စကားခင်းလိုက်၏။

"မင်းအကြောင်း .. မင်းပတ်ဝန်းကျင်ကို ဘာမှမသိရဘဲ မင်းနဲ့မှားယွင်းခဲ့ပါတယ်ဆိုတဲ့အဖြစ်ကို ပေးဆပ်ဖို့အတွက် ဘယ်လိုအတိုင်းအတာနဲ့ ဆုံးဖြတ်ရမလဲ"

"အန်တီက နွယ့် ကို ငွေပုံပေးပြီး ဆုံးဖြတ်ပေးလိုက်ချင်လို့လား"

"ဟွန်း .."

ဒေါ်ရွှေသဇင် က နူးညံ့မှုတွေနဲ့ အလှမပျက်ဘဲ ရွံရှာသည့်မျက်နှာနှင့် စိုက်ကြည့်ကာ ...

"ငွေပုံပေးဖို့ဆိုရင်တောင် ပုံပေးထိုက် မပေးထိုက်ဆိုတာ ရှိသေးတယ်၊ အဲဒါ မင်းမိဘ အဆင့်အတန်း ဘယ်လောက်ရှိတယ်ဆိုတာမပါဘူး၊ မင်းရဲ့ကာရိုက်တာ .. မင်းရဲ့ဗီဇ .."

နွယ့် မျက်နှာလေး ရဲခနဲ ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"အန်တီ မိန်းမသားချင်း စာနာပြီး ပြောပါ၊ ငါက သားမွေးထားတယ်ဆိုပြီး .."

"သားရှိရင် သမီးရပါတယ်၊ ချွေးမဆိုတာလည်း လိမ္မာရင် သမီးပဲ၊ ငါ ဘယ်လိုချွေးမ ရှာပေးထားတယ်ဆိုတာ မင်းလည်း သိတယ်၊ ရှေးမူလ ကို သားနဲ့လက်ထပ်ပေးခွင့်ရဖို့ ဘယ်လောက်ထိ ရင်းနှီးကြိုးပမ်းခဲ့ရလဲ .. သားကိုယ်တိုင် ဘယ်လောက်မြတ်နိုးနေသလဲ၊ ဒါတွေကို မင်း မြင်နေရက်နဲ့ ဒီလူတွေကြားထဲ ဝင်တိုးဖို့ ကြိုးစားရဲတာ ငါ သိပ်အံ့သြတယ်"

"နွယ် က လုပ်ကြံတယ်လို့ အန်တီ ပြောလိုက်တာထင်တယ်"

"ဒါက မင်းနဲ့ တို့တွေကြားမှာ ကျော်လွှားပြောနေစရာ မလိုတဲ့ စကားပါ၊ အခု မင်းကို ငွေစကားပြောတယ်ထင်တော့ မင်း မကြိုက်ဘူးမို့လား၊ မင်း ဘာလိုချင်သလဲဆိုတာ ရှင်းနေတာပဲ"

နွယ် က ဘာမှထပ်မပြောသေးဘဲ ရယ်လိုက်သည်။ ထိုအခါကျမှ မထိမဲ့မြင်နှုတ်ခမ်းများနှင့် မျက်နှာမှာ ရိုးသားမှုတွေ လုံးဝ ပျောက်ဆုံးသွားခဲ့ပြီး ...

"ခြေထောက်ကျိုးသွားရင် ခြေထောက်ပေါ့ အန်တီ၊ လက်နဲ့ အစားထိုးပေးလို့ ဘယ်ရမလဲ"

"မင်းက ခြေထောက်ကျိုးတာဆိုရင်တောင် ကျိုးခဲ့ပြီးသားပါ"

"အန်တီ .."

"ချိုင်းထောက်နဲ့ အေးဆေးသွားနေတာ အားမရဘဲ ကုလားခြေထောက် လိုချင်ပါတယ်ဆိုပြီး ကိုယ့်ချိုင်းထောက်ကို လွှင့်ပစ်လိုက်တာမျိုး၊ မင်းကို လိုရင်းပဲပြောမယ် နွယ်တသို၊ အခုဖြစ်နေတာတွေ မင်း လိုချင်တိုင်း တောင်းဆိုနေတာတွေအားလုံးက ပြောသလောက် မလွယ်ဘူး၊ မင်းရဲ့မိဘတွေနဲ့ ငါ စကားပြောချင်တယ်၊ မင်း ခေါ်မပေးမလား .. ငါတို့ဘာသာ ဆက်သွယ်ရမလား"





"မာမီ .."

"သား ခဏနေစမ်း"

ခေတ် မရမက ဆက်ပြောဖို့ ကြိုးစားနေသဖြင့် ဒေါ်ရွှေသဇင် မျက်နှာထားတင်းတင်းနှင့် စိုက်ကြည့်ကာ ...

"မာမီ ဘာလုပ်သင့်တယ်ဆိုတာ မာမီ သိတယ်၊ မူလ ကို မင်းချစ်တဲ့ပုံစံမျိုးနဲ့မဟုတ်ဘဲ မိဘလည်း မဟုတ်ပေမယ့် မာမီ ဘယ်လောက် ချစ်ခဲ့သလဲ၊ အဲဒီအချစ် အဲဒီလိုအရေးပေးမှုမျိုး တော်ရုံ မိန်းကလေးကို မပေးနိုင်ဘူး၊ ဒါကြောင့် မေးဖို့လိုအပ်တာကို မေးနေတာ၊ နေရာဆိုတာ လိုချင်တိုင်းလည်း ယူလို့မရဘူး"

ဒေါ်ရွှေသဇင် က ခေတ် နဲ့ နွယ် နှစ်ယောက်စလုံးကို မျက်နှာမူထားပြီး ပြောနေတာဖြစ်ကာ ဘယ်စကားလုံးက ဘယ်သူ့အတွက်ဆိုတာ နွယ် ကလည်း နားလည်နေသည်။

ထို့ကြောင့် တင်းသွားလိုက် .. မဲ့သွားလိုက်ဖြင့် နွယ့် မျက်နှာမှာ ဖျတ်ခနဲ ရုပ်ခနဲ ပြောင်းလဲသွားတတ်ပေမယ့် မဲ့ပြုံးလေးတော့ တင်နေဆဲ ဖြစ်သည်။

"အန်တီပြောတာ သဘာဝကျပါတယ်၊ ဒါပေမယ့် ဒီကိစ္စမှာ နွယ် ကိုယ်တိုင် အနေအထိုင်မတတ်လို့ မှားယွင်းခဲ့တာလည်း ပါတယ်"

"သိပ်မှန်တာပေါ့"

"ဒါပေမယ့် ကိုယ့်ပြဿနာ ကိုယ်ပဲ ရှင်းချင်တယ်၊ ဒုက္ခတွေ့မှ မိဘ 'တ' တာမျိုး မလုပ်ချင်ဘူး"

"မင်းက ဒီလိုပြောရင် ငါတို့ဘက်ကလည်း ပြောစရာတွေရှိတာပေါ့၊ သားမှာ ဇနီးမယားရှိမှန်းသိရက်နဲ့ မင်းမိုက်တာ ကိုယ့်ထိုက်နဲ့ ကိုယ့်ကံ ဆိုပြီးတော့ .."

ဒေါ်ရွှေသဇင် က ပြောနေရင်း အသက်တစ်အောင့်လောက် နားလိုက်ပြီးမှ ဆက်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"မင်းဘက်က ပြောခွင့်ရှိတယ်ထင်လို့ သက်ဆိုင်ရာကနေ ရင်ဆိုင်မယ်ဆိုလည်း ရှုံးရှုံးနိုင်နိုင် အရှက်တကွဲဖြစ်ရမယ့်ရလဒ်ကို မင်းပဲခံရမှာ"

"တကယ့်လူကြီးလူကောင်းပီသတဲ့လူတွေဆိုရင်လည်း ငါတို့က 'သားရှင်'ဆိုတဲ့မာန မထားကြပါဘူး၊ ဒီလိုကိစ္စကြောင့် ဂုဏ်သိက္ခာထိခိုက်မှာကို သေရမှာထက် ကြောက်တယ်"

"ငါတို့ ကြောက်တာ မကြောက်တာ မင်း စိတ်ဝင်စားဖို့ မလိုပါဘူး၊ မင်း ဂရုမစိုက်လို့မရတာတွေပဲ မင်း သိထားဖို့လိုတာ၊ အခု ငါ့သားနဲ့ သက်ဆိုင်နေတယ်လို့ မင်း စွပ်စွဲတဲ့အတွက် ငါ မပါလို့မရသလို မင်းကို လက်မခံနိုင်တဲ့ ငါတို့ဘက်က ငြင်းဆိုချက်နဲ့ပတ်သက်ပြီး မင်းရဲ့မိဘတွေလည်း မပါလို့ မရတော့ဘူး၊ မင်း ဘယ်လိုမိန်းကလေးမှန်း မသိဘဲ ဘယ်လိုဆုံးဖြတ်မလဲ"

"အန်တီတို့က ဒီလိုနည်းနဲ့ နွယ့် ကို အကျပ်ကိုင်တာလား"

"ခက်ပါလား နွယ့်တညို၊ မင်း တကယ်ပါးနပ်တဲ့မိန်းကလေးဆိုရင် 'ငါမနိုင်ရင် ငါ့အဖေ ရှိသေးတယ်'ဆိုတာမျိုး၊ နောက်ကြောင်းပြန်ပြေးပြီး စစ်ကူခေါ်ဖို့ စဉ်းစားရဦးမှာ၊ 'မြေနိမ့်ရာ လှံစိုက်တယ်'ဆိုတဲ့ဆိုရိုး ရှိခဲ့သလို မင်းအခြေအနေ မနိမ့်ဘူးဆိုရင် လှံစိုက်မခံရအောင် ကြိုးစားပေါ့"

ဥပမာတွေ ထပ်ဆင့်ခံ၍ ဒေါ်ရွှေသဇင် ပြောနေသမျှ ကိုယ့်ကိုဝံ့အရပ်လေးမျက်နှာကနေ လက်နက်ကြီးငယ်တွေနဲ့ မနားတမ်း ပစ်ခတ်နေသလိုရှိကာ နွယ့် မျက်နှာမှာ အပြုံးတွေ ပျောက်ကွယ်ကုန်၏။

ဒါကို စူးစိုက်ကြည့်နေသည့် ခေတ် ကလည်း မြင်သည်။ ဘာမဆို ပြောရဲလုပ်ရဲသည့် နွယ့် ဘက်မှာ အခက်တွေ့စရာရှိနေတာ ဘာလဲဆိုတာကိုလည်း နားလည်သွား၏။

ထို့ကြောင့် မာမီ ပြောနေသမျှကို ဘာ... ဘားဆီးတော့ဘဲ





ဒီတိုင်းပဲ ငြိမ်နေလိုက်သည်။

"ဘယ်လိုလဲ နွယ် .. မင်းမိဘတွေကို ဘယ်နေ့ တွေ့နိုင်မလဲ"

နွယ် က ဒေါ်ရွှေသဇင် ထပ်မေးတာကို မဖြေဘဲ ငြိမ်ချက်သားကောင်းနေသည့် ခေတ် ကို ဖျတ်ခနဲ လှည့်ကြည့်၍ ...

"လူကြီးတွေရောက်လာရင်တော့ နွယ့် ကို ဒေါသတကြီး ရိုက်ပုတ် ဆွဲလွှဲသွားမှာပဲလို့ အစ်ကိုက ထင်နေတာလား"

"ဟွန်း .."

ခေတ် က နှုတ်ခမ်းမဲ့၍ မျက်နှာလွှဲပစ်၏။ နွယ် က ထိုမျက်နှာကိုငေးကြည့်ပြီး လှလှပပပြုံး၍ ...

"ဒီပြဿနာကြောင့် နွယ် အရှုံးပေးသွားမှာပဲလို့ ထင်နေတာဆိုရင်တော့ စိတ်မကောင်းစရာပဲ"

"မင်းရဲ့ထင်လုံးတွေကို ဘေးဖယ်ထားပြီး လက်တွေ့ဆန်လိုက်စမ်းပါ နွယ်၊ မာမီ ပြောနေတာတွေမှာ သဘာဝမကျတာ ဘာမှမပါဘူး၊ မင်းမိဘတွေကို ခေါ်၊ ငါ မိကောင်းဖခင်သားသမီး ပီသပေးလိုက်မယ်"

"နွယ် တို့ အခု ညှိနှိုင်းလို့ ရသေးတယ်နော် အစ်ကို၊ ဖေဖေတို့ရောက်လာရင်တော့ အစ်ကို့ဘက်က ဘယ်လိုအနေအထားကိုမှ ငြင်းလို့ မရနိုင်ဘူး၊ နွယ် တောင်းဆိုနေတာ အစ်ကိုနဲ့ လက်ထပ်ခွင့်ရဖို့တစ်ခုတည်း၊ ကျန်တာ ဘယ်လိုနေနေ ဘာလုပ်လုပ် နွယ် က ကျေနပ်ပေးမှာ"

"နွယ်တညို .. မင်း ဘာတွေဖွဲ့ထုတ်ပြီး ဘာကို လိုချင်တယ်ဆိုတာတွေ ငါတို့မသိဘူး၊ လောလောဆယ် ဂုဏ်သိက္ခာအတွက် ခေါင်းခဲနေကြတာဆိုတော့ ကလေးကချေဆန်ဆန် အကွက်ရွှေ့ကစားတဲ့နည်းတွေ မပြောပါနဲ့"

ဒေါ်ရွှေသဇင် က ပိတ်ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီစကားတွေ ဒီအဖြစ်တွေကို မူလ မြင်တွေ့ကြားသိသွားပြီဆိုတာလည်း စိတ်ထဲက သိနေခဲ့၏။

ညကနေ ဒီမနက် မိုးလင်းတဲ့အချိန်ထိ မသိခဲ့သေးရင်တောင်ခုချိန်ထိ အပေါ်ထပ်ကနေ ဆင်းမလာသေးတာ မဖြစ်နိုင် ..။

အားလုံးကိုကြားပြီးမှ ပြန်တက်သွားခဲ့တာလား၊ တစ်နေရာမှာရှိနေပြီး နားထောင်နေတုန်းလား .. ဒါလည်း မသိ။

ရှက်လည်း ရှက်ပါသည်၊ ရှက်လည်း မရှက်နိုင်တော့ပါ။ ဒါဟာမဖြေရှင်းဘဲနေလိုက်လို့ ပြီးသွားမည့်ကိစ္စ မဟုတ်သည်မို့ ...

"မင်း မိဘတွေရောက်လာမှ ဆက်ဆွေးနွေးရအောင် .. ခေါ်လိုက်ပါ"

ဟု အပိတ်စကားပြောရင်း မင်္ဂလာမရှိသည့် စေ့စပ်ကြောင်းလမ်းခြင်းကိစ္စကို ရုပ်သိမ်းထားလိုက်သည်။

အဖြေကတော့ ဒီနေ့ သို့မဟုတ် မနက်ဖြန် တစ်ရက်ရက် ..။





အခန်း (၅၆)

"တစ်နေ့နေ့ ဒီလိုဖြစ်လာနိုင်တယ်ဆိုတာ ဒါကို မစခင်ကတည်း
သမီး သိတယ် မူ၊ ဖြစ်လာခဲ့ရင် ဘာလုပ်ရမယ်ဆိုတာ ကြိုမတွေးခဲ့
ဆိုရင်တောင် ဒီလို တစ်ဖက်သတ် မဆုံးဖြတ်သင့်ဘူးဆိုတာ သူ
နေမှာပါ"

"ငါလည်း သမီးက ဖုန်းဆက်လို့ လာခဲ့တာ ရွှေ၊ အပြစ်တစ်ခုကို
နည်းနည်းထိုက်တယ် .. နင်လည်း နည်းနည်းယူဆိုပြီး ခွဲတမ်းချ
ည့်ရတာ စိတ်ပျက်စရာအကောင်းဆုံးပဲ၊ အပြစ်ပြုမိတယ်ဆိုတာ
နားမလည်တဲ့ကလေးတွေပဲ ကျူးလွန်ခွင့်ရှိတာ မဟုတ်ပေမယ့်
ကဲနဲ့ ခွတ်တိုးပြီး ကျူးလွန်တာတော့ မကောင်းဘူး"

သူငယ်ချင်းတွေဆိုလည်း ဟုတ်၊ ကျေးစူးတုံ့တင်ရှိခဲ့သူတွေ
ည်းဖြစ်ကာ တစ်ယောက်အပေါ်တစ်ယောက် အရာရာတိုင်းအတွက်
ည်းခံခွင့်လွှတ်ရင်း နားလည် ချစ်ခင်လာခဲ့ကြတာ ဖြစ်သည်။

သားသမီးတွေရဲ့အရေးအခင်းနဲ့ ပတ်သက်လာမှ ...

"ဒါကို သမီးက စခဲ့တာမှန်း တို့ သိပြီးပါပြီ၊ အဲဒါကြောင့်လည်း
အရာရာအတွက် ရှက်လွန်းလို့ ဒီအရပ်ကို မျက်နှာမှုဖို့အောင်



www.burmeseclassic.com

www.burmeseclassic.com



ခက်ခဲနေခဲ့တာ၊ ဒါပေမယ့် ရွှေ ရယ် .. ဒီမိန်းကလေး ဒီလိုခြေလှမ်းေ မှန်း ရွှေ သား သိတယ်၊ အားလုံးလည်း သိနေတာပဲ၊ သူ သိသိနဲ့တွဲ တာ၊ ဘယ်သူ့မှာ အပြစ်ပိုရှိသလဲလို့ ခွဲတမ်းချကြည့်နေမယ့်အ ဖြစ်လာတဲ့အခြေအနေကိုပဲ ဆုံးဖြတ်လိုက်ကြတာ အကောင်းဆုံးပဲ

"မကောင်းဘူး .. အဲဒီလို လုံးဝ အဖြစ်မခံနိုင်ဘူး"

ဒေါ်နွဲ့မှု က ဆုံးဖြတ်ပြီးသည့်အတိုင်း သမီးကို ပြန်ခေါ်ဖို့ တာစူနေသည်။ ဒေါ်ရွှေသဇင် က ခါးခါးသီးသီး ပယ်ချပစ်ရင်း -

"အခြေအနေ အချိန်အခါဆိုတာ အများကြီး ပြောင်းလဲနိုင်တယ် ဒီအခြေအနေကို အကောင်းဆုံးပြန်ဖြစ်အောင် တို့ ကြိုးစားနေ မှု၊ အဲဒါကို စောင့်ပေးပါ၊ သမီးကို တို့ ဘယ်လောက်ချစ်သလဲဆို လည်း နင် သိပါတယ်၊ သူ မကြံစည်အပ်တာ ကြံစည် .. မလုပ် တာကို လုပ်ပစ်လိုက်တဲ့အထိ တို့ ခွင့်လွှတ်ခဲ့တာ၊ ခုချိန်ထိလည်း မငြိုငြင်သေးဘူး၊ အဲဒါကို နင် နားလည်ပေးပါ"

ဒေါ်နွဲ့မှု တွေဝေသွားခဲ့၏။ သမီးရဲ့အဖေကတော့ သူ့သမီး ပြန်ခေါ်လာခဲ့ဖို့ ယတိပြတ်မှာ၏။

"သူ့အလုပ်နဲ့ပတ်သက်ရင် ငါ့သမီး ဘယ်လောက်ရှုံးသွပ်သ ဆိုတာ ငါတို့ရော သူတို့ရော သိပြီးသား၊ သမီး မှားခဲ့တာကို အ ပြန်ထောက်ဖို့ မလိုဘူး၊ အစတည်းက ပွေရှုပ်ခဲ့တဲ့ကောင်မို့လို့ ငါ့သ ကို မကောင်းခေါင်းစဉ်တပ်ပြီး ချော်လဲရောထိုင် လုပ်တာ၊ သ အတွက် ငါတို့ ရင်ဆိုင်ရမှာပဲ .. ဘာမျက်နှာတွေ ပျက်ရပျက်ရ၊ က မကျေ အမုန်းတွေပဲကျုန်ကျုန် သွားပြန်ခေါ်"

ဦးဇေယျ ပြောတာတွေကို ပြန်လည်ကြားယောင်ရင်း ဒေါ် ဘယ်သူ့ဘက်ကို မျက်နှာမူ ရပ်တည်ရမှန်းမသိ ဖြစ်နေခဲ့၏။

သမီးကို ရွှေ ဘယ်လောက်ချစ်တယ်ဆိုတာ နားလည်သလို သ က စခဲ့တဲ့အမှားဆိုတာလည်း အမှန်ပဲဖြစ်သည်။





ကိုဇေ ခံစားနေရတာကိုလည်း မှားနေပြီလို့ မဆိုသာပေ။ မျက် ည်လည်ရွှဲနဲ့ စိတ်ဆင်းရဲ အရှက်ရနေရှာတာက ကိုယ့်သမီး ..။

"ဘာတွေစဉ်းစားနေတာလဲ မှု၊ သမီးကို ဒီစကားတွေ သွား ပြောပါနဲ့ .. ပြန်ခေါ်ဖို့လည်း စကားမဟပါနဲ့၊ ငါ တောင်းပန်တာပါ၊ သမီးက နေရာဖယ်ပေးလိုက်သလို လုပ်သွားတာနဲ့ တစ်ယောက် နေရာဝင်ယူမှာပဲ၊ သမီးကလွဲပြီး တို့ ဘယ်သူ့ကိုမှ သမီးလို သဘော ထားနိုင်ဖို့ မလွယ်ဘူး၊ သားလည်း သူ့မိန်းမကလွဲပြီး နောက်တစ် ယောက်ကို မချစ်နိုင်ဘူးဆိုတာ မျက်နှာပူပူနဲ့ပဲ တို့ အာမခံပါရစေ၊ အဲဒါ တကယ်ပါ .. ယောက်ျားလေးဘက်က မိန်းကလေးလို အတွေး နက်တဲ့ တချို့နေရာတွေကို နင်လည်း နားလည်မှာပါ"

ဒေါ်နွဲ့မှု မတ်တတ်ရပ်နေရင်း မျက်နှာလွှဲပစ်လိုက်တော့ ပေါ်တီ ကိုအောက်ကို တိုးဝင်ရစ်တန့်သွားသည့်ကားဆီ မျက်လုံးရောက်သွား ခဲ့၏။

ကားပေါ်မှာ ခေတ် နဲ့ သူငယ်ချင်းသုံးယောက်။

အားလုံးထဲမှာ လည်တစ်စေ့ရှုပ်လက်ရှည်နှင့် ဆံပင်တွေ ပခုံး ထွန်အောင်ရှည်သော သည်ခေတ်ရှူ က ထင်းနေသည်။

ဝင်းမှုန်နေသည့်မျက်နှာမှာ မကျေနပ်သော နှုတ်ခမ်းတွေ တင်း တင်းစေ့ထားပုံကြောင့် ပိုကြည့်ကောင်းသည်။ ပြုံးရယ်နေလျှင် လူငယ် သီ ချောမွေ့နေတတ်သော်လည်း တင်းနေသည့်အချိန်မှာ လူကြီးဆန် နေသလိုလို .. ရင့်ရော်သွားသလိုလို။

ကားပေါ်ကဆင်းလာကြတဲ့အထိ အားလုံးထက် ခေါင်းတစ်လုံး စာလောက် ကျော်နေသော မြင့်မြင့်မားမားပုံစံက သည်ခေတ်လူ ဆို တာ လက်ညှိုးထိုးပြဖို့ မလိုပေ ..။

ကိုယ့်ဆီ တန်းခနဲကြည့်လာသော မျက်လုံးတွေကြောင့် ဒေါ်နွဲ့မှု မျက်နှာလွှဲပစ်လိုက်ရသော်လည်း ခြေလှမ်းတွေက ဘယ်ကိုဦးတည်



www.burmeseclassic.com

www.burmeseclassic.com



လာမည်ဆိုတာကို သိနေခဲ့၏။

"အန်တီမူ ကျွန်တော်တို့ကိစ္စကြောင့် လာတာလား"

"ဟုတ်တယ် သား၊ သူက သမီးရှင်ပဲ .. သူ့သမီးအတွက် ရောက် လာတာပေါ့၊ မင်းရဲ့ နွယ်တညို သာ သူ့မိဘကို ဘယ်လို ဘယ်အချိန် ကျမှ ခေါ်မှာလဲ၊ အဲဒါ မေး .."

"မေးဖို့မလိုဘူး မာမီ၊ ကျွန်တော့်ကို 'မင်းရဲ့ နွယ်တညို' ဆိုတဲ့ စကားမျိုးလည်း မပြောပါနဲ့၊ အားလုံးက မထင်မှတ်ဘဲ ဖြစ်ကုန်တာပါ"

ဒေါ်ရွှေသဇင် ကတော့ ကိုယ့်သားကိုပဲ ထုရိုက်ပစ်ချင်နေတာဖြစ် ကာ ဒေါ်နွဲ့မူ က မျက်နှာလွှဲနေဆဲ ဖြစ်၏။ အာကာ တို့က အခြေအနေ ကို အကဲခတ်ပြီးမှ ဒေါ်နွဲ့မူ ကို ဦးတည်၍ ...

"ဟုတ်ပါတယ် အန်တီ၊ နွယ်တညို့ အပေါ် ခေတ် ဘက်က ဘယ်လိုသဘောထားတယ်ဆိုတာ ကျွန်တော်တို့ အသိဆုံးပါ၊ ကြံစည် ဖို့အတွက် အခွင့်အရေးစောင့်နေတဲ့သူကတော့ တစ်ချိန်မဟုတ် တစ် ချိန် ဒီအခွင့်အရေးကို အရယူသွားမှာပဲ"

"ကျွန်တော်တို့က ကိုယ့်လူမို့လို့ ဘက်လိုက်ပြောတာ မဟုတ်ပါ ဘူး၊ မူလ ရှေ့မှာ ခေတ် က ဟိုလိုလို ဒီလိုလို ရွဲ့ပြော၊ ထင်သလိုနေတာ မျိုး လုပ်ပြပေမယ့် ဘယ်နေရာမှာဖြစ်ဖြစ် စည်းနဲ့ကမ်းနဲ့ နေတာပါ၊ အဲဒါ ကုမ္ပဏီမှာ တစ်ချက်လောက် နားစွင့်ကြည့်ပါ အန်တီ၊ နွယ်တညို ဘက်က တစ်ဖက်သတ်ဖြစ်ခဲ့တယ်ဆိုတာ အားလုံး ရိပ်မိကြပါတယ်"

ဒေါ်နွဲ့မူ က တစ်ယောက်တစ်မျိုး ဝင်ရှင်းပြနေကြသည့် လူငယ် တွေဆီ ပြန်လှည့်ကြည့်လာပြီး ...

"အခု မင်းတို့ရဲ့သက်သေတွေက ကယ်နိုင်ခဲ့သလား၊ ဒီခြေလှမ်း မျိုးက ကြမ်းပေါက်ကျသလို အသာလေး ပြန်နုတ်လို့ မရဘူး"

"ရမှာပါ .. ရအောင် ကျွန်တော်တို့ ကြိုးစားမှာပါ၊ ဘာဖြစ်လို့လဲ ဆိုတော့ အမှန်တရားက ရှိနေပြီးသား၊ အခြေအနေကို ဘယ်လိုပဲ





ချုပ်တွေးအောင်လုပ်လုပ် သည်းခံနိုင်ရင် ရှင်းလို့ရပါတယ်၊ မူလ နဲ့ ခေတ် ကို ဖြစ်မိဘက စိတ်လိုက်မာန်ပါ ဆွဲထုတ်သွားကြမှာစိုးလို့ ဒီလို ကျွန်တော်တို့ လာရှင်းပြတာပါ၊ အချိန် ခဏလေးပေးပါ အန်တီ၊ လိုအပ်နေတာက အဲဒီညမှာ ဘာတွေဖြစ်ပျက်ခဲ့သလဲ ဆိုတာပါပဲ"

သူတို့ပြောနေကြစဉ် အဝတ်သေတ္တာတစ်ဖက် ဆလင်းဘက်ခ် လေးလွယ်လျက်နှင့် မူလ ထွက်လာတာ မြင်လိုက်ကြ၏။

စကားသံတွေ ရုတ်ခြည်း တိတ်ကျသွားပြီးမှ ထက်မြတ်စိုး က စကားမပြတ် ပြန်စလိုက်ကာ ခေတ် ကို မသိမသာ လက်တို့၏။

ခေတ် သည် မှုန်ကုတ်ကုတ် ဒေါသမကင်းသောမျက်နှာဖြင့် မူလ ရှိရာသို့ ခြေလှမ်းကျဲများနှင့် ရောက်သွားခဲ့ပြီး ...

"အို .. ဘာလုပ်တာလဲ .. ဖယ် .. လွှတ်"

မူလ လက်ကလေးကို တစ်ဖက်ဆွဲ၍ အထဲကို ပြန်ဆွဲချသွား၏။ သမီး ရုန်းရင်းဆန်ခတ် ပြန်ပါသွားတာကို လှမ်းမြင်လိုက်သော်လည်း လင်မယားချင်းမို့ ဒေါ်နွဲ့မူ ဘာမှမတတ်နိုင် ..။

ခက်နေတာက သမီးကလည်း လွန်ခဲ့တာရှိသည်မို့ ..။

"မင်းလည်းလွန်တာပဲလို့ ရှင် ပြောမလို့မို့လား၊ ဖယ်.. လက်ကို.."

အခန်းထဲမဝင်မီခင် အတင်း ခြေကန်ရုန်းကာ မူလ ပြန်အော်မိ သည်။ ခေတ် က အခန်းထဲပဲ မရမက ဆွဲသွင်း၍ တံခါးကို ဒိုင်းခနဲ ပိတ်ပစ်လိုက်၏။

"မင်းကရော .. မင်းနဲ့မဆိုင်ဘူးလို့များ တွက်ထားလိုက်တာ လား၊ ကဲ.. ပြောစမ်းပါ၊ မင်းလုပ်ပုံတွေက နည်းလမ်းကျခဲ့သလား၊ ငါ မင်းအပေါ်မှာ ဘယ်လိုနေနေ ဘာတွေလုပ်လုပ် သည်းခံခဲ့တယ်၊ နေတတ်အောင် နေတယ်၊ မင်းကတော့ အချစ်ခံရတာကိုပဲ မုန်းနေခဲ့တဲ့ မိန်းမ၊ ချစ်နေတဲ့ကောင်ကို တဏှာရူးလို့ထင်ပြီး တခြားမိန်းမနဲ့ ပျော် ပါးစေချင်တဲ့သူ၊ အဲဒါတွေ ဒီလိုဖြစ်လာတာ မင်းဖြစ်စေချင်တဲ့အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



မဲလေး၊ ထားလိုက်တော့ .. ဖြစ်စေချင်တာတွေ ဖြစ်သွားပြီးပြီ၊ ဒါပေမယ့် ဖျက်ခွင့်မပေးနိုင်ဘူး မူလ၊ မင်း ဒီကနေ တစ်လှမ်းမှ ရွှေ့ဖို့ စိတ်မကူးနဲ့"

"ကျွန်မဘက်က မြောစရာဖြစ်ခဲ့လို့ ရှင် ဒါကိုပဲ မကျေမချမ်းဖြစ်နေတာ ကျွန်မ သိတယ်၊ ဒါပေမယ့် ရှင်းခွင့်မသာခဲ့တဲ့ ကျွန်မအဖြစ်တွေထဲမှာ အမှန်တရားရှိတယ်၊ အဲဒါက ရှင် ဖွပ်စွဲနေသလို ကျွန်မ မလုပ်ခဲ့ဘူး၊ နွယ် ကို ကျွန်မ တကယ်ခေါ်ခဲ့တာ မဟုတ်ဘူး၊ ဒီအမှန်တရားကြောင့် ခုလို ကျွန်မ ဆုံးဖြတ်ရတာ၊ အမှားတစ်ခုပေါ်မှာ စီးမျောပြီး ပျော်ဝင်လွယ်တဲ့ယောက်ျားမျိုး ကျွန်မ အထင်မကြီးဘူး သည်ခေတ်လူ၊ နွယ့် ကို ရှင် တကယ်ချစ်ချစ်မချစ်ချစ်၊ ဘာကြောင့်မှားခဲ့ရပါတယ်ဆိုဆို ဒါက ခွင့်လွှတ်သင့်တဲ့အမှား မဟုတ်ဘူး"

သူ့ရင်သွေးကို လွယ်ထားရပြီမို့လို့ ပိုပြီး ရင်နာသည်။ ကိုယ့်ဘက်က အရာရာကို ဖြည့်ဆည်းမပေးနိုင်သလောက် သူကတော့ ကိုယ့်ကို ငဲ့ညှာရာတယ်ဆိုသည့် အတွေးလေးတစ်ချက်နှင့် သူ့ဆန္ဒအတိုင်း လိုက်လျောဖို့ ဆုံးဖြတ်ခဲ့၏။

ခုတော့ ကိုယ့်မှာသာ ကိုယ်ဝန်တစ်လုံး အဖတ်တင်သွားသည်။ သူတို့ဘက်မှာ ဖြေရာရှာတော့ လွယ်လွယ်လေး ..။

တွေးလိုက်မိတာနှင့် မျက်ရည်တွေ ချက်ချင်းဝေ့တက်၏။ ညို က ခေါင်းတခါခါ .. သက်ပြင်းတချချနှင့် မှတ်ချက်ချသေးသည်။

"အဲဒါ နင် သူ့ကိုချစ်နေတာပဲ မူလ" တဲ့။

အလုပ်လုပ်နေရင်း ငေး၊ ဘယ်သူတွေ ရယ်မောကျေနပ်နေကြပါစေ သူမ မျက်ရည်ဝေ့ရင်း တွေး ..။

"ခုတော့ ဒီအလုပ်တွေထဲမှာ နင် မပျော်တော့ဘူးမို့လား" လို့ ညို ထပ်မေးတော့လည်း ပြန်မဖြေနိုင်ခဲ့ပေ။

ဒါတွေက အိပ်မက်မဟုတ်ဘူးဆိုတာပဲ အထပ်ထပ်တွေးရင်း





ချောက်ချားနေခဲ့သည်။ ကြာတော့လည်း သည်မီးကြောင့် ပူလောင်ရခြင်းကို မခံစားနိုင်တော့။

"ကျွန်မကို မတားပါနဲ့ .. ဖြစ်လာတဲ့အခြေအနေက ဒီတိုင်း ဆုံးဖြတ်ဖို့ပဲ ရှိတော့တာ၊ မိန်းမသားနှစ်ယောက်ရင်ထဲက သောကတွေကို တစ်ဖက်စီထားပြီး ရှင် ပျော်နေပေမယ့် .."

"မင်း တော်တော့နော်"

ခေတ် မူလ ပခုံးလေးတစ်ဖက်ကို ဖိဆုပ်ပစ်လိုက်ပြီး အော်သည်။

"မင်းကို လက်ထပ်ထားပြီးကတည်းက ငါ့ရင်ထဲမှာ ပျော်ခဲ့ရတယ်ဆိုတာ မရှိသေးဘူး၊ ငါပျော်အောင် မင်း ဘာတွေပေးခဲ့ဖူးသလဲ၊ မင်းဆီက ငါရခဲ့တာ ဘာရှိသလဲ၊ မင်းစကားကို ပြန်တွေးကြည့်"

"ရှင်လိုချင်တာ အလွယ်တကူ မရနိုင်ဘူးဆိုတာ ရှင် သိထားခဲ့တာပဲ ခေတ်၊ အဲဒါကို ဘာဖြစ်လို့ အထပ်ထပ်ရစ်နေတာလဲ၊ ရှင်နဲ့ ကျွန်မ အခု ပြောဖို့ရှိတာ အဲဒါတွေ မဟုတ်ဘူး"

"ဒါဆို ပြောမယ် .. မင်းကို ငါ လုံးဝ ကွာရှင်းမပေးဘူး၊ ဒီကနေ သွားခွင့်မပြုဘူး .. ရှင်းရဲ့လား"

"ဟင့်အင်း"

တံခါးလှည့်ဖွင့်သည့် သူ့အားကို ရောက်အောင်တိုးကာ မူလ အပြင်ကို လုထွက်ဖို့ ကြိုးစားသည်။ သူ အပြင်ထွက်လိုက်တာနှင့် တိုယ့်ကို အခန်းတံခါးပိတ်ထားခဲ့မှာကို သိနေ၏။

သို့သော်...

"မင်းကို ပြောပြီးသားနော် မူလ၊ မကြိုးစားနဲ့"

"အား!..."

လက်မောင်းလေးကို ဆောင့်ဆွဲဖယ်လိုက်ပြီးမှ မူလ ပက်ခနဲ လန်ကျသွားတော့ ပြန်ဖက်ထားမိကာ ...

"မင်းကို မစွန့်လွှတ်နိုင်ဘူး၊ ဘာအကြောင်းပဲရှိရှိ မင်းကို ငါ



www.burmeseclassic.com

www.burmeseclassic.com



ဆုံးရှုံးမခံနိုင်ဘူး .. အမိကအကြောင်းရင်းက ဒါပါပဲ၊ အခု မင်းမှာ အပြစ်ရှိခဲ့တဲ့အတွက် ပိုပြီးပေးဆပ်သင့်တာပေါ့ .. မဟုတ်ဘူးလား၊ ဒီအိမ်ထောင်ရေး မပြိုကွဲအောင် တားဆီးဖို့အတွက် မင်းနဲ့ငါ နှစ်ယောက်လုံး ထိခိုက်ရှနာတွေတော့ ဖြစ်ကြမှာပဲ၊ သည်းခံနိုင်အောင် မင်း ကြိုးစား"

"ရှင့်ကို မုန်းတယ် သိလား"

"မင်းကို ငါ မမုန်းဘူး၊ ဒါပေမယ့် နာကျင်နေတာ ပိုဆိုးတယ်"

"မုန်းပစ်လိုက်ပါ .. စိတ်နာလိုက်စမ်းပါ သည်ခေတ်လူ၊ အဲဒါမှ ရှင်နဲ့ ကျွန်မအတွက် အားလုံး ကောင်းသွားမှာ"

သူ မဲ့ပစ်လိုက်သည်။ ပြီးတော့ အခန်းပြင်ထွက်လိုက်ကာ တံခါးကို အသေဆွဲပိတ်ပစ်လိုက်၏။

ချစ်ခြင်းနဲ့ နာကျင်ခြင်းနှစ်ရပ်တို့၏ တွန်းကန်အားများကြောင့် နာမွန်ခြင်း၊ လည်ချောင်းတွေကျပ်ခဲလာခြင်း စသည့် ငိုချင်နေသော ခံစားချက်တွေ ဖြစ်လာသည်။

ယောကျ်ားဆိုသည့် ရှုက်စိတ်နှင့် အံကြိတ် တင်းထားခဲ့ပေမယ့် မျက်လုံးတွေပါ ပူပြင်းစိုစွတ်လာခဲ့၏။

မင်းကိုပဲ ချစ်တယ် မူလ ရယ် .. မင်းကို ဘယ်သူ့မှ မပေးနိုင်ဘူး၊ ဘာကြောင့်မှလည်း ဆုံးရှုံးမခံနိုင်လို့ပါ ..။

အခန်းရှေ့မှာ ကြာရှည်စွာရပ်နေရင်း မလှမ်းမကမ်းမှာ မူလ လက်ထဲက လွတ်ကျကျန်ရစ်သည့် အဝတ်သေတ္တာလေးကို ငေးနေမိသည်။

ကြားနေရသည့် ရှိုက်သံတို့နှင့်ဝေးအောင် ရှေ့ကို တိုးလျှောက်ခဲ့ရင်း အဝတ်သေတ္တာလေးကို ကောက်ယူလိုက်မိသည်။ ပြီးတော့ ...

"နုနု .."

"ရှင် .."





အသံကျယ်ကျယ်နှင့် တစ်ခွန်းပဲခေါ်လိုက်သည်။ အသံနှင့် မရှေးမနှောင်းမှာ လူရောက်လာ၏။

"ဒီသေတ္တာကို အပေါ်ထပ်က အိပ်ခန်းထဲမှာ သွားထည့်ထားလိုက်"

"ဟုတ်ကဲ့"

"ပြီးရင် ဘာမှမလုပ်နဲ့တော့၊ ဟိုအခန်းရှေ့မှာ ခုံတစ်လုံးချပြီး စောင့်နေ .. နင်ရှိနေတာကို အသံပေး၊ သူ လိုအပ်တာ အားလုံး လုပ်ပေးလိုက်၊ အေး .. သူမရှိတော့ဘူးဆိုရင်တော့ နင့်ကို နုပ်နုပ်စဉ်းပြီး အဝတ်လျှော်စက်ထဲ ထည့်ပစ်မယ်"

နုနု ခေါင်းမမော့ရဲဘဲ တွင်တွင်ညိတ်နေသည်။ ပြီးတာနှင့် လှစ်ခနဲ ပျောက်သွား၏။

သူ့လုပ်ရပ်တွေ ဗီလိန်ဆန်နေပြီလား ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅၇)

"ဗီလိန်က မြင့်နေသေးတယ် ဟောကောင်၊ မင်းလုပ်ပုံက တောဘုရားပွဲမှာ ကတဲ့ အရပ်ပြဇာတ်ထဲက လူကြမ်းလိုပဲ"

"အေးလေကွာ .. ဒီလောက် သေအောင်ချစ်နေပြီးတော့ လုပ်ပုံကိုင်ပုံက ပြန်ပေးသမားလိုလို၊ ဓားပြလိုလို..."

အပြစ်တင်နေသံတွေကို ပျော့ပျော့ကြီး နားထောင်ရင်း ခေတ်မျက်နှာ စားပွဲနဲ့ထိမတတ် စိုက်ကျနေ၏။

ခါတိုင်းလိုမဟုတ်ဘဲ နည်းနည်းများသွားတာနှင့် ပိုမူးနေသည်။ အားလုံးကို မေ့သွားမလားလို့ သောက်နေမိကာမှ မူးလာလေ နင့်လာလေ ..။

ချစ်တယ် မူလ ..၊ မင်းကိုပဲ ချစ်ခဲ့တာ၊ မင်းကိုမှ မြတ်နိုးချင်တာ၊ မင်းဆီကမဟုတ်ဘဲ ဘယ်လိုနတ်စည်းစိမ်မျိုးဖြစ်ဖြစ် ဘယ်မိန်းမဆီကမှ ကိုယ် မလိုချင်ဘူး ..။

ချစ်တယ်၊ ကိုယ် အဲဒီလောက် ပက်ပက်စက်စက်ခံစားနေရတာ.. မင်းကို ချစ်လို့ ..၊

"ဟား .. ဖိုးခေတ်"





ယိုင်နဲ့ ပြိုဆင်းသွားသည့်ကိုယ်ကို ကမန်းကတန်း ဖမ်းဆွဲလိုက်ကြပြီး အပြစ်တင်နေကြသည့်စကားသံတွေပါ တိတ်ကျသွားခဲ့၏။

"မင်းတို့ကလည်း ဒေါကန်တိုင်း စွတ်ပြောမနေကြနဲ့၊ ဒီကောင် ကြာရင် အသက်ပါ ထွက်သွားလိမ့်မယ်"

"ဖိုးခေတ် .. ဟေ့ကောင် .."

"ဟင် .."

"ဒီမှာ မော့ကြည့်ဦး .. နည်းနည်းထိန်းဦးလေးကွာ၊ ဆိုင်ထဲမှာပဲ ရှိသေးတယ်၊ အိမ်ပြန်မရောက်သေးဘူး"

"ကောင်းတာပေါ့ .. အေ့ .. ကောင်းတယ်၊ ငါ အိမ်ပြန်လည်း ငါ့အတွက် .. အေ့ .. ငါ့အတွက် နေရာမရှိဘူး"

ဆွဲထူထိန်းထားပေးသည့် လက်တွေထဲမှာ ခေတ် က ခေါင်း အနိုင်နိုင်ထူရင်း မှေးစင်းနီရဲနေသည့် မျက်လုံးတွေက မပွင့်တပွင့်။

မနေ့ကမှ ရန်ကုန်ရောက်နေခဲ့သည့် ချစ်မင်းဦး က အာကာ့ကို ဘယ်လိုလုပ်မလဲဆိုသောအကြည့်နှင့် မေးဆတ်၏။

"ဒီကောင် ဘယ်တုန်းကမှ ခြေလှမ်းမှားအောင် သောက်ခဲ့တာ မဟုတ်ဘူး၊ ကျွတ် .. ဘာလုပ်ရမှန်းတောင် မသိတော့ဘူး"

"ဘာမှမလုပ်စ်နဲ့ .. ဘာမှလုပ်ဖို့ မလိုဘူး .. အေ့"

ခေတ် က ကိုင်ထားသည့်လက်တွေကို ဖယ်ချကာ ကိုယ့်ကိုယ်ကိုယ် ထူမတ်ဖို့ ကြိုးစား၏။

"အိမ်မှာ ငါ .. ငါ မမြင်ချင်တဲ့မျက်နှာ ရှိတယ်၊ မြင်ချင်တဲ့ .. အေ့ .. မြင်ချင်တဲ့မျက်နှာကျတော့ ငါ မကြည့်ရဲဘူး၊ အရမ်းကို ရက်စက်တယ်ကွာ .. မူလ ဆိုတဲ့မိန်းမ .. အဲဒီမိန်းမမျိုး မင်းတို့ မြင်ဖူးလား .. အေ့ .. ငါ့ကို တခြားမိန်းမနဲ့နေတော့ ဆိုပြီး .."

"ခေတ် .. ဟေ့ကောင် .. တိုးတိုးပြော .."

"ငါ တိုးတိုးလေးပြောနေတာပဲ၊ ရင်ထဲက စကားတွေလေ .."





www.burmeseclassic.com

www.burmeseclassic.com



ရင်ဘတ်ကိုပုတ်ပြီး မော့လာတော့ မျက်ရည်ဝေ့နေသည့် မျက်ဝန်းတွေကြောင့် အားလုံး ရှုံ့မဲ့ ခေါင်းခါသွားကြ၏။

"ငါ ဘယ်လောက်ချစ်ခဲ့သလဲ၊ သူမှသူ ဖြစ်နေတဲ့ကောင်ကို လုပ်ရက်တယ်ကွာ .."

"သူ့ဝါသနာပါတာကို မင်း မရှုစိမ့်နိုင်ဘဲ ခဏခဏရန်ဖြစ်နေကြတာကိုး၊ မင်းကို ငါတို့ သတိပေးသားပဲ"

"မဟုတ်ဘူး .. အဲဒီအပိုင်းကို အဲဒါကို ငါ လျှော့ပေးထားခဲ့တယ်၊ မင်းတို့ထင်သလို မဟုတ်ဘူး အာကာ၊ သူ ငါ့ကို မေတ္တာစိတ်လေး တစ်စိုးတစ်စိတောင် မရှိခဲ့တာ၊ အော် .. နည်းနည်းလေးမှ မချစ်နိုင်လို့ ငါ့ကို .. ငါ့ကို .. ဟိုမိန်းမနဲ့ .."

"အေး .. မင်း ခုလို သောက်စားမိလို့ အမှားကြီး မှားခဲ့ပြီးပြီမို့လား၊ ခုထိ ဆင်ခြင်ဖို့ သတိမရဘူး"

"ဘာ .. ဘာပြောတယ် ချစ်မင်းဦး၊ ငါ .. ငါ မှားခဲ့တယ် ဟုတ်လား .. ငါ မမှားဘူး၊ ငါ အဲဒီမိန်းမကို ဘာမှမလုပ်ဘူး၊ တောက် .. ဘယ်လိုငြင်းငြင်း ငါ .. ငါ သူဖြစ်စေချင်တဲ့အတိုင်းပဲ ဖြစ်ရတော့မှာ"

အရက်တွေဝင်ထားသည့်မျက်နှာမှာ နီရဲသိုပုပ်လာခဲ့ပြီး မျက်ရည်တွေက ပြည့်ပြည့်သိပ်သိပ် ဖြစ်လာ၏။

တက်ခေါက်ပြီး ငုံ့ချလိုက်တော့ မျက်ရည်စက်တွေဖြစ်ကာ ပါးပြင်ထက်သို့ ဖြတ်ဆင်းသွားကြ၏။

"သူ ဒီတိုင်းပဲဖြစ်သွားစေချင်တာ၊ ငါ့ကို သူ့ဘေးမှာ ငါ မရှိရင် ပျော်နေမှာ"

"မင်းကိုက မူလ ကို တစ်ချိန်လုံး အမြင်လွဲနေတာပါကွာ၊ မင်း ဒီလိုဖြစ်တာကို သူ ပျော်နေတဲ့ပုံ မပေါ်ပါဘူး၊ ပြီးတော့ မူလ ဒီလောက်ထိ စိတ်ဓာတ်မညံ့ဖျင်းဘူးလို့ ငါ ထင်တယ်၊ မင်းကို မချစ်နိုင်တာတစ်ခုတည်းနဲ့ ဒီလိုမျိုး အသိုင်းအဝိုင်းအားလုံး သိက္ခာကျ အရှက်ရ





ဘုန်တာကို လက်ခုပ်တီး ဝမ်းသာနေပါ့မလား"

"ဟုတ်တယ် ခေတ် ရာ .. မင်းရဲ့သံသယတွေ၊ ထင်တာမြင်တာတွေကို လျှော့ပြီး မူလ နဲ့ ပြန်ညှိကြည့်စမ်းပါ"

ခေတ် က ချစ်တယ်လို့ပြောနေပေမယ့် ခေါင်းခါနေတာကို မရပ်ခဲ့ပေ ..။

"မင်း မာနကြီးမနေနဲ့လေ .. အခု နွယ် ကလည်း အပြင်ချည်းပဲ ထွက်နေတယ်ဆို၊ ချစ်မင်းဦး နဲ့လည်း အဝေးပြေးကွင်းနားမှာ တစ်ခါဆုံခဲ့သေးတယ်၊ သူ ဘာတွေကြံစည် အမြတ်ထုတ်မှာလဲ၊ ဘယ်သူမှ မသိနိုင်ဘူး"

ပြောနေရင်း ခေတ် က ပုလင်းလှမ်းကိုင်တော့ ထက်မြတ်စိုးက လက်ကို ပြန်ဆွဲထားလိုက်ပြီး ဆုံးအောင် ဆက်ပြောသည်။

"သူ့မိဘတွေကို သူမသိစေချင်တာက သိသာတယ်၊ အဲဒါ ဘာဖြစ်လို့မှန်း ငါတို့ မသိပေမယ့် မင်းကို ပိုင်ရဖို့အတွက် ဒီနည်းအပြင် မရှိတော့ဘူးဆိုရင် နွယ် က တကယ်မခေါ်ဘူးလို့ ပြောနိုင်မလား၊ ရောက်လာကြလို့ ကိုယ့်ဘက်မှာ ဖိအားနည်းနေရင် မင်း သေပြီ"

"ဟုတ်တယ် .. ဟုတ်တယ်၊ နွယ်တသို မင်းကို ပစ်စလက်ခတ်ကျနေတာ ကြောက်စရာကောင်းတယ်၊ အခု တစ်ချက်မှမနားဘဲ လှုပ်ရှားနေတာ ကြည့် .."

"နေပါဦး .. ဒီမိန်းကလေးက နော်မယ် ဟုတ်ရဲ့လား၊ မင်းတို့ ပြောနေတဲ့စကားတွေအတိုင်းဆို သူ ဖြစ်နေတဲ့ပုံက အရှုးအမူး"

ချစ်မင်းဦး က သေချာ ဘာမှမသိသေးတဲ့ လူ ..။

အာကာ တို့က ပြိုင်တူ ခေါင်းညိတ်လိုက်ကြပြီး ...

"အဲဒီထက် ပိုသေးတယ် ချစ်မင်း၊ နောက်ကီစ္စတွေ မင်း မသိသေးလို့ အံ့သြနေတာ၊ နော်မယ်တောင်မှ ဒေါင်ဒေါင်မြည်တဲ့ [illegible] နော်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့အထင်ပြောရရင် ဒဿဂီရိပဲ မိန်းမဘဝနဲ့ ပြန်ငင်စားတာလား၊ ဒါမှမဟုတ် တာနေ့ာယက္ခများ .."

"မင်းကလည်း တကယ့် ရာဇဝင်ထဲက အချစ်သမားစစ်စစ်ကြီးတွေကို ရိုးရိုးတမ်းတမ်းဘဝ မပြောင်းခိုင်းဘဲနဲ့ နွယ်တညို နဲ့ ထပ်တူပြုပြီး လုံးချင်သလို လုံး .. ပြားချင်သလို ပြား .."

ထက်မြတ်စိုး ပြောချလိုက်မှ အာကာ ခေါင်းကုတ်ပြီး မျက်နှာလွှဲလျက် ...

"သိဘူးကွာ .. ဒီမိန်းမ လွန်လွန်းလို့"

ဟု ခပ်တိုးတိုးပြော၍ ငြိမ်သွား၏။ ချစ်မင်းဦး မရယ်နိုင်ဘဲ သက်ပြင်းခိုးချရင်း တွေးလိုက်မိသည်။

မြင်လိုက်တုန်းကတော့ ဒီကောင်တွေ နွယ်တညို မှ ချောသည်၊ နွယ်တညို မှ ခေတ်မီလှသည်တဲ့၊ ညို့လွန်းသည့်မျက်ဝန်းအစုံကိုလည်း သတိရမိသည်။

သူမက လူပျိုလူလွတ်တွေကို အေးချိတ်ထားပြီး ဘာဖြစ်လို့ ခေတ် ကိုမှ မျက်စိကျရတာလဲ ..။

ခေတ် ကတော့ ဟိုတုန်းကတော့ ရေလိုက်ငါးလိုက် ခပ်ပျော်ပျော်နေတတ်တဲ့ကောင်ပဲ ဖြစ်သည်။ ရည်းစားများတယ် မဆိုသာပေမယ့် ကိုယ်ကကြိုက်တာဆိုလည်း လိုက်သည်။ ကိုယ့်ကိုကြိုက်လို့ ကြည့်ပြီဆိုရင်လည်း ကျေနပ်နေခဲ့သူ ..။

ခုကျမှ ရှေးမူလ ဆိုတဲ့မိန်းမကို အရူးအမူးချစ်သည်တဲ့၊ ဘာကိုချစ်တာလဲ ..၊

ကိုယ့်မျက်စိထဲမှာတော့ သိပ်မဟုတ်လောက်တဲ့ သာမန် မိန်းကလေးတစ်ယောက်ပါ။ အာကာ တို့က တစ်ခါတလေ မြှောက်ပင့်ပြောဖူးသည်တဲ့၊ 'ကိုယ့်ကိုမှမချစ်တာ ပြန်ရှဲ့ပေါ့'၊ 'သူနေသလို ကိုယ်နေလိုက်ပေါ့' ဆိုတာမျိုး ..။





ခေတ် က နွယ့် ကို တွဲခဲ့တာပဲရှိကာ မူလ ကိုသာ မျှော်လင့်နေခြင်းက မပျောက်မပျက် ရှိခဲ့သည်။

သူ တွေးနေတုန်း အာကာ့ စကားသံက ကြားဝင် ကန့်သတ်လိုက်သဖြင့် စိတ်က ပစ္စုပ္ပန်စားသောက်ပွဲလေးဆီမှာ ပြန်ရောက်လာ၏။

"ငါတို့လည်း မှားခဲ့ပါတယ်ကွာ .. ဒီမိန်းမနဲ့မှ တွဲပြဖို့ တိုက်တွန်းခဲ့မိတယ်"

"ဟင် .. မင်းတို့က ဟုတ်လား၊ ဒါနဲ့ ငါတို့ ပြောခဲ့သားပဲဆို.."

ချစ်မင်းဦး ထပ်မေးလိုက်သဖြင့် အာကာ က အပြစ်ရှိသူလို မျက်နှာ ခပ်လွှဲလွှဲနှင့် ...

"အစကတော့ မူလ က ငါတို့ကောင်ကို မကြည်ဘူးဆိုပြီး တင်းသွားကြတာကိုး၊ နောက်ကျမှ နွယ့် အကြောင်းကို အကဲခတ်မိလာတာ၊ ဒီကောင်ကလည်း ရှို့နေတာ ဂိတ်လွန်နေပြီ၊ ငါတို့ထင်တာက မူလနဲ့ ခေတ် တို့ ဒီလောက်ထိ အစွန်းတစ်ဖက်စီကို ရောက်အောင် ပြေးနေကြမှာ မဟုတ်ဘူးလို့လေ"

"အေးလေ .. ခုဟာက ဘယ်သူ့ဘက်ကမှ အလျှော့ပေးမလာဘဲ ဘာမှန်းကိုမသိဘဲနဲ့ ဒီတိုင်းဖြစ်ကုန်ကြတာ"

"မဆိုင်ဘူး .. ဘာမှမဆိုင်ဘူး"

ခေတ် က ခေါင်းထောင်လာပြန်ကာ စားပွဲကို လက်ဝါးနဲ့ ဖျန်းခနဲ ပုတ်၍ ...

"သူက မချစ်တာကို ကြိုးတုပ်ပြီး ချစ်သလားမေးလည်း ဒီမိန်းမက အေ့ .. ဆောရီးလို့ပဲ ပြောမှာ၊ သူ ဒီတိုင်းပဲ ပြောမှာ .. ငါ သိတယ်၊ ဘုန်း.. အေ့ .. သိပ်ရက်စက်တဲ့ မိန်းမ၊ ငါ သူ့ကို နမ်းလိုက်တိုင်း နမ်းတိုင်းပဲကွာ .. ဘယ်တော့မှ မကြည်ဘူး၊ ငါ့မိန်းမပေမယ့် ငါ .. ငါ့မှာ စားပြတိုက်သလို အတင်းတောင်း .. အတင်းယူ .."

"ကဲ .. လူကြားမကောင်းတော့ဘူး ခေတ်၊ ငါတို့ အိမ်ပြန်ရ



www.burmeseclassic.com

www.burmeseclassic.com



အောင်''

''မပြန်ချင်ဘူး .. မင်းတို့ ဘာမှမစားရသေးဘူးမို့လား၊ စားကြ.. သောက်ကြလေ''

''တော်ပါပြီကွာ .. မင်းကိုလွှတ်မထားဘဲ ငုတ်တုတ်ထိုင်ကြည့်နေတာတောင် ဒီလောက်မျိုချနေတာ .. ကိုယ့်ဘာသာ ဖီလင်ယူနေလိုက်ရင် မင်း ဒီမှာပဲ အရက်နဲ့အတူတူ ပျော်ကျသွားနိုင်တယ်''

''အဟွန်း ..''

''အေးပါ .. မင်း ရယ်ပါ၊ ပြီးရင် ပြန်ဖို့ ..''

အာကာ စကားမဆုံးခင် မျက်လုံးက တစ်နေရာမှာ စူးစိုက်ရင်း ရပ်တန့်သွား၏။ ထက်မြတ်စိုး က ရိပ်မိလိုက်သဖြင့် ချက်ချင်း လှည့်ကြည့်၏။

မော်ဒန်စိမ်းရောင် ခါးရှည်ကိုယ်ကျပ်နှင့် စတော့ကင်အရှည် အနက်ကို ဝတ်ထားသည်။

အနက်နဲ့အစိမ်း ရစ်ထားသော ခါးပတ်ပြားကြီးက ထင်းနေကာ သေးကျဉ်သောခါးအလှနှင့် တင်းပြည့်သည့် ကိုယ်ဟန်အလှကို ကောက်ကြောင်းဆွဲပြထားသည့်အတိုင်း။

ထို့ပြင် ဆံပင်ရှည်တွေကို ရှေ့တစ်ပြင်လုံးသိမ်း၍ နောက်က ဆံပင်ရှည်တွေပေါ်မှာ ကျစ်ဆံမြီးသေးသေးလေးတွေအဖြစ် သိမ်းကပ်တင်ထားသေးသည်။

ထိုဆံပင်တွေပေါ်မှာမှ ရောင်စုံ[illegible]ပန်းလေးတွေ အကွက်ကျကျ ထိုးထားတာ ပန်းမှုန်လေးတွေ ကြဲထားတာနှင့်တူနေ၏။

သူမ တော်တော်လှပါသည်။ မူလ ရဲ့သူငယ်ချင်းအဖြစ် ဦးဆုံးရောက်လာသည့် ဝတ်စားပုံမျိုး သူမကိုယ်ပေါ်မှာ နောက်ထပ် မတွေ့ရတော့ပေမယ့် ဘာဝတ်ဝတ် လှသည်။

အမြဲတမ်း ကာလာတွေရင့်နေတတ်သည့် မျက်ဝန်းတွေက ညို့





ဝှမ်း၏။

သုံးယောက်စလုံး ငေးခနဲဖြစ်သွားကြပြီးမှ အာကာ နေရာမှ ရပ်ကာ သူမ လျှောက်ဝင်လာသည့် ရှေ့ကနေ ပိတ်ရပ်လိုက်၏။

''ဘာလုပ်မလို့လဲ''

''အစ်ကို့ဆီ သွားမလို့လေ .. ယူတို့က ဒီမေးခွန်းမျိုး မမေးသင့်ဘူး ထင်တယ်၊ အစ်ကိုက နှယ် နဲ့ လက်မထပ်ရသေးပေမယ့် လူသိရှင်ကြား ပတ်သက်မှု ရှိထားတဲ့သူ''

''လူသိရှင်ကြားဖြစ်တိုင်း ခေတ် ကို မင်းယောကျ်ားအဖြစ် သတ်မှတ်ခွင့်မရှိဘူး နှယ် .. သူလည်း မင်းကို အလိုမရှိဘူး၊ စိတ်ဆင်းရဲစရာတွေ ဖြစ်ကုန်အောင် မလုပ်ချင်ပါနဲ့''

''ဘာတွေလာပြောနေတာလဲ .. နှယ် တို့က တစ်အိမ်တည်းနေကြတဲ့သူတွေ၊ အခု သူ့ကို ပြန်ခေါ်သွားမှာ .. ဘာသဘာဝမကျတာ ရှိလို့လဲ''

နှစ်ယောက်သား ဟုပ်ဆီးတိုးသလိုဖြစ်နေကြစဉ် ချစ်မင်းဦး က အနားရောက်လာကာ ...

''ဟုတ်ပါတယ် .. သူ ခေါ်သွားမယ်ဆိုလည်း ငါတို့ ပို့ရ သက်သာတာပေါ့၊ ခေတ် က လိုက်မယ်ဆို ပြီးတာပဲ''

အဓိပ္ပာယ်ပါသည့် အကြည့်တစ်ချက်နှင့် အာကာ ကို စိုက်ကြည့်ပြီး ချစ်မင်းဦး က တိုက်တွန်းသည်။

အာကာ က နားလည်သွားကာ ...

''ပြီးရောလေ .. သူ လိုက်မယ်ဆို ခေါ်သွား၊ မင်း ဒီတစ်ခါ ကိုယ်အိမ်ကိုမှ ခဏတစ်ဖြုတ် မဝင်ဖြစ်လောက်ဘူးလို့ ထင်ပါတယ်''

''ဟွန်း ..''

နှယ့် မျက်နှာက တစ်ချက်လေးမှ ပြောင်းလဲမသွားဘဲ သွားတန်းလေးပေါ်အောင် ရယ်လိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဝင်ရအောင် နွယ် နဲ့ အသိမိတ်ဆွေ ဘယ်သူရှိလို့လဲ ကိုအာကာ၊ ရှင်တို့တွေ .. ရှင်တို့ရဲ့အသိုင်းအဝိုင်းတွေပဲ နွယ်တသို ကိုရှေးမူလ လို့ ထင်သွားကြတာပါ"

ပြောပြီး လှုပ်လှုပ်လှဲ့ လျှောက်ထွက်သွား၏။ အာကာ နဲ့ ချစ်မင်းဦး မျက်လုံးချင်းဆုံလိုက်ရင်း ပြုံင်တူ ခေါင်းညိတ်၏။

ထက်မြတ်စိုး က နွယ် ရောက်လာတာကို မော့ကြည့်ပြီး မျက်နှာတင်းသွား၏။

နောက်ကကောင်တွေကို လှည့်ကြည့်လိုက်တော့ မျက်နှာရိပ် မျက်နှာကဲနှင့် ဘာတွေပြောနေကြမှန်း နားမလည်သော်လည်း ...

"အိမ်ပြန်ရအောင် အစ်ကို"

'အစ်ကို'လို့ ခေါ်သံက လေသံမှုသာဖြစ်ကာ ဖန်ခွက်ကို ဆုပ်ကိုင်ထားဆဲ ခေတ် ရဲ့လက်ကို နွယ် က ညင်ညင်သာသာလေး ဖြေယူသည်။

ပြီးတော့ လက်မောင်းတစ်ဖက်ကို ဖွဖွလေးဆုပ်ကိုင်လိုက်ပြီး ခေါင်းငိုက်စိုက်နှင့်ကိုယ်ကြီးကို တွဲထူဖို့ ကြိုးစား၏။

"ဟင် .. ဘယ်သူလဲ"

ခေတ် က မျက်နှာမော့လာပြီး မေးစင်းသည့်မျက်လုံးတွေနှင့် ကြည့်၏။

မေးလိုက်တာကို နွယ် က ထပ်မဖြေဘဲ လက်မောင်းအောက်ကို ခေါင်းလျှိုဝင်ကာ ဘ..ခါးကို ဖက်ထားလိုက်၏။

"ဘယ်သူလဲ .. မင်း ..."

မျက်လုံးတွေကို ဖိမှိတ်ပစ်ရုံ အားမရဘဲ လက်နဲ့ပွတ်ပစ်လိုက်၏၊ ပြီးတော့ နွယ့် လက်ကို ဖိအုပ်ကိုင်လိုက်ကာ ...

"နွယ်ဘ...ို .. မင်းပဲ"

လေသံက ချက်ချင်း မာသွားသည်။





ထို့နောက် ပျော့တိပျော့ခွေပုံ ပေါက်နေသည့်ကိုယ်က သူ့မ ပခုံးမှာ တင်နေသည့်လက်ကို ပြန်ရုပ်၍ တွန်းပစ်လိုက်တဲ့အထိ သွက်...က်မြန်ဆန်လျက် ...

"သွား .. သွား .. မင်း ငါ့ကိုမထိနဲ့၊ ဘာလာလုပ်တာလဲ ဒီကို.. ...း .. မလိုရာ ရှာတယ်ကွာ ..၊ ကျွတ် .. ငါ မင်းကို မမြင်ချင်လို့ ဒီ...က်နေတာ မသိဘူးလား၊ သွား .. ငါ့နား ဘယ်တော့မှ မလာနဲ့"

သီးသန့်စားသောက်ခန်းပေမယ့် လုံးဝ မမြင်ကွယ်ရာတော့ ...ဘ်ပေ။ မှန်တစ်ဝက်နှင့် ခရုပုတီးတွေ တွဲလွဲချထားသော အခန်း...ယ် ဖြစ်သည်။

အသံကျယ်လျှင် သူများကြားနိုင်သလို အထဲကလှုပ်ရှားမှုတွေကို ...ြင်ကနေ အနည်းအကျဉ်းတော့ အကဲခတ်လို့ ရနိုင်၏။

ခေတ် နဲ့ ဝိုင်းရံသလို ရပ်နေကြသည့် ယောက်ျားတို့အလယ် ... မောင်းထုတ်ခံနေရသည့်အဖြစ်နှင့် နွယ့် မျက်နှာလေး ရဲတွတ်...၏။

ထက်မြတ်စိုး က ထိုင်ရာကနေ ထရပ်လိုက်ပြီဖြစ်ကာ အာကာ ...နှစ်ယောက် သူ့မဘေးကို ရောက်လာကြတော့ တြိဂံပုံ သုံးယောက်...ယ်မှာ သူ့မ ..၊

"ပုံစံကြည့်ရတာ ဖိုးခေတ် က ဘယ်လောက်မူးမူး သတိမှမလစ်... ကိုယ့်မိန်းမနဲ့ တခြားမိန်းမ မှားပြီး ဇော်ကားမိလောက်အောင် ...ာင် ဖြစ်စရာရှိသလား .. မင်း ဘယ်လိုထင်လဲ အာကာ၊ ဖိုးခေတ် ...က်ပိုမူးတာမျိုး ရှိဖူးလို့လား"

"ဒီထက်ပိုမူးရင်လည်း အကောင်လိုက် သင်္ဂြိုဟ်စက်ထဲ ကောက်...ည့်ရုံပဲ ရှိတော့တယ်၊ ခေါင်းလည်း မထူနိုင်၊ စကားလည်း မပြောနိုင်...ဘူး"

အချင်းချင်း မေးသလိုနှင့် အတိုင်အဖောက်ညီနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



နွယ် အံကြိတ်ထားရင်း မျက်လုံးဝေ့လာ၏။ ပြီးတော့ နေရာ
ချာခနဲလှည့် ထွက်သွားလေသည်။

"ယောက်ျားတွေဘ၀ကလည်း ရင်နာဖို့တော့ ကောင်းသားကွ"

အာကာ က စကားပြန်စပြီး ခေတ် ရဲ့ဘေးမှာ ဝင်ထိုင်သည်
အားလုံးပဲ နေရာမှာ အသီးသီး ဝင်ထိုင်ကြပြီးမှ ...

"မိန်းမတစ်ယောက်နဲ့ အခန်းထဲမှာ အတူ(?)ကိပ်မိပြီး လူ(?)
ကြား ဖြစ်သွားရင် ဘ၀ဆုံးရပြီ၊ လူပျိုဆိုရင် ပေ(?)ေသးဘာပေါ့၊
ကောင့်လိုဆို ကြည့်ပါဦး"

"ဒါကတော့ အဖြစ်အပျက် အခြေအနေတွေက အမျိုးမျိုး ရှိ
တတ်တာကိုး၊ မင်းတစ်ယောက်တည်း တွေးနေလို့ပါ"

ချစ်မင်းဦး က ဖြေသိမ့်၍ ပြော၏။

ဘာပဲဖြစ်ဖြစ် ယောက်ျားဘက်မှာရော ပိန်းကလေးအတွက်ေ(?)
ဒါက အတူတူ ဘ၀ပျက်ခြင်း ...။





## အခန်း (၁၈)

"နုနု .. ဟေ့ .. နုနု ဘယ်သွားနေလဲ .. နုနု .."

"ဟိတ်ကောင် .. မင်း ဘာကောင်လဲ"

"သား .."

မိဘနှစ်ပါးအနား ရောက်လာပေမယ့် ဦးထွန်းမင်း က လက်သီး
(?)က်မောင်းတန်းလျက်ဖြစ်ကာ ဒေါ်ရွှေသဇင် ပြေးလွှားပါလာပြီး
(?)က်ကိုဆွဲလိုက်သည်နှင့် တက်တစ်ချက် ခေါက်၍ ...

"မင့်သားကို မင်း ရအောင်ထိန်း၊ နောက်ထပ် ဒီအသံမျိုး ကြား
(?)ရင် ငါ ညှာမှာမဟုတ်ဘူး"

ဟု ကြိမ်းဝါးရင်း လှည့်ထွက်သွား၏။ ခေတ် က နံရံမှာ ပခုံး
ခေါင်းနှင့် မှီနေကာ ...

"ကျွန်တော် နုနု ကို ဒီနားမှာထားခဲ့တာ၊ ဒီမှာပဲနေလို့ ပြောခဲ့တာ
အခု ဘယ်ရောက်သွားတာလဲ"

"မင်း တော်တော်ခက်ပါလား သား .. ဟင်၊ ထင်သလို နေ
(?)ငံရာတွေ လုပ်"

"ဒီမိန်းမ ရှိနေသရွေ့ ကျွန်တော် ထွက်နေမှာပဲ မာမီ"



www.burmeseclassic.com

www.burmeseclassic.com



အာလေးလျှာလေးနှင့် ဆံပင်တွေကို လက်တစ်ဖက်နဲ့ ဆွဲဖွရင်း ထိုလက်ကိုခါချလိုက်ပြန်ကာ ...

"နွယ်တညို ဆိုတဲ့မိန်းမကို မာမီ ဘာဖြစ်လို့ လက်ခံထားတာလဲ"

"မင်း မူးနေရင် ကိုယ့်အိပ်ခန်းကို ဝင်အိပ်တော့ သား၊ မင်းဒက်ဒီ စိတ်တိုနေတယ်နော်"

"ကျွန်တော်လည်း ပျော်နေလို့လား မာမီ၊ စိတ်ညစ်လို့ သောက်လာတာ၊ တအားမျိုချလာခဲ့တာ .. အဲဒီမိန်းမကြောင့်"

"အဲဒီမိန်းမနဲ့ မကောင်းရှင်းစရာတွေ မင်း လုပ်ခဲ့တာပဲမို့လား၊ ပါးစပ်ပိတ်ထားစမ်း ခေတ်၊ မင်းကို ဖအေနဲ့ ရင်ဆိုင်မိမှာစိုးလို့ မာမီ ဝင်ထိန်းနေတာ၊ ကျေနပ်နေလွန်းလို့ မထင်နဲ့ .. အားလုံးအတွက် အပြစ်ရှိတာ မင်းပဲ"

"ဟား!.. မာမီရာ .."

ညဉ့်နက်နေကာမှ ခေတ်ရဲ့အသံက တစ်လုံးချင်း ဟိန်းထွက်နေ၏။ ပြီးတော့ ဘာကိုသတိရသွားမှန်းမသိဘဲ ပိတ်ထားသည့်တံခါးကို လှည့်ကြည့်ပြီး လက်နဲ့ထုကာ ...

"အထဲမှာ မူလ မရှိတော့ဘူးလား၊ မာမီတို့ တလွဲထင်နေတာတွေကြောင့် သူ့ကို ရှင်းပြလို့မရတာ၊ အခု သူ ထွက်သွားပြီမို့လား၊ မူလ ဟော့.."

"သား .. မင်း ပြောနေတာ ကြားလား"

"မူလ .. ဟော့ .. တောက် .. အဲဒါကြောင့် နုနု ကို ဒီရေ့မှာထားခဲ့တာ၊ ခုတော့ .."

"မူလ ရှိတယ်၊ မူလနဲ့ မာမီ အားလုံးပြောဆိုပြီးပြီ၊ ဒီပြဿနာတွေ ရှင်းသွားတဲ့အချိန်ထိ သူရှိနေမှာ၊ ပြီးသွားရင်သာ သူ့သဘောကျ မင်း လိုက်လျောပေးဖို့ ပြင်ထား"

"ဟာ!... မယုံဘူး၊ ဟော့ .. မူလ .. မင်း အသံပေးနော်၊ မင်းရှိနေ





တယ်ဆိုတာ အသံပေး၊ မဟုတ်ရင် ငါ မင်းအိမ်ထိ လိုက်ဆွဲချမှာ၊ ချစ်လွန်းလို့တော့ မထင်နဲ့ .. အဲဒါ အပြစ်ဒဏ် .."

"မျိုးမစစ်တဲ့ကောင် .. လာခဲ့စမ်း"

"အို .. ကိုထွန်း .. ကိုထွန်း .. မလုပ်ပါနဲ့"

"ဒက်ဒီ .. ဒက်ဒီ .. မဟုတ်ဘူးနော်၊ ကျွန်တော် ..."

ထိုးကြိတ်လဲပြိုသံများနှင့် ဒေါ်ရွှေသဇင် ၏ ငိုသံတွေက မူလ နားနှစ်ဖက်ထဲမှာ စကြဝဠာကြီးတစ်ခုလုံး တဝုန်းဝုန်း ပြိုကျလာသကဲ့သို့ ရှိ၏။

နားတွေကို လက်နဲ့ဖိပိတ်ရင်း မျက်ရည်စက်တို့ တသောသော ဆင်းကျလာကြသည်။ လက်ထပ်ပြီးသည့်နောက်ပိုင်းကာလများမှ စ၍ သူမ ဘဝပျက်ခဲ့တာလား .. ဘဝပြောင်းသွားတာလား။

ရှေးမူလ ဆိုသော သုတေသနပညာရှင်တစ်ယောက်၏ ကြိုးစားသော .. တော်သော ရိုးသားနူးညံ့သော ခပ်သိမ်းသောကောင်းခြင်းတို့က လက်ထပ်ခြင်းများရဲ့တစ်ဖက်မှာ ဘာဆိုဘာမှ မကျန်ခဲ့တော့ပေ။

နောက်ထပ် ဆုံးရှုံးရခြင်းတစ်ခုသည် သူမထံမှာ အပျော်တွေ ပျောက်ဆုံးသွားခဲ့ခြင်း ...။

"ဒေါက် .. ဒေါက် .."

"... ... ..."

"သမီး တံခါး ခဏလေးဖွင့်ပါဦး သမီးရယ် .."

မြင်လိုက်ရသည့် ဒေါ်ရွှေသဇင် မျက်နှာက မျက်ရည်တွေကြောင့် ငိုနေမှန်းသိထားပါလျက်နှင့် မြင်ရတော့ မကြည့်ရက်နိုင် ...။

"အမေ .."

"သမီးရယ် .."

ဒေါ်ရွှေသဇင် သည် မူလ ရဲ့ပခုံးလေးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်ပြီး တုန်ယင်နေသည့်နှုတ်ခမ်းတို့ကို မချိတရိ ဖိကိုက်၏။ ပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



"ခုလိုမျိုး ဒီအိမ်မှာ ဘယ်တုန်းကမှ မဖြစ်ခဲ့ပါဘူး၊ သားလေးက အရက်သမား လူဆိုးလူပေလေးလည်း မဟုတ်ခဲ့တာ အမှန်ပါ၊ ယုံပါ သမီးရယ် .. သားလေးကို စိတ်ပျက်ပြီး ပြန်မသွားပါနဲ့နော်"

မူလ ခေါင်းညိတ်လိုက်မိဟာ အလွယ်တကူ၊ မိဘတစ်ယောက်ရဲ့ မျက်ရည်ကိုမမြင်ဘူးခဲ့သလို ကိုယ့်မိဘမဟုတ်သည့်တိုင် ကိုယ့်ကြောင့် မျက်ရည်ကျခြင်းလားလို့ တွေးမိလိုက်တာနှင့် တုန်လှုပ်ခြင်းက ဘာမဆို ဖြစ်စေနိုင်၏။

ဒေါ်ရွှေသဇင် ငိုနေရင်းနဲ့ ပြုံးရိပ်ဆင်သည့် နှုတ်ခမ်းများနှင့် ခေါင်းညိတ်ကာ ...

"ကျေးဇူးတင်ပါတယ် သမီးရယ် .. အခုလေ သား သူ့အိပ်ခန်းဝမှာ လဲနေတယ်၊ သူ့ဖအေ ထိုးကြိတ်ထားတဲ့ဒဏ်ရာတွေနဲ့ သွေးတွေနဲ့ ကွယ်၊ မာမီကိုလည်း လာမတွဲရဘူးဆိုပြီး ထလည်းမထဘူး၊ အခန်းတံခါးကို ခြေထောက်နဲ့ကန်ပြီး ပိတ်ပစ်တယ်၊ သူ ခေါင်းထုနိုင်မှာ မဟုတ်ပါဘူး၊ မာမီ့ပုံစံနဲ့ သမီး ခဏလေး ဝင်သွားပေးပါလားဟင်"

"ရှင်!..."

"ကူညီပါ သမီးရယ်၊ သမီး စကားမပြောဘဲနေရင် သူ ရုတ်တရက် မသိပါဘူး၊ အိပ်ရာပေါ် တွဲတင်ပေးရုံပါပဲ"

"ဟင့်အင်း .. မဖြစ်ဘူး အမေ .. သူ သိသွားရင် ..."

"သိသွားလည်း သမီးမှန်းသိရင် သူ ကျေနပ်သွားမှာပါ၊ ဒီအဖြစ်နဲ့ အခွင့်အရေးမယူဘူးဆိုတာ မာမီ ကတိပေးပါတယ်၊ သမီးလေးက ဆရာဝန်တစ်ယောက်ပဲကွယ်၊ အဲကွန်း အမြဲတမ်း အရှိန်ကုန်ဖွင့်ထားတဲ့ အခန်းထဲမှာ ထင်သလို တစ်ညလုံးနေရင် ဘာဖြစ်သွားမလဲ .."

"သူ မူလ ကို စိတ်ဆိုးနေတာ အမေ၊ သူ ဒီလိုဖြစ်ရတာ မူလ ကြောင့်ဆိုပြီး အငြိုးထားနေတာ၊ သူ့နားကို သွားလို့မဖြစ်ဘူး"

မျက်ရည်သုတ်လိုက်ရင်း မူလ က ခေါင်းခါသည်။ ဒေါ်ရွှေသဇင်





က မျက်ရည်တွေကျနေရင်း အထပ်ထပ် တောင်းပန်၏။

နောက်ဆုံး မူလ သူ့အခန်းရှေ့ကို ရောက်လာခဲ့ရသည်။ ဟနေသည့်တံခါးကို တွန်းကြည့်လိုက်တော့ ကြမ်းပေါ်မှာ ခပ်ကွေးကွေးစောင်းနေကာ လှုပ်လှုပ်ရွရွနှင့် ညည်းညူနေ၏။

ထထိုင်ဖို့ ကြိုးစားနေတာလား၊ ဒဏ်ရာတွေကြောင့် လူးလိမ့်ညည်းနေသည်လား။ မြင်လိုက်သည်နှင့် စိုးရိမ်စိတ်တွေဖြစ်သွားကာ မူလ အထဲ ဝင်လိုက်မိသည်။

စိုကပ်ကပ်ဖြစ်နေဆဲ မျက်တောင်ဖျားတို့ကို လက်မောင်းနဲ့ ပင့်သုတ်ပစ်၍ ဖားလျားပြန့်ကျနေသည့်ဆံပင်တွေကို တစ်ပတ်လျှိုဆွဲထုံးပစ်လိုက်၏။

သူ့လက်မောင်းတစ်ဖက်နဲ့ ပခုံးအောက်ကို လက်လျှို၍ ဆွဲထူလိုက်လျှင် သိပ်အားမစိုက်ရဘဲ ကိုယ်လုံးကြီး ကြွပါလာ၏။

"အား .. မာမီ .. မာမီ .. ခဏနေဦး"

ပြန်လဲကျသွားပြီးမှ ပြန်ထသည်။ ပြီးတော့ မော့မလာသည့် မျက်နှာနှင့် ညည်းညူရင်း ...

"ကျွန်တော့်ကို ခုတင်ပေါ်တင်ခဲ့ပြီး မာမီ သွားတော့ဗျာ၊ အ .. ကျွတ် .. ကျွတ် .."

မေးဖျားနဲ့ လက်မောင်းတစ်ဖက်ကို ဖိအုပ်ထားသဖြင့် လက်ပိုက်ထားသလိုရှိကာ သူ့ခါးကိုပါ မူလ သိမ်းကျုံးဖက်၍ တွဲထားရသည်။

အိပ်ရာအနားရောက်တော့ သူ လှဲလို့ရအောင် မျက်နှာချင်းဆိုင်လှည့်ယူပြီးမှ အသာလေး လှဲပေးလိုက်သည်။

"အား!... နာလိုက်တာ .."

နှုတ်ခမ်းထောင့်ကနေ စီးကျနေသည့်သွေးက ခုချိန်ထိ ရပ်သေးပုံမပေါ်။ ထို့ပြင် ပါးရိုးတစ်ဖက်မှာ ညိုရဲလျက် သွေးထွက်နေသလား၊ မထွက်ဘူးလား မသိ ...။



www.burmeseclassic.com

www.burmeseclassic.com



မူလ သတိလက်လွတ် ငုံ့ကြည့်နေပြီးမှ ကိုယ့်ကိုယ်ကိုယ် သတိရကာ နောက်ပြန်လှည့်လိုက်၏။ သို့သော် ...

"အမေ့!..."

လက်ဖဝါးကို ဖတ်ခနဲ ဆုပ်ထားလိုက်သဖြင့် ထိတ်လန့်သွားကာ ငုံ့ကြည့်လိုက်မိသည်။

"မူလ.."

"ဟင့်အင်း .. မဟုတ်ဘူး"

ယောင်မှားပြောမိရင်း ပြန်ရုန်းပေမယ့် မူလ သူ့ရင်ခွင်ထဲကို ပြိုကျသွားခဲ့၏။

"မင်းရဲ့ကိုယ်နံ့ကို ငါ သိတယ်၊ မင်း ကိုယ့်ဆီကိုလာတယ် ဟုတ်လား .. မူလ ရယ်"

"ဟင့်အင်း ...လွှတ် .. လွှတ်နော် .. ရှင် .."

"မင်းကို အရမ်းချစ်တယ်"

"မသိဘူး .. မသိဘူး၊ ရှင့်ကို မုန်းတယ် .. လွှတ် .."

"မလွှတ်နိုင်ဘူး"

တမ်းတမြတ်နိုးသည့်အနမ်းတွေက အခါလွန်မိုးလို ဝုန်းဒိုင်းကြဲသွားခဲ့ပြီး ဝါဆိုမိုးလို စွေ၏။

ထို့နောက် တိတ်ဆိတ်ခြင်းနှင့်အတူ ညက ညဥ့်နက်နက်ထဲကို တိုးဝင်သွားခဲ့၏။

အချစ်များစွာဖြင့် လက်ပစ်ကူး ကျော်ဖြတ်ခဲ့သော ဒီညသည်...။





## အခန်း (၅၉)

ကျင်ရှနွေးထွေးသည့် အထိအတွေ့မှာ ယစ်မူးရင်း မြတ်နိုးမဝနိုင်သည့်တပ်မက်စိတ်နှင့် မူလ ကိုယ်လေးကို အတင်းအကျပ် သိမ်းကျုံးဖက်ထားမိသည်။

ချစ်တဲ့စကားတွေဆိုရင်း သူ ဘယ်လိုပဲ တောင်းပန်နေပေမယ့် အေးစက်စက်တုံ့ပြန်မှုက ဒီထက် ပူနွေးလာတယ် မရှိ။

"မူလ ရယ် .."

သူ နောက်ထပ်နမ်းမလို့ ကြိုးစားမိစဉ် မျက်လုံးတွေက အလင်းရောင်ကြောင့် ကျိန်းစပ်သွားခဲ့၏။

ဟင် ...၊

နောက်ထပ် ပြန်ဖွင့်လိုက်တော့ ခေါင်းရင်းပြတင်းပေါက်ကြားထဲကနေ တိုးဝင်နေသည့် မနက်ခင်းရဲ့လင်းရောင်ခြည် ..။

သူ အိပ်မက်မက်နေတာလား ..။

"အား .. ကျွတ် .. ကျွတ် .."

ဖျတ်ခနဲ ကျုံးထလိုက်တာနှင့် တစ်ကိုယ်လုံးက မခံရပ်နိုင်အောင် နာကျင်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းတွေကို အံကြိတ်ဖိကပ်ထားရင်း ကိုယ့်လက်မောင်းတွေကို ဖိနှိပ်၍ ငုတ်တုတ်ထထိုင်လိုက်သည်။

နာကျင်သည့်ဝေဒနာတွေထက် ရင်ထဲမှာ စွဲကျန်ရစ်တာက မူလ နဲ့ သူ ကျော်ဖြတ်ခဲ့တဲ့ည .. ရင်ထဲမှာနွေးနေဆဲ၊ ပတ်ဝန်းကျင်မှာလည်း မူလ ရဲ့ကိုယ်သင်းနံ့လေး မွှေးနေဆဲပါ။

သူ အိပ်မက်မက်နေတာ ဟုတ်ရဲ့လား၊ ညက သူ့နားကို မူလ ရောက်လာခဲ့သလား .. မဖြစ်နိုင်ဘူးထင်သည်။ ဒါဆို ဘာလိုလို သရုပ်ဆောင်ပညာတွေနှင့် နွယ်တသို ရောက်လာခဲ့တာလား။

ခေါင်းထဲမှာ ရောင်စုံမီးပန်းတစ်ချက် ဖွားခနဲ ပွင့်ထွက်သွားသလိုပင်။ နွယ် ရောက်လာခဲ့တာမှန်လျှင် သူ့အိပ်မက်က အိပ်မက် မဟုတ်နိုင် ..၊ နွယ် နဲ့ သူ တကယ်ပဲ မှားယွင်းခဲ့ပြီဖြစ်၏။

ဒီတစ်ခါ မင်းကိုယ်မင်း သိနေတယ် ခေတ်၊ မင်း မငြင်းနဲ့တော့။

လူတစ်ကိုယ်လုံးသည် လေလျှော့ပြီး တအိအိ ခွေကျသွားသည့် ပူပေါင်းကြီးလို အိပ်ရာထက်မှာ ခေါင်းငိုက်စိုက်နှင့် ငုတ်တုတ်မေ့လေသည်။

နွယ် နဲ့ သူ ဘာဖြစ်လို့ ဒီလောက်ထိ သာယာခဲ့တာလဲ၊ တသိမ့်သိမ့် ရင်ခုန်စွဲကျန်ခဲ့အောင် မူလ နဲ့ပဲ သူ ခံစားခဲ့ဖူးသည်။

နွယ် ဆိုလျှင် အရိပ်ငွေ့လေးတောင် အနားမှာ ဖြတ်သန်းခွင့်မပြုခဲ့ဘဲ ဘာဖြစ်လို့ ခုကျမှ ..၊

"တောက် .."

သတိလက်လွှတ် တက်ခေါက်လိုက်မိကာ မေးရိုးတစ်ခုလုံး မျက်ရည်ကျလောက်အောင် နာကျင်သွား၏။

ဒီမိန်းမ သက်သက် အခွင့်အရေးယူတာ ..၊

ခြေမလှည့်နိုင်အောင် ဖြစ်ခဲ့တဲ့ဝေဒနာတွေကို မေ့လျော့သွားခဲ့ပြီး သူ့ခြေလှမ်းတွေက ဒေါသနှင့် တစ်ချက်မှ မတွန့် ..။





မျက်လုံးထဲမှာ ဆံပင်ဖားလျားနှင့် ပန်းရင့်ရောင်ဝတ်ထားသော နွယ့် အရိပ်ကို ဖျတ်ခနဲ မြင်လိုက်သည်။ ထိုနောက်ကိုပဲ သည်းမည်းလိုက်ခဲ့လျှင် ...

"သား .."

နောက်ကနေ လက်ဆွဲရင်း ဒေါ်ရွှေသဇင် က တားဆီး၍ ...

"ဘာလုပ်မလို့လဲ"

"ဖယ် .. မာမီ၊ ဒီမိန်းမနဲ့ ကျွန်တော် ရှင်းမှဖြစ်မယ်"

"နောက်မှ ရှင်းစရာရှိတာ ရှင်း၊ အောက်ထပ်မှာ မင်းဒက်ဒီ ကော်ဖီသောက်နေတယ်၊ ညကလို မင်းထပ်လုပ်ရင် ဒီတစ်ခါ မင်းအဖေ မင်းကို သတ်တော့မှာ"

ညကဆိုသည့်အဖြစ်ကိုကြားလိုက်မှ မျက်နှာထက်က နာကျင်မှုတွေကို သတိရသွားသည်။ လက်နဲ့ပြန်ကိုင်မိရင်း စဉ်းစားလိုက်တော့ ဒက်ဒီ သူ့ကို ထိုးကြိတ်ခဲ့တာ ခပ်ရေးရေးပေါ်လာ၏။

"ညတုန်းက မင်း မူလ ကို ပြဿနာရှာနေတာ၊ အော်ကြီးဟစ်ကျယ်တွေ ထင်ရာပြောနေလို့ .."

"မူလ ရော ..၊ ကျွန်တော် ဘာတွေပြောနေလို့လဲ၊ သူရော .. သူ ဘယ်ရောက်သွားလဲ"

"ရှိတယ် .."

ဒေါ်ရွှေသဇင် က မျက်နှာတင်းတင်းနှင့် ပြန်ဖြစ်ကာ ...

"မူလ ကို မင်း စိတ်ဆင်းရဲအောင် ဘာမှသွားမပြောရဘူး၊ ဘာမှသည်း မချုပ်ချယ်နဲ့၊ မင်းရဲ့ပြဿနာ မပြီးမချင်း သူ ဒီမှာရှိနေလိမ့်မယ်၊ ပြီးသွားရင်တော့ သူ့သဘောကျ မင်း လိုက်လျောရမှာပဲ၊ မာမီနဲ့ ဆွေးနွေးထားပြီးပြီ"

"မာမီ .."

ထွက်သွားသည့် ဒေါ်ရွှေသဇင် ကို ပြန်ဆွဲထားကာ...



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတွေကို ကျွန်တော်က လိုက်လျောဖို့ဖြစ်လာအောင် သူ ဒါကို သဘောတူတာ၊ နွယ် နဲ့ ကျွန်တော် မဖြစ်မနေ လက်ထပ်ရတဲ့ အထိ သူ ကြိုးစားနေတာ၊ အဲဒါ မာမီ သိလား"

"မင်းထင်တာတွေ မပြောပါနဲ့"

"ထင်တာမဟုတ်ဘူး .. သူ ကျွန်တော့်ကို သိပ်မုန်းတာ၊ သူ့ကို ချစ်နေတဲ့အတွက် မုန်းနေတာ"

"မုန်းနေတဲ့သူက မင်းကို သွားပြုစုမလား၊ မူးမူးရူးရူးနဲ့ ချေးမှန်း မသိ သေးမှန်းမသိ တဖွတ်ထိုး တဖောက်ကန်း ပြောနေတယ်၊ မင်းကို ငါ့သားသမီးဖြစ်နေလို့ .. သိလား"

ဒေါ်ရွှေသဇင် ထဘီတစ'မ'၍ မျက်ရည်ဝေလာသည့်မျက်နှာကို လွှဲပစ်ရင်း ထွက်ခွာသွားလေသည်။

ခေတ် ရင်ထဲမှာ သိမ့်ခနဲ နွေးကျန်ရစ်၏။ ဒါဆို ညက သူ့ရင်ခွင် ထဲမှာ မူလ ..၊

ရတ်ခြည်း ငြိမ်းချမ်းသွားသည့် ကြည်နူးမှုက ဘာနဲ့ စာဖွဲ့ရမှန်း မသိ ..၊

မင်းနဲ့ပဲ ရင်ခုန်ချင်လို့ ..။





<u>အခန်း (၆၀)</u>

"ငါ့ရင်ခုန်သံတွေကို ငါ ကြားနေရပြီ ညို၊ ငါ ကြောက်တယ်၊ သူ့ကို ငါ ချစ်လို့မဖြစ်ဘူး"

"မူလ ရယ် .. ခက်တော့တာပဲ"

ညို လည်း ဘယ်လိုနှစ်သိမ့်ရမှန်း မသိတော့ပါ။ အမြဲတမ်း အေး ချမ်းသည့်အပြုံးလေးနဲ့ ရှိနေတတ်သည့်မျက်နှာမှာ မျက်ရည်တွေ စို့ရွဲ နေတာကို မမြင်ချင် ..။

"သူ ငါ့ကို ဒီထဲမှာပဲရှိနေစေချင်တာ၊ ငါ့ကိုဒဏ်ခတ်တာ သိ လား .. သူ ဒီတိုင်းပဲပြောခဲ့တာ၊ နွယ့် ကို မချစ်ဘူးဆိုတာ အထင်သေး ...တ် ရှိနေလို့ပါ၊ ငါ့ကို မပစ်နိုင်ဘူးဆိုတာက အခဲမကျေတာ၊ သူ ...ည့်စားခံရတာကို အငြိုးထားခဲ့မှန်း ငါ အစတည်းက သိတယ်၊ ခု ...တော့ .."

"နေပါဦး မူလ ရယ် .. နင်တို့ တစ်ယောက်နဲ့တစ်ယောက် ...လွဲတွေ ထင်နေကြတာများလားဟင်၊ ဒဏ်ခတ်တယ်ဆိုရအောင် ...က နင့်ကို အခု ဘာတွေနှိပ်စက် တုံ့ပြန်နေလို့လဲ၊ ဘာလုပ်လို့ချော ...မှာမို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



မူလ က ဖားလျားပြန့်ကျနေသည့်ဆံပင်တွေ နွဲ့ခါသွားတဲ့အထိ ခေါင်းယမ်းပစ်လျက် ...

"ရတယ် .. သူ ငါ့ကို တကယ်နှိပ်စက်ခဲ့တာ၊ ညတုန်းက .. ညတုန်းက သူ ငါ့ကို အကြမ်းပတမ်း .."

ပြော၍ မှ မျက်နှာလေး မှောက်ချလိုက်ပြီး ငိုသည်။ ညို့ မျက်နှာလေးမှာလည်း ရှက်သွေးဖျန်းသွားပြီးမှ သူငယ်ချင်းကို နှစ်သိမ့်ချင်သည်မို့ ...

"မူလ ရယ် .. အဲ .. အဲဒါ ဟိုလေ .. နင်နဲ့သူ မသင့်မြတ်ကြတည်းက ခွဲအိပ်ခဲ့ကြတာမို့လား၊ အဲဒီတော့ တမ်းတနေတဲ့စိတ်နဲ့ - နင်ကလည်း အိမ်ထောင်သည်ဖြစ်ပြီးတော့ နားမလည်ဘူး"

"မဟုတ်ဘူး .. မဟုတ်ပါဘူး ညို ရယ် .. တော်ပါတော့"

နှစ်သိမ့်ပေးမိကာမှ မူလ က ချုံးပွဲချငို၏။

"ငါ အရမ်းဝမ်းနည်းမိတယ် သိလား၊ ငါ့စိတ်ထဲမှာ ဘာမှမရှိခင်တုန်းက သူ့ဆီက နူးညံ့တာ .. အေးစက်တာ ငါ ဘာမှ ဂရုမစိုက်မိဘူး ကျဉ်းကျပ်ပူလောင်နေတဲ့စိတ်တွေနဲ့ အလုပ်အတွက်ပဲ ခေါင်းထဲမှာ ရှိတာ၊ အခု ဘာဖြစ်လို့ ငိုချင်နေမှန်း မသိဘူး၊ ငါ့ကို နာကြည်းတဲ့စိတ်တွေနဲ့ နွယ့် ဘက်ကို သူ့စိတ် ယိုင်သွားပြီ"

"အဲဒီလောက်တော့ မဖြစ်နိုင်သေးဘူး ထင်ပါတယ်ဟယ် .. ငါတော့ နင်တို့ကို မျက်နှာချင်းဆိုင် ဆွေးနွေးလိုက်စေချင်တယ်၊ ကိုယ်မှာလည်း ကိုယ်ဝန်ရှိနေပြီ မူလ၊ စိတ်သွားတိုင်း ကိုယ်ပါချင်တာတွေကို ဆင်ခြင်ဦး၊ ကိုယ်ဝန်ရှိနေတာကို ဘာဖြစ်လို့ ဖုံးကွယ်ထားခဲ့တာလဲ"

"ငါ ပြောဖို့ ကြိုးစားခဲ့ပါတယ်၊ ဒါပေမယ့် ကြိုးစားရင်းနဲ့ မပြောသင့်ဘူးဆိုတဲ့အဖြေ ထွက်လာခဲ့တာ၊ လျှို့ဝှက်ထားဖို့မဟုတ်ဘဲ လျှို့ဝှက်မှုတစ်ခု ဖြစ်ခဲ့ရတယ်၊ သူနဲ့ ငါ့ရဲ့အိမ်ထောင်ရေးမှာ အက်ကြောင်း





ထင်နေပြီ ညို၊ ကွဲရင် ကွဲ .. မကွဲရင် ဒီတိုင်းရှိနေရင်လည်း ဘယ်နေ့ပြီလဲမလဲဆိုပြီး တလှုပ်လှုပ်ဖြစ်နေမှာပဲ၊ အဲဒါကို ငါ ဘယ်လို ဖွင့်ပြောရမလဲ"

မူလ သည် မငိုတော့ပေမယ့် မျက်ရည်တွေ ပြည့်သိပ်နေဆဲ မျက်ဝန်းလေးတွေ တလက်လက်နှင့်ဖြစ်ကာ နဖူးဆံစလေးတချို့ ခြောက်သွေ့နေသဖြင့် ကပိုကရိုဆန်နေ၏။

ကိုယ်ဝန်ရှိနေကာမှ စိတ်မချမ်းမြေ့ခြင်းကို ခံစားနေရသဖြင့် နှုတ်ခမ်းသားလေးတွေပါ ဖြူဖျော့ဖျော့ရှိနေလျက် ...

"ငါ သူ့ကို ခေါင်းထဲကရော .. ရင်ထဲကပါ ထုတ်ပစ်မှ ဖြစ်မယ်"

"ဘာကိုထုတ်ချင်တာလဲ .. သူ့ရင်သွေး နင့်ဗိုက်ထဲမှာ အကောင်အထည်နဲ့ ဖြစ်နေပြီ၊ နင်တို့ပြဿနာ နွယ် တမင်ဝင်ရှုပ်နေတာလို့ ခေါင်းထဲမှာထားပြီး လင်မယား ပြေလည်အောင်ပဲ ကြိုးစားဖို့ရှိတာ"

"ငါ မကြိုးစားချင်ဘူး"

"ဒါဆိုလည်း သူ ကြိုးစားလာရင် နင် လက်ခံဖို့ စဉ်းစားလေ"

"သူ ဘယ်တော့မှ ကြိုးစားမှာ မဟုတ်ဘူး ညို၊ သူ့အတွက် အရေးကြီးဆုံးက ငါ လုပ်ခဲ့တယ်ဆိုတဲ့ အပြစ်အတွက် တုံ့ပြန်ဖို့ပဲ"

"ဒါတွေပဲ ထပ်ထပ်ပြောနေတော့တာပဲ၊ တော်ပြီ .. နွယ် အခု နင့်ကို ဘာပြောသေးလဲ၊ ဆိုးတာကောင်းတာ တစ်ခုခု .."

"ဘာမှမပြောဘူး၊ သူနဲ့ငါ ပြောစရာလည်း မရှိပါဘူး"

"ဘာလို့မရှိရမှာလဲ .. နင်နဲ့ သူနဲ့ စခဲ့လို့ ဒီရှုပ်ထွေးမှုတွေ ဖြစ်လာတာ၊ အိမ်ထောင်ရေး တကယ်ရှုပ်ထွေးလာပြီဆိုတော့ နင် မြတ်နိုးလှပါတယ်ဆိုတဲ့ ပညာတွေ .. ဝါသနာတွေ .. ဘယ်ရောက်ကုန်ပြီလဲ အခု.."

မူလ နှုတ်ခမ်းလေး ညွတ်ခနဲ မဲ့ကျသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီစကားကို မကြားရဲခဲ့ပေမယ့် ခုတော့ ကြားရပြီဖြစ်သည်။ ကိုယ်ဝန်ရှိခဲ့ပြီဆိုမှ ကိုယ်ရယ် .. ဘဝရယ်၊ အိမ်ထောင်ရေး ဆိုတာကို သုံးနားညီတြိဂံတစ်ခုလို လှလှပပလေး မြင်တတ်ခဲ့သည်။

ဒါပေမယ့် ဘယ်လိုသက်သေပြချက်နဲ့မှ ထပ်တူညီခြင်းကို မရခဲ့သည်အခါ ...

"ငါ့ကြောင့် မှားခဲ့တာမို့လို့ ငါ ဖြေသိမ့်နိုင်ပါတယ်၊ ဒါပေမယ့် သူ့ကိုလည်း ခွင့်မလွှတ်နိုင်ဘူး"

မူလ နှုတ်ခမ်းလေးကိုက်၍ ခပ်ကြိတ်ကြိတ် ပြောသည်။

နွယ် နဲ့ ရင်းနှီးခဲ့ဖူးသည့်ကာလဆီ အတွေးရောက်သွားတိုင်း ဒီနေ့ ဒီလိုပုံစံမျိုးနှင့် ပတ်သက်ခဲ့မိသည့် ကိုယ့်အမှားကို မဖြေနိုင်..။

သည်လင်သည်မယား မမြဲလို့ ကွဲကြပြီဆိုရင်တောင် မမြဲရသည့် အကြောင်းရင်းကို ဖန်တီးခဲ့မိတာကိုပဲ ဖြစ်နေခြင်းက ဆိုးဝါးလွန်းပါသည်။

ခေတ် ကို မခွဲနိုင်မခွာရက် မက်မောနေတာမျိုးမဟုတ်ဘဲ အသုံးမကျခဲ့သည့်မိန်းမတစ်ယောက်အဖြစ် တွင်ကျန်ရစ်မှာကို ကြောက်မိခြင်းဆို ပိုမှန်လိမ့်မည်။

"မူလရယ် .. နွယ့် ကို နင် အေးအေးဆေးဆေး မောင်းထုတ်လိုက်ရုံနဲ့ ပြီးသွားမယ့်ဟာကို ပရော့ဂျက်အတွက် နင် ပျော့ညံ့ခဲ့တာ၊ အဲဒီအချက်လေးနဲ့ပဲ နင့်ကို ငါ အရမ်းသနားမိတယ် .. သိလား"

ငိုနေတာကိုလည်း ဖြေသိမ့်မပေးနိုင်၊ စေ့စပ်ဆွေးနွေးဖို့ တိုက်တွန်းတော့လည်း မအောင်မြင်သည်မို့ ညို ဘာမှ မတတ်နိုင်တော့ပေ။

"ငါ သူ့ကို ယုံခဲ့မိတာ၊ သူပြောနေတဲ့ တတွတ်တွတ် ချစ်နေတာတွေမှာ ငါ့ကိုယ်ငါ အထင်ကြီးသွားတာ ထင်တယ်၊ ဒီကိုယ်ဝန်ကို လွယ်ထားလိုက်ပြီးမှ ပိုပြီး ယုံကြည်ခဲ့တယ် သိလား၊ နွယ် က ယုတ်မာလို့ တစ်နေ့ ဒီပြဿနာကို သူ သိသွားရင်တောင် အဲဒီအချိန်မှာ သူ့ရဲ့





ရင်သွေးလေး ရှိနေပြီဆိုရင် သူ့ဒေါသတွေ ရေနဲ့တွေ့တဲ့မီးလို ဖြစ်သွားမယ်ပေါ့"

ဒီလိုကျတော့လည်း မူလ နှုတ်ခမ်းလေး ကတုန်ကယင် ပြုံးနေပုံက ကြေကွဲဖွယ်ပါ။

ပြုံးရင်းနဲ့ငိုနေတာကို ထိတ်လန့်ကြေကွဲဖွယ် မြင်နေရသဖြင့် ညို ပင့်သက်ရှိုက်ပြီး ရှူထုတ်ဖို့ မေ့နေခဲ့၏။

"အဲဒါတွေ ထားလိုက်ပါဟာ .. အခု နင် မပြန်သေးဘူးမို့လား ဟင်၊ ကိုတူး တို့ရော ဆရာနဲ့တွေ့တုန်း ငါ့အကြောင်းတွေ ပြောလိုက်မိသေးလား"

"မပြောပါဘူး .. မေးလည်း မမေးကြဘူး၊ ဒေါက်တာထူး က တော့ နည်းနည်းပါးပါး သိထားတာတွေ ရှိပုံပေါ်တယ်၊ သူက ပြောချင်ပေမယ့် ငါလည်း ကိုယ် ပြောမပြနိုင်တာတွေ ပါကုန်မှာစိုးလို့ သူနဲ့မပြောဖြစ်အောင်ပဲ နေလိုက်တယ်"

"သမီးရေ .. သမီးကိုတွေ့ချင်လို့တဲ့၊ ခဏ စကားပြောမလားဟင် .. စိတ်ပြေလက်ပျောက်ပေါ့"

မူလ တို့ လှည့်ကြည့်လိုက်တော့ အခန်းဝမှာ ဒေါ်ရွှေသဖင် နှင့် အာကာ တို့ သုံးယောက် ..။

"ခဏလေး စကားပြောခွင့်ပြုပါ ရှေးမူလ ရယ် .. ကျွန်တော်တို့က နှစ်ဦးနှစ်ဖက် အကျိုးယုတ်အောင်လုပ်မယ့်လူတွေ မဟုတ်ပါဘူး"

"ကျွန်မ အပြင်ထွက်ပေးရမလား"

မေးရင်း ညို က ထရပ်ဖို့ပြင်သည်။

"နေပါ ဒေါက်တာ .. နေပါ၊ ဒေါက်တာလည်း မရှေးမူလ နား မှာ အနီးကပ်ဆုံးရှိနေတဲ့ မိတ်ဆွေကောင်းပါ၊ ကျွန်တော်တို့ချင်း ဘာမှ ဖုံးကွယ်ထားစရာ မရှိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



မူလ ရဲ့ အိပ်ခန်းလေးထဲမှာ လူတွေစုံသွားသည်။

အားလုံးက အိမ်ထောင်ရေးခိုင်မြဲအောင် ကြိုးစားနေကြတဲ့လူတွေမှန်း သိကာ ဒေါ်ရွှေသဇင် က စားသောက်ဖွယ်တွေ ဒိုင်ခံပို့ပေးပြီး တာဝန်ကျေခဲ့၏။

မကျေမချမ်းနိုင် ဖြစ်နေခဲ့သူက နွယ်တာညို ..၊

အချစ်ကြောင့် လူတွေရူးသွပ်ကြတာ ဘာဆန်းနေလို့လဲ ..၊ ကိုယ့်ကျမှ ရူးသွပ်ခွင့်မရှိတာလား၊ ဒဿဂီရိလို ဘီလူးတောင်မှ အချစ်သူရဲကောင်းအဖြစ် ရာဇဝင်တွင်ခဲ့သေးသည်။

ကိုယ့်ကျမှ မုန်းတီးစက်ဆုပ်ဖွယ် မိန်းမကြမ်းကြီးလို ဖယ်ကြဉ်ခံနေရတာ ရင်နာမိ၏။

ရှေးမူလ နဲ့ သူမ ဘယ်လောက်ထိ ကွာခြားနေလို့လဲ ..။





အခန်း (၆၁)

"ဟွန်း .."

မဲ့ရွဲ့ပစ်လိုက်သည့်နှုတ်ခမ်းတွေကို ကြည့်၍ သူတို့ အံ့သြနေမိကြသည်။

ဟိုတစ်ညက 'မူလ ရက်စက်ပါဘိ' လို့ ညည်းညူငိုကြွေးနေတာ ဒီကောင်မ ဟုတ်ရဲ့လားလို့ တွေးရတော့မလိုလို ..။

"မင်းတို့ကို ငါ ပြောသားပဲ၊ နွယ်တာညို က ရှေးမူလ ဆိုတဲ့ မိန်းမရဲ့ တကယ့်လူယုံပါဆိုတာ ယုံမှ မယုံကြတာ"

"မဟုတ်ပါဘူးကွာ .. မဖြစ်နိုင်တာ"

ငိုထားသည့်မျက်နှာ မို့မို့နီနီလေးကို ထိုင်ကြည့်ပြီး စကားပြောခဲ့ကြတာ မနေ့တစ်နေ့ကမှ ..၊ ဒါ ကျေနပ်အားရနေသည့်ပုံစံမှ မဟုတ်ဘဲ။

"မင်းလိုပဲ မာနထားတာမျိုး ရှိရင်ရှိမယ်၊ နွယ် နဲ့ အတူတူလို့တော့ မပြောနဲ့ ခေတ် ..၊ ဖြစ်ကိုမဖြစ်နိုင်ဘူး"

"ဟုတ်တယ် .. မင်းတို့နှစ်ယောက် ကိုယ့်သံသယတွေနဲ့ ကိုယ်ပိတ်မိနေကြတာ"



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တစ်ပေါက် ခေါင်းခါနေတာကိုကြည့်ပြီး ခေတ် ... မဲ့နေဆဲနှင့် ...

"အခု မင်းတို့မေးတာတွေ သူ ဘာမှမဖြေဘူးမို့လား၊ နွယ် ဆိုတဲ့ မိန်းမရဲ့ မကောင်းကြောင်း တစ်ခွန်းတစ်စမှ သူ ပြောမှာမဟုတ်ဘူး ဘာဖြစ်လို့လဲဆိုတော့ နွယ် နဲ့ငါ ညားသွားဖို့ပဲ သူ လိုချင်တာ"

"လုပ်ပြီ .. မင်း ပြောလိုက်ရင် ဒါပဲ"

"အေးလေ .. နွယ့် စကားတွေကိုက ဟိုတစ်မျိုးဒီတစ်မျိုး ဖြစ်နေတာ အသိသာကြီး၊ မောင်နှမနှစ်ယောက်ပဲ ရှိသလိုလို .. ဖအေက မိန်းမယူသွားလို့ မိထွေးကြောင့်ပဲ စိတ်လေနေတာလိုလို၊ မူလ ပြောတော့ မောင်နှမ သုံးယောက်တဲ့"

"အကြီးဆုံးက မွေးစားသားဆိုတာ ထည့်မပြောဘူးလား"

"ဘာ!..."

"မင်းကို ဘယ်သူပြောတာလဲ"

အာကာ တို့ အံ့သြကုန်တာကိုကြည့်ပြီး ခေတ် က ရယ်သည်။ ထိုင်နေကျ ကန်စပ်ခုံလေးမှာ သူ ထိုင်နေကျအတိုင်း အုတ်ခုံပေါ်မှာ ခြေတစ်ဖက်တင်ပြီး ကန်ဘက်ကို မျက်နှာမူထား၍ ...

"ငါ ပြင်ဦးလွင်ကိုသွားတာ စိတ်ပြေလက်ပျောက်လို့ မင်းတို့ ထင်လား"

"မထင်ပါဘူး .. ချစ်မင်းဦး က သူ လိုက်မယ် စောင့်ပါဦးဆိုတာတောင် မင်း မစောင့်ဘဲနဲ့ ထွက်သွားတာ သိသားပဲ၊ ဘာသွားလုပ်တာလဲ"

'မေးမယ့်သာ မေးရသည်၊ သိပ်တော့မယုံချင်။

ခေတ် မရှိခိုက်မှာ သူတို့ တိတ်တဆိတ်မျှားခဲ့တဲ့ ခြေလှမ်းတွေကလည်း မနည်းပေ ..။

နွယ့် သတင်းတွေ ပုံစံမမှန် ကြားနေရသဖြင့် ခေတ် ကို စွပ်စွဲ





ထားသည့်ကိစ္စအတွက် သူမ ဘယ်လိုကြိုးစားနေသလဲဆိုတာ သိရအောင် ဖြစ်သည်။

ပြီးတော့ မူလ နဲ့ စကားပြောခွင့်ရအောင် ကြိုးစားခဲ့ကြ၏။ ဒါကတော့ သူမဆီက သတင်းစုဆောင်းချင်တာ တစ်ခုတည်း မဟုတ်ပါ။

ခေတ် အပေါ်မှာ သူမ ဘယ်လိုသဘောထားသည်ကို အကဲခတ်လေ့လာချင်တာ ဖြစ်၏။

မူလ မျက်နှာလေးမှာ သောကရိပ်တို့ရှိနေပေမယ့် တည်ငြိမ်လွန်းနေသည်။ ချစ်နေတာ မုန်းနေတာ ဘာမှသေချာခွဲလို့မရအောင် စကားပြောလည်း နည်းလွန်း၏။

ခက်နေတာက 'ခေတ် က မင်းကိုချစ်ပါတယ်'လို့ ကိုယ့်သူငယ်ချင်းဘက်က အာမခံချင်တာတောင် ခေတ် ရဲ့ပုံစံကိုက တော်ကြာတစ်မျိုး .. ခုတစ်မျိုး။

ရင်ထဲကစကားတွေကို မျိုသိပ်ပြီး ပါးစပ်က ပြောချင်တာတွေ ပြော၏။

ကိုယ်က အာမခံပေးနေပြီး မျက်နှာချင်းဆိုင်ပေးလိုက်ကာမှ 'ပညာပေးချင်တာတွေ၊ ကလဲ့စားချေချင်တာတွေ' ပြောပြီး ရန်ထဖြစ်ကုန်ရင် ခက်မည်။

မူလ က ပြောတာလည်း ကြည့် ...၊

"ရှင်တို့ ပင်ပန်းမခံပါနဲ့၊ ပြိုင်ပွဲတော့ ပြိုင်ပွဲပေမယ့် အပေးအယူတွေနဲ့ ခင်းထားတဲ့ပြိုင်ပွဲဆိုရင် အားပေးမယ့်သူ မလိုဘူး၊ သူတို့ချင်း နားလည်တယ်" တဲ့။

ပြီးတော့ ပြောသေးသည်။

"ကျွန်မက ပွဲမပြီးခင် အပြင်မထွက်နဲ့လို့ တားမြစ်ထားတဲ့အတွက် ရှိနေပေးတာ၊ ဒါ ကျွန်မရဲ့ပွဲ မဟုတ်ဘူး" တဲ့။



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်ရောင်လက်နေသည့် မျက်ဝန်းတွေကို ဒီတိုင်းထားပြီး ပြောနေတော့ မျက်စိလည်ကုန်ကြတဲ့အထိပင် ..။

ဘယ်သူက ဘယ်သူ့ကို ပိုချစ်သလဲ၊ ဘယ်သူက ပိုမုန်းနေတာလဲ၊ ဘယ်ဘက်ကစပြီး လျှော့ပေးလာမလဲ ..။

သူတို့မှာ ပင်ပန်းပေမယ့် အမောမပြေခဲ့ပေ။

အတွေးကိုယ်စီနှင့် ငိုင်ကျသွားကြပြီး ခေတ် ဆီက စီးကရက် မီးခိုးငွေ့တွေ ပျံ့လွင့်လာမှ မေးဖို့ကို သတိရ၏။

"ပြောလေကွာ .."

"ဘာလဲ .."

"မင်း ဘာသွားလုပ်တာလဲ၊ နွယ် သတင်း ကြားလို့လား"

"ကြားမှသွားရမှာလား .. သူ့အကြောင်း လူသိမခံရဲလို့ ဘာမေးမေး မရကတည်းက ငါ ရိပ်မိတယ်"

"ဟုတ်လား .. ဘာတွေ သိခဲ့ရသလဲ"

"မစုံသေးဘူး .. နောက်တစ်ခေါက် သွားရဦးမှာ၊ ဒီတစ်ခါ မအူပင်ကို တိုက်ရိုက်ပဲ"

"သိသလောက် ပြောကွာ"

"မပြောချင်ဘူး .. အဲဒီမိန်းမနဲ့ ငါ ရှင်းကြတဲ့အခါ မင်းတို့သိမှာပဲ၊ ဟွန်း .. တစ်ခုတော့ပြောဖို့ ရှိတယ်၊ မူလ တို့နဲ့ တစ်ဖွဲ့တည်း တွေ့တွေ့နေတဲ့ ဒေါက်တာထူး ဆိုတာ မင်းတို့ သိလား .. အပြည့်အစုံ ငါလည်း မသိဘူး"

"သိတယ် .. ဘာဖြစ်လို့လဲ"

"သူနဲ့ နွယ်တည်ို နဲ့ တစ်ခုခု ပတ်သက်မှုရှိတယ်"

"ဟင်!..."

"ခေတ် .. နွယ် နဲ့ အဲဒီဒေါက်တာ ပြောတာဆိုတာ ငါတို့ မြင်ဖူးခဲ့လား"



"မသိဘူးလေ .. ဒါပေမယ့် ဒေါက်တာထူး က မူလ တို့ရဲ့ဆရာလို့ ငါ သိထားတာ၊ ဘာဖြစ်ဖြစ် နွယ် နဲ့ မူလ တို့ ပတ်သက်မှုက တိုက်ဆိုင်တာ ဘယ်လိုမှမဟုတ်နိုင်ဘူး၊ ဒီပရိုဂရမ်ကို ရွေးမူလ ကိုယ်တိုင် ရေးတာ၊ ငါနဲ့လက်ထပ်ပြီးကတည်းက ရန်းထွက်ဖို့ သူ ကြိုးစားခဲ့တာ"

သိပ်တော့မဆိုင်ဘူး ထင်သည်။ ဒါပေမယ့် သူတို့ ဘာမှမပြောနိုင်တော့ဘဲ ဖြစ်သွားကြ၏။

မူလ ရဲ့ သူငယ်ချင်းကောင်းဆိုတဲ့ ဒေါက်တာ ခင်လေးညို က ရော ဘာမှမသိဘူးလား။

မူလ ပြောနေသမျှ ဘာဖြစ်လို့ ချိုသည် ခါးသည် ဘာမှဝင်မပြောဘဲ နေတာလဲ။

"ဒီပြဿနာနောက်ကို လိုက်လေ .. သေချာလေ၊ သူ ဒီလောက် ရက်ရက်စက်စက် လုပ်ချလိုက်မှန်း အတိအကျကြီး သိနေတာတောင် ငါ .. တောက် .."

ခေတ် က တစ်ယောက်တည်း ရေရွတ်ရင်း တက်ခေါက်သည်။ စီးကရက်ကို အမိပွာယ်မဲ့ကြည့်ရင်း အံကြိတ်နေ၏။

ပြီးတော့ ဂျန်ရေပြင်ထဲကို လွှဲပေါက်ပစ်လိုက်ကာ ...

"အချစ်နဲ့ မတန်တဲ့ မိန်းမ"

"မင်းကလည်း ဒေါကန်နေလိုက်တာ ချက်ချင်း ပြေးသတ်ချင်အောင် မုန်းနေတဲ့အတိုင်းပဲ၊ ရက်စက်မှန်းသိရင်လည်း ဘာဖြစ်လို့ တံခါးပိတ် ချုပ်ထားသေးလဲ"

"အေးလေ .. သေအောင်ချစ်လို့ သေအောင်မုန်းနေတာဆိုရင်လည်း လှည့်မကြည့်စတမ်းပေါ့"

"မုန်းလို့မရလို့ပေါ့ အာကာ၊ မုန်းချင်နေတာပဲ .. ငါ ဒီမိန်းမကို မုန်းမေ့နိုင်တဲ့ကောင် သိပ်ဖြစ်ချင်တာ၊ ဒါပေမယ့် မုန်းခိုင်းလိုင်း မရ



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ငါ့ကိုယ်ငါ ဘယ်လိုမြှောက်ပင့် သွေးထိုးကြည့်လို့မှ မရဘူး"

"အေးလေ .. ဒါဆိုလည်း ပါးစပ်က မုန်းတဲ့စကားတွေ မထွက်စေနဲ့ပေါ့ကွ၊ ကိုယ်ချစ်နေတာ ချစ်တယ်ပေါ့၊ မင်းက စပြီး သူ့ကို အလျှော့ပေး ..."

"လုံးဝပဲ ထက်မြတ်စိုး .. ငါ့ရဲ့ကိုယ်ကျင့်သိက္ခာကို သူ ရိုက်ချိုးခဲ့တာ၊ နွယ် ကို လက်မထပ်ရရေးအတွက် ငါ ကြိုးစားနေတာလည်း သူ ဖြစ်စေချင်တဲ့အတိုင်း ဘယ်တော့မှ မဖြစ်ရဘူးဆိုတဲ့ မာနကြောင့်-"

"ဒါဖြင့် မင်းက နွယ် ကို လက်ခံနိုင်တယ်ပေါ့"

"ဟွန်း .. ဒါ ငါ့ရင်ထဲက အနီအဝါမျှဉ်းကျားတွေပါ၊ ဘယ်သူနဲ့မှ မဆိုင်ဘူး"

"မင်းတို့ လွဲနေကြမှာစိုးလို့ ငါတို့ ကြိုးစားနေကြတာ ခေတ်၊ မင်းတို့ရဲ့ပါးစပ်တွေက ဘာတွေပြောနေနေ မျက်နှာတွေမှာ ရင်ထဲတက်ဟပ်နေတဲ့ အပူငွေ့တွေကြောင့် ဘာတွေဖြစ်ပျက်နေတယ်ဆိုတာ မြင်နေရတယ်"

"သူ့ဘက်က မင်းထင်နေသလို တကယ်တမ်း ရက်စက်သလိုလုပ်ချခဲ့တယ်ဆိုရင်တောင် အခု သူ့လုပ်ရပ် မှားမှန်းသိလို့ ခံစားနေရတယ်ဆိုရင် မင်း လျှော့သင့်ကယ်"

"ဩော် .. ငါပဲ ရင်စည်းခံ .. ငါကပဲ ဒူးထောက်ရမယ် -ဟုတ်လား"

"မင်းပဲ ခံစားနေရတာလေ၊ ဒီလိုဖြစ်တဲ့အကြောင်းရင်းက သူက မချစ်ခဲ့ဘဲ မင်းကချစ်လို့ အရယူခဲ့တာကြောင့်ပေါ့၊ သူ ရက်စက်တာကိုပဲ အထပ်ထပ်တွေးပြီး ဒေါသတွေဖြစ်နေပေမယ့် မင်း မုန်းနိုင်သလား"

ခေတ် က နီမြန်းနေသည့်မျက်နှာကို လက်ဝါးနဲ့ ဖိပွတ်ပစ်လိုက်ပြီး တစ်ဖက်လှည့်၏။





"ယောက်ျားပဲကွ .. ကိုယ်ချစ်တဲ့မိန်းမကို အလျှော့ပေးရတာ ကိုယ့်အမှန်တရားနဲ့ကိုယ် ရှက်စရာ မလိုပါဘူး"

"ရှက်လို့မဟုတ်ဘူး ထက်မြတ်စိုး၊ သူနဲ့ပတ်သက်သမျှ ငါ အများကြီး အလျှော့ပေးထားခဲ့တာ၊ နောက်ထပ် ခွေးတစ်ကောင် နွားတစ်ကောင်လို သဘောထားနေဦးမယ်ဆိုလည်း ငါ ရဲရဲကြီး ဘဝပြောင်းပစ်လိုက်မယ်၊ ဘာကိုမှ ဂရုမစိုက်ဘူး၊ ဒါပေမယ့် အခု လုပ်ပစ်လိုက်တဲ့ ငါ့ဂုဏ်သိက္ခာအတွက် အလျှော့ပေးဖို့ အစီအစဉ်မရှိဘူး"

"သူက မှားပြီလို့ အလျှော့ပေးလာရင်ရော .."

"ဟွန်း .."

ပြောလိုက်ချင်ပါသည်။

မူလ ဆိုတဲ့မိန်းမ ဒီလိုပြောလာရင် အဲဒါ ရှုးသွားလို့ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆၂)

"အို!... မဆိုင်ပါဘူး"

"ဘာပြောတယ် .."

"ခေတ် .. လွှန်မယ်"

တအားလွှဲပစ်လိုက်သည့်လက်ကို အာကာ က အချိန်မီ ဆွဲထားလိုက်၏။

ကန်တော်ကြီးထဲမှာ ဘယ်နေရာမဆို စုံတွဲတွေရှိနေကြကာ လူပြတ်တဲ့နေရာဆိုတာ မရှိ ..။

ပြီးတော့ သူတို့က လေးယောက်၊ နွယ် က မိန်းကလေး တစ်ယောက်တည်း။

"မင်းက ဦးဝေလ ရဲ့ မွေးစားသမီး၊ တူမတော်ပေမယ့် အရင်းမဟုတ်ဘူး၊ မင်းအစ်ကိုဆိုတာကလည်း ဦးဝေလ ရဲ့ မွေးစားသားပဲ၊ တကယ်တော့ ဦးဝေလ စီးပွားရေးကျခြင်း မကျခြင်း၊ နောက်အိမ်ထောင် ပြုခြင်းမပြုခြင်းက မင်း ပြောခွင့်မရှိတဲ့ကိစ္စတွေ၊ ဘာဖြစ်လို့လဲဆိုတော့ မင်းက အမွေစားအမွေခံမှ မဟုတ်ဘဲ၊ အစ်ကိုရင်းလို တစ်သက်လုံး အတူနေလာခဲ့တဲ့လူကို မင်း တစ်ဖက်သတ်ကြိုက်ပြီး သူတို့





မင်္ဂလာပွဲပျက်သွားအောင် လုပ်ပစ်ခဲ့တယ်၊ နောက်ဆုံး အမျိုးသမီးက ဒီစိတ်နဲ့သေသွားပြီး မင်းအစ်ကိုက နိုင်ငံခြားထွက်သွားတယ်"

"အဲဒါတွေ နွယ့် ကြောင့်လို့ ရှင့်ကို ဘယ်သူ ပြောလွှတ်လိုက်တာလဲ .."

"အမှန်အတိုင်း သိထားတဲ့လူတွေပေါ့၊ မင်း ခုထိ ဝန်မခံသေးဘူးလား နွယ် .."

"ဝန်ခံရအောင် အဲဒါ နွယ် မဟုတ်ဘူး၊ နွယ့် မှာ အစ်မ တစ်ယောက် ရှိသေးတယ်"

"ဟုတ်တယ် .. မင်း ဆေးတက္ကသိုလ် စတက်တဲ့နှစ်မှာပဲ အိမ်မီးလောင်တဲ့အထဲ ပါသွားပြီး သူ သေသွားခဲ့တယ်၊ အဲဒီမီးလောင်မှုကလည်း မင်း .."

"သည်ခေတ်လူ .. ရှင် ဆက်ပြောရင် ကျွန်မ သည်းခံမှာမဟုတ်ဘူးနော်"

ပတ်ဝန်းကျင်ကို သိသာအောင် ဝေ့ကြည့်ပြလိုက်ပြီး နွယ် က အာကာ တို့ ရပ်နေသည့်ဘက်ကို တိုးရပ်လိုက်၏။

ယောက်ျားလေးတွေ ရှုံခနဲ နောက်ဆုတ်သွားတာမြင်မှ နှုတ်ခမ်းကို မဲ့ရွဲ့ပစ်ကာ ...

"ယောက်ျားတွေက အချစ်ကို ကိုးကွယ်ကြတာ မဟုတ်ပါဘူး၊ ရမ္မက်ကိုပဲ လိုချင်တာ၊ မိန်းမတစ်ယောက်ကို ဘယ်လောက်ချစ်ချစ် နောက်ထပ် လှတဲ့မိန်းမတစ်ယောက်ကို ရဦးမယ်ဆိုရင် ကမ်းလာတဲ့လက်ကို ဘယ်တော့မှ ပုတ်မချဘူး၊ ကိုကြီးက တစ်သက်လုံး နွယ့်ကိုပဲ ချစ်ခဲ့တာ၊ မောင်နှမလိုပဲ ချစ်နိုင်ပါတယ်ဆိုပေမယ့် သူ့ရည်းစားကိုလည်း ဖက်ထားသလို နွယ့် ကိုလည်း တွန်းလွှတ်ခဲ့တာ မရှိဘူး၊ သူ့လောဘနဲ့သူ ဘယ်သူ့ကိုမှ မရခဲ့တာပါ၊ ကိုကြီးကို နွယ် က လိုချင်လို့ သူ့ပွဲကိုဖျက်ခဲ့တာ မဟုတ်ဘူး ..၊ တမင်ပျက်အောင် ဖျက်တာ ..



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအတွက် အရမ်းကျေနပ်တာပဲ"

"မင်း ကျေနပ်လို့ပြီးရင် နောက်တစ်ခု ဆက်ပြောပါဦး၊ ငါ သိခဲ့တာ ပိုပြီးပြည့်စုံအောင်"

နွယ့် မျက်နှာလေး ကွက်ခနဲ ပျက်သွားသည်။

"မဟုတ်ဘူး .."

"ဘာမဟုတ်တာလဲ .. တိုင်းခန့်ကျော် နဲ့လက်ထပ်ခဲ့တာကို ငြင်းချင်တာလား"

"သူ .. သူက ..."

နွယ့် မျက်နှာ ချောက်ချားသလိုဖြစ်သွားကာ ဝန်ခံတော့မလိုဖြစ်ပြီးမှ ခေါင်းခါ၏။

"မဟုတ်ဘူး .. ရှင်တို့ .. ရှင်တို့ အခု လှည့်ပြန်သွားကြနော်၊ မဟုတ်ရင် ကျွန်မ အော်လိုက်မှာ"

"ဟော့ .. မင်း .."

အနားကို တအားကပ်ပစ်လိုက်သဖြင့် ထက်မြတ်စိုး ကမန်းကတန်း ဆုတ်လိုက်ရာ ခြေချင်းချိတ်ပြီး ဖင်ထိုင်လျက်လဲ၏။

ရုတ်ရုတ်သဲသဲတွေ ထပ်ဖြစ်မှာစိုးကာ သူတို့ပဲ တပ်ခေါက်ပြန်ခဲ့ရသည်။

"မင်း လုပ်တာ မှားပြီထင်တယ်"

"ဘာဖြစ်လို့လဲ"

"နွယ် ကျားနာခဲ ခဲရင် အဲဒါ ရှော့ခ်အကြီးကြီးနော်၊ ခုပဲ ငါတို့ပြေးခဲ့ရပြီ"

"ဒီလောက်တော့ ပြန်ကိုက်မှာပေါ့ကွ၊ ဒါပေမယ့် ကျားနာတော့ မဟုတ်ဘူး .. ခွေးနာ လောက်ကိုက်ပြီး မခံမရပ်နိုင်နဲ့ မည်းမည်းမြင်ရာ လိုက်ကိုက်တာမျိုး"

"မင်း တွက်ထားသလို ဖြစ်မလာရင်ရော .."





"ဟုတ်တယ် ခေတ် .. မင်းလည်း သူ့ကို လက်ထပ်မယူရသေးဘူး၊ မင်းတို့ကိစ္စတွေကို သိထားခဲ့တဲ့ အသိုင်းအဝိုင်းဆိုတာလည်း.."

"မင်းတို့က ဘာပြောချင်တာလဲ"

ကားထဲပြန်ဝင်ကြကာနီးမှ ခေတ် က ပြန်လှည့်ကြည့်ပြီး မေးသည်။

ဒီထဲမှာ အားလုံးထက် အသက်ကြီးသည့် ချစ်မင်းဦး ကပဲ ရှေ့ကတက်၍ ...

"ငါတို့ပြောချင်တာက မင်းအစီအစဉ်ကို ပြောင်းစေချင်တာ၊ အစကက အထင်လွဲသွားကြတဲ့လူတွေကို ရှင်းပြဖို့ မဟုတ်ဘူး၊ မင်းနဲ့ ရှုလ ရှင်းလင်းနားလည်သွားကြရင် နွယ် က အလိုလို ဘေးရောက်သွားမှာပဲ၊ အဲဒီတော့ သူ့ကို လူတွေကြားထဲ ဆွဲဟုပ်ပြီး ဝန်ခံခိုင်းဖို့ ကြိုးစားတာထက် ရှုလ ရှေ့မှာပဲ .."

"ဟား .. ဟား .. ဟား ..."

ခေတ် ရယ်ချလိုက်တာ ဟန်ဆောင်ရယ်သံမျိုးမဟုတ်၊ ချစ်မင်းဦး ကား တီခနဲ ရပ်သွား၏။

"တကယ့်ဟာသပဲ ချစ်မင်းဦး ရာ .."

"ဟာသက ဘယ်နေရာကပါသွားတာလဲ"

ခေတ် က ဘောင်းဘီအိတ်ထဲ လက်တွေထည့်လိုက်ပြီး ကားကို နောက်ပြန်မှီလိုက်၏။

သုံးယောက်စလုံးမျက်နှာကို ရယ်လက်စနှင့် စိုက်ကြည့်ရင်း တဖြည်းဖြည်း အေးစက်သွားသည့်မျက်နှာက အံကြိတ်လိုက်တာနှင့် တူလျက် ...

"မှန်ထောင်ခိုင်းကြည့်ပြီး မှန်ထဲကကောင်ကို ဆဲစမ်းလို့ ခိုင်းရမှာမျိုးလား၊ သူ သင်ထားတဲ့ အကွက်ရွှေ့နည်းတွေ သူ့ရှေ့မှာ သွားပြောခိုင်းတော့ ဘာလုပ်မှာလဲ၊ ငါ အဲဒါကြောင့် မင်းတို့ကို ဘာမှမပြောဘဲ



www.burmeseclassic.com

www.burmeseclassic.com



ဒီသတင်းနောက်ကို လိုက်ခဲ့တာ၊ နွယ့် ရဲ့ဇာတ်ရုပ် ပေါ်လာစေချင်တာ မင်းတို့နဲ့ငါ ရည်ရွယ်ချက် မတူဘူး"

ခေတ် က အားလုံးကိုငေးကြည့်ပြီး မျက်ခုံးအစုံသည် ထိဆက်လု မတတ် ကုတ်ကျနေလျက် ...

"မင်းတို့က မူလ နဲ့ ငါ့ကို အဆင်ပြေစေချင်ကြတာ"

"ဟုတ်တယ် ခေတ် .. ငါတို့ပယောဂ မကင်းဘူးလို့ ခံစားနေရတဲ့ အတွက် မင်းတို့ရဲ့အိမ်ထောင်ရေးကို ကျိုးပဲ့မသွားစေချင်ဘူး"

"မင်းချစ်နေတာကို ငါတို့ သိသလို မူလ ကလည်း မင်းကို .."

"ဘယ်တော့မှ ငါ့ကိုချစ်မှာ မဟုတ်ဘူး၊ ငါ သူ့ကို မမုန်းနိုင်မပစ် နိုင် ဖြစ်ရလေ ခံစားရလေပဲ"

မုန်ရာကိုပြောရပါလျှင် မူလ ကို သူ ချစ်ပြီးရင်း ချစ်နေခဲ့တာဖြစ် သည်။

ဒက်ဒီနဲ့ပြဿနာဖြစ်ရသည့်ညက မူလ သူ့ဆီရောက်လာခဲ့မှန်း သိလိုက်ရသဖြင့် အရှက်မရှိသည့်မျက်နှာနှင့် မူလ ဆီကို သူ ရောက် သွားမိသည်။

သူမ ဆီးကြိုလိုက်သည့် ကြင်နာပုံကြောင့် ရင်နုန်သံတွေ ပျက်ရှ ပျောက်ဆုံးခဲ့ရ၏။

"လာရတာပေါ့ .. ကျွန်မက ဒီအိမ်ထဲမှာ ထည့်ပိတ်ခံထားရတဲ့ အကျဉ်းသားလေ၊ ရှင့်အတွက်ဆိုရင်တော့ ပျော်တော်ဆက်လား အရုပ်တစ်ရုပ်လား၊ ရှင် လိုချင်တဲ့အချိန် အဆင်သင့်သုံးနိုင်ဖို့ .." တဲ့။

နင့်နင့်အောင်နာနေသည့် ရင်ဘတ်ကြီးထဲကို ဘယ်သူမြင်နိုင်မလဲ။

"အဲဒါကြောင့် နွယ့် ကိစ္စကို ဖော်ထုတ်ချင်တာ၊ ငါ မင်းတို့လို ရည်ရွယ်ချက်နဲ့ မဟုတ်ဘူး"

ကိုယ်ကို မတ်မတ်ပြန်ရပ်ပြီး ခဲလုံးလေးတချို့ စုဝေးနေသည့် မြေပြင်အား ခြေဦးထိပ်နဲ့ ရုပ်တိုက်ကန်ပစ်လိုက်သည်။





ဖရိုဖရဲစဉ်ထွက်ကုန်သည့် ခဲလုံးတို့နောက်ကို လိုက်ကြည့်နေပြီး မှ ...

"ငါ သူ့ကို ဘယ်လောက်ချစ်တယ်ဆိုတာ သူ မသိချင်ယောင် ဆောင်နေလည်း သူများတွေ သိသွားရင် ရပြီ"

"ဘာဆိုင်လို့လဲ .."

"ငါကတော့ ဆိုင်တယ်၊ နွယ့် ကို ငါ ဘာမှမကျူးလွန်ခဲ့ဘူးဆို တာရယ် .. ငါ မမှားတဲ့အတွက် ငါ တာဝန်မယူခဲ့တဲ့အဖြစ်တွေကို လူတွေသိကုန်ရင် အားလုံးကို ဖြေရှင်းပြီးသား ဖြစ်သွားမှာပါ"

"သဘောက ဘာလဲ .. မူလ ကို မင်းက ဒါတွေရှင်းပြီးရင် ကွာ ရှင်းပေးမှာလား"

"အေးလေ .. မင်း သူ့ကို ဒီလောက်ချစ်နေတာ .. ကွာရှင်းပေးဖို့ ဆုံးဖြတ်လိုက်တာတော့ မဖြစ်နိုင်ပါဘူး"

"ဟွန့် .. သေပါရစေဆိုရင်တောင် ငါ သူ့ကို ချက်ချင်း အသက် ထွက်ခွင့်မပြုဘူး"



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၆၃)

"ဘယ်ကိုမောင်းနေတာလဲ နွယ်"

"ငါတို့ အတူဖူသွားကြမယ့်နေရာကိုလေ"

"ဘယ်လို .."

တစ်ခါတလေ ကားယူမသွားတတ်သည့်အကျင့်ကိုပဲ အပြစ်တင်ရမလား ..၊ လာပါခေါ်တိုင်း ယုံကြည်စွာလိုက်ခဲ့မိသည့် ကိုယ့်အပြစ်ကပဲ အရူးနဲ့ တူနေတာလား ..။

ကားက အရှိန်ပိုမြင့်လာသဖြင့် မူလ သံသယစိတ်တွေ မြင့်မားလာ၏။

"နင် တစ်ခုခုဖြစ်လာသလား နွယ် .. ပြောစရာရှိရင် ကားရပ်လိုက်ပါ၊ နင်နဲ့ငါက တစိမ်းတွေမှ မဟုတ်တာ"

"ဘာ!..."

"အမေ့!..."

ကားက လူရှင်းသည့်လမ်းပေါ်မှာ ဝေါခနဲ ဒိုက်ဆင်းသွားပြီး လမ်းနှုတ်ခမ်းအောက်မှာပဲ တုံ့ခနဲရပ်၏။ ကားတင် အကြမ်းပတမ်း ဖြစ်နေတာ မဟုတ်ဘဲ နွယ့် မျက်လုံးအစုံက စူးစူးရဲရဲဖြစ်နေလျက်...





"တစိမ်းတွေ မဟုတ်ဘူး ဟုတ်လား .. သိပ်မှန်တာပေါ့၊ နင်က ငါ့ရဲ့ အကြီးမားဆုံး ရန်သူပဲလေ"

ကားကြောင့် ယိမ်းထိုးသွားသည့်ကိုယ်ကို ထိန်းရင်း မူလ မျက်နှာလေး မဲ့နေလျက် ...

"မဟုတ်သေးဘူး .. အခြေအနေတွေ ဘယ်လိုရှိရှိ ငါ နင်နဲ့ ဘာတစ်ခုမှ ထိပ်တိုက်မပြောခဲ့သေးဘူး နွယ်၊ နင် ဘာတွေလုပ်နေနေ လူကြီးတွေ ဘယ်လိုပြောပြော ..."

"ဒါကတော့ ဒါတွေ နင် ကြံစည်ခဲ့ဖူးတာကို၊ ဘာလိုလိုဖြစ်လာတော့လည်း ကျေနပ်ချင် ကျေနပ်နေမှာလို့၊ မထင်မှတ်ဘဲ သည်ခေတ်လူ နဲ့ ငါ ပြေလည်သွားတာကို ဆို့နင့်ကြေကွဲနေတာလည်း ဖြစ်နိုင်တာပဲ"

"ဘာကြောင့်ပဲဖြစ်ဖြစ် ငါတို့ချင်း ပဋိပက္ခဖြစ်ဖို့ မလိုဘူးလို့ ငါ ထင်တယ် နွယ်၊ ပြီးတော့ ဒီပြဿနာမျိုး ရှင်းရတာ အသက်နဲ့အရက် တစ်ခုကို ရွေးရမှာမျိုး၊ ငါ အဲဒီလောက်ထိ ရက်တယ်၊ ဘယ်သူမပြု မိမိအမှုပဲ"

ဟုတ်ရဲ့လား ဆိုသည့် ပြုံးထေ့ထေ့မျက်နှာနှင့် နွယ် က စိုက်ကြည့်၏။ သူမအတွက်က ဘုရင့်နောင် ဖောင်ဖျက်တာမျိုးလို့ ပြောရမလား၊ သူမ အဲဒီလောက်ထိ ရဲရင့်ခဲ့သလား ..။

ဘာပဲဖြစ်ဖြစ် တိုက်ပွဲတစ်ခုပဲဖြစ်ခဲ့ရာ ထိုတိုက်ပွဲမှာ သူမ ရှုံးခဲ့သည်။

မနိုင်တော့ဘူးဆိုရင် သေရမယ့်အဖြစ်မို့ ကိုယ်သေလျှင် သူလည်း ရှင်စေရ ..။

ထို့ကြောင့် မုသားတွေနဲ့ မွေးဖွားလာခဲ့သည့်ပါးစပ်က အမှန်တွေကို ထွက်ခွင့်မပြုဘဲ မူလ ကို စိတ်ဆင်းရဲခြင်းကြီးစွာဖြစ်ဖို့ ရည်ရွယ်ခဲ့၏ ။



www.burmeseclassic.com

www.burmeseclassic.com



ခေတ် ကို မူလ ချစ်နေသည်။

ကြိတ်မှိတ်ပူဆွေးရင်း လူးလိမ့်ခံစားနေတာ မိန်းမချင်းမို့ သိနေသည်။ မြင်လည်း မြင်နေခဲ့၏။

ယခုကဲ့သို့ မဟုတ်မမှန်သောစကားတို့ကြောင့် သူမကို ပူဆွေးလောင်မြိုက်စေကာ ဒါကို အားရအောင် ကြည့်မည်။ ပြီးတော့မှ ငရဲကို အတူတူသွားကြဖို့ ...။

"ဟုတ်တယ် .. နင် ဖြစ်စေချင်ခဲ့ပေမယ့် တကယ်တမ်းကျတော့ သည်ခေတ်လူ ကို နမြှောတွန့်တိုနေပြီ၊ အဲဒါ ဘယ်သူမပြု မိမိအမှုပဲ နောက်ထပ် နင် ခံစားရမှာ ်သေးတယ် သိလား၊ ငါက လက်ထပ်ထားတဲ့လူ ရှိတယ်"

မူလ မျက်လုံးဝိုင်းသွားတော့ နွယ် က မဲ့သည်။ စတီယာရင်မှာ တင်ထားသည့်လက်ကို ရပ်လိုက်ပြီး ခပ်မိန့်မိန့် လက်ပိုက်ကာ ...

"ငါ သူ့ကို လက်ထပ်ချင်ပေမယ့် မိန်းမတစ်ယောက်က နှစ်ကြိမ် လက်ထပ်ပြီး ယောကျ်ားနှစ်ယောက် တစ်ပြိုင်တည်းယူလို့မှ မရတာ"

"ဘာပြောတယ် နွယ် .. နင့်မှာ ယောကျ်ားရှိတယ် ဟုတ်လား"

"ဟုတ်တယ် .. အဲဒီလူကို ငါက မချစ်ဘဲနဲ့ လက်ထပ်ခဲ့ရတာ အဲဒါလည်း ခေတ် နဲ့ နင့်လိုပါပဲ၊ ကိုကြီးကိုရွှေ့ရင်းနဲ့ မတရား သိမ်းပိုက်ခံလိုက်ရတာ၊ ဒါကြောင့် သူနဲ့ငါ ခြောက်လကြာတော့ ထွက်ပြေးကြရင်းနဲ့ နင်နဲ့ ဆက်သွယ်မိတာပဲ၊ သည်ခေတ်လူ ကို မြင်မြင်ချင်း ငါ အရမ်းစွဲလမ်းသွားတယ်၊ မရက်တတ်လောက်အောင် သူ့အပေါ်မှာ လိုက်လျောခဲ့တယ်၊ ယောကျ်ားဆိုတာ ထိတွေ့မှုကို မရှောင်နိုင်တဲ့ သွေးဆူလွယ်တဲ့ သတ္တဝါတွေပါ၊ သူ နင့်ကိုချစ်ခဲ့တာ ဖြစ်ကောင်းဖြစ် လိမ့်မယ်၊ ငါ့ကိုလည်း လက်မလွှတ်နိုင် ဖြစ်လာတာပဲ၊ ဒါပေမယ့် နင်ရှိနေတော့ ငါ့ကို သူက ဒီတိုင်းသာသာလေး ငြိမ်နေစေချင်တာ သူ့ဆန္ဒက သူဖောက်ပြန်လို့ ကွဲရတာမဟုတ်ဘဲ နင်ကိုယ်တိုင် စိတ်





ပျက် ငိုညည်းပြီး လွှင့်ထွက်သွားဖို့ပဲ"

မူလ ငြိမ်ငြိမ်သက်သက်လေးဖြစ်နေရင်း တကယ့်ဖြစ်ရပ်နဲ့ လက်တွေ့ကို ဆက်စပ်ကြည့်နေမိ၏။

မြင်ခဲ့ရတာတွေ ...၊ ကြားခဲ့ရတာတွေ အားလုံးမှာ မဖြစ်နိုင်တာ ဘာမှ မရှိ။

"မင်းက ဒီလိုဖြစ်စေချင်တာမို့လား၊ မင်းဖြစ်စေချင်တဲ့အတိုင်း ငါ ဘယ်တော့မှ မဖြစ်ဘူး၊ ငါက ဒီတိုင်းကျန်ခဲ့ပြီး မင်းကို သွားခွင့်ပြုမယ် ထင်လို့လား"

"မင်း ဒီကနေ ခြေတစ်လှမ်းမှ မကျူးရဘူးမှတ် ...၊ ချစ်လွန်းလို့လို့ မထင်နဲ့၊ အဲဒါ ပြစ်ဒဏ်"

"မင်း သိပ်လှတာပဲ နွယ်၊ မင်းကို ဒီလောက်လှမယ် မထင်ခဲ့ဘူး"

ကျီစယ်ရယ်မောနေကြသည့် ခိုးခိုးခစ်ခစ် ရယ်သံတွေကိုပါ ပြန်လည်ကြားယောင်လာခဲ့ပြီး မူလ မျက်ဝန်း စိုစိုစွတ်စွတ်လေး ဖြစ်လာသည်။

နွယ် က လက်ပိုက်ထားသည့် အေးစက်စက်မျက်နှာနှင့် ပခုံးကို တွန့်၍ ...

"နင်ကလည်း လူကြီးတွေ အရမ်းလိုလားတဲ့ ချွေးမကောင်းလေး ဖြစ်နေတာကို .. လွှတ်တဲ့ငါးကြီးပြီး ရင်နင့်နေတာ၊ အကြောင်းပြကောင်းကောင်းနဲ့ ထွက်မသွားနိုင်ဘူးပေါ့"

"နင်ပြောချင်တာ ဒါတွေ မဟုတ်သေးဘူးယင်တယ်၊ အဓိကက ဘာလဲ"

"အဓိကက ပြောနေဖို့မဟုတ်ဘူး၊ ပြောနေရင်း အချိန်ကုန်ခံလည်း မထူးဘူးဆိုတာ ငါ နားလည်တယ်၊ အဲဒါကြောင့် အခု ဘာဖြစ်တော့မယ်ဆိုတာ နင့်ကိုယ်နင် မသိသေးပေမယ့် ငါက ဆုံးဖြတ်ပြီးသား .."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်!..."

မူလ ခေါင်းနပမ်းကြီးသွားသည်။

အံကြိတ်ထားသလို တင်းတင်းစေ့နေသည့် နှုတ်ခမ်းအစုံကြောင့် နွယ် ဘယ်လိုဆုံးဖြတ်ထားမှန်း ရိပ်မိလိုက်မိ၏။

ကားတံခါးကို ဖျတ်ခနဲ ဆုပ်ကိုင်ရင်း လမ်းကိုကြည့်မိစဉ် တံခါးလော့တွေ တဒေါက်ဒေါက် ပြုတ်ကျကုန်၏။

"နွယ် .."

"ဟုတ်ပါတယ် .. နင့်ဘေးမှာ ထိုင်နေတာ နွယ်တည်း"

"နင် အဲဒီလို ဘာဖြစ်လို့ကြံရတာလဲ နွယ် .. နင် ဖြစ်ချင်တာ အားလုံး နင် ရအောင် လုပ်ယူနိုင်တယ်၊ ငါကရော နင့်ကို ဘာတွေ တားဆီးပိတ်ပင်နေသလဲ"

"ဟုတ်မှာပေါ့ .. ဒါပေမယ့် ငါက သည်ခေတ်လူ နဲ့ လက်ထပ်ဖို့ မဖြစ်နိုင်ဘူးလေ၊ ငါ သူ့ကို အရှုံးအမှုး စွဲလမ်းပြီး ထင်ရာလုပ်ခဲ့တယ်၊ လိုက်လျောခဲ့တယ်၊ တကယ်တမ်း သူက ချစ်ပါရစေ .. လက်ထပ်ပါရစေဆိုတော့ ခေါင်းညိတ်ဖို့ ခက်နေပြီ"

နွယ် အံကြိတ်ထားရင်း မှသားစကားတွေကို သစ္စာကြီးစွာ ဆိုနေမိသည်။ ငါးမရ ရေချိုးပြန်တယ်ပြောပြော ကိုယ့်မှာ အနှောင်အဖွဲ့က ရှိနှင့်ခဲ့ပြီမို့ ခေတ် ကို မရမကကြိုးစားနိုင်ခဲ့ရင်လည်း အပိုပဲဖြစ်သည်။

ဒေါ်ရွှေသဇင် တွက်ချလိုက်သည့်သချ်ာမှာ သူမ အောင်မှတ်ကနေ ပွတ်ကပ်ချော်ကျခဲ့ခြင်း ဖြစ်၏။

မိဘကိုခေါ်ပါလို့ ခိုင်းခဲ့သည့်အဖြစ်ဟာ သူမ ကြံစည်ခဲ့သမျှ သဲထဲရေသွန် ဖြစ်ရခြင်းသာ။ ဒီဘက်မှာ ခေတ် နဲ့လက်ထပ်ပြီး ငြိမ်ငြိမ်လေး နေလိုက်ဖို့ စိတ်ကူးတွေအားလုံး ပျက်ခဲ့ပြီးသည့်နောက် ...

"နင့်ကို ငါ အရှင်မထားခဲ့နိုင်ဘူး"

ယတိပြတ် ပြောချလိုက်လျှင် မူလ မျက်လုံးတွေပြူးကာ ပျာပျာ





သလဲ လက်ကာသည်။

"မဟုတ်သေးဘူး .. ဒဲလိုမလုပ်နဲ့ နွယ် ..၊ နင့် .. နင့်ကို ခေတ် က ချစ်နေပြီမို့လား၊ နင့်အခက်အခဲကို ပြောပြလိုက်ပါ၊ သူ နင့်ကိုချစ်ရင် .."

"တိတ်စမ်းပါ"

အရှုးလို အော်ပစ်မိသည်။ တကယ်တမ်းမှာ ခေတ် ဆီက ရခဲ့တာ ဒေါသတွေ အမုန်းတွေသာ။ သူ့ကျတော့ မိန်းမတစ်ယောက်ကို ဒူးထောက်ခယပြီး ချစ်ပြီးရင်း ချစ်နေသည်။

ကိုယ့်ကိုကျတော့ ချစ်တတ်ရာပါလားလို့ မမြင်ဘဲ မိန်းမပျက်တစ်ယောက်လို ရွံရွံရှာရှာ ..၊ ယောကျ်ားလေးတွေပဲ တစ်ဖက်သတ်ချစ်ခွင့် ရှိသလား ..၊

ချစ်နေတာကို ချစ်တယ်လို့ ယောကျ်ားတွေမှာပဲ ပြောခွင့်ရှိသလား ..။

ရင့်ထဲမှာ နာနေသည်။ ခေတ် ကို မဟုတ်ဘဲ မူလ ကိုပဲဖြစ်နေတာက သတ်ပစ်ချင်တဲ့အထိ ကြီးမားလာခဲ့သော အမုန်းတွေကြောင့် ဖြစ်သည်။

ထို့ကြောင့် အရှုံးပေးပြီး လှည့်ပြန်သွားရမည့်အတူတူ တစ်ပါးသူနဲ့ ရွှေလက်တွဲ၍ နွဲ့ပျော်နေတာကို ကြည့်နေရတော့မယ့်အစား ..၊

ကိုယ်မှ စားသုံးခွင့်မရှိတော့လျှင် ဘယ်သူမှ မစားစေရ။

ကိုယ် ပန်ဆင်ခွင့်မရှိတော့သည့်ပန်းကို တခြားသူ ကောက်ယူပန်ဆင်ဖို့ ထားခဲ့မည်ဆိုလျှင် ကိုယ့်လောက်မိုက်မဲသူ ရှိပါ့မလား ..။

ဒါပေမယ့် ခေတ် က ပန်းတစ်ပွင့် မဟုတ်ပေ။

ဘာလုပ်ရမည်ဆိုတာ တရစ်ရစ် ခိုင်မာလာခဲ့ရင်း နွယ့် အကြည့်တွေက မူလ မျက်နှာထက်ကနေ လမ်းမဆီ ပြန်ရောက်သွားသည်။

လက်တွေ စတီယာရင်ပေါ်မှာ နေရာတကျဖြစ်သွားသည်နှင့် မူလ



www.burmeseclassic.com

www.burmeseclassic.com



လှုပ်လှုပ်ရှားရှားဖြစ်လျက် နွယ့် လက်ကိုရော၊ ပေါင်တစ်ဖက်ပေါ်ကိုပါ အတင်းပုတ်ခတ် ဆွဲလွဲထားကာ ...

"နေဦး နွယ် .. ခဏလေးနေပါဦး၊ နင် အခု ငါ့ကိုသတ်လိုက်ပြီး .."

"ငါနဲ့အတူတူ သွားရမှာပါ၊ နင့်တစ်ယောက်တည်း ငါ မလုပ်ဘူး၊ ပူမနေနဲ့ .."

"အဲဒါ ပိုပြီးမိုက်မဲတယ် နွယ်၊ လူတစ်ယောက်ဟာ သေပစ်လိုက်တာထက် ပိုကောင်းတဲ့ တခြားဆုံးဖြတ်ချက်တစ်ခု ပေါ်လာရင် အဲဒါက ကံကောင်းခြင်းအစပဲ၊ ခေါင်းထဲမှာ အကြံဉာဏ်တွေရှိနေတာ ကိုယ့်ကိုယ်ကိုယ် သတ်သေလိုက်ဖို့ မဟုတ်ဘူး၊ ကောင်းသထက်ကောင်းတာကို တွေးတောကြံစည်နိုင်ဖို့၊ နင် ပညာတတ်တစ်ယောက်ပါ နွယ် ရယ် .. ယောကျ်ားတစ်ယောက်အတွက်နဲ့ ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့ မလိုဘူး၊ နင်နဲ့ သူ ချစ်နေကြပြီဆိုတာ သိလိုက်တဲ့နောက် ငါ့ရင်ထဲမှာ ဘာဖြစ်သွားမလဲ နင် စဉ်းစားကြည့်ပါ၊ ဒါပေမယ့် ငါ ကိုယ့်ကိုယ်ကိုယ် ဒီလိုလုပ်ဖို့ ဘယ်တော့မှ မဆုံးဖြတ်ဘူး"

"ဟွန်း .. နင် တရားချတာ ကောင်းပါတယ်၊ ကိုယ့်ကိုယ်ကိုယ်ကြံဖို့ မသင့်မှန်း နားလည်သွားပြီ၊ ဒါပေမယ့် နင့်ကို သတ်လို့ရသေးတယ်"

"နင် ထောင်ကျမှာပဲလေ .. သူနဲ့ မပေါင်းရဘဲ နင် ထောင်ကျသွားမှာ"

နွယ့် မျက်လုံးတွေ ရူးရူးရဲရဲ ဖြစ်သွားသည်။

"ဟောဒီကားက နင့်ယောကျ်ားသိမ်းထားတဲ့ မော်ဒယ်ခပ်နိမ့်နိမ့် ပုံတုံးကြီးရယ် .. ငါရောက်လာမှ ဒီကားကို ဖုန်ခါ ရေဆေးပြီး စီးတာ၊ ငါပြောတာ သဘောပေါက်လား မသိဘူး၊ ဒီကားနဲ့ နင့်ကိုသတ်မယ်ဆိုရင် လက်သည်မပေါ်အောင် လုပ်လို့ရတဲ့နည်းတွေ အများကြီးပဲ"





"နွယ် .. နွယ် .. မလုပ်ပါနဲ့"

ကားက သိမ့်ခနဲ ခါသွားၾ၏။ မူလ နွယ့် လက်ကို အတင်းပုတ်ချကာ ...

"နင် အဲဒီလောက်ရူးရသလား နွယ် .. ဒီလိုလုပ်ရပ်မျိုးနဲ့ သေသွားလည်း ဘယ်သူမှ မသနားဘူး"

"ငါ့လိုမိန်းမက သူများသနားတာကို မျှော်လင့်နေတယ်လို့ ထင်တယ်ပေါ့"

"နင့်ကိုယ်နင် ဘယ်လိုသဘောထားနေနေ ငါက ကိုယ့်အသက်ကို အဓိပ္ပာယ်မရှိ အသေမခံနိုင်ဘူး"

မနိုင်လို့ ရှုံးသွားခဲ့ရင်တောင် ကိုယ့်အသက်ကို ပြန်လုဖို့ မူလ ဆုံးဖြတ်လိုက်၏။

ထိုစဉ် ဖုန်းမြည်သံကြောင့် နှစ်ယောက်စလုံး မူလ ပေါင်ပေါ်က စလင်းဘက်ခ်ဆီ မျက်လုံးရောက်သွားကြ၏။

မူလ ကိုယ်ကို တံခါးဘက်တိုးလိုက်ပြီး ဖုန်းထုတ်လိုက်သည်။

"သို .. ငါ ပြည်လမ်း .."

"ဒေါက် .."

ဖုန်း က ဒက်ရှ်ဘုတ်နဲ့ပစ်ဆောင့်ပြီးမှ အောက်ခင်းထဲ ပြုတ်ကျ၏။ နွယ် က ခနဲ့ပြုံးနှင့် စတီယာရင် ပြန်ကိုင်၍ ...

"ပြောမနေနဲ့တော့ .. ငါ နင့်ကို ဘေးမသီရန်မခ ပြန်ပို့ပေးမယ်"

မူလ ဖုန်းကို ပြန်မကောက်ဘဲ နွယ့် မျက်နှာကို စိုက်ကြည့်နေ၏။

ချက်ချင်း ပြောင်းလဲသွားသည့်မျက်နှာက သို့ ဆီက ဖုန်းလာလို့ ထိတ်ပျာသွားတာမဟုတ်ဘဲ တစ်စုံတစ်ရာ စိတ်ကူးပြောင်းသွားသဖြင့် ကိုယ်တိုင် ဆုံးဖြတ်လိုက်တာမျိုး ...။

ကားက လမ်းပေါ်ပြန်တက်ပြီးမှ အပြန်လမ်းဘက်ကို ဦးတည်လိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"အခု ဖြစ်ခဲ့တာကို နင် အကျယ်ချဲ့ပြောခဲ့ရင် နင် မထင်တဲ့ ဒိထက်ဆိုးဝါးတာတစ်ခုခု ငါ ထပ်လုပ်မယ် မူလ၊ အဲဒါ မယုံမရှိနဲ့"

မူလ ကူရှင်မှာ မောလျှစွာ မှီချလိုက်ရင်း ပင့်သက်ကို တဝကြီး ရှိုက်သွင်းမိ၏။

အချစ်အတွက်ကျတော့ ဓာတ်ခွဲခန်းထဲမှာလို ကွန်ပျူတာတွေ သုံးလို့ မရပါလား ..၊

သူမအတွက်ကတော့ အချစ်သည် တစိုးတစိသောရင်ခုန်သံတွေ ပြီးသည့်နောက်မှာ ထိတ်လန့်စေသော .. တွေဝေစေသော ..၊

ပူလောင်စူးရှ၍ ကြောက်မက်ဖွယ်အတိပြီးသော ..။





အခန်း (၆၄)

"မေမေ .."

"တော်ပြီ သမီး၊ အခု ဒီမိန်းကလေးဘက်က မှုမမှန်တာတွေ ပေါ်လာပြီမို့လား၊ သူ့မိဘကို ဒီခေါ်မပေးနိုင်ဘူးဆိုရင် ပြဿနာက ရှင်းနေပြီ"

ဖုန်းထဲမှာ မေမေ့အသံက ခေတ် နဲ့ပဲ ပြန်လည်အဆင်ပြေလိုသည့် ဆန္ဒတွေကို ဖော်ကျူးနေသည်။

"နွယ့် ဘက်က အခက်အခဲတွေရှိနေလည်း အဲဒါတွေက သာမည တွေဖြစ်ကုန်မှာပါ မေမေ၊ ခေတ် နဲ့ နွယ် က ချစ်နေကြပြီ၊ ခေတ် က သူ့ကိုယ်သူ ဖောက်ပြန်တယ် အထင်ခံရမှာစိုးလို့ ငြင်းနေတာ၊ တကယ်ဆို .."

"တကယ်က ဘာဆိုတာ သမီးထက် မေမေ ပိုသိတယ်၊ ခေတ် က ညည်းကိုရွဲ့နေတာ၊ ရွဲ့နေရင်းနဲ့ ဒါတွေဖြစ်ကုန်တာပဲ၊ သူ့ကိုယ်သူ မထိန်းသိမ်းနိုင်ခဲ့တာလည်း ညည်းကြောင့်ပဲဆိုပြီး နာကြည်းသွားတာ"

"ဘာကြောင့်ဖြစ်ဖြစ် သူနဲ့ မူလ မဖြစ်နိုင်တော့ဘူး မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်လို့ မရဘူး .. သမီးမှာလည်း ကိုယ်ဝန်နဲ့၊ မေမေတို့ မျိုးရိုးထဲမှာ တစ်ခုလပ် လင်ကွာဆိုတာလည်း မရှိခဲ့ဘူး၊ နောက်လည်း မရှိဘူး၊ အိမ်ထောင်စု မပြိုကွဲဖို့အတွက် သမီး အတတ်နိုင်ဆုံး ထိန်းရမယ်၊ အနစ်နာခံသင့်ရင် ခံရမှာပဲ၊ ဒီပြဿနာတွေ စခဲ့တာ သမီးဖြစ်နေတဲ့အတွက် မာနတွေ ထားသင့်မထားသင့် စဉ်းစားကြည့် .."

"အခု မူလ ပြောတာကို နားထောင်ပါဦး မေမေ၊ သူနဲ့ကွာဖို့ ရှင်းဖို့ မဟုတ်သေးဘဲ မေမေ့ဆီကို .."

"ဘာထူးသေးလဲ သမီး၊ ဒါလည်း ညည်းမိဘအိမ်ကို ဆင်းလာတာပဲ .. မလုပ်ရဘူး၊ ညည်းအဖေကလည်း စိတ်က ဒါဆိုဒါ ကစ်ယူသန်၊ ညည်းတို့သားအဖ ပေါင်းမိရင်း မဖြစ်သင့်တာတွေပဲဖြစ်ကုန်မှာ မေမေ သိနေတယ်၊ အဲဒါ သမီး နားလည်လား"

နားလည်ပါသည်။ ဖေဖေ့စိတ်ကို မူလ သိနေသလို ငယ်ငယ်ကတည်းက မူလ ကို နေရာတကာ နားလည် အလိုလိုက်ခဲ့တာလည်း ဖေဖေပဲ ဖြစ်သည်။

ဒေါ်ရွှေသဇင် တို့ ခေတ် နဲ့လက်ထပ်ဖို့ ကမ်းလှမ်းလာတဲ့အထိ မူလ ဘက်က ဖေဖေပဲ တွေးပေးတာပုပန်ပေးခဲ့တာ ဖြစ်၏။

"သမီးရဲ့ဝါသနာကို မင်း အသိဆုံးနော်၊ ဒါ အလေးအနက် စဉ်းစားရမယ့်ကိစ္စ၊ သမီးလေးရဲ့ဘဝကိုတော့ ကျေးရူးတွေ ခင်မင်တာတွေပဲ ကြည့်ပြီး ရောသောပစ်မချနဲ့" တဲ့။

ခုလည်း မူလ ကို ဖေဖေ လာမတွေ့တာ ဖေဖေကိုယ်တိုင် ကိုယ့်ကိုယ်ကိုယ် ဆင်ခြင်ပြီး နောက်ဆုတ်နေတာဖြစ်နိုင်သလို မေမေက တားဆီး ထိန်းချုပ်ထားတာလည်း ဖြစ်နိုင်သည်။

"သမီး .."

"ရှင် .."

"သမီးဖေဖေနဲ့ မေမေ ခုတလော စကားကောင်းကောင်းပြောလို့





မရဘူး၊ အဲဒါကို ဝမ်းသာမနေနဲ့နော်၊ ညည်းအဖေကလည်း သမီးကို ချစ်တာ၊ မေမေကလည်း မချစ်လို့မဟုတ်ဘူး၊ ဖြစ်နေကြရတဲ့ အကြောင်းက သမီးဘဝကို ဘယ်လိုနည်းနဲ့မှ မနစ်မွန်းစေချင်တဲ့ ကိုယ်စီ စေတနာတွေကြောင့်ပဲ"

"မူလ နားလည်ပါပြီ မေမေ"

"အေး .. သမီး ဆုံးဖြတ်မယ်ဆိုရင်တောင် အခု ခေတ် တို့ ကစ်ခုခု ဖြေရှင်းနိုင်ဖို့ ကြိုးစားနေကြတယ်လို့ ရွှေ က ပြောတယ်၊ အဲဒါတွေ အဖြစ်မှန်ပေါ်လာတဲ့အထိ သမီး သည်းခံရမယ်"

မေမေက ဒါတွေပဲပြောပြီး ဖုန်းချသွားသည်။ ညို ကလည်း မလာနိုင်ပေမယ့် ဖုန်းတော့ ဆက်ရှာ၏။

"ငါ မနေ့က နင့်ကို နွယ် လာခေါ်သွားတယ်ဆိုကတည်းက အရမ်း စိတ်ပူသွားတာ၊ ဖြစ်နိုင်ရင် နင့်အမေနဲ့ ခဏပြန်နေလိုက်ပါလား၊ အဲဒီတစ်ယောက် စိတ်မချရဘူးနော်၊ မယုံဘူးဆိုပေမယ့် ခေတ် က သူ့ဘက်ကို စိတ်ယိုင်နေတယ်ဆိုတာလည်း မေ့မထားသင့်တဲ့ အချက်ပဲ"

"ဟုတ်တယ် ညို .. ဒါပေမယ့် လူကြီးတွေရဲ့ တစ်ထစ်ချစိတ်ကို ငါ ဘာမှမတတ်နိုင်ဘူး၊ အမေကိုယ်တိုင် သူ့ကို မလိုလားပေမယ့် ဘာမှမတတ်နိုင်လို့ ကြည့်နေရတာ၊ ခေတ် က ကာကွယ်ထားခဲ့တာ သည်း နင် သိတာပဲ"

"အေးလေ .. အဲဒါတွေကြောင့် နွယ် ပြောတာတွေကို မဖြစ်နိုင်ဘူးလို့ တွက်လို့မရတာ ငါ ပြောနေတာပေါ့၊ ဒီရက်ပိုင်းမှာ နင် ရှောင်နေသင့်တယ်ဟာ၊ ငါတို့ စမ်းသပ်ချက်လည်း အောင်မြင်မှာပါ၊ နင် စုဆောင်းထားတဲ့ဒေတာအားလုံးကို သမားတော်ကြီးက ကျေနပ်နေတာ၊ ငါတို့ ပရောဂျက် အောင်အောင်မြင်မြင်ပြီးသွားမှာပါဟာ၊ လောလောဆယ် ကိုယ့်အိမ်ထောင်ရေးကိုပဲ ခေါင်းထဲထည့်နော်"



www.burmeseclassic.com

www.burmeseclassic.com



"အင်းပါ"

ဖုန်းနားကခွာလိုက်သည်နှင့် ခေါင်းထဲမှာ အပြင်းအထန် စဉ်းစားဖြစ်သွားတာက အခု ဘာလုပ်ရမလဲဆိုတာပဲ ဖြစ်သည်။

ခရီးတွေ ခဏခဏထွက်ပြီး ပြန်လာတိုင်း မျက်နှာတစ်ခုလုံးတင်းနေတတ်သည့် ခေတ် လည်း ဒီနေ့ အိမ်မှာ တစ်နေကုန် မတွေ့ပေ။

ဒေါ်ရွှေသဇင် လည်း ဗေဒင်ယတြာတွေနောက်လိုက်ရင်း ခုတလော အိမ်ကပ်တယ် သိပ်မရှိရှာ။

မူလ စိတ်ညစ်စရာတွေ တန်းစီတွေးရင်း အိပ်ရာထက်မှာ နောက်ပြန် ထိုင်လိုက်မိသည်။

နွယ် နဲ့ပတ်သက်၍ လူကြီးတွေကို ပြန်မပြောဘဲ မျိုသိပ်ထားခဲ့သမျှ သူမအတွက် အကျိုးရှိခဲ့ဖူးသလား ...၊ မရှိခဲ့ဘူးလား ...။

မနေ့ကကိစ္စကိုရော မျိုသိပ်ထားလိုက်ရမလား၊ ပြန်ပြောလိုက်ရမလား။

တစ်ညလုံး တစ်နေ့လုံး တွေးတောနေလည်း ခုချိန်ထိ ဘာတစ်ခုမှ ရေရာနိုင် ...။

အကယ်၍ တစ်ပေါက်ယောက်ကို နွယ် ဒီလို ခြိမ်းခြောက်ခဲ့ပါတယ်လို့ ဖွင့်ပြောလိုက်မိရင် ဘာတွေဖြစ်လာမှာလဲ ...။

'နှင် မထင်တဲ့ ဆိုးဝါးတာတစ်ခုခု'ဆိုတာကို တွေးမိတိုင်း သူမနှုတ်တွေ ဆွံ့အခဲ့၏။ နွယ် တကယ်လုပ်ရဲတယ်ဆိုတာကို သိနေသည်။

ဘာလုပ်မည်မှန်း မသိတာကို အရဲစွန့်ပြီး သွေးတိုးမစမ်းရဲဘဲ ဖြစ်နေ၏။

နောက်ဆုံး တွေးလို့ရတာတစ်ခုသည် လူကြီးတွေမပါဘဲ ခေတ်နဲ့သာ ဒီကိစ္စကို ဖြေရှင်းဖို့ ဖြစ်ချင်ရာဖြစ် ဒီည ဒီတိုင်းလုပ်တော့မို့ဆုံးဖြတ်ကာ ခေတ် ဘယ်မှာရှိနေသလဲ ဖုန်းဆက်မေးဖို့ နေရာမှ ပြန်ထရပ်သည်။

ရွှေသမင်စာပေ



ဟန်းဖုန်းကိုင်ဖို့ ဝါသနာမပါခဲ့သည့် သူမမှာ ဖုန်းက အမြဲတမ်းလိုလို ဆလင်းဘက်ခ်ထဲမှာပဲ ရှိနေတတ်ကာ အပြင်မှာဆိုလည်း ကိုယ့်အာရုံနဲ့ကိုယ် များလျက် ဖုန်းလာတိုင်း မကြား ...။

အိမ်မှာကျတော့ ဆလင်းဘက်ခ်ထဲက ထုတ်မထားသဖြင့် ပိုဆိုးသည်။ အရေးတကြီးဆက်ဖို့ရှိရင်တောင် ကြိုးဖုန်းပဲ ပြေးကိုင်မိတာ အကျင့်ပါနေရာ ကိုယ့်အကြောင်းကိုတွေးရင်း ဖုန်းတစ်လုံးလုံး ကိုင်ဆောက်ခွဲပစ်သည့် ခေတ် ကို သတိရသွားမိသည်။

ခုလည်း သူ ပြန်ဝယ်ပေးထားသည့်ဖုန်းမို့ သတိရရင်တောင် ကိုင်ချင်စိတ်မရှိတော့ပေ။

ဖုန်းနားကို လျှောက်ခဲ့ရင်း လက်က ဖုန်းပေါ်တင်မိရုံပဲ ရှိသေးသည် ...

"ဒေါက် .. ဒေါက် .."

"ဘယ်သူလဲ"

"ငါပါ .. ပြောစရာရှိလို့"

နွယ့် အသံ ကြားလိုက်သဖြင့် မျက်မှောင်ကုတ်သွားမိသည်။ ဖျတ်ခနဲ သတိရသွားကာ အိမ်မှာ ဘယ်သူမှမရှိခြင်းပင်။

ဒေါ်အုံ ရှိနေရင်တောင် အောက်ထပ် မီးဖိုခန်းထဲမှာမို့ ဒီကနေဆို ခေါ်မကြား၊ အော်မကြား ဖြစ်နေလိမ့်မည်။

"မူလ"

"လာပြီ"

တံခါးဖွင့်ပေးလိုက်တော့ နွယ် က သရီးကွာတားဘောင်းဘီအနက်ကျပ်ကျပ်နှင့် လက်တစ်လုံးချိတ် ညဝတ်အင်္ကျီပုံစံ အပျော့သားအနီရဲရဲကို ဝတ်ထားသည်။

ဆံပင်တွေကို ဖြောင့်တာလည်းမဟုတ်ဘဲ လှိုင်းတွန့်ပုံစံတွေ တွန့်ထားသဖြင့် ဖားလျားချထားတော့ ပခုံးလွန်အောင် ကားထွက်နေ၏။

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဆံမြိတ်ကို ပုံဖော်ထားပုံပေမယ့်လည်း လက်နဲ့ဖြစ်သလို ထိုးသိပ် တင်ထားသလား မသိ၊ မြင်နေရတာ ဖရိုဖရဲနှင့် မျက်နှာက အဆီပြန် နေတော့ ကြည့်ရဆိုး၏။

သူမက အထဲကို လှမ်းဝင်လိုက်ပြီး တံခါးကို လော့ခ်ချ၍ အသေ ပိတ်သည်။

မူလ မျက်နှာပျက်သွားတော့ ဟွန့်ခနဲ ရယ်ကာ ...

"ဘယ်လိုလဲ မူလ .. အခန်းအောင်းလှချေလား၊ ဘာမှဆင်းမစား ဘဲ အာဟာရပြီးမြောက်နေတာလား"

မူလ စားထားသည့် ချော့ကလက်လက်ကျန်တစ်ပိုင်းကို ဝေ့ခနဲ ကြည့်၍ ...

"သွားရည်စာတွေက အာဟာရမဖြစ်ဘူးနော်၊ ဘာလဲ .. ငါ အိပ် ဆေးခတ်မှာ ကြောက်လို့လား"

သူချည်းပဲပြောနေကာ မူလ က ဘာမှမပြောဘဲ တိတ်ဆိတ်စွာ ကြည့်နေ၏။ နွယ် တစ်နေကုန် ပြန်လာတာမတွေ့ဘူးလို့ ဒေါ်အု ပြောခဲ့သည်။

သူမကိုကြည့်ရတာ ခုလေးတင် ပြန်ရောက်လာပြီး အိမ်နေရင်း အဝတ် ပြေးလဲကာ ဒီကိုတန်းရောက်လာသလိုပင်။

မိတ်ကပ်မပြယ့်တပြယ်နှင့် အဆီပြန်နေလျက် နှုတ်ခမ်းနီတွေ လည်း အရောင်မလှတော့ပေ။ စိုက်ကြည့်နေသည့် မူလ မျက်ဝန်းတွေ ကို သူမ ကလည်း ပြန်ကြည့်ကာ ...

"နင့်ကို ငါ အိပ်ဆေးတွေခတ်ခဲ့တုန်းက ခေတ် က သူ့ကို နင် ဂရုမစိုက်ဘူးလို့ထင်အောင်၊ ခေတ် ဒေါသထွက်နေတဲ့အချိန်တွေမှာ နင်က ဂရုမစိုက်စွာ အေးဆေးအိပ်နေတယ်လို့ ထင်သွားအောင်လို့ လေ၊ အိပ်ပျော်နေရုံလေးပဲလုပ်ခဲ့တာ၊ သေစေချင်တာမဟုတ်သေးဘူး"

"အစက မသိပေမယ့် နင် လုပ်ကြံနေတာမှန်း သိလိုက်တာနဲ့





ဘာကြောင့် .. ဘယ်ဆိုတာ နားလည်သွားပါတယ်၊ ဘာလို့ ရှင်းပြနေ ဘာလဲ"

"အခု နင့်ကို အိပ်ဆေးမခတ်တော့ဘူးဆိုတာ ပြောချင်လို့ပါ"

"ဟုတ်မှာပါ .. နင့်ရဲ့နည်းလမ်းတွေနဲ့ ဖြားယောင်းလိုက်တာ အောင်မြင်သွားတာပဲ၊ ဘယ်လိုတော့မလဲ"

"ဒါဆို နင် ဘာဖြစ်လို့ အောက်မှာ ဘာအစားမှ ဆင်းမစားတာ လဲ၊ ငါ့ကိုကြောက်နေလို့ မဟုတ်ဘူးလား"

"ခြေထောက်အောက်မှာ နင်းခြေပစ်လို့ရတဲ့ ပုရွက်ဆိတ်ကို တောင် အကိုက်ခံရမှာတော့ ကြောက်ကြတာပဲ နွယ်၊ ငါ နင့်ကို ကြောက်တာ ဝန်မခံရဲစရာ မရှိဘူး"

"ဘာ!..."

နွယ် ဟန်မဆောင်နိုင်အောင် ဆတ်ခနဲ ခါသွားသည်။ ပြီးတော့ နှုတ်ခမ်းတွေကို ပုံဆိုးအောင် မဲ့ရွဲ့ပစ်ကာ ...

"ခြေဖဝါးအောက်မှာ ထားချင်တာနဲ့ ပုရွက်ဆိတ်နဲ့နှိုင်းလိုက်တာ လား၊ ဟွန်း .. လုပ်ပါ .. တိရစ္ဆာန်ချင်း အတူတူပဲဆိုတော့ ခွေးနဲ့နှိုင်း သည်း မရိုင်းပါဘူး ပုရွက်ဆိတ်ကိုက်တာ မသေနိုင်ပေမယ့် ခွေးကိုက် ခံရရင် သေမှာနော် .. ဘာဖြစ်လို့လဲဆိုတော့ ငါက ခွေးရူး"

သူငယ်ချင်းနှစ်ယောက်၏ အတွန့်အပြန်စကားတွေက ဓားလှံများ တွေနဲ့ ပစ်ခတ်နေကြတဲ့အတိုင်း ..။

နွယ် က တစ်လှမ်းချင်း ရှေ့ကိုတိုးလာပြီး မျက်နှာချင်းဆိုင်မှာ ထောရပ်သည်။ ဘေးကိုကွေ့ထွက်ဖို့ ခြေလှမ်းပြင်ပြီးမှ တုံ့ခနဲ ပြန်ရပ် လိုက်တော့ မျက်နှာသည် ခပ်စောင်းစောင်းအနေအထားနှင့် ဖြစ် သွားလျက်...

"သည်ခေတ်လူ ကို ယောက်ျားသုံးယောက်ထဲမှာ တန်းခနဲ မြင် လိုက်ကတည်းက ငါ့ရင်ခုန်သံတွေ အသစ်ပြန်ဖြစ်လာတာ၊ ကိုကြီး



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ငါ့အချစ်တွေ ပျက်စီးကုန်ခန်းသွားပြီလို့ ထင်ခဲ့ပေမယ့် မီး သင်းထားတဲ့ ပတ်ကြားအက်မြေက အပင်ပိုသန်တာမျိုး၊ ငါ သူ့ကို စွဲလမ်းရသလောက် ကိုကြီးကို မဖြစ်ခဲ့ဘူးလို့ ထင်လာတယ်”

မူလ လှစ်ခနဲ ပြုံးလိုက်တာကို မြင်ကာ နွယ် က တည့်တည့်ပြန် လှည့် ရပ်၍ ...

“ဘာပြုံးတာလဲ”

“ပြုံးတာမဟုတ်ဘူး ရယ်ချင်တာ၊ ဒါပေမယ့် မရယ်ချင်လို့”

“ပြောပါ ဘာလဲ”

“နှင့်အစ်ကိုကို ဒီလောက်စွဲလမ်းခဲ့တယ်လို့ ဘယ်ထင်မလဲ၊ ‘မိုး စားရတာ ပိုအရသာရှိတယ်’ဆိုတဲ့စကား နင် ကြားဖူးမှာပေါ့၊ သည် ခေတ်လူ မှာ မိန်းမ ရှိတယ်လေ”

နွယ့် မျက်နှာ နီရဲသွားပြန်သည်။ ပက်ခနဲ အော်ပစ်ချင်ပေမယ့် အော်ဖို့စကားလုံးက မရှိ ...။

စေ့စေ့ကြည့်နေရင်း လက်သီးနှစ်ဖက်ကို အရိုးကျိုးသံ ထွက်လာ လောက်အောင် ဖိဆုပ်၏။

“ဘာပဲရှိရှိ ဂရုမစိုက်တတ်တာ ငါပဲ မူလ၊ ငါက ငယ်ငယ် ကတည်းက ပြုံးလာရင် ကြိုက်ပြီး ကြံစည်တတ်တဲ့အကျင့် ရှိတယ် လိုချင်တာကို ဖြစ်တဲ့နည်းနဲ့ အောင်ယူတယ်၊ ငယ်ငယ်တုန်းက ငါ့ကို ခေါ်ကြတဲ့ ‘မယ်အငြိုး’တဲ့”

ဘုရား .. ဘုရား ...။

ကိုယ့်နားကိုတောင် မယုံနိုင် ...။

မူလ အံ့သြသွားတာကို နွယ် က မျက်နှာမော့ ရယ်၏။

“မယ်အငြိုး ကနေ နွယ်တည်သို ကို ပြောင်းသွားဖို့တောင် မနည်း ကြိုးစားခဲ့ရတာတဲ့၊ အဲဒါတွေကို ငါ့ကို မွေးစားခဲ့တဲ့ ဦးဝေလ ပြန်ပြော မှ သိခဲ့ရတာ”





မွေးစားအဖေကို ဦးဝေလ လို့ ခေါ်လိုက်ပုံက ဘာမှမပတ်သက်ခဲ့ ဖူးသူတစ်ယောက်ကို ခေါ်တာမျိုး။ ပြီးတော့ ဆက်ပြောနေသမျှသည် တစ်ချိန်က ပြောခဲ့တာတွေနှင့် ဘာမှမကိုက်ညီသောအကြောင်းတွေ။

“ငါ့ကိုယ်ငါ သူဌေးသမီးလို့ ပြောခဲ့တာတွေလည်း အဲဒါ မဟုတ် ဘူး၊ ငါက ပန်းတနော် တောပိုင်းက တံငါလုပ်တဲ့ စုတ်စုတ်ပြတ်ပြတ် မိသားစုထဲက ခြောက်ယောက်မြောက် အငယ်ဆုံးသမီး၊ ကိုယ်တိုင် ငါးရှာနေပြီးတော့ ငါးမီးဖုတ်ကိုတောင် ဝေမျှစားရတဲ့ဘဝပေါ့၊ အဲဒီထဲ မှာမှ ငါ့အတွက် ဝေစုဆိုရင် ချေးမစင်တဲ့ ငါးဗိုက်ပိုင်းချည်းပဲ၊ ဦးဝေလ က မွေးစားဖို့ ငါ့ကိုတောင်းတော့ သူတို့က ငါ့အစ်မ အကြီးဆုံးကို ပေးချင်တာလေ၊ လှချင်ပချင်တဲ့အရွယ်မို့လို့ သူဌေးလက်ထဲမှာဆို အားလုံး အဆင်ပြေမှာတဲ့၊ ဟွန်း .. ဦးဝေလ က ကလေးသာသာ အရွယ်လောက်ပဲ လိုချင်တာတဲ့၊ နောက်ပြီးတော့ စတောင်းကတည်း က ငါ့ကိုပဲ မွေးစားချင်လို့ တောင်းတာတဲ့၊ အဲဒီအချိန်မှာ ကိုကြီးကို မွေးစားပြီးပြီလေ”

“နင် .. နင်တို့က ဘာမှမတော်ဘူးပေါ့”

“ဦးဝေလ က သားသမီးမရနိုင်တဲ့ ရောဂါသည်ကြီး၊ သူ့ရဲ့ဆွေမျိုး မီးစပ်တွေကိုလည်း ယုံမှမယုံတာ၊ ဘယ်ဆွေမျိုးကိုမှ လှည့်မကြည့်ဘဲ ဘာမှမဆိုင်တဲ့ ကလေးတွေကိုပဲ မွေးစားတာလေ၊ သူ့စိတ်က သူ့ဆန္ဒကို အားလုံး သိမှာကြပါတယ်၊ ဟွန်း .. ငါကလွဲရင်ပေါ့”

နွယ် က ဆံပင်တွေဝေ့သွားအောင် လှည့်ထွက်သွားပြီး မှန် ကလက် တင်ထားသည့်စားပွဲနားမှာ ရပ်သည်။ ရှောက်သွားလိုက် ကောက်ယူ၍ သေချာလှည့်ပတ်ကြည့်ပြီးမှ ပြန်ချကာ ...

“ဆွေလိုလို မျိုးလိုလို လူသိများပေမယ့် ငါတို့လည်း မောင်နှမ တွေ မဟုတ်ဘူး၊ သူကလည်း ဘယ်သူ့အဖေမှ မဟုတ်ဘူး၊ မိဘတွေ ဆီကို ရူးသွပ်ပြီး ကလေးတွေမွေးစားမိတာ သူ မှားတယ်တဲ့၊ အဲ



www.burmeseclassic.com

www.burmeseclassic.com



နောင်တစကားကိုလည်း ငါနဲ့ကျမှ ပထမဆုံး ပြောခဲ့တာဘဲ၊ ဘယ်နေ့က သူပြောသလဲ သိလား .. ကိုကြီး နိုင်ငံခြား ကို ထွက်သွားတဲ့နေ့ပဲ နှင်းဆီ ကို တံခါးပိတ်ထားတာလည်း ငါပဲဆို ... ပြောတယ်တဲ့"

"ဘယ်လို .."

"ဘာမှမတော်တဲ့ ငါ့အစ်မလေ .. ခေါင်းရင်းတစ်ခြံလုံး ဂက်စ်အိုးကွဲပြီး မီးလောင်တော့ အိမ်မှာ ဘယ်သူမှမရှိဘူး၊ ဟုတ်တယ် .. သူထွက်မရအောင် ငါ အပြင်ကနေ တံခါးပိတ်ပစ်လိုက်တာ"

နောက်ထပ် 'ဘုရား'တမိရင်း နွယ် ရပ်နေသည့်ဘက် ကို မျက်နှာမူလိုက်မိသည်။

ကျောပေးထားရမှာတောင် ထိတ်လန့်သွားမိတဲ့အပြစ်..

"ဦးဝေလ က ဒါကိုသိနေမှာပေါ့၊ နှင်းဆီ ကို သူက သိပ်ချစ်တာလေ .. နှင်းဆီ က ငါ့လိုလည်း စာမတော်ဘူး၊ သိပ်လည်း မလှဘူး ဆံပင်တွေပဲ ငါ့ထက်ရှည်တယ်၊ ဒါပေမယ့် နိုင်ငံခြားပြန် ဗိသုကာတစ်ယောက်နဲ့ လက်ထပ်ပေးဖို့လုပ်တော့ နှင်းဆီ ကို ပုံထုတ်တယ် ငါ အဲဒီလူကို မမက်ပါဘူး၊ ဒါပေမယ့် ငါ့ထက်ကျော်ပြီး ဦးစားပေးတဲ့တွေကို တံငါသည်တွေလက်ထဲမှာတည်းက နာကြည်းခဲ့တာ၊ ငါ့အဖေ အမေဆိုတာတွေကိုလည်း နာတယ်၊ ဦးဝေလ ကိုလည်း မုန်းတယ်၊ ငါ့အပေါ်မှာ အနိုင်ရသွားတိုင်း သူတော်ကောင်းလေးပဲနဲ့ လာလာပြီး တရားချသလိုလို လုပ်သွားတတ်တဲ့ နှင်းဆီ ကို သတ်ပစ်ချင်တယ်၊ သတ်ချင်လို့ သတ်ပစ်လိုက်တာ"

နွယ် ဟာ ငယ်ငယ်ကတည်းက ပုံမှန်လည်ပတ်ခြင်းမရှိသည့် တွေးစိတ်တို့နှင့် ကြီးပြင်းခဲ့သည်လား ..။

မူလ စိတ်တွေ ပူလောင်သည့်ဘက်ကို ယိမ်းယိုင်နေပြီ ဖြစ်၏

"ကိုကြီးနဲ့ လက်ထပ်မယ့်တစ်ယောက်ကို သူ့ကိုယ်သူ သတ်သေချင်လာအောင် ညှို့နိုင်ခဲ့တာလည်း ငါပဲလေ၊ ဒါတွေသည်း ဦးဝေလ





က သိနေတာပဲ၊ အဖျက်လုပ်ငန်းတွေအားလုံးကို ခြုံငုံရှုတ်ပြပြီး ငါ့ကိုလည်း 'သွားပါတော့'လို့ နှင်လွှတ်တယ်၊ သူဟာ အချိန်တန်တော့ တစ်ယောက်တည်း အထီးကျန်ဘဝက ရုန်းမထွက်နိုင်တဲ့သူတဲ့"

"ဒါနဲ့ သူ နောက်ထပ် အိမ်ထောင်ပြုလို့ နင်က မီတွေးနဲ့ .."

"ဒီလောက်ထိ တုံးရသလား မူလ .. နင့်လိုလူကို အယုံသွင်းနိုင်တာ ကိုယ့်ကိုယ်ကိုယ်တောင် ဂုဏ်မယူချင်တော့ဘူး၊ ငါ တော်လို့မှ မဟုတ်တဲ"

နွယ် က မဲ့ရွဲ့ကဲ့ရဲ့ပြီး စာကြည့်စားပွဲကို နောက်ပြန်ထိုင်ချလိုက်သည်။

"ငါပြောပြဖူးတာတွေ အားလုံး မှန်တာ တစ်ခုမှ မပါဘူး"

"ခုပြောနေတာတွေကရော .."

"တစ်ခုမှ မှားတာမပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ နင့်ကို မှန်တာတွေပြောလည်း ငါ ဂရုစိုက်ဖို့ မလိုတော့ဘူးလေ"

ပြောပြီး ရယ်လိုက်ပုံက ကောက်ကျစ်သောအကြည့်တွေနှင့် ..။

မူလ အံ့သြစွာငေးနေရင်း ရင်ခုန်သံတွေ မြန်လာသည်။ လက်တွေကို ဆုပ်ကြည့်လိုက်တော့ မဆုပ်မိသလိုလို၊ အားမရသလိုလို။

တစ်မနက်လုံး ထမင်းပေါင်းနဲ့ မထိတွေ့ခဲ့လို့ထင်သည်။ ဒါပေမယ့် ဆာတဲ့အချိန်မှာတော့ တစ်ခုခုကို စားဖြစ်လိုက်တာပဲ။

"နားထောင်ဦးနော် .. ငါ့စကား မဆုံးသေးဘူး၊ ကိုကြီး သဝန်တိုအောင် တိုင်းခန့်ကျော် နဲ့ ငါ ရွဲ့ပြီးတွဲခဲ့တာ၊ သူကလည်း မသိသလိုနေပြီး ငါ အသုံးချတာကို ခံတယ်၊ ဒါပေမယ့် ဆောရီးလုပ်တော့ သူက ပြန်ပြောတယ် သိလား .. ဆောရီး တဲ့၊ နောက်ပြီး ငါ့ကို အတင်းဖော်ကား သိမ်းပိုက်ပစ်တယ်၊ ငါ ပြန်ပြေးတော့ ဦးဝေလ က လက်မခံဘူးလေ .. လုပ်ရဲရင် ခံရဲရတယ်တဲ့၊ သူလည်း တစ်ယောက်တည်းနေတတ်ဖို့ ကြိုးစားနေတယ်ဘဲ၊ တိုင်းခန့်ကျော် က မချစ်ဘဲနဲ့ လက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



ယူထားခဲ့တယ်၊ ပြီးတော့ ငါ့ကို ဂရုမစိုက်ဘူး၊ လက်ပါတာမဟုတ်ဘဲ အမျိုးမျိုးသောနည်းတွေနဲ့ နှိပ်စက်တယ်၊ နောက်ဆုံး ငါ ထွက်ပြေးဖို့ ဆုံးဖြတ်လိုက်တာလေ"

အရုပ်ထုပ်က လက်စသတ်တော့ ဒီအိမ်ပေါ် ရောက်လာခဲ့တာကိုး ..။

နွယ့် အကြောင်းတွေ ရုပ်ယှက်ခတ်လာသလောက် မူလ ခေါင်းထဲမှာ မူးဝေလာခဲ့၏။

ဒီလိုပုံစံ ဖြစ်ဖူးခဲ့သလား။

ဟုတ်သည်၊ ဖြစ်ခဲ့ဖူးတာ တစ်ခါ .. နှစ်ခါလည်း မဟုတ် ..၊

သိလိုက်သည်နှင့် မူလ ရင်ခုန်သံတွေ ပိုမြန်လာကာ လူက စိုက်ခနဲ ယိုင်သွားသည်။

"ဒေါ်ဒေါ် .. ဒေါ်ဒေါ်အု .."

မကြားနိုင်မှန်းသိလျက်နှင့် ခေါ်လိုက်မိသည်။ တက်လာတတ်သည့်အချိန် မဟုတ်ဘဲ တက်လာပါစေလို့ ဆုတောင်းမိ၏။ သို့သော်-

"ခေါ်မနေပါနဲ့ ..သူလည်း ခုလောက်ဆို တစ်နေ့ရာရာမှာ သက်သက်သာသာလှဲရင်း အိပ်ပျော်နေရော့ပေါ့"

"ဘာ!... နှင် .. နှင် .. ဒီလိုထပ်မလုပ်ဘူးဆိုပြီးတော့ ..."

မူလ လဲပြိုချင်နေတာကိုထိန်းကာ ခုတင်ဆီ ရောက်အောင် လှမ်းသွားမိ၏။

"မလုပ်ဘူးဆိုတာ ခါတိုင်းလို မလုပ်ဘူးလို့ ပြောတာ၊ အခု နင့်ကို အိပ်ပျော်နေရုံလုပ်မှာ မဟုတ်ဘူး၊ မကြာခင် နင် သေရတော့မှာ မူလ နင် ဒီပုံစံဖြစ်လာအောင် ငါ့ဘဝရဲ့ ပုံတိုပတ်စတွေကို မပြောချင်ဘဲ ပြောပြီး အချိန်စောင့်နေရတာ သိရဲ့လား"

ခုတင်ကို ထိကိုင်မိတာနှင့် တအိအိ လဲကျသွားသည့် မူလ ဆားမှာ သူမက ခြေစုံလာရပ်၏။



"ခုတင်ပေါ်ရောက်အောင် မသွားနိုင်တော့ဘူးလား၊ ဒါဆို ငါ ပင်ပန်းတော့မှာ သေချာပြီ"

"နွယ် .. နင် ဒီလောက်ထိ .. အား!..."

ခေါင်းတွေ မူးနောက်လာတာ မထူချင်။ နွယ် က ရှေ့မှာ မုဆိုးဒူးထောက်ထိုင်၍ ကျကျနနကြည့်ကာ ...

"နင့်လို ကမ္ဘာမပတ်ဖူးပေမယ့် အထာနပ်ပြီးသားပဲ မူလ ရယ်.. နင် မုန့်ထုပ်တွေ ဝယ်ခိုင်းကတည်းက ငါ မသိဘဲနေပါ့မလား၊ ဒီချော့ကလက်ကို နင် ဘယ်ဘက်ကစပြီး ဖွင့်မလဲဆိုတာထိ ငါ သိတယ်၊ လူသတ်ရင် ထောင်ကျမှာပဲဆိုတာလည်း နင် ပြောခဲ့လို့ ငါ သဘောပေါက်သွားတယ်၊ ကားတိုက်ပြီး သွေးထွက်သံယိုနဲ့ မလှမပ သေရမယ့်ဘေးက နင် လွတ်မြောက်ခဲ့တာ အဲဒါကြောင့်လေ၊ ခုလို အိပ်ရာပေါ်မှာ လှလှပပ သေရမှာ နင် တန်ပါတယ်"

"မလုပ်နဲ့ .. မလုပ်ပါနဲ့၊ ဘယ်လိုပဲ နင် ကြံစည်ကြံစည် ဒါတွေ.. ဒါတွေကို ညို သိတယ်၊ နင့်ကို .."

"ငါ့ကိုမဖမ်းနိုင်အောင် နင့်ကိုယ်နင် သတ်သေတာမျိုးဖြစ်အောင် ငါ အားလုံး အကွက်ရွှေ့ပြီးသား၊ ဒါတွေကြံရဖို့ရှိလို့ ဟိုအရင်ကတည်းက ငါနဲ့ သည်းမခံတတ်လူ ကို နင် မြင်သွားပြီ ဆိုတာတွေ၊ အခန်းမအောင်းခဖူး အောင်းပြီး သောကများနေတာတွေ၊ အဲဒါတွေကို ဒေါ်အု ကို မြင်အောင်၊ သိအောင် ငါ တမင်ပြထား ပြောထားတာတွေ ရှိတယ်၊ နင် အထင်လွဲပြီး ကိုယ့်ကိုယ်ကိုယ် သတ်သေသွားမှာစိုးတဲ့ အမှုအရာတွေတောင် လုပ်ရသေးတယ်၊ နင် ယုံလား .. အခု နင့်ကို အိပ်ဆေးတွေ အိုဗာထိုးပေးမှာ၊ စိတ်ညစ်လွန်းလို့ မူလ သူ့ကိုယ်သူ စီရင်သွားပြီ .. လို့ချင်တာ ဒါပဲ"

နွယ် က ဘောင်းဘီနောက်အိတ်ထဲကို အသာလေး နှိုက်ယူသည်။ ပြန့်လိုက်တော့ လက်အိတ်ဖြစ်ကာ နှစ်ဖက်စလုံးကို စွပ်ချလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဘောင်းဘီနောက်ကပ်တစ်ဖက်ထဲက ဆေးတွေအပြည့်နှင့် ဆေးထိုးအပ်တစ်ချောင်းကို ထပ်ထုတ်၏။

"ဟင့်အင်း .. နင် မလုပ်ရဘူး၊ အဲဒီလိုလုပ်လို့လည်း မရဘူး၊ နင်.. နင် .. ယုတ်မာတိုင်း ရမယ်ထင်လို့လား"

မူလ မေးစင်းနေသည့်မျက်လုံးတွေကို မရမက ကြိုးစားတင်းထားကာ ကြမ်းပေါ်မှာ ခွေနေရာကနေ ထရပ်ဖို့ကြိုးစား၏။

နွယ် က မူလ လက်မောင်းတစ်ဖက်ကို လက်တစ်ဖက်နဲ့ မညင်သာစွာ ဆွဲထူလိုက်သည်။

ပြီးတော့ အိပ်ရာထက်မှာ လှဲပြီးသားဖြစ် အောင် ဖိချပြီး သူမပါ တင်ပါးလွှဲဝင်ထိုင်၏။

"ဒါလေး နင့်လက်ထဲ ထည့်ပေးခဲ့ရုံနဲ့ ပွဲသိမ်းတယ်၊ ဘာမှပူမနေနဲ့ .. ခေတ် က အစတည်းက ဒီတိုင်းလုပ်ပစ်ချင်နေတာ၊ နင် သူ့ကို ဂရုမစိုက်ဘဲ အိပ်အိပ်နေတော့လေ .. တစ်ခါတည်း ပြန်မနိုးဘဲ အိပ်လိုက်ပါလား၊ သင်းရှိနေလို့ ဇယားရှုပ်နေတာ ဘာညာနဲ့၊ ငါကတော့ ပိုချစ်ရတဲ့သူကိုး၊ သူ စိတ်ညစ်နေမှန်းသိတော့လည်း ကြာတော့ မနေနိုင်တော့ဘူး၊ ဒါကြောင့် သူ့ကိုယ်စား နင့်ကို ငါ ရှင်းဖို့ ဆုံးဖြတ်လိုက်တာ၊ နောက်ဆုံး လူယုတ်မာ တိုင်းခန့်ကျော် ဝင်ရှုပ်လို့ သူနဲ့ငါ လက်ထပ်ခွင့်မရှိတော့ရင်တောင် နင်နဲ့ ပြန်မပေါင်းနိုင်တော့ရင် ငါ ဝင်သတ်ပေးရတာ အမြတ်ပဲ"

မဟုတ်တာတွေပြောနေတာပေမယ့် စိတ်ကူးထဲမှာ ခေတ် ရဲ့ ချစ်ခြင်းကို ခံနေရတာနဲ့ပဲ ကျေနပ်နေရတဲ့အဖြစ်ပါ။

မူလ ကိုတော့ သေဆုံးသွားချိန်အထိ ခေတ် ကို မုန်းသွားစေချင်သည်။ နောက်ဆုံးထွက်သက်အထိ မချိမဆန့် နာကျင်ကြေကွဲသွားစေချင်၏။

လူဖြစ်လာခဲ့ရသည့်ဘဝမှာ ကိုယ့်လောက်မလှသည့် မိန်းမတွေကိုပဲ သူမ ရှုံးနိမ့်နေခဲ့ရသည်။

ကိုယ်ပင်ကလွဲပြီး မိန်းမအားလုံးက မြင် [illegible] ယှဉ်ရသည်း [illegible] သလား ...။

ကိုကြီးရဲ့ချစ်သူ 'ဇကရီ' ..

ဦးဝေလ ချစ်ခင်အားတားတဲ့ သမီး 'နှင်းဆီ' ..

ပြီးတော့ 'ရေးမူလ' ဆိုသည့် ခပ်တုံးတုံး ကြောင်တောင်တောင် မိန်းမ ..

သူတို့တွေကို မုန်းမိသည်။

ဘယ်သူကမှ မေတ္တာသက်ဝင်ခြင်းမရှိသည့် ကိုယ့်ကိုယ်ကိုယ်လည်း မုန်းသည်။

ဖြစ်နိုင်လျှင် ရွယ်လိုက်တာနှင့် သေစေနိုင်မည့်သော လက်နက်တစ်ခုကို ကိုင်ထားပြီး ...

"ငါ့ကို ဘယ်သူချစ်မလဲ .. ချစ်မယ့်သူ က [illegible] မည်၊ မချစ်တဲ့သူ [illegible] အားလုံး သေရမည်"

ဟု ကြွေးကြော်ပြီး [illegible] ကို ပတ်ပြေ [illegible]

မျက်လုံးတွေ မှိတ်ကျသွားလိုက်၊ ပြန်ဖွင့်လိုက် [illegible] ကို ငုံ့စောင်းကြည့်ရင်း [illegible] ခပ်ကို ကျကျနန [illegible] တစ်ခုလုံးက [illegible] လာကာ ...

"ငါ ထာဝရ သူနဲ့မပေါင်းရရင်တောင် နင့် [illegible] အနမ်းနဲ့ ညစာစားပွဲလောက်ဘော့ ရဦးမှာပါ၊ အဲဒီလောက်နဲ့ပဲ ငါ ကျေနပ်နိုင်တယ်"

"နွယ် .. နွယ် .. ငါ့မှာလေ .."

မူလ လျှာတွေလေးကာ စကားလည်းမပီတော့ပေ ...။

"ငါ့မှာ ကိုယ် .. ဝန် .. ရှိ .. ရှိ .. နေတယ်၊ နင် အသက် .. နှစ်ချောင်းကို .."







www.burmeseclassic.com

www.burmeseclassic.com



"ဘာ .. ဘာပြောတယ်"

ချမ်းသာပေးမလားလို့ ကြိုးစားပြောလိုက်သော်လည်း နွယ် ဆွေ့ခနဲ ဖင်ရွှေ့ထိုင်ပြီးသားဖြစ်သွားကာ မျက်လုံးတွေ ကျွတ်ထွက်တော့မတတ် ပြူးကျယ်လျက် ...

"ကိုယ်ဝန်ရှိနေပြီ ဟုတ်လား"

သနပ်ခါးရောင် လက်ပြတ်ရင်စေ့အင်္ကျီပွပွလေးနှင့် မူလ ရဲ့ဗိုက်ကို ပြူးပြဲကြည့်ကာ လက်က ဖျတ်ခနဲ ရောက်၏။

မူလ လက်ကလေး သူမလက်ပေါ်ကို ထပ်အုပ်ကိုင်လာခဲ့ပြီး ...

"ဘာ .. ဘာလုပ် .. မလို့လဲ .. နင် .. နင် ..."

မူလ အသံလေး တိုးတိတ် ပျောက်ကွယ်သွား၏။ သူမထံမှ လှုပ်ရှားမှုတွေလည်း ငြိမ်သက်သွားခဲ့လေသည်။

ကြည့်စမ်း ..၊ ခေတ် သာသိရင် ဘယ်လောက် ပျာယာခတ်သွားမလဲ၊

'ဒီမိန်းမ ရက်စက်လှချေရဲ့' ဆိုပြီး ဖြစ်နေတဲ့ဒေါသတွေ ဆက်ဖြစ်နိုင်ဦးမလား ..။

"တောက် .. နင့်ကို ဆယ်ခါပြန်သတ်ရမယ်ဆိုရင်တောင် ငါ နောက်တွန့်မှာ မဟုတ်ဘူး မူလ"

မနာလိုဝန်တိုခြင်းသည် အသိစိတ်အားလုံးကို ပွက်ပွက်ဆူစေခဲ့ပြီး မူလ ရဲ့လက်တစ်ဖက်ကို မညှာမတာ ဆွဲယူမိ၏။

"ဒုန်း .."

တံခါးတစ်ချပ်လုံး တုန်ခါသွားခြင်းနှင့် ကျယ်လောင်သောအသံ တစ်ထပ်တည်း ဖြစ်ပေါ်သွားခဲ့ပြီး ...

"မူလ .. မူလ တံခါးဖွင့် .. အထဲမှာ နွယ် ရှိတယ်မို့လား၊ နွယ်တသို .. မင်း ဘာလုပ်နေတာလဲ .. ထွက်စမ်း"

"ဒုန်း .. ဒုန်း .."





"ဟော့ .. နွယ်တသို"

ခေတ် ရဲ့အသံက မိုးခြိမ်းသံလို ဖြစ်နေလျက် တံခါးထုရိုက်သံတွေနှင့် ရုတ်တရက် ဆူညံပွက်လောရိုက်သွားခဲ့ပြီး ...

"ဒုန်း .. ဝုန်း .."

တံခါးပွင့်ထွက်သွားခြင်းက တစ်အိမ်လုံး တုန်ခါသွားသလား ထင်ရသည်။

"မူလ .."

အခြေအနေကို မြင်လိုက်တာနှင့် မူလ ဆီ ပြေးသွားကာ စိုးရိမ်တကြီး ပွေ့ထူလိုက်မိ၏။

"မူလ .. မူလ ဘာဖြစ်တာလဲ၊ ကိုယ့်ကိုကြည့် .. မူလ"

အရူးလို လှုပ်နှိုးနေရင်း ခေတ် မျက်လုံးတွေ နွယ့် ဆီ စူးစူးရဲရဲ ရောက်လာသည်။

နွယ် က ဆေးအပ်ကိုင်လျက်နှင့် ဖြစ်ကာ ခေတ် အသံကို ကြားကတည်းက ထရပ်လိုက်သည့်နေရာမှာပဲ ရှိနေရင်း ...

"သူ သေတော့မှာ"

"ဘာ!..."

မူလ ကိုယ်ကို ပြန်ချလိုက်ကာ ခေတ် သူမရှေ့ကို ရောက်သွားသည်။

"မင်း ဘာလုပ်လိုက်တာလဲ .. ပြန်ပြော၊ မူလ ဘာဖြစ်သွားပြီလဲ.. ပြောစမ်း"

"သတ်ထားတာလေ .. သူသေမှာလို့ ပြောနေတာ မကြားဘူးလား"

"မိန်းမယုတ် .."

ပြင်းထန်သည့် ထိခတ်သံနှင့်အတူ နွယ် တစ်ပတ်လည်သွားပြီးမှ ကြမ်းပေါ် ခွေခနဲ ကျ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်မှ လှုပ်ရှားမလာတော့သည့် နွယ် ရဲ့အေးကျ ... သွားကာ အကြမ်းပတမ်း ဆွဲထုပစ်လိုက်စဉ် လူရိပ်တွေ ပြေးဝင်လာကြ၏။

“တော်ပြီ ခေတ်”

“ဖိုးခေတ် မလုပ်နဲ့တော့ .. မူလ အရေးကြီးတယ်၊ ဘာတွေဖြစ်ကုန်တာလဲ”

အာကာတို့ ရောက်လာကြကာ ခေတ် ရဲ့လက်သီးကို ဖြေကာ နွယ် ကို ပြန်ဆွဲယူနေရ၏။

မူလ ကို ပြေးကြည့်တဲ့လူက ကြည့်...၊

အမှောင်အနေသည် ခဏအတွင်းမှာ မှုပ်ထွေးနေခဲ့ပြီး ...၊





## အခန်း (၆၅)

“ဘယ်လိုဖြစ်ရတာလဲ မူ .. ဆေးရုံကခေါ်ချသွားတာ တို့လည်း ဘာမှမသိရဘူး၊ ဒီလောက်ထိတော့ မလုပ်သင့်ပါဘူး”

“ငါမဟုတ်ဘူး ရွှေ .. သူ့အဖေ လုပ်သွားတာ”

“ကိုဇေ ရဲ့စိတ်ကို သိပါတယ်၊ ဒါ ဖြစ်လည်းဖြစ်နိုင်တယ်၊ ဒါပေမယ့် မူ ရယ် .. နင်က ...”

“ဒီမှာ မရွှေ ...တစ်ယောက်နဲ့တစ်ယောက် ဒီထက် ရင့်သီးကုန်ကြရင် မကောင်းပါဘူး၊ အဲဒီတော့ ပြန်ကြပါ”

ဒေါ်နွဲ့မူ ကို တောင်းပန်နေတုန်း ဦးဇေယျ က မျက်နှာထားကြီးနှင့် ထွက်ပြော၏။

သူ့ယောက်ျား ထွက်လာပြီဆိုတော့ ဦးထွန်းမင်း လည်း မနေသာတော့ဘဲ နေရာမှထကာ ဦးဇေယျ ရှေ့ထိ လျှောက်သွားပြီး ...

“ငါတို့ ခုလာခဲ့တာ ကလေးတွေကို ပြန်ပေါင်းဖို့ကြိုးစားရအောင် မဟုတ်ဘူး ကိုဇေ၊ သမီးရဲ့ကျန်းမာရေးကို သိချင်တာရယ် .. ဖြစ်သမျှအတွက် တောင်းပန်ဖို့ရယ် ..”



www.burmeseclassic.com

www.burmeseclassic.com



"သမီးက အသက်အန္တရာယ် မစိုးရိမ်ရပါဘူး၊ ဒါပေမယ့် ခေတ်ကို မြင်ရရင်တော့ သေသွားနိုင်တယ်"

"သူ အဲဒီလောက်ထိ ပြောခဲ့တာလား"

အစက ပါမလာခဲ့ဘဲ ခေတ် ဘယ်လိုရောက်လာမှန်း မသိ၊ တံခါးဝမှာ ပေါ်လာကာ မျက်မှန်နဲ့ကားသော့ကို တစ်ဖက်မှာပူးတွဲကိုင်လျက် ဧည့်ခန်းထဲကို ဝင်လာ၏။

မလိုလားခဲ့သော ဦးဇေယျ ရဲ့မျက်ဝန်းတွေကလည်း ခေတ် တစ်ကိုယ်လုံးကို စုန်ချီဆန်ချီ ဝေ့ဝိုက် ပြေးလွှားသွားခဲ့ပြီး ...

"ဟုတ်တယ် .. ယောကျ်ားတစ်ယောက်ကို အရှုံးအမှုံးလိုက်ကြိုက်တဲ့အလုပ်က စိတ္တဇဆန်တဲ့ မိန်းမကိုက်တွေပဲ လုပ်မှာ"

ဦးဇေယျ က ခေတ် ကိုယ်ပေါ်က အနက်ဝတ်စုံနှင့် အပေါ်ထပ်ဂျက်ကက်အနက်ကို ထပ်ကြည့်သည်။ ဝင်းမှုန်နေသည့် မျက်နှာချောချောကို အကြည့်ပြန်ရောက်ပြီး 'သေအောင်ချောလည်း အပိုပဲ'ဆိုသည့် မဲ့ပြုံးနှင့် ...

"ငါ့သမီးက မွေးကတည်းက လိမ္မာခဲ့တဲ့သမီး"

"မှန်ပါတယ် .. အန်ကယ့်လ်သမီး လိမ္မာပါတယ်၊ ကျွန်တော်ကတော့ အမိုက်ခံပြီး ချစ်ခဲ့တာ၊ ခုလည်း ချစ်နေတုန်းပဲ၊ သူ့ကို ပြောပြပေးပါ၊ ကျွန်တော် ဘယ်လောက်ချစ်ချစ် နောက် မမိုက်မိအောင် ကြိုးစားတော့မယ် .. စိတ်ချမ်းချမ်းသာသာ နေပါလို့"

"သား .."

"ပြန်ကြမယ် မာမီ၊ ကျွန်တော့်ကြောင့် အထပ်ထပ်အခါခါ မျက်နှာငယ်နေရတာ ဒီမှာပဲ အဆုံးသတ်လိုက်ပါတော့၊ အခြေအနေကို ကျွန်တော် တွက်ပြီးသား၊ ဘယ်တော့မှ ဒီထက်ကောင်းလာမှာ မဟုတ်ဘူး"

ချာခနဲ လှည့်ထွက်သွားသည့်ကျောပြင်ကို စိုက်ကြည့်ပြီး ဦးဇေယျ





အံကြိတ်သည်။

ပြီးတော့ ပြုံး၏။

"သူ့မှာလည်း အမှန်တရားတစ်ခုခုတော့ ရှိမှာပါ ကိုဇေ၊ သားမဖောက်ပြန်ဘူးဆိုတာ အခု သက်သေတွေ အခိုင်အမာရှိနေပါပြီ၊ သမီး နားထောင်မယ်ဆိုရင် နည်းနည်းရှင်းပြပါရစေ၊ သမီးက ခွင့်လွှတ်နိုင်ရင် ချက်ချင်းပြန်သွားမှာပါ"

ဒေါ်ရွှေသဇင် က ဦးဇေယျ ကိုပြောရင်း ဦးထွန်းမင်း နဲ့ ယှဉ်တွဲရပ်လိုက်ကာ ...

"နွယ် ဆိုတဲ့ မိန်းကလေးဟာ ဝေဒနာရှိတယ်လို့ သတ်မှတ်ခံထားရတဲ့ မိန်းကလေးပါ၊ ခုလည်း သူ့အပြစ် သူ ခံရတော့မှာ"

"တော်ပါတော့ မရွှေ၊ ပြောကြကြေးဆို ဒီကောင်မလေး သမီးကို လုပ်ကြံခဲ့တာ အကြိမ်ပေါင်း မနည်းတော့ဘူး၊ ခင်ဗျားတို့ ဘယ်သူသိခဲ့သလဲ၊ ခေတ် နဲ့ ဒီကောင်မလေး ပေါင်းသုပ်နှိပ်စက်လို့ သမီးမှာ ဘဝပျက်မတတ် ခံစားခဲ့ရတာ၊ အခု ကံကြီးလွန်းလို့ မသေခဲ့တာလေ၊ ဒေါ်အု ဆိုတဲ့ တစ်ယောက်သာ ကြိုးစားအားတင်းပြီး ဖုန်းဆက်အကြောင်းမကြားနိုင်ခဲ့ရင် တို့သမီးရဲ့အဖြစ်က .."

"ဟုတ်ပါတယ်၊ အဲဒါတွေအားလုံး .."

"မတောင်းပန်နဲ့တော့၊ ကိုထွန်း .. မရွှေ ကို ခေါ်ပြီး ပြန်ပါ"

ယောကျ်ားချင်းမို့ နည်းနည်းတော့ တင်းချင်၏။

ဦးထွန်းမင်း က ဇနီးဖြစ်သူလက်ကို ဆုပ်ကိုင်လိုက်ပြီးဖြစ်ကာ...

"ကောင်းပြီ .. ကျုပ်တို့ ပြန်မှာပါ၊ သားကို သမက်မတော်ချင်လည်း ရတယ်၊ လမ်းမှာတွေ့လည်း ရှောင်သွားနိုင်ပါတယ်၊ ဒါပေမယ့် ဗိုက်ထဲက ကလေး မွေးလာရင်တော့ .."

"ကိုထွန်း .."

ဒီတစ်ခါ ဒေါ်နွဲ့မူ ရဲ့အသံ ဖြစ်ကာ မတင်းသော်လည်း မျော



www.burmeseclassic.com

www.burmeseclassic.com



ပျောင်းခြင်း နည်းပါးလျက် ...

"ကျေးဇူးပြုပြီး ဒီကိစ္စကို မေ့ထားပေးပါ"

"ဘယ်လို .."

"မှူ ရယ် .. နင် ဘယ်လိုပြောလိုက်တာလဲ"

"ဒါလည်း သမီး သေချာပြောလိုက်တဲ့ သူ့ရဲ့ဆန္ဒပါ၊ ကွာရှင်းပေးဖို့ရယ် .. အားလုံးက ဒီကိစ္စကို ဆက်ပြီး လျှို့ဝှက်ထားပေးဖို့ရယ်"

"ဟုတ်တယ် .. မရွှေ တို့ သားက ဒီပုံစံအတိုင်းဆိုရင် ကွာရှင်းစာချုပ်မှာ အလွယ်တကူ လက်မှတ်ထိုးပေးမှာပဲ၊ ရှေ့ဆက်ဖို့မရှိကြတော့တဲ့ကိစ္စ၊ ဒါ သူ့ကိုပြောနေလည်း ရှုပ်ကုန်မှာပဲရှိတာ"

ဦးဇေယျ က ဇနီးသည်စကားကို ထောက်ခံရင်း ခေတ် ကို ကဲ့ရဲ့၏။ ဒေါ်ရွှေသဇင် ရုတ်တရက် ဆွံ့အနေမိ၏။

ဇနီးမယားကို မပြတ်နိုင်ဘဲ ယောက္ခမတွေအပေါ်မှာ မာရေကျောရေပြောပြီး ရိုင်းစိုင်းစွာ လှည့်ပြန်သွားခဲ့သည့် သား ..၊

ကိုယ့်သားကိုက အမြဲတမ်း လွဲမှားခဲ့တာ ဖြစ်သည်။ ဒီလိုနေရာမှာ ဒူးထောက်တောင်းပန်တော့ရော ဘာဖြစ်သွားမှာလဲ ..၊

ချော့မော့ချိုသာခြင်းကို မကြိုက်ဘူးဆိုတဲ့လူ ရှိသလား၊ သူတို့ပြောတာလည်း မမှားပါ။

ဒီပုံစံမျိုးနှင့် ခွင့်မလွှတ်နိုင်အောင် ဖြစ်နေသည့် မူလ ရှေ့ကိုရောက်သွားလည်း အခြေအနေပိုကောင်းလာဖို့ မရှိပေ ..။

"တို့ကို နားလည်ပေးပါ ရွှေ .. ငါတို့တွေအားလုံး ကလေးရဲ့အဘိုးအဘွားတွေပါပဲ၊ 'ငါ့မြေး'လို့ ပါးစပ်က ထုတ်နုတ်မပြောဘဲ ဒီတိုင်း ခေါ်ထိန်းလို့ရတယ်၊ ကလေးကို ကြိုက်သလို ချစ်ပါ၊ ကုန်ကုန်ပြောရရင် အဖေ ဘယ်သူ၊ အမေ ဘယ်သူဆိုတာ အချိန်တန်ရင် ကလေးက သူ့အလိုလို ရှာဖွေလာမှာပဲ၊ တို့တွေက မပြောဘဲ ဘယ်လိုပုံစံနဲ့ပဲ သိသိ .."





ဒေါ်ရွှေ ..ဇင် မျက်ရည်ဝေ့လာ၏။ ကြည့်လိုက်တော့ ဒေါ်နွဲ့မှူလည်း မျက်ရည်တွေနဲ့ ...၊

ဦးဇေယျ က ချာခနဲ လှည့်ထွက်သွားကာ ဦးထွန်းမင်း က ဒေါ်ရွှေသဇင့် လက်မှာ ဆုပ်ကိုင်ထားဆဲ လက်ကို ဖြုတ်ချလိုက်သည်။

ဒီနေ့မှစ၍ လက်တွဲတွေပြုတ်ခဲ့ကြပြီဖြစ်ကာ အဆင်ပြေမယ့် တစ်ချိန်ချိန်ဆိုတာ နောင် ဘယ်ထိစောင့်ရဦးမှာလဲ။

တစ်နှစ် .. နှစ်နှစ် ..

ဒါမှမဟုတ် သုံးလေးငါးနှစ်ထိ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆၆)

"ဟော့ .. ခေတ် မဟုတ်လား"

သူ့ခြေလှမ်းတွေ ရပ်သွားသည်။ ခေါ်သူက အနားကို တန်းရောက်လာကာ ...

"ဟုတ်သားပဲ .. ငါ လူမှားသွားသလားလို့"

ချစ်မင်းဦး မျက်နှာက စပ်ဖြဲဖြဲနှင့်၊ နောက်မှာပါသည့် အမျိုးသမီးကို အထဲဝင်သွားနှင့်ဖို့ လက်ပြလိုက်ပြီးမှ ...

"မင်းကို ဒီမှာထပ်တွေ့လိုက်ရတော့ သရဲများခြောက်သလားလို့၊ အဟွန်း .. မနေ့ကမှ ဖုန်းပြောခဲ့တာ ဘားအံမှာ"

"ဘားအံ ကနေ မော်လမြိုင်ရောက်မနေရဘူးလို့ မင်းကြီးတော်က ကန့်သတ်ထားခဲ့သလား"

"ဟား .. ဟား .. ဟား ..."

ခေတ် ရဲ့မျက်နှာပေါ်က အမြဲတမ်း သောကတွေကို ပေါ့ပါးစေလိုသည့်သဘောနှင့် ရယ်ချလိုက်တာ ဖြစ်သည်။ နောက်ပိုင်းမှာ ခေတ်နဲ့ဆုံဖြစ်ကြတိုင်း အတိတ်ကို ဘယ်သူကမှ ပြန်မစခဲ့ကြဘဲ သူတို့ပဲ ပြော၊ သူတို့ပဲ စနောက်ပြီး ရယ်ကြ။





ခေတ် ကတော့ လိုက်ရယ်တာလည်း ရှိ၊ ဆဲတဲ့အခါ ဆဲ ...။

"ဘယ်လိုလဲ .. ဒီတစ်ခါ ဂန္ဓာရီက ဘယ်မှာဓာတ်ကျသွားလို့လဲ"

နှစ်ယောက်ဆုံတာက ဆေးရုံရှေ့မှာမို့ ခေတ် က ကားရှိရာကို လျှောက်သွားသလို ချစ်မင်းဦး က ကပ်လိုက်လာကာ ...

"ငါ့ဆီ လည်ဖို့ လာတာတော့ မဟုတ်ဘူးထင်တယ်၊ ဆေးရုံမှာ ဘာလဲ .. သတင်းမေးရမယ့် အထူးလူနာ ရှိလို့လား"

"မင်းပဲ မေး .. မင်းရဲ့မေးခွန်းတွေပြီးမှ ဘာက စပြောရမလဲ စဉ်းစားမယ်"

"မင်းကမှ မဖြေဘဲ ငါလည်း ထင်တာတွေ ရမ်းသမ်းမေးနေရတာပေါ့"

"ခုနက မင်းနဲ့ပါလာတာ မင်းလေဒီလား"

"မဟုတ်ပါဘူးကွာ ငါ့မရီးပါ၊ ငါလည်း ဘယ်လိုဝဋ်ကြွေးတွေပါလာမှန်း မသိဘူး၊ မိန်းမတစ်ယောက် ထပ်ယူမိပါတယ်၊ ကလေးမရနိုင်တဲ့မျိုးရိုးတွေ ဖြစ်နေတယ်"

"ဘာ .."

ကားနားမှာ အတူတူ မျက်နှာချင်းဆိုင်ရပ်ရင်း ခေတ် က မျက်မှောင်ကုတ်လျက် ချစ်မင်းဦး က ငိုမလို ရယ်မလိုမျက်နှာနှင့် ...

"လာကွာ .. မော်လမြိုင်ရောက်တုန်း ငါ့အိမ်မှာ တည်းပေါ့၊ အခု ဘယ်မှာလဲ"

"ဟိုတယ်လ်မှာပဲ"

"ဒါဆို သွားရအောင်"

ခေတ် က ခေါင်းခါလိုက်ပြီး ...

"မေးတာကိုဖြေစမ်းပါ၊ ကလေး မရနိုင်တာ မင်းမိန်းမလား"

"ဟုတ်တယ် .. အဲဒါတွေ ပြောပြပါမယ်၊ [illegible] သောက်ရင်းနဲ့လေ"



www.burmeseclassic.com

www.burmeseclassic.com



ခေတ် က ဆံပင်တွေသပ်လိုက်ရင်း ခေါင်းခါသည်။

"ငါ ဒီည ဆက်လိမ့်မယ်လို့ စိတ်ကူးထားတယ်၊ ဒီမှာနေ... အကြောင်းမှ မရှိတာ"

"ဒါဆို လာတဲ့အကြောင်းကရော .."

ခေတ် ပြန်မဖြေဘဲ ငြိမ်ကျသွားတာနှင့် ချစ်မင်းဦး သဘောပေါ... သွားသည်။ ဒါတွေမပြောချင်ပေမယ့် မရပါလား ..။

"မင်း သတင်းရထားလို့လား"

"ဘာမှမထူးပါဘူး"

မေးတာကို အဆင့်ကျော်ဖြေလိုက်ပြီး ဟိုတုန်းကအတိုင်း ရှည်... ဆဲ ဆံပင်တွေကို လည်ဂုတ်နားမှာပဲ ဖွလိုက် ပြန်ဖိချလိုက် လုပ်နေ... ကာ ...

"ငါ့ကို ရက်စက်ကြတာ သူ တစ်ယောက်တည်း မဟုတ်ဘူး"

"ဟင်!... ဘာကိုလဲ"

"မူလ မှာ ငါ့ကိုယ်ဝန် ပါသွားတယ်"

"ဟာ!..."

ချစ်မင်းဦး ပါးစပ်အဟောင်းသားဖြစ်သွားကာ ပြန်စေ့ဖို့ တော်... တော်နဲ့ သတိမရ ..။

ပြီးတော့မှ ခေတ် မျက်နှာကို သတိရပြီး ကမန်းကတန်း ပြ... ဟန်လုပ်၍ ...

"တကယ်လား .. မင်းကို ဘယ်သူပြောတာလဲ"

"မာမီပဲပြောတာ .. ငါတို့ ပြဿနာတွေတက်နေကြကတည်း... ငါကလွဲရင် အားလုံး သိနေကြတယ်"

"ဟာကွာ .. ဒါကတော့ လုံးဝကို မမိုက်တာပါ"

"ဟုတ်တယ် .. မိုက်တာက ငါပါ၊ မာမီလည်း ဒီတိုင်းပြောတာ... 'ကိုယ့်မိုက်ပြစ်နဲ့ကိုယ် ဒီလောက်တော့ မင်းခံပေါ့'တဲ့"





"နေပါဦး .. အန်တီကလည်း ကိုယ့်မြေးကို မချစ်ဘူးလား၊ မင်းရဲ့ ရင်သွေးကို မမက်မောဘူးတဲ့လား၊ ဂါတို့ကလည်း ပြန်မပြောချင်တော့လို့ နေကြတာပါ၊ တကယ်ဆို ဖြစ်ခဲ့ကြတဲ့ပြဿနာတွေက မင်းကြောင့် ကြီးမားသွားတာပဲရှိတာ၊ စခဲ့တာက မူလ ပဲ"

သစ်ပင်ရိပ်ကလည်း ကောင်းသည်။ ကားပါကင်မှာလည်း သန့်ရှင်းနေတော့ ထိုင်စရာမရှိသော်လည်း စကားပြောလို့ကောင်းသည့် နေရာလေးပါ။

မကောင်းသည်က ရင်ဘတ်တွေထဲက တစ်နေရာစီမှာ ..။

"ကိုယ်ဝန် စရှိကတည်းက နွယ် နဲ့ ငါ့ကို အထင်လွဲပြီး မူလ က မပြောဘဲနေခဲ့တာ၊ အခြေအနေတွေဆိုးလာတော့ ဘယ်တော့မှ မပြောတော့ဘူးအထိ ဖြစ်သွားတာတဲ့"

"ဘာဖြစ်ဖြစ်ကွာ .. မူလ သဘောကျနေပေးခဲ့တယ်ဆိုတာ နားလည်လို့ ရပါတယ်၊ ခုဟာက နှစ်တွေ ဘယ်လောက်ကြာခဲ့ပြီလဲ၊ အန်တီက တကယ်ရက်စက်တယ်"

ကလေးလိုချင်ပြီး မရနိုင်တဲ့ဘဝမို့ ချစ်မင်းဦး က ခံစားချက်အပြည့်နှင့် ဝေဖန်သည်။ သားမီးရတနာဆိုတာ လိုချင်တိုင်း ရတတ်လို့လား၊ ရထားတာကိုတောင် ဖျောက်ဖျက်ဖို့ ကြိုးစားသည်ဆိုတော့ ဒေါ်ရွှေသဇင် ဆိုသည့် ခေတ် ရဲ့အမေကို အံ့ဩလို့မပြီးနိုင် ..။

"အခု ကလေးက လေးငါးနှစ်လောက်ရှိရောပေါ့၊ ဘာလေးလဲ"

"ယောက်ျားလေး"

"ကျွတ် .. နှမြောစရာကြီးကွာ၊ အန်တီနဲ့တော့ တွေ့နေတယ်ပေါ့၊ မူလ ရှိတဲ့နေရာကို အန်တီ သိနေတယ်ပေါ့ ဟုတ်လား"

ခေတ် က ခေါင်းခါလိုက်ပြီး ဘာက စပြောရမှန်းမသိသည့်အဖြစ်တွေကို ပြန်တွေးရင်း မျက်နှာက အုံ့မှိုင်းသွားခဲ့၏။

တကယ်တော့ မာမီလည်း ဒီလိုလုပ်ချင်ခဲ့တာ မဟုတ်ပါ၊ ...



www.burmeseclassic.com

www.burmeseclassic.com



အပြစ်တင်ခဲ့တာလည်း ငြိုငြင်စိတ်နဲ့ပြောတာတွေ မဟုတ်မှန်း သူ သိသည်။

မူလ တို့ ပြောင်းရွှေ့ပျောက်ကွယ်သွားကြသည့်သတင်းကို ကြား လိုက်သည်နှင့် သူနှင့်ထပ်တူထပ်မျှ မာမီ ခံစားသွားခဲ့ရှာတာ သူ အမြင် ..။

ကိုယ်ကတော့ နာကြည်းနိုင်ဖို့ကြိုးစားနေတာမို့ နင့်သွားသည့် ရင်ဘတ်ကို စိတ်တေလေလွင့်ရင်း ကုစားနေခဲ့သည်။

မာမီက ကလေးပါသွားတာကို သိထားတော့ ပို၍ နင့်သီး ကြေကွဲ လိမ့်မည်။ သားဖြစ်သူကို အပြစ်တင်ရင်း လုပ်သွားရက်သူတွေကို နာကျင်ဖို့ခက်ခဲနေလျက် တစ်ယောက်တည်း မျိုသိပ်နေခဲ့၏။

ထိုအချိန်ကဆို ဒက်ဒီလည်း မသွားစဖူး နိုင်ငံခြားတွေဘာတွေ ထိရောက်ကာ စီးပွားရေးချဲ့ထွင်ဖို့ နယ်ပယ်သစ်ရှာလာတဲ့အထိ မိသား စုထဲမှာ တစ်ယောက်တခြား။

ကလေးရှိနေတဲ့ကိစ္စကို ဒက်ဒီကလည်း မဟ၊ မာမီကလည်း မပြောခဲ့ဘဲ စကားနည်းလာခဲ့တော့ အိမ်မှာ တိတ်ဆိတ် ခြောက်သွေ့ နေ၏။

— အိမ်ပြန်လာတိုင်း ရင်ထဲက ညစ်နေတာတွေအပြင် မာမီ တိတ် တိတ်ဆိတ်ဆိတ် ဖြစ်နေတာရော၊ ဒက်ဒီ့ကို မမြင်ရတော့သည့်အဖြစ် တွေရော .. အားလုံးကို ကိုယ့်ကြောင့်ဆိုတာ နားလည်လာခဲ့၏။

ထို့ကြောင့် ဒက်ဒီ လွှဲနှင့်ထားပစ်ခဲ့သည့်အလုပ်တွေကို ပြန် ဦးစီးဖို့ ဆုံးဖြတ်ခဲ့သည်။ အလုပ်တွေလုပ်ရင်း စိတ်နှစ်ထားလိုက်တာ တစ်နှစ်လောက်ထိတော့ အဆင်ပြေသလိုလိုပါ၊ ဝေဒနာက ကြာလာ လေ အရုပ်ထင်လာလေ ..။

မူလ ကို ဘယ်လိုမှ မေ့ပစ်လို့မရတာ သေချာတော့မှ မာမီ့ရှေ့မှာ သူကိုယ်တိုင် ဝန်ခံခဲ့မိသည်။





"မူလ ကို လိုက်ရှာချင်တယ် မာမီ၊ သူ့ကို ကျွန်တော် မေ့ဖို့ ကြိုးစားနေရင်း သတိရနေတယ်၊ သူ့ကိုချစ်မိတဲ့ အချစ်မျိုးနဲ့လည်း တခြား ဘယ်မိန်းမကိုမှ စိတ်ကူးလို့မရဘူး၊ အလုပ်တွေကို ကျွန်တော် ပစ်မထားပါဘူး၊ ဒါပေမယ့် အလုပ်တစ်ဖက်နဲ့ မူလ ကို ရှာပါရစေ"

သူပြောတော့ မာမီက ပြုံးနေသည့်မျက်နှာကို အေးစက်စက် ပြောင်းလဲလာတဲ့အထိ ငေးနေပြီးမှ ...

"ရှာပေါ့ – မင်းသိပ်ချစ်တဲ့မိန်းမက မင်းကို ဘယ်လိုမှ မေ့ထား ထားမှာမဟုတ်တဲ့ မိန်းမပဲ၊ မင်း လွမ်းရတာတွေ၊ ဘယ်လောက်ထိ ချစ်ရတာတွေ သူ့ကိုတွေ့တဲ့အခါ ဘာမှပြန်မရဘဲ ဘုံးဘုံးလဲလောက် အောင် ဖြစ်သွားဖို့လည်း ရှိသေးတယ်၊ အဲဒီတော့ ထိုင်နေလိုက်တာ ကောင်းသလား၊ 'ထသွားမှ အကျိုးမှန်းသိ'တာမျိုး အဖြစ်ခံမလား စဉ်းစားပေါ့၊ မာမီကတော့ ရထားပြီးတဲ့ဒဏ်ရာဟာ ကံနာဝဋ်နာ ဖြစ်နေရင်တောင် ဒီဒဏ်ရာနဲ့ပဲ သေပါစေ၊ ပျောက်ဖို့ကြိုးစားရင်း နောက်ဒဏ်ရာတစ်ခု ထပ်ရမှာကို မလိုချင်တော့ဘူး၊ မင်းစိတ် မင်းရဲ့ မာနတွေကို သေချာအောင် မေးပြီးမှ သွား"

သူ့ကို မိန်းမတစ်ယောက်နဲ့ မာနပြိုင်နေသည်ဟု မာမီ တောက် လျှောက်ထင်နေခဲ့တာ အဲဒီနေ့ကမှ သိခဲ့ရသည်။

ယောက်ျားမာနဆိုတာနဲ့ အချစ်ရဲ့မာနကို မာမီ ခွဲခြားမကြည့်ခဲ့ တာပါ။ မူလ ကို သူ အလိုလိုက်ခဲ့တာတွေ၊ သည်းခံ နားလည်ပေးခဲ့ တာတွေ အားလုံးဟာ ယောက်ျားမာနကို ခဝါချပြီးတော့ပါ။

ခွင့်မလွှတ်နိုင်အောင် နာကျင်ခဲ့တာက အချစ်ကို စော်ကားခံရလို့ ပဲ ဖြစ်သည်။ ပြောရမယ်ဆို အချစ်ဝတ်တဲ့ယောက်ျားနဲ့ မချစ်တတ်တဲ့ မိန်းမ ..။

အချစ်က မှားနေတယ်ဆိုရင်တောင် အမှန်ကို သူ မသိချင်တော့ တဲ့အထိ မူလ ကို ချစ်ခဲ့သည်။ မချစ်တတ်တဲ့သူက အချစ်ကို ရှုမစိုက်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာ သူ ဘာလုပ်ခွင့်ရှိလို့လဲ ..။

မူလ တို့ရဲ့သတင်းကို တစ်ခါကြားလိုက်သည်။ လိုက်သွားကြည့်တော့ မဟုတ်ခဲ့ပေ။

နောက်ထပ်တစ်ခါကြားတော့ သူ ချက်ချင်းမလိုက်နိုင်ဘဲ အလုပ်ကိစ္စကို လက်စသတ်ခဲ့နိုင်မှ ပြေးသွားခဲ့ရသည်။ ပြင်ဦးလွင်မှာ သူတို့ ခဏပဲ တည်းခိုသွားသည်တဲ့။

တွေ့တာမတွေ့တာထက် မူလ တို့ မြန်မာပြည်မှာပဲရှိနေကြတာ သိရတော့ အတိုင်းအဆမရှိ ဝမ်းသာသွားသည်။

လူကိုမဟုတ်ဘဲ ဟိုတယ်လ်မှာကျန်ရစ်ခဲ့တဲ့ ရေးမူလ ဆိုသည့် နာမည်စာလုံးလေးကို အထပ်ထပ်ပြန်မြင်ရင်း မျှော်လင့်ချက်တွေနဲ့ ပြည့်ဝလာခဲ့၏။

မာမီက တစ်ချိန်လုံး စောင့်ကြည့်နေပြီးမှ သူ ခဏခဏ ခရီးထွက်နေတော့ စပြီး မေး၏။

"အလုပ်ကိစ္စမပါဘဲ မူလ ကို သွားရှာနေတာလား"

"မဟုတ်ပါဘူး .. တစ်ခါတလေ အလုပ်ကိစ္စတွေနဲ့သွားရင်း ရှာဖြစ်တာပါ"

"သူတို့ မြန်မာနိုင်ငံမှာရှိနေတာရော သေချာလို့လား၊ သတင်းတွေ ဘယ်ကရနေတာလဲ"

"ကျွန်တော့်ဒုက္ခကို သိနေတဲ့ မိတ်ဆွေသူငယ်ချင်းတချို့ပေါ့ မာမီ၊ သူနဲ့ ကျွန်တော် နီးနေပါပြီ၊ မကြာခင် တွေ့တော့မှာ"

"တွေ့ရင် သားက ဘာလုပ်မှာလဲ"

မေးခွန်းက ရက်စက်လွန်းသည်။ မူလ ကို မခံချင်စိတ်တွေနဲ့ 'စိန်ခေါ်ရင် ဘွာမခတ်ဘူး' လို့ ကြွေးကြော်ခဲ့သည်။ သူ ကျောခိုင်းမယ်ဆို ကိုယ်လည်း ဒီတိုင်းပဲလို့ နေပြခဲ့သည်။

ဒါပေမယ့် ကွာရှင်းပေးပါပြောတော့ သူ ကွာရှင်းခဲ့လို့လား။





"လုံးဝ ကွာမပေးနိုင်ဘူး၊ ဘယ်နှစ်ခါဖြစ်ဖြစ် ဒီတိုင်းပဲပြောမှာ" လို့ တစ်ခါတည်း ပယ်ချပစ်ခဲ့တာ။

မာမီက သူ့မျက်နှာဖြစ်ပျက်သွားတာကို နားလည်သွားသည့်အပြုံးနှင့် ခေါင်းဆတ်၏။ ပြီးတော့မှ ...

"ဖြုန်းခနဲ သူတို့ကို သားမြင်လိုက်ရင် ထင်တာတွေ တခေါက်ကန်းပြောပြီး ပေါက်ကွဲမှာစိုးလို့ သားကို မာမီ ပြောပြမယ်၊ မူလ ဆီမှာ မင်းရဲ့သားလေး ရှိတယ်" တဲ့။

ခံစားရတာတွေရော၊ မာမီ ပြောတာတွေပါ အလုံးစုံ ပြောပြလိုက်ပြီး ခေတ် ခပ်မဲ့မဲ့ပြုံး၏။ ချစ်မင်းဦး ကတော့ မပြုံးနိုင်ပါ။ ပြောတဲ့လူက ငါ့အပြစ်တွေပါလို့ ပြောနေတာတောင် အန်တီက နေနိုင်လိုက်တာလို့ ရင်ထဲမှာ ရေရွတ်နေမိတုန်း။

ဒီလိုဖြစ်ခဲ့တာ ဘယ်သူ့အပြစ်ပဲဖြစ်ဖြစ် ကလေးကို သူတို့ပိုင်သလို ကိုယ်လည်း ပိုင်တာပဲ၊ မပြောပါနဲ့ဆိုတိုင်း မပြောဘဲ နေစရာလား။

ကြည့်စမ်း ..၊ ပါးစပ်ပိတ်ထားခဲ့လိုက်တာ နှစ်တွေ မနည်း ..။

"ဖြုန်းခနဲ သိလိုက်ရတော့ မင်း ဘာဖြစ်သွားလဲ ခေတ်၊ လုပ်စမ်းပါ .. ငါတို့တောင် ဒီလောက်တုန်ခါသွားတာ .. မင်း မနည်းခံလိုက်ရမှာပဲ .. သေချာတယ်"

ခေတ် က ချစ်မင်းဦး ကို စေ့စေ့ပြန်ကြည့်ပြီး ခြောက်ကပ်ကပ် ရယ်သည်။

"ပြောမပြတတ်တော့ဘူး၊ ဒါပေမယ့် ကြားလိုက်ရတဲ့အချိန်မှာ ဘယ်ကိုမှ ကုပ်တွယ်ရပ်တည်နေလို့ မရတော့သလိုပဲ၊ မျက်လုံးထဲမှာ အရာအားလုံး ပျောက်ဆုံးသွားတယ်၊ တစ်ခုခုဆီ ခေါင်းတိုးပြေးဝင်ပြီး ကိုယ့်ခေါင်းကို စိစိကြေအောင် လုပ်ချင်တယ်"

ချစ်မင်းဦး က လှိုက်လှိုက်လှဲလှဲ ခေါင်းညိတ်သည်။ 'မင်းလည်း မေ့ဖို့ ကြိုးစားပါ' လို့ ပြောချင်လို့ ခေတ် နဲ့တွေ့တိုင်း ဖြစ်နေတတ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ရင်တွင်းစကားတွေလည်း ပျောက်ဆုံးသွား၏။

လောလောဆယ် ပြောင်းလဲဖြစ်ပေါ်လာသည့်ဆန္ဒတွေက ခေတ်နဲ့ မူလ တို့ ပြန်လည်ပေါင်းစည်းဖို့ ...၊

"အေးကွာ .. ငါ ကိုယ်ချင်းစာတယ်၊ ဟော့ကောင် .. မင်း မူလ တို့ကို ရှာကွာ၊ မတွေ့တွေ့အောင်ရှာပြီး မိသားစု ငြိမ်းချမ်းရေးရအောင် ကြိုးစား၊ မူလ ကို ငါ ထင်တယ်၊ သူ ခုချိန်ထိ အိမ်ထောင်ပြုမှာ မဟုတ်ဘူး၊ အန်တီ ကရော ဒါပဲလား .. မူလ နဲ့ အဆက်အသွယ် တကယ်မရှိတာလား"

"ဟုတ်တယ် .. သူတို့က ပုန်းနေတဲ့သူပဲကွာ၊ ငါတို့က မမြင်ပေမယ့် သူတို့ကတော့ ပြောချင်တာ ပြောနိုင်တာပေါ့၊ မူလ မွေးဖွားပြီးစက ကလေးကျန်းမာကြောင်းနဲ့ ယောက်ျားလေး မွေးတဲ့အကြောင်း အားလုံး သတင်းပို့လိုက်တယ်၊ မာမီလည်း အဲဒါအပြင် ဘာမှပိုမသိခဲ့ဘူး၊ အမြဲတမ်း တငေးငေးနဲ့ ကလေးလေးတွေမြင်တိုင်း လည်ပင်းလိမ်အောင် လိုက်ကြည့်တတ်တာ .. အဲဒါတွေကိုပြောပြမှပဲ မာမီ့ကို ငါ နားလည်ခဲ့တယ်"

မာမီ ပြောတဲ့အတိုင်း သူ ချစ်မင်းဦး ကို ပြောပြလိုက်၏။

"မာမီကိုယ်တိုင် နင့်နေအောင် ခံစားရတယ် သား .. မူ တို့ ဒီလောက်တော့ မရက်စက်ဘူးလို့ မာမီ ယုံကြည်ခဲ့တာ၊ သူတို့ပြောခဲ့တဲ့ စကားတွေကို နားလည်ပေးခဲ့တာလည်း ယုံကြည်မိလို့ပဲ၊ လုံးဝ ပျောက်ကွယ်သွားကြတဲ့အချိန်မှာ သားအတွက်ရော၊ ကိုယ့်ဝေဒနာနဲ့ကိုယ် နင့်နေတာရော သေချင်တဲ့စိတ်တောင် ပေါက်မိတယ် သားရယ် .. မင်းကိုပြောမပြတော့ဘူးလို့ ဆုံးဖြတ်လိုက်တာက အားလုံး ပြီးသွားပြီလို့ ထင်ခဲ့တာလေ၊ မူလ ဘက်က ပြန်၍ငဲ့ညှာလာဖို့ ဘယ်လိုမှ မဖြစ်နိုင်တော့ဘူးဆိုတာလည်း နားလည်သွားတယ်၊ သားကို နောက်ထပ် မခံစားစေချင်တာရော၊ 'သင်း ကိုယ့်အပြစ်နဲ့ကိုယ် နေပစေတော့'လို့





ဖြစ်လာတဲ့ မချင့်မရဲစိတ်တွေရောပဲ ...၊

အခု ပြောပြတာက မင်းတို့ ဆုံဖြစ်ကြဦးမယ်၊ အဲဒီကျရင် ကိုယ့်ကလေးမှန်းမသိ သူ့ကလေးမှန်းမသိ ထင်ရာတွေပြော၊ စကားတွေမှားနဲ့ ဟိုတုန်းကထက် ပိုဆိုးကုန်မှာ၊ မူလ ကို ရှာမယ်လို့ ဆုံးဖြတ်ထားရင် စိတ်ကိုရော မင်းရဲ့မာနတွေကိုပါ အရင်ဆုံး လျှော့ထားပါ"တဲ့။

"အန်တီက မူလကိုတော့ ဘာလုပ်လုပ် ဘယ်တော့မှ အပြစ်မြင်မှာ မဟုတ်ဘူးထင်တယ်နော်"

နားထောင်နေပြီး ချစ်မင်းဦး က ချက်ချင်းဝေဖန်သည်။ စကားပြောနေရင်း သူက ဘွန်းနက်ပေါ် တက်ထိုင်လိုက်ပေမယ့် ခေတ် က ဒီတိုင်းပဲ ရပ်နေလျက် ကားကို ပခုံးစောင်းနဲ့ ထိကပ်မှီရင်း ...

"မူလ ကို မာမီက ဟိုတုန်းတည်းက ချစ်ခဲ့တာ"

"ချစ်ပဲချစ်ပါစေဦးကွာ .. ကိုယ့်မြေးနဲ့ခွဲ၊ ကိုယ့်သားကို မကြင်နာတဲ့ မိန်းကလေး၊ ပြီးတော့ နွယ် ကို သူပဲခေါ်လိုက်တာ သိခဲ့တုန်းကရော ဘာများ အပြစ်မြင်ခဲ့လို့လဲ၊ ငါ အံ့ဩတာက ဒီကလေးရှိနေတာကို မူလ က မပြောစေချင်တိုင်း ဒီလောက်ထိ မျိုသိပ်ထားခဲ့တာကိုပါ၊ လူကြီးကို စော်ကားမိသလိုဖြစ်သွားသလား မသိဘူး၊ ငါကတော့ ကလေးလိုချင်တာ တစ်ပိုင်းသေနေတဲ့ကောင်လေ၊ ကလေးအဖေ ဖြစ်နေပြီးမှ ဖြစ်ခွင့်မရသေးတာကို မင်းအစား ဟတ်ထိထိနေလို့ .."

"မထိပါနဲ့ .. မူလ ကို ငါ ဘယ်တော့မှ ဆုံးရှုံးမခံဘူး၊ စိတ်နာနေတုန်းကတောင် ငါ သူ့ကို မစွန့်လွှတ်နိုင်ခဲ့တာ၊ ရင်ဘတ်ထဲက ဆွဲဆုတ်မရတာ သေချာနေကာမှ ဘာလို့ နောက်ဆုတ်ရမှာလဲ၊ ခုဆို ငါ့သားလည်း ရှိနေပြီ"

"လုပ်ကွာ .. ဟိုကောင်တွေ မရှိပေမယ့် ငါက ကလေးအဖေ မဟုတ်တော့ တွယ်မယ့်ကပ်မယ့်သူ မရှိသေးပါဘူး၊ မင်း လိုအပ်တဲ့အချိန် ဖုန်းတစ်ချက်နှိပ်လိုက်၊ မြန်မာပြည်ထဲမှာ အသက်တစ်ချောင်း



www.burmeseclassic.com

www.burmeseclassic.com



အတွင်း ပျွမ်းထိုးလာလို့ ရတယ်"

အာကာ က အမေရိကားမှာဖြစ်ကာ ထက်မြတ်စိုး ကတော့ သဘော်လိုက်သွားပြီဖြစ်သည်။ သူတို့အားလုံး အစကတော့ ဒီပြဿနာအရှိန်နဲ့ ခေတ် ဘေးမှာပဲ တဝဲလည်လည် နှစ်သိမ့်အားပေးရင်း ဟိုခေါ် ဒီခေါ် လည်ကြပတ်ကြ ခရီးတွေထွက်နှင့် ..၊

လောကမှာ မပြောင်းလဲဘဲ တည်မြဲနေတဲ့အရာဆိုတာ မရှိခဲ့ပေ။ ပြောင်းလဲခြင်းသဘာဝအားတိုင်း အချိန်တန်တော့ တစ်ယောက်တစ် လမ်း ခွဲခွာလျှောက်လှမ်းကုန်ကြပြီ ဖြစ်သည်။

အီးမေးလ်တွေ ပို့၊ အွန်လိုင်းမှာတွေ့ဖြစ်ကြတာတောင် တစ်နှစ်မှ နှစ်ခါ သုံးခါရယ် ..။

"ခေတ် .."

ချစ်မင်းဦး က ကားဘွန်းနက်ပေါ်က ပြန်လျှောဆင်းကာ ...

"သစ္စာကြီးမားစွာ လွမ်းနေခဲ့တဲ့ မင်းရဲ့အချစ်က တုံ့ပြန် အကျိုးပြု လာတာ ထင်တယ်နော်"

"ဘာဖြစ်လို့လဲ"

"ငါ မင်းနဲ့ ဖုန်းပြောဖြစ်တိုင်း မူလ ကို မင်းရင်ထဲက မထုတ်နိုင် သေးဘူးလား၊ ထုတ်လိုက်ပါတော့လို့ ပြောချင်တာ လျှာကို ယားနေ တာပဲ"

"ဘာလို့ မပြောတာလဲ"

"မင်းရင်ထဲက ပရက်ရှာမြင့်နေသေးတာကို သိလို့ပေါ့ကွ၊ ပြော မယ်ပြင်တိုင်း ပြန်မျိုချနေရတယ်၊ နောက်ပြီး မုန်းခိုင်းတိုင်း မမုန်းနိုင် ဘူးလို့ ပြောခဲ့တဲ့ကောင်၊ တကယ်ကို မုန်းခိုင်းလို့ မရပါလားဆိုပြီး စိတ်တိုမိတယ်၊ အစတည်းက ချစ်ရင်ချစ်တယ်၊ မုန်းမယ်ဆို မုန်းလိုက် ပေါ့၊ မင်းက သေအောင်ချစ်နေပြီး 'လှည့်မကြည့်ကြေး' လို့ စိန်ခေါ်ခဲ့ သေးတယ်"





"ရင်ထဲမှာတော့ ခုထိ နာကျင်နေတုန်းပဲ ချစ်မင်းဦး၊ နွယ့် ကို သူခေါ်လိုက်တဲ့ကိစ္စက ရှိနေတုန်းပဲ"

"ဘာ!..."

"ဒါပေမယ့် မုန်းလို့မရအောင် ချစ်နေတာက အဲဒါထက်ပိုတယ်၊ တွေ့ဖြစ်ကြရင်တော့ .."

"ခေတ် .."

"ဘာလဲ .."

"မင်း ကြည့်လုပ်ဦး .. တော်ကြာ အုန်တီ ပိုးရိမ်သလို ဖြစ်နေဦး မယ်၊ ချစ်နေတာ သေချာရင်လည်း ပဋိပက္ခဖြစ်ဖွယ်ရှိတာတွေကို ထားခဲ့လိုက်တော့ပေါ့"

ခေတ် မျက်နှာက ဆွေးရိပ်သမ်းနေလျက် အေးစက်စက်အသွင်ကို ဆောင်နေသလိုလည်း ထင်ရသည်။ တော်ရုံ နာကြည်းတာလောက်နဲ့ ဒီလောက်ချစ်တဲ့မိန်းမကို လမ်းခွဲဖို့ စဉ်းစားမှာမဟုတ်ပေ။

ဒါပေမယ့် ခုချိန်မှာပေါ့၊ ပိုကြီးမားနေတဲ့ ဝေဒနာအတွက်သာ ဖြေဆေးလိုတာ မဟုတ်ဘူးလား ..။

ချစ်မင်းဦး ကြိတ်၍ သက်ပြင်းချမိသည်။ ပြီးတော့ ပြုံးမိ၏။

စိတ်ထဲမှာ ကလေးအဖေဖြစ်တော့မည့် ခေတ် အစား ကြည်နူးရင်း အားကျမိတာ မပြီးနိုင် ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆၃)

"သားလေးက ချစ်စရာကောင်းလိုက်တာ မူလ ရယ် .. မျက်ခုံးထူခဲနေတာလေးတွေ၊ နှာတံစင်းနေပုံလေးတွေက သူ့အဖေနဲ့ ချွတ်စွတ်ပဲနော်"

"အင်း .."

ဘန်ဂလိုရဲ့ရှေ့မျက်နှာစာလေးမှာ ခုံတစ်လုံးစီနှင့် ထိုင်ရင်းကလေးသုံးယောက် ဆော့နေကြတာကို မူလ နဲ့ ညို တို့ ကိုယ်စီငေးနေခဲ့ကြသည်။

လေးနှစ်သားလေးပေမယ့် ရွယ်တူတွေထဲမှာတောင် သားလေးကအရပ်ပိုရှည်သည်။ နဂိုကတည်းက ဖြူဝင်းသည့်အသားသည် နေရောင် ကွက်ကျားလေးထိုးနေတာတောင် ပါးမို့လေးတွေ ရဲတွတ်နေတဲ့အထိ နှမ္မတ်နေ၏။

"နင်က ဆံပင်တွေရှည်ပြီး ကိုယ်လုံးလေး လှတယ်၊ မျက်နှာမှာလည်း ရုပ်ဆိုးစေတာ ဘာမှမရှိပေမယ့် ထင်းနေအောင်လှတာ ပြပါဆိုရင်လည်း ပြစရာမရှိဘူး"

"ညိုရယ် .. သူ့အဖေနဲ့တူလို့ သားတချောတာလို့ ပြောမလို့မို့လား၊ ငါ မလှတာ ငါ သိပါတယ်၊ အားနာပါးနာ ကွေ့ရှောင်မနေနဲ့





"မကွေ့ရှောင်ပါဘူး .. နင်လည်း မလှတာမှမဟုတ်တာ၊ ဒါပေမယ့် သည်ခေတ်လူ က .."

"တော်ပါ ညို ရယ် .. နာမည်တော့ ထည့်မပြောပါနဲ့တော့၊ အမှတ်တမဲ့ သားလေးရှေ့မှာ သွားပြောမိပါ့မယ်"

"သားကို နင်က သူ့အဖေနဲ့ တစ်သက်လုံး ဖြတ်ထားမလို့လား၊ ဘာတွေပြောထားခဲ့လို့လဲ"

"မပြောပါဘူး .. တစ်နေ့နေ့တော့ ဆုံဖြစ်ကြဦးမှာပဲဆိုတာ ငါ တွေးထားပါတယ်"

"ဟုတ်တယ် .. သူ နင့်ကိုလိုက်ရှာနေတာ ဒီနေ့ထိပဲ၊ သူ နင့်ကို ချစ် .."

"ဟင့်အင်း .. မပြောနဲ့တော့၊ ဟိုအပင် ဒီအပင်ကူးနေတဲ့ သတ္တဝါလို့ တွေးမိတိုင်း ငါ လွမ်းမိသမျှ ပျောက်ကုန်တာပဲ၊ ဒီလိုပဲ ငါ ဖြေခဲ့တာ၊ သားလေး အရွယ်ရောက်လာလို့ သူ့အဖေကို ချစ်ပါတယ်ဆိုလည်း ငါ ထည့်လိုက်မှာပါ၊ ဒါပေမယ့် ခုချိန်မှာတော့ .."

"မူလ ရယ် .. နင် သူ့ကိုချစ်နေပါတယ်၊ ခုလည်း ချစ်နေတုန်းပဲဆိုတာ နင့်မျက်နှာ မြင်လိုက်တာနဲ့ ငါသိတယ်"

"ငါမှ မချစ်ဖူးခဲ့တာ ညို၊ ချစ်တတ်ပြီဆိုမှ အသည်းကွဲခဲ့ရတာ၊ ချက်ချင်းတော့ ဘယ်ပျောက်မလဲ"

"ချက်ချင်းမဟုတ်ဘူးလေ .. အခု ငါးနှစ်နီးပါး ရှိနေပြီ၊ နင် သူ့ကို မေ့လို့ရသလား"

"မမေ့နိုင်ပေမယ့် ဖြေနိုင်တယ်"

ညို သက်ပြင်းချမိသည်။ နောက်ဆုံး ခြေရာပျောက်တော့မလို့ တိုင်ပင်လာတုန်းက သူမကိုယ်တိုင် ထိတ်လန့် တုန်လှုပ်သွားခဲ့၏။

ထို့ပြင် သားလေး တစ်နှစ်ကျော်လောက်မှာ ဝါသနာအင်ပါယာ တစ်ခုလုံးကို စွန့်လွှတ်နုတ်ထွက်တော့မည်လို့ အကြောင်းကြားလာ



www.burmeseclassic.com

www.burmeseclassic.com



တော့ ဘယ်လိုမှမယုံနိုင်ဘဲ သူတို့တွေ မူလ နဲ့ တွေ့ဆုံမေးကြဖို့ ချိန်းခဲ့ရတဲ့အထိ ...။

ဆရာတွေနဲ့ တစ်ဖွဲ့လုံးကို နှုတ်ဆက်သည်။ ခေတ်ခွဲခန်းနဲ့ အပါအဝင် ပစ္စည်းအားလုံးကိုလည်း စိတ်တိုင်းကျ ဆက်လက်သုံးစွဲခွင့်ပြု၏။ သို့ ကို ရင်ဖွင့်ခဲ့တာတော့ သီးခြား ဘယ်သူမှမသိနိုင်ခဲ့တဲ့ အကြောင်းတွေ ဖြစ်၏။

"ဒီပြဿနာရဲ့နောက်မှာ ငါတို့တစ်မိသားစုလုံးလည်း အဆင်မပြေမှုတွေနဲ့ပါပဲ သို ရယ် .. မေမေကတော့ အိမ်ထောင်ရေးဘက်ကပဲ ရပ်တည်ဆဲပဲ၊ ဘာပြဿနာတွေရှိခဲ့ရှိခဲ့ နောင် ကောင်းလာဖို့ရှိရင် သည်းခံဖို့ပေါ့"

"ဒါလည်း ဟုတ်တာပဲ .. ဘယ်လောက်ပဲပြည့်စုံနေနေ မိန်းမဆိုတာ ကိုယ့်ဂုဏ်သိက္ခာကိုပဲ ငဲ့ညှာရမှာ"

"ဖေဖေက မဟုတ်ဘူး၊ ငါ့ကို ကြံစည်ခံခဲ့ရတဲ့အတွက် အရာခပ်သိမ်းကို ခွင့်မလွှတ်သင့်ဘူးလို့ ဆုံးဖြတ်တယ်၊ ငါက စခဲ့တဲ့အဖြစ်ကို မေမေက ထောက်ပြပေမယ့် ဖေဖေက ငါ့ရဲ့ဝါသနာနဲ့ ပြန်မျက်ပြီး သည်ခေတ်လူ ကို မုန်းနီသားတယ်"

"နင်ကရော .."

"ငါကလည်း ဖေဖေ ဆုံးဖြတ်တဲ့အတိုင်းပဲ ကျေနပ်ပေးဖို့ မေမေ့ကို တောင်းပန်တာပဲ၊ ဖေဖေ့ကို မကျော်လွှားနိုင်ပေမယ့် မေမေက ဘာစကားမှမပြောတော့ဘဲ သီးသန့်နေလာခဲ့တယ်၊ အစတည်းက ဖေဖေက မိသားစုထဲမှာ ငြိမ်းချမ်းပျော်ရွှင်နေတာကိုပဲ လိုလားခဲ့တဲ့သူလေ၊ သူကိုယ်တိုင်လည်း ပျော်ပျော်နေတာ၊ မေမေ့ကိုဆို အရမ်း အလိုလိုက်ခဲ့တာပေါ့၊ ငါ့ကြောင့်ပဲ ဖေဖေကလည်း အလျှော့မပေး၊ မေမေက အဲဒီပုံစံဖြစ်နေနဲ့ တစ်နေ့မှာ ဝုန်းဒိုင်းကြဲ ထဖြစ်ကြတယ်၊ ဖေဖေ ကားနဲ့ထွက်သွားပြီး အက်ဆီးဒင့်ဖြစ်တယ် သို ရယ် .."





"ဖြစ်ရလေဟယ် .. ဒုက္ခပါပဲ"

"အဲဒီဖုန်းကိုရတော့ မေမေ အိမ်ပေါ်ကပြေးဆင်းတာ လှေကားပေါ်က ပြုတ်ကျတယ်"

"အို!..."

"မေမေ ဆေးရုံရောက်တော့ ဖေဖေ ဆေးရုံမှာ အသက်ရှိသေးတယ်၊ မေမေ ဒီလိုဖြစ်တာကို မပြောရဲဘဲ ငါက ရောက်သွားတော့ မျက်လုံးလှန်ကြည့်ပြီး ဘယ်လိုထင်သွားလဲ မသိဘူး၊ ဖေဖေ အံတစ်ချက်ကြိတ်လိုက်တာ တွေ့တယ်၊ အဲဒီတည်းက မှိတ်သွားတဲ့မျက်လုံးတွေက အသက်ပါသွားတဲ့အထိ မဖွင့်တော့ဘူး"

ပြောပြနေတုန်းက မူလ ငိုခဲ့တာတွေကို ခုထိ ပြန်ကြားနေတုန်းပဲဖြစ်သည်။ ထို့ပြင် ...

"မေမေ့ကိုလည်း ဖေဖေ ဆုံးသွားတာ မပြောရဲဘူး၊ ဒါပေမယ့် မေမေ သိတယ်၊ ငါ့ကို နှစ်ခါပဲ ဖေဖေ့အခြေအနေမေးပြီး ထပ်မမေးတော့ဘူး၊ လက်အုပ်ချီထားရင်း မေမေ့နားထဲကို စီးဝင်သွားတဲ့ မျက်ရည်တွေ မြင်မကောင်းပါဘူး သို ရယ် .. ဆေးရုံတစ်ရုံတည်းမှာ ဖေဖေနဲ့မေမေ တစ်ရက်တည်း ဆုံးခဲ့ကြတာ နှစ်နာရီပဲ ခြားတယ်"

ဒါတွေကိုပြောပြပြီး မူလ က သူမ ဆုံးဖြတ်ရသည့်အကြောင်းကို ဆက်သေပြခဲ့၏။

"မေမေနဲ့ဖေဖေကို ဆုံးရှုံးခဲ့ရတယ်၊ ငါချစ်တဲ့ယောက်ျားကိုလည်း အမှားတွေနဲ့ပဲ စွန့်လွှတ်ခဲ့ရတယ်၊ အားလုံးဟာ ငါ့ကြောင့်ပဲ သို၊ ဒီဝါသနာကို ငါ စွန့်မှ ဖြစ်တော့မယ်ဆိုတာ ငါ့သားလေးကြောင့်ဖြစ်လာခဲ့တဲ့ ဆုံးဖြတ်ချက်ပဲ၊ သူများတကာလို ညီညွတ်မျှတစွာ ကြိုးစားသွားနိုင်တဲ့စိတ် ငါ့မှာမရှိဘူး၊ တစ်ခုကိုလုပ်နေရင် တခြား ဘာကိုမှ ဂရုမစိုက်ချင်တော့တဲ့ ငါ့ရဲ့လုံ့လအားကိုလည်း ငါ မယုံရဲတော့ဘူး၊ နောက်ထပ် သားလေးကို စွန့်လွှတ်ရဦးမယ်ဆိုရင် ငါ့ဘဝမှာ ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



မရှိတော့ဘူး နင် သိလား၊ ငါ နင်တို့လို မပေါ့ပါးတတ်တဲ့အတွက် ဒါဆက်လုပ်နေရင် သားလေးကို ပစ်ထားမိဦးမှာ၊ အဲဒါကြောင့် ငါ့ရဲ့ ဆုံးဖြတ်ချက်ကို နားလည်ပေးပါ''တဲ့။

ထိုစဉ်ကတည်းက ဦးဖေယျ ကျန်ရစ်သည့် စီးပွားရေးလုပ်ငန်းတွေကို မှူလ ဆက်လုပ်သွားခဲ့ပြီး အဆက်အသွယ်ရှိကြတယ်ဆိုတာတောင် လူချင်းမတွေ့ဖြစ်တာ ကြာခဲ့ပါပြီ။

ဆံပင်တွေ ပေါင်လယ်ထိအောင် ပြန်ရှည်နေပြီဖြစ်သည့် မှူလ ပုံစံလေးကို မမြင်ဖူးခဲ့သလို စိမ်ပြေနပြေ ကြည့်မိသည်။

မှူလ ကတော့ သားလေး ဆော့နေတာကို ငေးနေတာမို့ မသိ။

''နင် ပိုလှလာတယ် မှူလ၊ သိလား''

''ဟင် ..''

ပြောလိုက်မှ ဖျတ်ခနဲ လှည့်ကြည့်၏။

''ဟုတ်တယ် .. ပါးလေးတွေ နုရဲလာတယ်၊ ဆံပင်တွေ ပိုလှလာတယ်၊ အသားပိုဝင်းလာတာ ထင်တယ်၊ မျက်နှာပေါ်က အစိတ်အပိုင်းလေးတွေ နေရာတကျ ထင်းလာတယ်''

''ညို ရယ် ..''

မပြုံးဖြစ်တာကြာပြီဖြစ်ပေမယ့် မှူလ နှစ်ခြိုက်စွာ ပြုံးတတ်သေးသည်။ ညို့ ပေါင်လေးပေါ်ကို ဖျတ်ခနဲ လက်တင်လိုက်ရင်း မျက်တောင်ဖျားလေးတွေ မေးစင်းကြည့်ကာ ...

''သေချာကြည့်ပါဦး .. အစက နင့်သူငယ်ချင်း ဒီလောက်လှလား''

''ဟုတ်တယ်လေ .. တစ်သားမွေး တစ်သွေးလှဆိုတာမျိုးပေါ့ ခု ပိုလှလာတာကို ပြောတာ''

''မိန်းမချင်းတောင် မသိဘူးလား ညို၊ ငါ အလှတွေပြင်ထားတာတွေ ..''





''ဟုတ်တယ် .. ငါ ဒီလောက်တော့ သိပါတယ်၊ နင် ခါတိုင်းထက် ပိုပြင်ထားတယ်၊ ဒါပေမယ့် ပါးပါးလေးပါ၊ နင့်ပုံစံကိုက ပြောင်းလဲသွားတာ၊ ဟိုတုန်းကလို ပါးပါးသွယ်သွယ်လေး မဟုတ်တော့ဘူး၊ ကိုယ်လုံး ပြည့်လာတယ်၊ ဝတာကိုပြောတာ မဟုတ်ဘူးနော်၊ ပြည့်သင့်တဲ့နေရာလေးတွေမှာပဲ တင်းပြည့်လာတာ၊ စီးပွားရေးလောကထဲမှာ ပိုပြီး အပေါင်းအသင်းများလာလို့လား မသိဘူး၊ လမ်းလျှောက်တဲ့ပုံစံကိုက တစ်မျိုးပြောင်းသွားတာ''

''ဘယ်လိုမျိုးလဲ ..''

''ပိုကြည့်ကောင်းတယ် .. စမတ်ကျတယ် ပြောရမလားပဲ''

''မုန့်တွေဝယ်ကျွေးချင်ပါတယ်၊ ဒါပေမယ့် ဟိုတယ်လ်မှာပဲရှိတာပဲ စားထားဦး၊ ငါ အပြင်သိပ်မထွက်ချင်လို့''

''မှူလ ..''

''ဟင် ..''

''နင် .. နင် အချစ်သစ်တွေ့နေတာတော့ မဟုတ်ဘူးမို့လားဟင်''

''ငါ့ပုံစံက အဲဒီဘက် ရောက်နေလို့လား''

''ပြောနေရင်းနဲ့ တွေးမိသွားတာပါ၊ အရင်ကထက် အများကြီးလှလာတာ၊ ကလေးအမေလို့ ပြောဖို့တောင် အားနာစရာ ဖြစ်နေပြီ''

''ညို ရယ် .. ဟိုအရင်က ငါတို့အုပ်စုတွေပဲလေ၊ ပြီးတော့ အာရုံစိုက်ရပုံချင်းမှ မတူတာ၊ ပညာရှာရတာထက် ငွေရှာရတာက ပိုသက်သာသလိုပဲ၊ ငါကိုယ်တိုင်လည်း ဘာကိုမှ လောဘတကြီး မဖြစ်မိလို့ ထင်တယ်၊ မရလိုက်တာကိုလည်း သိပ်မခံစားဘူး၊ ရလာတာကိုလည်း ချင့်မရဲ မဖြစ်ခဲ့ဘူး၊ ဘာပဲဖြစ်ဖြစ်ဟာ မိဘအမွေအနှစ်နဲ့ ငါ ဆက်ပြီး အလုပ်လုပ်နေတာ နှစ်ရပ်ပေါင်းရင် ငါတို့သားအမိအတွက် မကြောင့်ကြနေသွားနိုင်ပါတယ်''

''သိပ်မှန်တာပေါ့၊ သည်ခေတ်လူ တို့က ဒီလောက်ချမ်းသာတာ၊



www.burmeseclassic.com

www.burmeseclassic.com



နင့်သားအတွက်လည်း ဘာမှပူစရာ မရှိပါဘူး၊ ဆောရီး .. ငါက သူ့အဖေနဲ့သား တစ်နေ့နေ့ တွေ့ကြမှာပဲလေ .. အဲဒါကို ပြောတာ”

ဒီနာမည်ပဲ ထပ်ပါသွားမိသဖြင့် ညို က ပျာပျာသလဲ ရှင်းပြသည်။

မူလ က နောက်ထပ် အပြစ်မပြောဘဲ မကြားလိုက်သလိုနေကာ...

“နင် သိပါတယ်၊ ငါတို့မိသားစုက ဟိုတုန်းတည်းက ပြည့်စုံလောက်နဲ့ ငြိမ်းချမ်းအောင် နေတတ်ခဲ့ကြတာ၊ အန်တီရွှေ တို့နဲ့ ပြန်ဆုံကာမှ မေမေနဲ့ အန်တီရွှေ က သူငယ်ချင်းအရင်းကြီးတွေ ဖြစ်နေကြပြီး အကူအညီတွေ အများကြီးပေးခဲ့တယ်၊ အန်ကယ်လ်ထွန်း ကိုယ်တိုင်က ဖေဖေ့ကိုခင်ပြီး ကိုယ်ဖိုရင်ဖို လက်တွဲခေါ်ခဲ့တာ၊ ဘယ်လိုမှတော့ မယှဉ်သာပေမယ့် နောက်ပိုင်းမှာ ငါတို့မိသားစုလည်း စီးပွားရေးလောကထဲမှာ ဝင်ဆံ့လာခဲ့တယ်၊ ခုချိန်ထိ သူတို့ချမ်းသာတဲ့တစ်ဝက်တောင် ငါတို့ မမီပါဘူး၊ ဒါပေမယ့် သူ့အဖေဘက်က ဘယ်လောက်ချမ်းသာတာဆိုတဲ့ အတွေးမျိုး သားရဲ့အနာဂတ်အတွက် ငါ တစ်ခါမှ မတွေးခဲ့ဖူးဘူး”

“အေးပါ .. ငါကလည်း ပစ္စည်းဉစ္စာ အဓိကနဲ့ ပြောလိုက်တာ မဟုတ်ပါဘူး၊ နင်တို့ကို ဖြစ်နိုင်ရင်တော့ ပြန်ပြေလည်စေချင်တယ် နင့်မှာလည်း မိန်းမသားတစ်ယောက်တည်းလေ”

“ငါရှာနိုင်သလောက်ပဲ ရောင့်ရဲနိုင်ပါတယ်လို့ နင့်ကို ပြောပြီးပြီ ညို၊ သူများဟာလည်း ငါ မမက်ဘူး၊ ငါရှာနိုင်တဲ့အပေါ်မှာလည်း လောဘမကြီးခဲ့ဘူး၊ သည်ခေတ်လူ ဆိုတဲ့နာမည် ငါ့ရင်ထဲ ခေါင်းထဲက ထုတ်ပြီးကတည်းက လောကမှာ ငါတို့သားအမိနှစ်ယောက်ပဲ ရှိတယ်လို့ နှလုံးသွင်းထားခဲ့တယ်၊ အခု နင့်ကို ငါ ဒီမှာတွေ့ဖို့ ချိန်းလိုက်တာ ဘာဖြစ်လို့လဲ သိလား”

“ဟင့်အင်း ..”





မူလ က ဖြန့်ချထားသည့်ဆံပင်တွေကို ကျောနောက်ကို လက်လေးနဲ့ သိမ်းပို့လိုက်ပြီး ငုံကြည့်ကာ ...

“ဒီဟိုတယ်လ်ကို ငါ ပြန်ဝယ်မလို့”

“ဘယ်လို ..”

ညို တအံ့တဩ ပြန်မေးလိုက်ပြီးမှ ...

“နင်ပြောတော့ ဒါက ခေတ် ရဲ့သူငယ်ချင်းတစ်ယောက် ပိုင်တာဆို၊ အခု ဒီလူနဲ့တွေ့ရင် နင် ဒီမှာရှိနေတာကို ခေတ် ကို သူက အကြောင်းကြားမှာပေါ့”

“ငါ ရှင်းပြပါ့မယ်၊ အစက ဟိုတယ်လ်ပိုင်ရှင်က ချစ်မင်းဦး ဆိုတဲ့လူ ဟုတ်တယ်၊ နောက်ပိုင်းမှာ သူ့မိန်းမနာမည်နဲ့ အပိုင်လွှဲထားပြီးပြီလေ၊ မိန်းမကလည်း သူ့ဇာတိမှာပဲ မိဘစီးပွားရေးလုပ်ငန်း လုပ်ပြီး အခြေချချင်တာ၊ ဒီအလုပ်ကို ဖြုတ်ပြီးတော့ပေါ့”

“ဒါနဲ့ပဲ အရောင်းအဝယ်စာချုပ်ကို သူ့မိန်းမတစ်ယောက်တည်း လာချုပ်မယ်တဲ့လား၊ ချုပ်တော့ရော နောက်တော့ နင့်ကိုမသိဘဲနေမှာ မို့လား”

“သိဖို့မလိုဘူးလေ .. အခု အရောင်းအဝယ်စာချုပ်ကို နင်နဲ့ ချုပ်ရမှာ”

“ဘုရားရေ ..”

ညို ဖြစ်သွားပုံက မူလ က သွားလေးတွေပေါ်အောင် ရယ်သည်။

“နင့်လောက်ယုံရတဲ့လူ ငါ့မှာ မရှိဘူး ညို၊ ဒါပြီးရင် ငါတို့ချင်း ဘာလုပ်လုပ် ရပြီ၊ ငါလည်း ကလောမှာပဲ အကြာကြီး ဇာတ်မြှုပ်မနေချင်တော့ဘူးဟာ၊ အဲဒီနားတစ်ဝိုက်မှာလည်း ခေတ် တစ်ကြော့ပြီး တစ်ကြော့ လာပတ်နေတာ ငါ သိတယ်”

“မူလ ရယ် .. ချောင်းသာလိုနေရာမျိုးကိုတော့ ခေတ် က မသိ တော့ဘူးလား”



www.burmeseclassic.com

www.burmeseclassic.com



"ဒါက ငါထွက်တွေ့မှ ဖြစ်တာပါ၊ ပိုင်ရှင်ကလည်း အခြေအနေ အရ နင်ပဲ ဖြစ်နေဦးမှာ"

"ပြီးရော .. ငါ့ကို အပျိုကြီးဆိုပြီး နိုင်းချင်နေတာ၊ ယောကျ်ား မြန်မြန်ယူပြီး ဟိုတယ်လ်ကို အပိုင်စီးပစ်လိုက်မယ် .. မလုပ်ဘူး မထင်နဲ့"

"လုပ်ပါ .. ကိုတူး နဲ့ဆို ငါ ကျေနပ်လိုက်ပါ့မယ်"

"တော်ပါတော့ .. အဲဒီ လှည်းနင်းသံပရာသီးကို"

"ကိုတူး က အစသန်တာလေးပဲ ရှိတာပါဟာ၊ ရုပ်က မဆိုး ပါဘူး"

"မသိဘူး .. ကျုပ်ကလည်း ကိုယ်တိုင်မလှပေမယ့် အသားလတ် လတ် အရပ်မြင့်မြင့်လေးမှာ ခေတ် လို ဖြောင့်စင်းမနေလည်း နေပါစေ"

တမင်ထည့်ပြောလိုက်တော့ မူလ ရယ်နေတဲ့မျက်နှာလေး ညို့ခနဲ တော့ ဖြစ်သွားသည်။

ပြောမိတာက ရင်ထဲမှာပါ ..။

"တော်ပါပြီ .. ချောတဲ့ယောကျ်ားမျိုး .."





အခန်း (၆၈)

"ဟော .. ကိုခေတ် ရောက်လာပြီ၊ လာ .. ကားပေါ်မှာ ဘာပါ သေးလဲ၊ ကောင်လေးတွေ သယ်လာလိမ့်မယ်"

"ဘာမှ သယ်စရာမပါပါဘူး၊ ချစ်မင်းဦး ရော .."

"ကိုကိုချစ် က မှာခဲ့တယ်၊ အဲဒါကြောင့် မနေ့ ထွက်စောင့်နေတာ၊ လာပါ .. နာရီဝက်လောက်ဆို ပြန်ရောက်လာမှာ"

နနသစ် ဆိုသည့် အမျိုးသမီးက ချစ်မင်းဦး ထက် လေးနှစ် လောက် အသက်ပိုကြီးသလို ကိုယ်လုံးက နည်းနည်းဖိုင့်သည်။

ဒါပေမယ့် မျက်နှာလေးက ပါးချိုင့်လေးတစ်ဖက်နှင့် ချိုကြည်နေ ကာ ချစ်မင်း ထက် အသက်ပိုကြီးသည်လို့ ထင်စရာမရှိအောင် နုဖတ် ဖတ်လေး ဖြစ်သည်။

သူမနဲ့ ခေတ် နှစ်ခါလောက် ပြောဆိုရင်းနှီးဖူးပြီမို့ တရင်းတနှီးပဲ ကြိုဆိုသည်။ ခေတ် ကတော့ ကားနားကနေ နောက်ထပ် မရွေ့တော့ပါ။

မိန်းကလေးတစ်ယောက်နှင့် အနေအထိုင် အသွားအလာ မှား ယွင်းမိခဲ့၍ ရခဲ့သည့် သင်ခန်းစာအရ နောက်ထပ်မမှားဖို့အတွက် ခြေထောက်တွေက စည်းကမ်းကြီးနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုခေတ် လာလေ .. ကိုကိုချစ် က ညှေ့ကြိုကား လမ်းမှာပျက်နေတယ်ဆိုလို့ ကမန်းကတန်းထွက်သွားရတာ၊ သူ ကိုခေတ် ကို စောင့်နေသေးတယ်၊ သွားတာ ကြာပါပြီ"

"ရတယ် မနု၊ ကျွန်တော် လမ်းလျှောက်ရင်း စောင့်နေလိုက်မယ်"

"မဟုတ်တာ ကိုခေတ် ကလည်း .. ခရီးပန်းလာတဲ့ဥစ္စာ"

"မပန်းပါဘူး ရတယ်"

သူ နာရီတစ်ချက်ကြည့်ရင်း အိတ်ထဲကဖုန်းထုတ်၍ ကားနောက်ပိုင်းကို လျှောက်ခဲ့သည်။

"ဟလို .."

"ဟလိုမနေနဲ့ .. ငါရောက်နေပြီ ခွေးကောင်"

"ဟာ .. ဟုတ်လား .. ဆောရီး သူငယ်ချင်း၊ ငါ ပြီးတော့မယ်၊ ဒီနားလေးတင်ပဲကွ၊ ပြီးတာနဲ့ ဆယ်မိနစ်လောက်ပဲ၊ မင်းကလည်း တစ်ခါတည်းလိုက်ခဲ့ဖို့ခေါ်တော့ မလိုက်ဘူး၊ လာနေပြီဆိုတော့ မျက်လုံးတောင် ပြူးသွားတယ်"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ .. ငါက မင်းမလာသေးဘူးဆိုပြီး ဟိုတယ်လ် အရောင်းအဝယ်ကိစ္စနဲ့ နု ကို ထားပြီး သွားစရာရှိတာ ဆက်သွားမလို့ပေါ့"

"ဒါဆို ငါ့ကြောင့် အခု ချောင်းသာမှာနေရတာပေါ့"

"ဟုတ်တယ် .. သွားစရာက သိပ်တော့ အရေးမကြီးပါဘူး၊ နု ကလည်း ငါ့ကို ရှိနေစေချင်တော့ မင်းလာမယ်ဆိုတာကို အကြိုက်တွေ့သွားတာပေါ့"

"မင်းစကားပြောနေဖို့တော့ အားသလား၊ ကားက ဘယ်သူပြင်တာလဲ"

"ကားပြင်တဲ့လူ ပြင်တာပေါ့ကွ၊ ငါက ပြင်စရာလား၊ အေး -





ပြီးပြီလား၊ ပြီးပြီတဲ့ ဖိုးခေတ်၊ ဒါပဲ .. ငါ ခုလာပြီ"

ဖုန်းချသွားတော့ သူ့အတွက် အလုပ်မရှိ အလုပ်ရှာရမှာမို့ ကမ်းခြေဘက်ကို လှည့်ကြည့်မိသည်။ တစ်နေရာရာမှ မသွားဘဲနေလျှင် မနု ထွက်လာခေါ်ဦးမှာကလည်း အားနာဖို့ကောင်းသည်။

သို့သော် သူ တွေးနေတုန်းပဲရှိသေးသည် .. ကျိခနဲ မြည်သံတစ်ချက်နှင့် သူ့ခြေထောက်တစ်ဖက်က တစ်ခုခုကို နင်းမိလိုက်၏။

နင်းလိုက်မှန်းသိသည်နှင့် ကမန်းကတန်း ပြန်ဆုတ်လိုက်ပေမယ့် နောက်ကျသွား၏။

ရှဥ့်လေးတစ်ကောင် ..၊

အရုပ်လား .. တကယ့်အကောင်လေးလား၊ ထောင်ကားညိုမှောင်နေသည့် အမွေးဖွားလေးတွေနှင့် မျက်လုံးလေးတွေ အဝိုင်းသား ..။

သူ နင်းမိလိုက်တာက ခါးအောက်ပိုင်းကိုဖြစ်ကာ ...

"ဟာ!... နင်းပစ်လိုက်ပြီ"

"ဟား .. ဟား .. ဟား .. ပြားသွားပြီ"

သူ ငုံ့ကြည့်နေတုန်း ကလေးလေးသုံးယောက် ပြေးလာကြ၏။ အဖြူနဲ့အပြာ စပို့ရှပ်အကျႌလေးနှင့် အလယ်ကနေ ပြေးထွက်လာသည့်ကလေးက ပိုင်ရှင်ဖြစ်ဟန်တူကာ ...

"မထနိုင်တော့ဘူး"

ယူကျုံးမရလေသံလေးနှင့်ဆိုကာ ရှဥ့်လေးကို ကတုန်ကယင် ကောက်ယူ၏။

ခေတ် စိတ်မကောင်းဖြစ်သွားသည်။

"မင်းကောင်လေးလား .. ဦး မတော်တဆနင်းလိုက်မိတာ၊ တော်သေးတာပေါ့ အရုပ်ဖြစ်နေလို့"

ကောင်လေးဘေးမှာ ဒူးတစ်ဖက်နှိမ့်ထိုင်ချလိုက်လျှင် မျက်လုံးလေးတွေ ဝင်းခနဲ တက်လာကာ ...



www.burmeseclassic.com

www.burmeseclassic.com



“ဦးက ဘာဖြစ်လို့ မမြင်တာလဲ”

“ဟင်!...”

မေးခွန်းကို သူ ဘယ်လိုဖြေရမှန်း မသိ၊ ကလေးက ရှဉ့်ရုပ်လေးကို လှည့်ပတ်ကြည့်ကာ ဗိုက်မှာကပ်ထားသည့် ဓာတ်ခဲအိမ်လေးကို ဖွင့်လိုက်ပြီး ...

“မရတော့ဘူး .. ပျက်သွားပြီ”

ဆောင့်ကြောင့်လေး ထိုင်ချလိုက်ကာ ခလုတ်ဖွင့်ပေးပေမယ့် ရှဉ့်က မပြေးတော့ပေ။

“ဟား .. ဟား .. ဟား .. ငါတို့ကို ခဏပေးပါဆို ပေးမကိုင်ဘူး၊ ခုတော့ ပျက်သွားပြီ”

“မင်းကလည်း မရယ်ပါနဲ့ .. လူလူ ဝမ်းနည်းနေတဲ့ဟာကို”

မတ်တပ်ကနေ တစ်ယောက်တစ်မျိုးဖြစ်နေကြသည့် ကလေးတွေနဲ့ လူလူ ဆိုသည့်ကောင်လေးကို ခေတ် က တစ်လှည့်စီ ကြည့်နေခဲ့ရင်း ...

“အထဲမှာ မော်တာပျက်သွားတာထင်တယ်၊ ပေး .. ဦး ကြည့်ပေးမယ်”

“ဟင့်အင်း ..”

ကလေးက သူ လက်လှမ်းလိုက်တာနှင့် အရုပ်ကိုင်ထားသည့် လက်ကို နောက်ပို့ပစ်ပြီး ခေါင်းခါသည်။

“ဘာဖြစ်လို့လဲ.. ဦး ပြင်ပေးမယ်လေ၊ မရတော့လည်း ဦး ကြောင့်ဖြစ်တာ .. အစားပြန်ဝယ်ပေးမှာပေါ့”

“မေမေက မှာထားတယ်၊ ပျက်သွားရင် ထားလိုက်တော့တဲ့၊ ပြန်ပြင်လည်း စိတ်တိုင်းကျ မဖြစ်တော့ဘူးတဲ့”

ဘယ်လိုဒဿနလဲ ..၊

သူ့မျက်ခုံးနှစ်ဖက် မြင့်တက်သွားသည်။ လှမ်းထားသည့်လက်ကို





အသာပြန်ချလိုက်ရင်း ကလေးကိုပဲ စိတ်ဝင်တစားကြည့်မိ၏။

အသားဖြူဖြူ မျက်ခုံးထူထူလေးနှင့် မျက်တောင်တွေလည်းရှည်သည်။ နုရဲနေသည့် ခြေချောင်းလက်ချောင်းလေးတွေကို ကြည့်မိရင်း ဘယ်လောက်ထိ ဂရုတစိုက် ပြုစုယုယခံထားရမှန်းလည်း သိသာသည်။

“ပျက်နေရင် ပြင်ရတာပဲကွ၊ ပြန်ပြင်တိုင်း အစုတ်ဖြစ်သွားတာတော့ မဟုတ်ပါဘူး၊ အသစ်ဝယ်တိုင်း စိတ်တိုင်းမကျတာတွေလည်း ရှိတာပဲ၊ ဒါလေး မင်းစိတ်တိုင်းကျ ပြန်ရအောင် ပြန်ပြင်ပေးမယ်ဆိုရင် မလိုချင်ဘူးလား”

ကလေးက စဉ်းစားသလိုလေး ပြန်ကြည့်သည်။ သူက ကလေး လက်ထဲက ရှဉ့်ရုပ်လေးကို အသာဆွဲယူလိုက်ကာ ...

“ပေး .. မင်းက ဧည့်သည်လား၊ ဘယ်အခန်းမှာတည်းတာလဲ”

“ဦးက ဘာလုပ်မလို့လဲ”

ပြန်မေးသည့်မျက်နှာလေးကို စူးစနဲ့ကြည့်၍ သူ ပြုံးလိုက်သည်။

“ဦးက ဒီဟိုတယ်လ်မှာ ရှိမှာ၊ ဒါပြင်ပြီးရင် လာပေးမယ်လေ၊ လုံးဝ စိတ်တိုင်းကျစေရမယ်”

ကလေးက ချက်ချင်း ခေါင်းခါသည်။

“ဟင့်အင်း .. မေမေဆူလိမ့်မယ်”

အရုပ်ကို ပြန်လက်လှမ်းတော့ မပေးဘဲ ထိုလက်လေးကို သူ ဆုပ်ကိုင်ထားမိကာ ...

“မင်းနာမည် ဘယ်လိုခေါ်လဲ”

မေးတာလည်း ကလေးက မဖြေ။

နာမည်မေးတိုင်း မပြောရဘူးလို့များ မအေက သင်ထားလို့လား။

“သူ့နာမည်က ‘ခေတ်ကောင်းလူ’ ..”

ဘေးက ကလေးတစ်ယောက်က လက်ညှိုးလေးထိုး၍ ဖြေ၏။



www.burmeseclassic.com

www.burmeseclassic.com



ခေတ်ကောင်းလူ ...၊

ခေတ် မျက်မှောင်ကုတ်သွား၏။ ထိုစဉ် ...

"လူလူ .. သားလေး .."

ခေါ်သံက သူ့နောက်က ...၊

သူ ထိုင်ရာကနေ ထရပ်လိုက်ပြီးမှ လှည့်ကြည့်မိသည်။

"ဟင်!..."

သူမက အရင် တအံ့တသြ မျက်လုံးလေးဝိုင်းသွား၏။ ခေတ်က စူးစိုက်ကြည့်နေရင်း ...

"ဒေါက်တာ .."

"ဟုတ် .. ဟို .. လာ .. လာ .. သား"

"ခဏလေး .."

ကလေးကို သူမက အပြေးတစ်ပိုင်းပုံစံနှင့်ဆွဲ၍ ချက်ချင်းပြန်လှည့်၏။ သူ ကလေးရဲ့လက်တစ်ဖက်ကို ဖျတ်ခနဲ ဆွဲလိုက်ပြီး ...

"ကျွန်တော် ဒေါက်တာနဲ့ စကားနည်းနည်းပြောလို့ ရမလား"

"ဟုတ်ကဲ့၊ ဟိုလေ .. အခု ကျွန်မ အချိန်သိပ်မရလို့ပါ၊ ခွင့်ပြုပါဦးနော်"

"ဒေါက်တာ ဘယ်အခန်းမှာလဲ"

ကလေးကိုပဲ ဆွဲခေါ်နေပြီး သူမက ဖြေချင်ပုံမပေါ်။ ပြီးခဲ့တာတွေနဲ့ပတ်သက်ပြီး သူတို့အားလုံးကတောင် ဒီလိုတွေ ဖြစ်ကုန်ကြတာလား ...။

သူမက ကလေးကိုမလွှတ်သလို ခေတ် ကလည်း ကိုင်ထားဆဲဖြစ်ကာ ...

"ကလေးက ဒေါက်တာ့ကလေးလား"

"ရှင်!..."

ထိတ်လန့်တကြားဖြစ်နေသည့် ဒေါက်တာခင်လေးညို ကို ခေတ်





စူးစမ်းသလို ကြည့်လာ၏။

သူမ ဘာဖြစ်လို့ ချောက်ချားတဲ့ပုံ ပေါက်နေတာလဲ၊ ပညာတတ်တစ်ယောက်အနေနဲ့ ဒီလိုတိမ်းရှောင်ခြင်းမျိုးဟာ လူမှုရေးနည်းပါးတာပဲ ဖြစ်သည်။ ညို လို့ မူလ ခေါ်နေကျ သူမပုံစံကို စိတ်ဆိုးဖို့သတိမရဘဲ ခေတ် စိတ်ဝင်စားသွား၏။

"ဒေါက်တာက မူလ နဲ့ အရင်းနှီးဆုံးလူဖြစ်နေလို့ ကျွန်တော် ဒေါက်တာ့ကို တွေ့ချင်နေတာ၊ အခု မူလ .."

"ကျွန်မ ဘာမှမသိဘူး ကိုခေတ်၊ မူလ အားလုံးနဲ့ အဆက်အသွယ်ဖြတ်သွားတာ ရှင့် သိပါတယ်"

"အဲဒီထဲမှာ ဒေါက်တာတို့ မပါနိုင်ပါဘူး"

"ပါတာပေါ့ရှင် .. သူ့ဝါသနာ သူ့ပိုင်ပစ္စည်းတွေကိုတောင် ထိုးကြိတ်ထားပစ်ခဲ့တာ၊ မိတ်ဆွေသူငယ်ချင်းဆိုတာ .."

"ကျွန်တော် မယုံဘူး .. ဒေါက်တာ့မျက်လုံးထဲမှာ တစ်ခုခု ရှိနေတယ်၊ သိနေတာတွေ ရှိပါတယ် .. ကျွန်တော့်ကို တစ်ခုခုတော့ ပြောခဲ့ပါ"

ကလေးကို မလွှတ်သဖြင့် ညို ကပဲ လွှတ်ပေးလိုက်ရကာ သိသာလွယ်အောင် လှုပ်ရှားသွားမိသည့်စိတ်ကို ကိုယ့်ဘာသာ ဖြန့်ထိန်းရ၏။

"ရှင် အဲဒီလိုမေးမြန်းလာမှာစိုးလို့ ကျွန်မ ပျာသွားတာပါ၊ ရှင်းရှင်းပြောရရင် ကျွန်မ သူ့အကြောင်း သိသိ မသိသိ ရှင့်ကို ဘာတစ်ခုမှ ပြောနိုင်မှာ မဟုတ်ဘူး"

ခေတ် က နှုတ်ခမ်းလှုပ်ရုံပြုံးလိုက်ပြီး လက်ဖျားလေးကို ဆုပ်ကိုင်ထားမိဆဲ။ ကလေးမျက်နှာလေးကို ငုံ့ကြည့်သည်။

"ကလေးက ဒေါက်တာ့ ကလေးလား"

ညို မျက်နှာပျက်သွားတော့ ခေတ် က ပြုံး၍ ကလေးကို အသာလေး လွှတ်ပေးလိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ခေတ်ကောင်းလူ ဆိုတဲ့နာမည် ဒေါက်တာ ပေးထားတာလား"

ညို့ ပါးပြင်လေး သိသာစွာ နီသွားသည်။ ကိုယ့်ကလေးကို သူငယ်ချင်းယောက်ျားရဲ့ နာမည်အလုံးတွေပါအောင် ဘယ်သူမှည့်မှာလဲ ..။ ထိုစဉ် ...

"အန်တီ သား ဗိုက်ဆာလို့ ပြန်တော့မယ်"

ကလေးက လှစ်ခနဲ ပြေးထွက်သွားသည်။ ခေတ် မျက်နှာပုံစံတစ်မျိုးဖြစ်သွားတာ မြင်သည်နှင့် ညို ကလည်း အချိန်မီ လှည့်ထွက်လာခဲ့၏။ ရင်တွေလည်း တုန်နေလျက် ..။

ခေတ် သိသွားပြီလား၊ ဖြစ်နိုင်လို့လား ..။

မူလ ဒီအရပ်မှာရှိနေတာကို မသိဘဲ ကလေးကိုတော့ သံသယရှိဖို့ မလိုဘူးထင်သည်။

ကလေးကို မူလ ဒီနာမည် ပေးထားတာကိုက ဒုက္ခ ..။

သူခိုးလုပ်စားမယ့်လူက ဝတ်စုံဖြူကြီး ဝတ်ထားသလိုမျိုး ..။

ပြောတော့ဖြင့် ဆင်ဖမ်းမယ် .. ကျားဖမ်းမယ် ..။





## အခန်း (၆၉)

"ဘာ!... စရံပြန်အမ်းမယ် .. ဟုတ်လား"

ဖြစ်သွားမိသည့်ဒေါသက ဘယ်တုန်းကမှ ဒီလောက်မပြင်းထန်ခဲ့ဘူး ထင်သည်။

"ဒီလိုလုပ်လို့ရမလား၊ ငါက .."၊

"သူတို့က စာချုပ်ထဲကအတိုင်း မဟုတ်ဘဲ စရံသုံးဆထိ ပြန်လျော်မယ်တဲ့၊ နင့် ဘာမှလုပ်လို့မရတော့ဘူး မူလ၊ ပျက်ကွက်တဲ့ဘက်က ပြန်လျော်မယ်လို့ စာချုပ်မှာ ပါတယ်လေ၊ သူတို့က ပြန်လျော်မယ်ဆိုရင် ပြီးပြီ"

"တောက် .. သက်သက်မဲ့ ကပ်လိုးတာ၊ ဒါ သိန်းနှစ်ဆယ်အစိတ်နဲ့ လုပ်ထားတဲ့အလုပ် မဟုတ်ဘူး ညို၊ လုပ်ခွင့်ရှိတိုင်း လုပ်လို့မရဘူး၊ လူကြီးလူကောင်း မပီသတာ"

"ဥပဒေက လူကြီးလူကောင်းပီသရေး လိုက်နာဖို့မှ မပါတာ မူလရယ် .. နောက်ပြီး ငါ အဲဒီလို အရောင်းအဝယ်စကားတွေလည်း မပြောတတ်တာကို နင် သိသားနဲ့၊ ဒီကြားထဲ ကိုယ့်ကိုယ်ကို ဟန်ဆောင်နေရတာမှန်း သိနေတော့ ပိုဆိုးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဆိုင်လို့လဲ ညို ရယ် .. နင့်နာမည်နဲ့ပဲ စာချုပ်ခိုင်းထားတာ၊ နင့်ကို ရှေးမူလ ဟန်ဆောင်ခိုင်းတာမှ မဟုတ်တာ"

"မသိဘူးဟာ .. ချစ်မင်းဦး ဆိုတဲ့လူကလည်း မျက်နှာကိုတင်းနေတာပဲ၊ သူ့မှာ မျက်နှာလွှဲနေလို့မရနိုင်တဲ့ မျက်နှာသိအတွက် ဒီအရောင်းအဝယ်ကို ဖျက်လိုက်ရတာတဲ့၊ ပြောတဲ့စကားကတော့ တောင်းပန်စကားပဲ၊ ဒါပေမယ့် စရံသုံးဆ ပြန်လျော်မယ်ပြောတာ လူကို အခန်းထဲက ခုထွက်သွားတော့လို့ ပြောတော့မယ့်အတိုင်းပဲ၊ ငါတို့အရင်တုန်းက မြင်ဖူးခဲ့တဲ့ ခေတ် ရဲ့ဘေးက သူငယ်ချင်းတွေဆိုတာ ယုံနိုင်စရာတောင် မရှိဘူး"

ဘယ်လိုမှ သည်းမခံနိုင်ဖြစ်လာရင်း မူလ ဆတ်ခနဲ ထရပ်သည်။ မျက်လုံးဝိုင်းလေးနဲ့ လှည့်ကြည့်နေသည့် သားမျက်နှာလေးကို မြင်မှ ဒေါသကို ပြန်လျှော့၍ ပြေပြစ်အောင်ပြင်ကာ ...

"သားလေး .. အပြင်မှာ ခဏသွားဆော့"

"အို .. အပြင်မထွက်ပါစေနဲ့၊ သား ... နောက်ဖေးသွားဆော့"

"နောက်ဖေးမှာ သိပ်မသန့်ဘူး ညို ရဲ့ .."

မသိတဲ့လူက ခွင့်ပြုနေတော့ သိထားတဲ့လူက ဘာလုပ်ရမှန်း မသိ..။

ချောင်းသာမှာ သည်ခေတ်လူ ရောက်နေသည်။ ကလေးကို တွေ့ပြီး ဟိုဒီ မေးခွန်းတွေတောင် မေးလိုက်သေးသည်။

ဒါပေမယ့် နောက်ထပ် အရိပ်အယောင်တောင် မမြင်ရတော့သဖြင့် မူလ ကို ပြန်ပြောဖို့ပြင်နေရင်း မပြောဖြစ်တာ ဖြစ်သည်။

တကယ်ဆို ခေတ် ကို မူလ ကွေ့ရှောင်ပုန်းနေတာသိနေရက်နှင့် သူမ မျှိုသိပ်မထားသင့်ဘူးဆိုတာ မသိလို့မဟုတ်ပါ။ မူလ ကို သစ္စာမဲ့သလိုဖြစ်သွားပြီလားလို့တောင် တွေးမိခဲ့သေးသည်။

ပြန်ပြောဖို့ တွန့်ဆုတ်နေတာက ဘာကြောင့်မှန်း မသိ ..။





ဒီကို မူလ ရောက်နေတာ .. သူမကို ဒီထိခေါ်ခဲ့တာ၊ ဒါတွေက ဒီးပွားရေးကြောင့် ဖြစ်သည်။

ချစ်မင်းဦး ပါလာမှန်း သိလိုက်သဖြင့် မူလ အပြင်မထွက်တော့ဘဲ သူမချည်းပဲ အရောင်းအဝယ်စကား သွားပြောခဲ့ရ၏။

ဒါလည်း ခေတ် သိမှာစိုးလို့ မူလ ပုန်းကွယ်နေခြင်းပဲဖြစ်ရာ ခေတ် နဲ့တွေ့နေပြီဖြစ်သည့်အကြောင်း ဘာဖြစ်လို့ မျှိုသိပ်ထားခဲ့မိတာလဲ ..။

ငုပ်စိတ်မှာဖြစ်နေခဲ့သည် စေတနာကတော့ ခေတ် နဲ့ မူလ ကို နောက်ထပ် တစ်နေရာစီ ထပ်ဖြစ်သွားမှာကို မလိုလားခြင်းပင်။

နောက်တစ်ခုက အလုပ်ကိစ္စမဖြစ်သေးဘဲ မူလ ချက်ချင်းပြေးထွက်သွားမှာကို သိနေသဖြင့် ပြောရခက်နေခဲ့သည်။

ကလေး အပြင်ထွက်သွားတိုင်းလည်း လိုက်မကြည့်နိုင်ပေမယ့် မူလ မသိဘဲ သူမပဲ ရင်မောနေရသည်။

"ဟဲ့ .. ဟဲ့ .. မူလ ဘယ်ကိုလဲ"

ကလေးထွက်သွားတာကို ရင်မောစွာ တွေးနေတုန်း မူလ ထဘီအကျီတွေ ဆွဲဆန့် သေသပ်အောင်ပြုပြင်၍ လက်ကိုင်အိတ် ကောက်ယူလိုက်မှ ...

"နေပါဦး .. နင်က ဘယ်ကိုလဲ၊ ချစ်မင်းဦး မြင်ရင် နင့်ကို သိသွားမှာပေါ့"

"သိသိလေ .. ငါတို့ ဝယ်ဖြစ်မှာမှ မဟုတ်တော့ဘဲ၊ သူတို့လူမဆန်တဲ့အလုပ်လုပ်တာကို ပြောရမယ် .. ပြောပြီးမှ ပြန်မယ်"

"မူလ ရယ် .."

"နင်ပဲ စဉ်းစားကြည့်ဦး၊ ငါက ဒီမှာ စရံသတ်ပြီးပြီဆိုပြီး ဟိုဘက်မှာ လုပ်ငန်းစတွေ သိမ်း၊ ဖြုတ်သင့်တဲ့ဟာ ဖြုတ်ပစ်ဖို့ အားလုံးသေချာခဲ့ပြီ၊ ခရီးဝေးကနေ ဒီမှာ စိတ်ချလက်ချ လာစောင့်နေတာရော



www.burmeseclassic.com

www.burmeseclassic.com



ဘယ်နှစ်ရက် ရှိပြီလဲ၊ ဒေါ်နုနုသစ် နဲ့ ချုပ်ရမလိုလိုနဲ့ ချစ်မင်းဦး နဲ့ ဖြစ်သွားတယ်၊ ချစ်မင်းဦး ရောက်နေတာရော ဘယ်လောက်ကြာပြီလဲ .. သူတို့ ငါတို့ကို လူလို့ကို မမှတ်တာ"

"မမှတ်ပစေ မူလ ရယ် .. နင့်ကို ဒီလိုမျိုး ဒေါသမထွက်တတ်ဘူး ထင်ခဲ့တာ၊ တကယ်ပဲ .. ဒေါက်တာ ရေးမူလ ရဲ့ပုံစံ လုံးဝပျောက်သွားပြီ၊ ရင့်ကျက်လာတယ်ပြောရမလား .. မိန်းမငယ်လေး ပြန်ဖြစ်သွားတယ်လို့ပဲ ပြောရမလား၊ နောက်ဆုံးကျတော့ စီးပွားရေးဆန်နေတာ"

မူလ ရဲ့ဒေါသက ညို့ စကားလုံးတွေပေါ်ရောက်သွားကာ ကိုင်ပြီးသည့်အိတ်ကို ပြန်ချထားလိုက်ပြီး ...

"တံငါသည်ဖြစ်နေကာမှ ရေကြောက်နေလို့ ရမလား ညို၊ ဒီလောကထဲမှာ နေရာတကာ နူးညံ့မှုတွေ နားလည်ဖို့တွေပဲ ဆုပ်ကိုင်နေလို့ မရဘူး၊ ငါ ဒီမှာပဲနေချင်တော့တာက ဘဝရဲ့နောက်တစ်ကွေ့မှာ ငြိမ်းငြိမ်းချမ်းချမ်းလေး နေသွားတော့မယ်ဆိုပြီးတော့ပါ၊ တခြားလောဘသက္ကာယတွေလည်း မထားချင်တော့ဘူး၊ ကမ်းခြေလေးနဲ့ ကိုယ့်စီးပွားရေးလေးနဲ့ တို့သားအမိ အိုးမကွာအိမ်မကွာရှိနေဖို့ကို မျှော်လင့်ခဲ့တာ၊ သားလေး ခမျာလည်း အဖော်မဲ့ရှာတာ နင့်အမြင်ပဲ"

"ကလေး အဖော်မဲ့တာကို နင် ဘာနဲ့မှ ဖြည့်ဆည်းလို့မရနိုင်ဘူး မူလ၊ ကလေးအတွက် နင် ရင်အုပ်မကွာ စောင့်ရှောက်ပေးနိုင်ရင်လည်း အမေက အမေပဲ၊ သူ့ရဲ့ကစားဖော်ဖြစ်မှာ မဟုတ်ဘူး၊ အရွယ်လေး ရလာလေ .. ရွယ်တူကစားဖော်ရှိတဲ့အရပ်ကို မျှော်ကြည့်လေဖြစ်မှာပဲ"

"မဟုတ်ဘူးလေ .. ငါက ငါ့တာဝန်ကိုကျေချင်တာ၊ သားလေးကို အထီးကျန်မဆန်ရအောင် .."

"ငါပြောပြီးပြီပဲ .. သူ အထီးကျန်မဆန်ဖို့က နင် သူ့အတွက် ညီအစ်ကို မောင်နှမတွေ ထပ်မွေးဖွားပေးမှပဲ .."





"ညို .."

"ပြောပြတာပါ .. နင် ဒီမှာနေမှ အေးချမ်းမယ်ထင်နေတော့ အရောင်းအဝယ်ကိစ္စ ပျက်တာကို မကျေနိုင်မချမ်းနိုင်ဖြစ်နေမှာ စိုးလို့.."

"အဲဒါရော သားမှာ မောင်နှမ မရှိတာနဲ့ ဘာဆိုင်လဲ၊ တစ်ဦးတည်းသော သားသမီးတွေ မွေးထားတဲ့လူတွေ နင်ပြောသလိုဆို နောက်ထပ် ကလေးထပ်ရဖို့ တုတ်ထမ်း ဓားထမ်း ရှာရတော့မယ်"

စူစူဆောင့်ဆောင့်လေးပြောနေသည့် မူလ စကားကြောင့် ညို က ရယ်သည်။

"မဖြစ်နိုင်တော့တဲ့လူတွေကို ငါ မပြောပါဘူး"

"ဩော် .. ငါကတော့ ဖြစ်နိုင်သေးတယ်ပေါ့၊ ညို နော် .. စိတ်တိုလာပြီ၊ ကျောင်းတုန်းကလို ကြောက်ပါပြီအော်အောင် ကလိမထိုးဘူး မထင်နဲ့"

ပြောလိုက်ကာမှ ကလိမထိုးရသေးဘဲ ညို က အသံထွက်အောင် ရယ်သည်။

"နင် အရမ်းလှနေတာ နောက်ထပ် အိမ်ထောင်မပြုတော့ဘူးလို့ ပြောလည်း ဘယ်သူမှမယုံဘူး"

"နင် ယုံရင် ပြီးတာပဲ"

"နောက်ထပ်မပြုနိုင်တော့ဘူးဆိုတာ ငါက ယုံပါတယ်၊ ဒါပေမယ့် မရမကယူဖို့ လိုက်နေတဲ့ ကလေးရဲ့အဖေ .."

"ညို တော်တော့"

"အေးပါ တော်ပါပြီ"

"ဘာဖြစ်လို့ အတည်ပေါက်ကြီးနဲ့ ငါ့ကို 'စ'နေတာလဲ၊ ဘယ်တော့မှ ထည့်မပြောနဲ့ .. အဲဒါတွေ"

"မပြောတော့ဘူး၊ ကဲ .. အခု ပြန်ထိုင်နေပါ၊ နင်သွားပြောလည်း ချစ်မင်းဦး က မရှိတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ရောက်သွားပြန်ပြီလဲ"

"အဲဒါတော့ မသိဘူး၊ ဒီည ပြန်လာဖို့မသေချာတဲ့ နည်းနည်းဝေးတဲ့နေရာကို သွားတာတော့ သေချာတယ်၊ ငါနဲ့ စကားမပြတ်သေးဘဲ သူ့မိန်းမကို မှာပြီး နာရီကြည့်လိုက်တာလေ၊ အဲဒါကြောင့် ငါ ပြောတာပေါ့၊ ငါ့ကို စကားပြောပုံက အဖက်မတန်သလိုပါပဲဆိုမှ"

"နင့်ကို သူ မှတ်မိတဲ့ပုံရှိလား"

"အဲဒါလည်း မသိဘူး၊ ဒါပေမယ့် သည်ခေတ်လူ တောင်မှ မှတ်မိနေသေးတာ၊ သူလည်း .. အဲ .."

စကားမှားသွားပေမယ့် ဘရိတ်က မမိတော့ပေ ..။

"ဘယ်လို .. နင် ဘာပြောလိုက်တယ် ညို၊ နင်နဲ့သူ ထပ်တွေ့ဆေးလို့လား .. ငါ့ကိုမပြောတော့ သတင်းတွေပဲကြားတာဆို"

"ဩော် .. ဟို .. နင်ကလည်း တွေးကြည့်မိကာပါ၊ သည်ခေတ်လူကတော့ ငါ့ကို မှတ်မိနေမှာပဲလို့လေ၊ သူ့အိမ်မှာ ငါက ဝင်ထွက်နေသေးတဲ့ဥစ္စာ"

ဘုရား .. ဘုရား .. ရင်တွေခုန်ပေါက်နေတာ မယ်မူလ မသိလို့လား ..။

"အဲဒါကြောင့် ပြောတာ .. ဒေါ်နုနုသစ် ဆိုတဲ့ တစ်ယောက်က သူ့နာမည်နဲ့ပေမယ့် လုပ်ပိုင်ခွင့်မရှိတာလား၊ သူ့ယောကျ်ားကို ရှေ့တန်းတင်ချင်တာလား ဘာမှန်းမသိဘူး၊ ဒီကိစ္စမှာ ဘာမှဝင်ပြောခဲ့တာ မဟုတ်ဘူး၊ နင် သူနဲ့ ဘာမှပြောလို့ရမှာ မဟုတ်ဘူး"

"ဒါဖြင့် အရောင်းအဝယ်ပျက်တဲ့အတွက် စရံပြန်ပေးမယ့်ကိစ္စတွေ ဘာတွေက လေလုံးထွားသွားလား၊ ငါတို့က ဘယ်လောက်ထိစောင့်ရမှာလဲ"

"မူလ ရယ် .. နင်ပဲ သားလေးရဲ့မွေးနေ့ကို ဒီမှာ တခမ်းတနားလုပ်ပေးမှာဆို .."





"ဘာလုပ်ဖို့ လိုတော့လို့လဲ ..၊ ငါက ဟိုတယ်လ်ကို သားလေးနာမည်နဲ့ မွေးနေ့လက်ဆောင်လွှဲပေးရင်း အားလုံးအတွက် စုပေါင်းစိစဉ်ချင်တာ၊ အခု .."

"ကလေးကလည်း သူ့မွေးနေ့လုပ်မှာဆိုပြီး ကလေးချင်းကြွားနေတာ၊ သားလေးကို ဝမ်းနည်းသွားအောင် မလုပ်ပါနဲ့ဟာ .. စဉ်းစားပါဦး"

ဒါကျတော့ မူလ ငိုင်သွားသည်။ လူမှုရေး၊ စီးပွားရေးတွေ သားလေးကို ဘာမှ ပေးမသိချင်။ မွေးနေ့ ဒီမှာမလုပ်တော့ပါဘူးလို့ ပြောလိုက်ရင် သားလေး ဘယ်လိုဖြစ်သွားရှာမလဲ ..။

"နင်ကရော မွေးနေ့ပြီးတဲ့အထိ နေပေးမှာမို့လို့လား၊ သူတို့လုပ်ပုံတွေကို ငါ ရှက်တယ် ညို .. တကယ် နေကိုမနေချင်တော့ဘူး"

"အဲဒါတွေကို ကလေး ဘာမှမသိဘူးလေ၊ စိတ်ချပါ .. ငါ နေပေးမှာပါ"

တင်းနေဆဲ မာနက သားလေးအတွက်သာ မဟုတ်ခဲ့လျှင် ဘာအကြောင်းကြောင့်မှ ခေါင်းလျှိုနေမှာ မဟုတ်ပေ။

ခုတော့ ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇၀)

"ဒီတစ်ခါ ပြန်မရောက်သေးဘူးဆိုရင် တွေ့မယ်"

အကြိမ်ကြိမ်အခါခါ နှိပ်ပြီးဖြစ်သည့် ဇီးရိုးကိုပဲ ဆောင့်နှိပ်ပစ် သည်။ ညို က ဘေးမှာထိုင်ကြည့်နေလျက် ဘာမှမပြော။ ဖုန်းပြန် လိုက်ကာမှ...

"ရှိသတဲ့လား"

"ရှိတယ် .. ငါသွားမယ်၊ သားလေးရော .. သားလေးကို အနားမှ ခေါ်ထားဦးနော်"

"အေးပါ .. မြောက်ဘက် အုန်းပင်တန်းထဲမှာ ဆော့နေတယ် ငါ ကြည့်နေပါ့မယ်"

မူလ ဆလင်းဘက်ခ်လေးလွယ်လိုက်ရင်း အဆင်သင့်ပြင်ထား သည့် ကိုယ့်ကိုယ်ကိုယ် တစ်ချက်ပြန်ကြည့်၏။

လက်ပြတ်အကျႌအနီလေးနဲ့မို့ အသင့်ချထားသည့် အပေါ်ထ အကျႌကို သတိရကာ ဆလင်းဘက်ခ်ကို ပြန်ဖြုတ်ရသည်။

ကမ်းခြေမှာ အေးနေတတ်ခြင်းကြောင့် အပြင်ထွက်ပြီဆို လ ရှည်ဖြစ်ဖြစ်၊ အပေါ်ထပ်ဖြစ်ဖြစ် တစ်ခုခုတော့ဖြစ်နေမှ။





ပြောချင်သည့်စကားတွေကို အမြန်ဆုံးပြောခွင့်ရဖို့ ဆလင်းဘက်ခ်ကို ဒီတိုင်းကိုင်ပြီး ထွက်ခဲ့မိသည်။ အပြင်ရောက်မှ ပခုံးမှာ လွယ်ဖြစ်၏။ စာချုပ်မယ့်သူက ဘယ်မှာလဲလို့ မေးကြည့်စမ်း ..၊

တမင်တကာ ညို့ ကို မလွှတ်တော့တာဖြစ်ကာ ပြောဖို့စကားက ရင်ဘတ်ထဲ လည်ချောင်းထဲကနေ ပါးစပ်ထဲထိ အပြည့် ..။

"သြော် .. မညို တို့ ထင်တယ်၊ ထိုင်ပါရှင်"

ဒေါ်နုနုသစ် က အသင့်စောင့်နေပုံရှိကာ မူလ ရဲ့နောက်ကိုလည်း လှမ်းကြည့်သေးသည်။

"ကိုကိုချစ်ရေ .. မညို တို့ လာပြီ"

"မညို တို့ မဟုတ်ပါဘူး .. ကျွန်မပဲ"

"သြော် .."

သူမက အထူးအထွေ ဘာမှထပ်မမေးဘဲ 'သြော် ..'တစ်လုံးနဲ့ပဲ တိတ်ကျသွား၏။

ဟိုတယ်လ်ပိုင်ဆိုင်သည့် ချစ်မင်းဦး ကိုယ်တော်က နောက်ထွက် မင်းသားကြီးလို မူလ ထိုင်ပြီးမှ ဘေးတံခါးကနေ ထွက်လာသည်။

"မရှေးမူလ ပဲ၊ ဒေါက်တာ ခင်လေးညို ကို မြင်လိုက်ကတည်းက တွေးတောင် တွေးမိသေးတယ်"

သူ မှတ်မိနေတာပဲ။ ဒါကြောင့် တမင်ပြောလွှတ်လိုက်တာလား၊ ဒါမှမဟုတ် တမင် မရောင်းတော့တာလား ..။

မူလ မျက်နှာပိုတင်းသွားသည်။ ချစ်မင်းဦး ပုံစံက ညို နဲ့ အဆင် မပြေ ပြောလိုက်တာတွေအပေါ် တစ်စုံတစ်ရာ ငဲ့ညှာဖို့မလိုသည့် မျက်နှာနှင့် တည်ငြိမ်နေကာ ...

"ဒေါက်တာနဲ့ အရောင်းအဝယ်ကိစ္စဖျက်လိုက်ရတာ စိတ် မကောင်းပါဘူး၊ မရှေးမူလ အဲဒီကိစ္စအတွက် ရောက်လာတာလား"

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါတယ်၊ ကျွန်တော်ကလည်း ရောင်းသူဝယ်သူ နှစ်ဖက်စလုံးရှိနေတုန်းပဲ ပြောချင်တာ၊ ဒေါက်တာနဲ့ အရောင်းအဝယ်မဖြစ်တော့တဲ့ကိစ္စက ပြီးသွားပြီဆိုတော့ .."

"ပြီးလိုက်လို့ရပေမယ့် ညို့ ဘက်က အရမ်းနစ်နာတယ် ကိုချစ်မင်းဦး၊ ဒီကိစ္စအတွက် သူ ရင်းနှီးထားခဲ့တာတွေ .."

"ခဏလေး .. မရှေး .. ခဏ"

ရှေးမူလ လို့ ခေါ်ခြင်းအား သူ့ဟာသူ ဖြတ်တောက်ရွေးချယ်၍ မရှေး အဖြစ် ပြောင်းခေါ်လျက် ...

"ကျွန်တော်နဲ့ဒေါက်တာ ဒီကိစ္စကို ပြောဆိုပြီးပြီ၊ သူလည်း ကျေနပ်သွားပါပြီ၊ မရှေး က .."

"သိပ်မကျေနပ်ချင်ဘူး ကိုချစ်မင်းဦး၊ သူ စာချုပ်မှာပေမယ့် စိုက်ထုတ်ရင်းနှီးကြတာက ကျွန်မတို့နှစ်ယောက် .."

"ဒါဆိုလည်း မရှေး တို့ နှစ်ယောက် မကျေနပ်စရာ မရှိပါဘူး၊ ဒီဟိုတယ်လ်ကို အဆမတန် ဖြတ်ဈေးပေးပြီး ဝယ်လိုက်တဲ့သူက တခြားလူမှ မဟုတ်ဘဲ .. သည်ခေတ်လူ ပါ"

"ဘာ!..."

မူလ တစ်ကိုယ်လုံး ဆတ်ခနဲ တုန်၏။ တစ်ခွန်းမှမပြောဘဲ ထိုင်ကြည့်နေသည့် နုနုသစ် နှင့် ချစ်မင်းဦး တို့ကို မယုံနိုင်သေးသလို ခေါက်တုံ့ခေါက်ပြန်ကြည့်မိပြီးမှ ...

"ဒါ သက်သက်ညစ်တာ"

အေးစက်ခက်ထန်စွာ ပြော၍ နေရာမှထရပ်သည်။ ချစ်မင်းဦး က ပျာပျာသလဲ လက်ကာရင်း သူပါ ထရပ်လိုက်ကာ ...

"ဟုတ်တယ်၊ ဒေါက်တာခင်လေးညို အပေါ် ညစ်သလိုဖြစ်သွားတယ်၊ ဒါပေမယ့် ခေတ် က သူ့မိသားစုအတွက် တာဝန်ကျေဖို့ ကြိုးစားတာပါ"





ချစ်မင်းဦး နဲ့ မူလ အကြည့်ချင်းဆုံသွားသည်။ ချစ်မင်းဦး က မျက်နှာလွှဲသလိုလိုနှင့် မျက်လွှာချလိုက်ပြီး ...

"ခေတ် က သူ့သားလေး 'ခေတ်ကောင်းလူ' နာမည်နဲ့ စာချုပ်လိုက်တာ"

ကြည့်စမ်း ..၊ မူလ ဘာစကားမှမထွက်နိုင်အောင် မျက်လုံးတွေပဲ ပြူးကျယ် စူးရဲသွားမိ၏။ ထိုစဉ် ...

"မေမေ .."

သားလေး အသံ ..၊ မူလ နောက်ကို ချာခနဲ လှည့်ကြည့်မိ၏။

ဦးထွန်းမင်း နဲ့ ဒေါ်ရွှေသဇင် ..၊

သားလေးကို ဒေါ်ရွှေသဇင် က ပွေ့ပိုက်ထားတာဖြစ်ပြီး ...

"သမီး .."

ခေါ်လိုက်ကာမှ မျက်ရည်တွေ ပြိုးပြိုးပြက်ပြက် ဖြာကျလာသဖြင့် တင်းခနဲဖြစ်သွားပြီးသည့် မူလ မျက်နှာ တစ်ရစ်ချင်း ပြေကျလာလေသည်။ အိပ်မက်တွေလား .. ဒါ တကယ်လား ..။

ကိုယ့်ကိုယ်ကိုယ် အဝေးကြီးရောက်နေပြီလို့ထင်ပြီး ခြေစုံရပ်ပစ်လိုက်ကာမှ ဒီနေရာမှာပဲ ရှိနေသေးတာကို သိလိုက်ရတာမျိုး ..။

ဒေါသ၊ မာန၊ သံယောဇဉ် လက်ကျန်ဖြင့် နှုးညံ့ခြင်းတွေ..၊

မူလ မျက်နှာလေး တရှပ်ရှပ်ပြောင်းလဲသွားခဲ့ပြီး ဘုံးဘုံးလဲတော့မလို မျက်နှာသေလေးနှင့် ငိုင်ကျသွားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇၁)

"သားက အကြောင်းကြားတော့ သူ့ဒက်ဒီလည်း အိမ်မှာရှိနေ တုန်းလေ၊ သားအဖနှစ်ယောက် ဟိုတုန်းကတည်းက မျက်နှာချင်း မဆိုင် စကားမပြောကြတာ မနေ့တစ်နေ့ကထိပါပဲ သမီးရယ်၊ မူ တို့ရဲ့ နာရေးသတင်းကိုလည်း မသိခဲ့တာ အမှန်ပါ"

ဘယ်သူမှမသိတာက သတင်းစာထဲ မထည့်ခဲ့လို့ဖြစ်သည်။ တွေး လိုက်မိပေမယ့် မူလ ဘာမှမပြောဘဲ နှုတ်ဆိတ်နေမိ၏။

ချစ်မင်းဦး တို့ ရုံးခန်းထဲမှာပဲ ပြန်ထိုင်မိကြကာ သူတို့ကတော့ ရှောင်ထွက်သွားကြပြီမို့ မူလ တို့ လေးယောက်တည်း။

"သမီးနဲ့ ညို ကို ဒီမှာအတူရှိနေမှန်း သိလိုက်ကတည်းက ဒီ ဟိုတယ်လ်ကို ဝယ်မယ့်သူက သမီးမှန်း သားက သိတယ်၊ ကလေးရဲ့ မွေးနေ့ကိုလည်း သိနေတဲ့အတွက် သမီးရဲ့ရည်ရွယ်ချက်ကို ဖမ်းကြည့် နိုင်တာပေါ့၊ အဲဒါကြောင့် သူ့သားလေးကိုပေးချင်လို့ သူ ဝယ်လိုက်တာ"

"မူလ လည်း ကိုယ့်စိတ်ကူးကို ကိုယ်တိုင်ပဲ အကောင်အထည် ဖော်ချင်တာ၊ အမေ .. အဲ .."

"ခေါ်ပါ .. အမေလို့ပဲ ခေါ်ပါ သမီးရယ် .. သမီး မကြည်ဖြူဘဲ ယောက္ခမရာထူးကို မာမီ ပြန်မယူပါဘူး"

"ကဲ .. ဒက်ဒီတို့ လိုရင်းကိုပဲ ပြောရအောင်"





ဦးထွန်းမင်း က မြေးဖြစ်သူကို ပေါင်ပေါ်တင်ထားပြီး လူကြီးတွေ မျက်နှာကို လိုက်မော့နေသည့် မျက်ဝန်းလေးတွေကို ချစ်စနိုးငုံ့ကြည့် သေးသည်။ ပြီးမှ ခေါင်းလေးကိုတယုတယပွတ်သပ်ပြီး စကားပြန်စ၏။

"နှစ်ဖက်စလုံးမိဘစုံစုံရှိနေကြတယ်ဆိုရင် ဒက်ဒီတို့ကလည်း သမီးတို့ အိမ်ထောင်ရေးနဲ့ပတ်သက်ပြီး နောက်ထပ်ဝင်စွက်ဖက်ဖို့ မရည်ရွယ်ပါဘူး၊ အခု သမီးမှာ မိဘတွေမရှိတော့ဘူး၊ ပြီးတော့ အသက်လေးငယ်ငယ်နဲ့.."

"အဲဒီအတွက်က .."

"နေဦး သမီး.. သမီးကို ခေတ် နဲ့ပြန်ပေါင်းဖို့ တိုက်တွန်းတာမဟုတ် ဘူး၊ ဒက်ဒီတို့ကပဲ သမီးတို့သားအမိကို မိဘအနေနဲ့အုပ်ထိန်းပေးချင်တာ"

ဘာထူးလို့လဲ ..၊ သူ့မိဘနဲ့ ဆက်နွယ်နေမှတော့ သူနဲ့ မပတ်သက် လို့ရမလား .. ဒါက မဖြစ်နိုင်ပါ။

"သမီး စဉ်းစားပါကွယ် .. မာမီတို့က မြေးလေးကို မြင်နေရက်နဲ့ ဝေးဝေးပြန်ဆုတ်ပြီး တော်ရာက ငေးနေရဦးမှာလား၊ သားနဲ့သမီးကို ဆန္ဒတွေမညီညွတ်ဘဲ ပေါင်းသင်းဖို့ မာမီတို့ မတိုက်တွန်းဘူး၊ နောက် ထပ်တောင်းဆိုချင်တာက သမီး ခြေရာဖျောက်မသွားဖို့ပါ၊ မြေးနဲ့မာမီ တို့ အတူမနေရရင်တောင် ဘွားဘွားရေဆိုပြီး မြေးလေး ပြေးလာစရာ ရင်ခွင်တွေ ဖွင့်ထားချင်တယ်၊ မြေးလေး နေကောင်းရဲ့လားလို့ တွေးပူ မိလာရင် မာမီတို့ကလည်း အချိန်မရွေး ပြေးကြည့်ချင်တာ၊ အားလုံး တည်တည်ငြိမ်ငြိမ် နေသားတကျတွေရှိသင့်ပြီမို့လား သမီးရယ် .. နောက်ဆုံး သမီး ကြည်ဖြူချင်တဲ့အိမ်ထောင်ဘက် တွေ့လာရင်လည်း လွတ်လပ်စွာဆုံးဖြတ်ပါ၊ မာမီတို့ကို အားနာငဲ့ညှာဖို့ မလိုဘူးလေ..နော်၊ မြေးလေးကို မာမီတို့က အမြဲတမ်း ချစ်ခွင့်ရနေရင် ကျေနပ်ပါ့မယ်"

"ရှိသေးတယ် မူ၊ အခု အရေးကြီးဆုံးကို မင်း မပြောသေးဘူး"

ဦးထွန်းမင်း က စကားထဲဝင်လိုက်ပြီးမှ မူလ နဲ့မြေးလေး မျက်လုံးချင်း ဆုံသွားတာကိုသတိထားမိကာ မြေးကိုပို၍တင်းအောင်ဖက်ထားမိလျက်...



www.burmeseclassic.com

www.burmeseclassic.com



"သမီးရည်ရွယ်ထားတဲ့အတိုင်း မြေးလေးရဲ့မွေးနေ့ကို ဒီမှာပဲ သူပိုင်တဲ့ဟိုတယ်လ်မှာ တခမ်းတနားကျင်းပဖို့ ဆက်လက် စီစဉ်စေချင်တယ်"

အဖေတွေ အမေတွေ ခေါ်မိတိုင်း အိုးတိုးအမ်းတမ်းတော့ဖြစ်သွားတတ်ကာ အကျင့်ပါနေပြီဖြစ်သည့် ကိုယ့်ပါးစပ်ကိုလည်း အချိန်မီ မတားဆီးနိုင် ..။

"ကလေးအတွက် မွေးနေ့လက်ဆောင်ဆိုတာကတော့ မပေးပါနဲ့လို့ မူလ မတားပါဘူး၊ ရက်ကလည်း လိုသေးတော့ ဒီမှာ ဒီတိုင်းဆက်နေဖို့က မဖြစ်နိုင်ဘူး၊ နောက်ပြီး .."

"ဒီလိုမလုပ်ပါနဲ့ သမီးရယ် .. သမီးက သားရှိနေလို့ မနေချင်တော့တာလား၊ သူလည်း သူ့သားလေးကို သူ ယုယချင်မှာပေါ့ကွယ်၊ ပြီးတော့ မွေးနေ့အတွက် စီစဉ်လုပ်ကိုင်ရင်းနဲ့လေ .. နောက်ပိုင်းဆိုရင် ကလေးနဲ့ပတ်သက်ပြီး သမီးဆီကို သူကိုယ်တိုင် သွားလာဝင်ထွက်တာမျိုး လုံးဝ မဖြစ်စေရဘူး၊ သမီး စိတ်ချပါ"

လူကြီးတွေရှေ့မှာ ခွင့်မပြုနိုင်တာတွေ ဒီထက်ဆက်ပြီး မဲတင်းနေဖို့ မကောင်းတော့ပေ။ ဒါပေမယ့် ရင်ထဲမှာ စိုးရိမ်စိတ်တွေ ဖိစီးလျက်လေးလံနေခဲ့သည်။

သူ ဒီလောက်မြန်မြန်ဆန်ဆန် ဘာကြောင့်သိသွားတာလဲ၊ သားလေးနဲ့ ဘယ်လိုသိလိုက်ကြတာလဲ ..၊ စိတ်ပျက်ရခြင်းမှာ လိုက်လို့မမီသည့် အကြောင်းတွေလည်း ပါသည်။

ဒါတွေ ညို တစ်ခုခု သိနေခဲ့သလား ...၊

ဖျတ်ခနဲဝင်လာသည့် အတွေးထဲမှာ ကလေး အပြင်ထွက်မည်ဆိုတိုင်း မလုံမလဲ ပျာယာခတ်နေတတ်သည့် ညို့ မျက်နှာကို မြင်ယောင်လာသည်။ ညို ကြံ့ပြီး သိနေခဲ့သည်ဆိုလျှင် ..။





## အခန်း (၇၂)

"အရမ်းကို နည်းလမ်းကျတဲ့ စကားတွေပါ"တဲ့။

ညို့ ကို တိုင်ပင်လိုက်ကာမှ ရွေးစရာလမ်းမရှိအောင် ဖြစ်သွားခဲ့သည်။ ပြီးတော့ ခေတ် နဲ့ သားလေး အရင်ဆုံးတွေ့သွားသည့်နေ့က အဖြစ်တွေကို ပြန်ပြောပြ၏။

တစ်ယောက်တည်း ငေးနေရင်း မှောင်ရိပ်ကျနေသည့်ခုံတန်းလေးမှာ အချိန်တွေ ဘယ်လောက်ကြာသွားမှန်း မသိပေ။ တဟူးဟူး တိုးဝှေ့နေသည့်လေကြောင့် ဆွဲတင်ထားသည့် ဆွယ်တာလက်ရှည်ကို ပြန်ဆွဲချမိသည်။

ဆံပင်တွေကို ပိုလှအောင် ပြုပြင်လိုက်ပြီးကတည်းက စိတ်အေးလက်အေး အနားယူဖြစ်သည့်အခါတိုင်း ဖြန့်ချထားခဲ့သည်။

ကျောပေါ်မှာ နွေးနေသော်လည်း ရင်ဘတ်ဟိုက်သည့်နေရာတွေမှာ အေးနေသဖြင့် လက်နဲ့ပြန်ပွတ်ရင်း နေရာမှ ထရပ်လိုက်သည်။

ကိုးနာရီလောက်တော့ရှိပြီ ထင်သည်။ နာရီမပတ်ခဲ့မိသဖြင့် အချိန်ကိုမှန်း၍ ပြန်ဝင်ဖို့ ထလိုက်တာဖြစ်၏။ သို့သော် နားထဲက စကားပြောသံသဲ့သဲ့ကို ကြားလိုက်သဖြင့် ပြန်လှည့်ကြည့်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



အသံနှစ်သံက စကားပြောနေကြတာလား၊ တစ်ခုခု အရေးကြီးနေတာလား ..၊

ဘာရယ်မဟုတ်ဘဲ အသံကို လိုက်ရှာလိုက်မိ၏။

"ဟင်!..."

အလင်းရောင်ဖြာနေသည့်အစပ်နားမှာ ပန်းရုံလေး တလှုပ်လှုပ်နှင့် ..၊

မှူလ ဖျတ်ခနဲ မျက်နှာလွှဲကာ မဆင်မခြင် သေချာလိုက်ကြည့်မိသည့် ကိုယ့်ကိုယ်ကိုယ် ရှက်နေမိဆဲ ..။

"သေချာကြည့်ပါဦး .. ဘယ်လောက် အားကျဖို့ကောင်းလဲ"

ရှေ့မှာရောက်လာတာ တစ်ကိုယ်လုံး နက်မှောင်သောအဝတ်တို့နှင့်ဖြစ်ပေမယ့် ဖြူဝင်းနေသည့်မျက်နှာက မမှတ်မိစရာ မရှိ ..။

ခေတ် နဲ့ မျက်နှာချင်းဆိုင်ဖြစ်သွားတာ လက်တစ်ကမ်းသာသာပဲရှိသည်။ လွမ်းလွန်းလို့မဟုတ်ဘဲ တစ်ယောက်ကိုတစ်ယောက် ငေးမောနေမိကာ စက္ကန့်တွေ လျှောင်ရယ်သွားတာကို မကြားခဲ့ ..။

ခေတ် အရပ်ကြီးပိုရှည်လာတာလား၊ ဆံပင်တွေက ရှည်နေတာလား ..၊

ဟိုတုန်းကလို စတိုင်လ်အမျိုးမျိုးထုတ်နေသည့် ဝတ်စားပုံ မျိုးမဟုတ်ဘဲ ပြောင်းတော့ပြောင်းလဲသွားသည်။

ဒါပေမယ့် ကိုယ့်လိုပဲ ပိုပြင်လာတာမျိုး ထင်သည်။ ကိုယ့်ကိုယ်ကိုယ်တော့ လိုအပ်လို့ပြင်တာလို့ အမှတ်ပေးလိုက်ပြီး သူ့ပုံစံကျတော့ နှာခေါင်းရှုံ့မိ၏။

သူ့အတွက်က ချောနေဖို့ အမြဲတမ်း လိုအပ်နေတာပဲ။

မှူလ မျက်နှာလွှဲပစ်လိုက်ပြီး ကွေ့ရှောင်ထွက်ခဲ့သည်။ ခေတ် က နောက်မကျတကျကနေ ပါလာပြီး ...

"စကားလေးဘာလေး ပြောချင်စိတ် မဖြစ်ဘူးလား၊ ကိုယ် မင်း[illegible]





နှစ်တွေအများကြီး လိုက်ရှာနေခဲ့တာ၊ တွေ့တော့လည်း ကွယ်ရာကနေကြည့်ပြီး သက်ပြင်းချနေရတယ်"

မှူလ ဘာမှပြန်မပြောဘဲ ဆက်လျှောက်နေသဖြင့် ကွန်ကရစ်လမ်းလေးပေါ် ရောက်လာကြသည်။

"သားကို ကိုယ် သိပ်ထားခဲ့ပြီ .. မအိပ်ချင်သေးဘဲနဲ့ ပြန်ဝင်မလို့လား"

မှူလ ခြေလှမ်းတွေတုံ့သွား၏။ ပြီးတော့ သူ့ဘက်ကို မျက်နှာချင်းဆိုင် လှည့်ရပ်လိုက်ကာ ...

"ကျွန်မကို ရှင် ဒုက္ခမပေးပါနဲ့၊ [illegible]က်ထပ်လည်း ဘာအကြောင်းနဲ့မှ ရှင်နဲ့ မပတ်သက်ချင်ဘူး၊ သားနဲ့ ဆက်သွယ်ခွင့်ပြုထားခဲ့မိတာလည်း အမေနဲ့ ဖေကြီးတို့ကြောင့် .. အဲဒါ နားလည်ပါ"

ခေတ် က မှူလ စကားပြောနေတာကို စူးစိုက်ကြည့်နေ[illegible]ရင်း နှုတ်ခမ်းတွေမှာ ပြုံးယောင်သမ်း၏။ မှူလ မျက်နှာလေး တင်းခနဲ ဖြစ်သွားချက် ...

"ကျွန်မ စကားထဲမှာ သဘော[illegible]ပါသွားလို့လား၊ အဲဒီလို [illegible]က်ရယ်ပြုရတာကို ကျေနပ်[illegible]"

"တစ်ခုမှ မဟုတ်ဘူး .. မင်း[illegible] စကားပြောဖော် ရလာလို့ [illegible]ကျေနပ်သွားတာ၊ မင်းရင်[illegible]ပြောချလိုက် မှူလ၊ ပြီးပြီဆို[illegible] ကိုယ့်အလှည့်"

"အလှည့်တွေ ဘီဘီယာဘေ လာလုပ်မနေနဲ့၊ ရှင်နဲ့ကျွန်မမှာ ဘာ[illegible]ကန့်မှ မရှိဘူး"

"သိပ်ရှိတာပေါ့"

သူ အနားကပ်လိုက်တော့ မှူလ နောက်တစ်လှမ်းဆုတ်သည်။ [illegible]ယ်က မီးရောင်ကို ကျောပေးလျက်ဖြစ်ကာ သူက မျက်နှာမူထား[illegible]ည်မို့ ရိဝေအေးခဲနေသည့် မျက်လုံးအကြည့်တွေကိုပါ မြင်[illegible]



www.burmeseclassic.com

www.burmeseclassic.com



သည်။

စိတ်ထဲမှာ ခံစားမိလိုက်သည့်အတိုင်း ဘာသာပြန်ရပါလျှင် ကြည့်နေတဲ့ ပုံက သားကောင်ကို ကစားနေသည့် မုဆိုး၏မျက်လုံးမျိုး ..။

"မူလ .."

သူ နောက်ထပ် ရှေ့ထပ်တိုးလိုက်လျှင် ဘေးတိုက်ရှောင်လိုက်မိသည့် ခြေထောက်က လမ်းဘေးမှာ အတန်းလိုက်ရှိနေသည့် ပန်းအိုးနှင့် မထိတထိ ဖြစ်သွား၏။

မှောင်ရိပ်ကျနေပေမယ့် မူလ စိုးရိမ်နေတာကို အကဲခတ်မိကာ ခေတ် က လက်နှစ်ဖက်စလုံးကို ဘောင်းဘီအိတ်ထဲ ထည့်လိုက်သည်။ ပြီးမှ နောက်ကို မသိမသာပြန်ဆုတ်ရပ်၍ ...

"မင်းကို ကိုယ် ဘာမှမလုပ်ဘူးဆိုတာ ယုံကြည်ပြီး ခဏလေး စကားပြောခွင့်ပေး၊ ဒီည ဘာမှမပြောရဘဲ ကိုယ် အိပ်ပျော်မှာမဟုတ်တော့ မင်းကို ဒီတိုင်းတော့ ထွက်သွားခွင့် မပြုနိုင်ဘူး"

"ရှင်က ခြိမ်းခြောက်နေတာလား သည်ခေတ်လူ၊ အမေ ကျွန်မကို ကတိပေးသွားတယ်၊ ကလေးကိုပဲ ချစ်ခွင့် .."

"အဲဒါ မာမီ ကတိပေးတာ၊ ကိုယ်ပေးတာမှ မဟုတ်ဘဲ"

"ရှင့်ဘက်ကပါ အာမခံသွားတာ"

"ကိုယ် အာမမခံဘူးလို့ ပြောပြီးပြီပဲ၊ ဘိုးအေ ဘွားအေတွေက မြေးကို လိုချင်မယ်၊ ယောက်ျားဖြစ်တဲ့ကောင်ကတော့ သူ့မိန်းမကိုပဲ ပြန်လိုချင်မှာပေါ့၊ မင်း ပုန်းနေတဲ့ကာလတွေမှာ တကောက်ကောက် ခြေရာခံပြီး လိုက်ရှာနေတာ၊ သားပျောက်ကို ရှာတာ မဟုတ်ဘူး"

"ဟွန် .. ရှင် ပြောရဲသားပဲ၊ အဲဒီလို မေတ္တာတရားကြီးမားတဲ့အဖေမျိုး လက်တွေ့ကြုံရတာ ကျေးဇူးပါပဲ"

"တင်ချင်ရင်တော့ တင်လို့ရပါတယ်၊ တစ်ခုသိထားဖို့က ချစ်လို့ လက်ထပ်ကြတဲ့လူတိုင်း မျိုးဆက်ပြန့်ပွားရေး အဓိကတာဝန်နဲ့ပေါင်း





ဖက်ကြတာ ဟုတ်ဘူးဆိုတာပဲ၊ ကလေးလုပ်တမ်း ကစားကြတာလို့ရော ပြောချင်သေးလား၊ အဲဒါ ကိုယ် မိုက်ရိုင်းနေတာ မဟုတ်ဘူး၊ 'တစ်နွယ်ငင် တစ်စည်ပါ' ဆိုတဲ့အတိုင်း ပြောပြတာ၊ အားလုံး ဝိုင်းပြီး ဖုံးဖိထားကြလို့၊ မင်းမှာ ကိုယ့်သားရှိနေတယ်ဆိုတာ ကိုယ် သိရတာ လပိုင်းပဲ ရှိသေးတယ်၊ ပြောချင်တာက မင်းကိုချစ်လို့ .. မင်းကို ဆုံးရှုံးမခံနိုင်လို့၊ မင်းကို ကိုယ် အရမ်းချစ်တယ်"

သူ့အသံက တုန်ခါနေသည်။ ပြီးတော့ တိုးလျသွားခဲ့ပြီး လေးနက်ခြင်း အပြည့်အသိပ်နှင့် ...

"သားက မင်းနဲ့ ကိုယ့်ရဲ့ရင်သွေးလေးပါ၊ မင်းကိုချစ်လို့ သားကို ချစ်တာ၊ သားကို လိုချင်သလို မင်းကိုလည်း ရမှဖြစ်မယ်၊ အဲဒါ ဆုံးဖြတ်ချက်ပဲ"

"စိတ်မကောင်းဘူး သည်ခေတ်လူ၊ ကျွန်မရဲ့ ရင်ဘတ်တစ်ပြင်လုံးက အဖြူရောင်စက္ကူတစ်ရွက်ပဲ၊ ဘာအရောင်ပဲစွန်းစွန်း ဖျက်ဖို့ခက်တယ်၊ မရမကဖျက်ဖို့ ကြိုးစားလည်း စုတ်ပြဲသွားမှာပဲရှိတယ်၊ အဲဒီတော့ မျှော်လင့်ချက်တွေ မွေ့ပိုက်ပြီး ရှင် လှည့်ပြန်သွားရုံပဲ၊ ကျွန်မတာ ရှင့်သဘော .."

"မူလ .."

"ရှင် ကျွန်မရှေ့က ဖယ်ပါ"

"ကိုယ် ပြောလို့ မပြီးသေးဘူး"

ရင်ဘတ်ချင်း နီးကပ်သွားသည်နှင့် သူ့ဆီက စီးကရက်နံ့နှင့်ရောသော ရေမွှေးနံ့ကို ရှူရှိုက်မိ၏။

ပြီးတော့ နီးကပ်လွန်းသဖြင့် သူ့ရင်ခွင်ထဲရောက်နေသလို နွေးထွေးသော ရင်ငွေ့နွေးကြောင့် နေရခက်သည်။

"သားကိုလည်း ကိုယ် မပေးနိုင်ဘူး၊ မင်းလည်း နောက်ထပ် ထွက်ပြေးပုန်းရှောင်လို့ရမယ် မထင်နဲ့၊ မာမီတို့ ဘာတွေပြောပြော



www.burmeseclassic.com

www.burmeseclassic.com



မိဘစကား နားမထောင်တဲ့ကောင်လို့ ခဏတဖြုတ် ကဲ့ရဲ့ခံရလည်း မင်းကို သိမ်းပိုက်ပြီးမှ ပြန်ရှင်းမယ်”

“ရှင် စကားပြောတာ လူပါးဝလှချေလား .. ကျွန်မကို ရှင့်လက်ခုပ်ထဲကရေလို့ ထင်နေတယ်ပေါ့၊ လူကို စိန်မခေါ်နဲ့သိလား”

“စိန်ခေါ်တာ မဟုတ်ဘူး .. မင်းကို ကိုယ် ဘာမှ ဖွတ်တရွတ် မဆန့်ချင်လို့ ကြိုသတိပေးတာ”

“ပြည့်စုံအောင် ပြောပါဦး၊ အဲဒါ မင်းအတွက် အပြစ်ဒဏ်လို့..”

မူလ ပြောလိုက်တော့ ခေတ် က ပခုံးတွန့် ပြီးမဲ့သည်။ မျက်နှာက လှောင်ပြောင်လိုတာမျိုး မဟုတ်ဘဲ မဲ့ထားသည့်နှုတ်ခမ်းများကြောင့် ခံပြင်းဖို့ကောင်း၏။

“တကယ်တော့ ငါ့စိတ်ကို ငါ့စကားတွေနဲ့ငါ ပိတ်လှောင်နေရတာ မူလ၊ အဲဒါ ပြစ်ဒဏ်ခတ်တာ မဟုတ်ဘူး .. ချစ်တာ၊ ဒေါသတွေ အချစ်တွေနဲ့ ငါ့ရင်ထဲမှာ ဘယ်လောက် လုံးထွေး မွန်းကျပ်နေပစေ မင်းကို ထွက်သွားခွင့်မပြုနိုင်တာ၊ ဒါနဲ့တောင် မင်း ရအောင်ထွက်သွားခဲ့သေးတယ်”

“ကဲ့ဲ့ဒေါသနဲ့ကိုယ် နေလိုက်ပါလား၊ ကျွန်မက ရှင့်ကို တဏှာရူးလိုသဘောထားပြီး သူများနဲ့ ထိုးသိပ်ထည့်ဖို့ ကြိုးစားခဲ့တာ”

“နည်းနည်းမှ မချစ်ခဲ့ဘူးလား”

မထင်မှတ်သည့်မေးခွန်းကြောင့် မူလ ကြောင်တောင်တောင်လေး ဖြစ်သွား၏။

“ဒေါက်တာ ခင်လေးညို နဲ့ ကိုယ် စကားပြောခဲ့တယ်”

ကိုယ့်မျက်နှာအရောင်အသွေးကို သူ မမြင်နိုင်မှန်းသိပေမယ့် ကယောင်ကတန်း မျက်နှာလွှဲပစ်မိသည်။ ဝန်ခံလိုက်သလို ဖြစ်သွားခဲ့သည်လား ..။

“ကိုယ် နားလည်တယ်၊ မင်း ကိုယ့်ကို နွယ်တညို နဲ့ သာယာသွား





ပြီးလို့ ထင်ခဲ့တာ၊ ဖောက်ပြန်ခဲ့တယ်လို့ထင်ပြီး မုန်းဖို့ကြိုးစားနေတာ”

“များနေပြီ သည်ခေတ်လူ .. ကျွန်မ ခေါင်းထဲမှာ ရှင် မရှိခဲ့တာ ကြာပြီ”

“ခဏနေပါဦး”

“မနေနိုင်ဘူး .. ရှင် ဖယ်”

သူ့ပခုံးတစ်ဖက်ကို တိုးတိုက်၍ မူလ ဖွတ်ထွက်သွားသည်။ ဝေ့ကျန်ခဲ့သည့် မူလ ရဲ့ဆံနွယ်တွေက ခေါင်းလျှော်ရည်နံ့ သင်းသင်းလေးကြောင့် ရင်ထဲမှာ ဖွေးသွားသည်။

“မူလ က ကိုခေတ်လူ ကို ကြောက်နေတာပါ၊ မချစ်တတ်တဲ့လူက ချစ်တတ်လာတဲ့အချိန်ကျမှ ဒီအချစ်ကြောင့် ဘဝပျက်ခဲ့ရတာ ရှင် စဉ်းစားကြည့်လေ ..၊

သူ့ရင်ထဲမှာ ဘာရှိတယ်ဆိုတာ ကာယကံရှင်မဟုတ်ဘဲ ကျွန်မ ထင်တာတွေ မပြောချင်ပါဘူး၊ ဒါပေမယ့် အဲဒီအဖြစ်တွေကြောင့် သူ စွန့်လွှတ် ကျောခိုင်းခဲ့တဲ့အရာတွေကို ကြည့်လိုက်ပါ၊ သူ့ရင်ထဲမှာ အမုန်းတွေချည်းရှိနေတာ မဟုတ်ဘူး .. ကြောက်နေတာ၊ သူ့အတွေးထဲက အချစ်ဆိုတာ တွင်းနက်နက်ထဲက ပြန်ကောက်စားရမယ့် သကြားလုံးလို ဖြစ်နေပြီပေါ့”

ညို က ဒီစကားတွေကိုပြောရင်း နွယ် နဲ့ ရင်ဆိုင်ခဲ့ရသည့်အဖြစ်တွေကိုလည်း ရှင်းပြသည်။

ဒိုင်ယာရီစာအုပ်တစ်အုပ်ကိုင်ထားပြီး တိုက်ဆိုင်ခဲ့သည့်အဖြစ်တွေ အပေါ်မှာ အခွင့်အရေးယူခဲ့သည်။

လင်မယား မသင့်မြတ်တာတွေကို အမြဲတမ်း [illegible]

ဖို့ အမျိုးမျိုးလုပ်ကြံရင်း ဂုံးချောစကားတွေ ပြောခဲ့တာက [illegible]

နောက်ဆုံးမှာ နွယ့် ကို ထွက်သွားစေချင် [illegible]

လွှတ်တာကိုတောင် နွယ့် ဘက်ကနေ သူ့ ရှုပ်တည်ပေး [illegible]



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသမျှ အကျိုးအကြောင်း အဆိုးအကောင်းတွေကို ဘာမှမပြော တော့ဘဲ ပါးစပ်ပိတ်နေခဲ့တာအထိ အေးဆေး ရှင်းပြခဲ့၏။

"အခု လူကြီးတွေက လေ့ကားတစ်ထစ်ခင်းလိုက်ပြီဆိုတော့ ရှင်ကြိုးစားဖို့ အခွင့်အရေးရှိသွားပါပြီ၊ ရှင်တို့အိမ်ထောင်ရေး အဆင်ပြေသွားမယ်ဆိုရင် ကျွန်မ အရမ်းဝမ်းသာမိမှာပဲ၊ ကလေးအတွက်လည်း ဘိုးဘွားမိဘနဲ့ သိုက်သိုက်ဝန်းဝန်း ဖြစ်သွားမယ်၊ မူလ ရဲ့ဘဝလည်း ပိုပြီး အဓိပ္ပာယ်ပြည့်ဝ လုံခြုံမယ်၊ ရှင့်ရင်ထဲမှာ အချစ်စစ်သာ တကယ်ရှိနေရင် အဆင်ပြေမှာပါ"တဲ့ ..။

သူ့အတွက် အချစ်က ချောက်ကမ်းပါးနံ့က်ထဲ လွင့်ကျသွားတဲ့ ပဝါတစ်စလိုလား ..။

❀ ❀ ❀





## အခန်း (၇၃)

"ဖေဖေ .."

"ဟင် .."

"ထတော့လေ .. မေမေ့ဆီ သွားရအောင်"

စောင်ကိုလာဆွဲလို့ ကြည့်လိုက်တော့ သားလေးက စပို့ရှပ် အနီကျားလေးနှင့် ခရင်မ်လိမ်းထားသည့် ဆံပင်လေးတွေက ပြောင်နေသည်။

"ဒါ မြေးလေးရဲ့ဖေဖေ"လို့ ပြောပြလိုက်တာနှင့် သားမျက်လုံးလေးတွေ အံ့ရောင်တောက်သွားကာ ...

"ဦးသည်ခေတ်လူ က ဦး လား .. ဦးက သားရဲ့ဖေဖေ ဟုတ်လား၊ ဒါဆို နိုင်ငံခြားက ပြန်လာတာပေါ့နော်" စသဖြင့် မေးခွန်းလေးတွေ ထွက်ကျလာတာ မပြီးဆုံးနိုင် ..။

မအေဖြစ်သူက 'သားဖေဖေက နိုင်ငံခြားမှာ'လို့ ပြောထားပုံရှိကာ ခေတ် ကို သူ့အဖေလို့ လက်ခံသွားသည်နှင့် "ဖေဖေလေးလည်း သားနဲ့ မေမေက လေဆိပ်မှာလာကြိုမယ့်ဟာကို မှန်းလည်း မထင်ဘူး" လို့ ပြောနေရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ ဘာကြည့်နေတာလဲ .. ထလေ"

"ဟင် .. ဟုတ်သားပဲ၊ ဖေဖေ ထပြီ"

ကိုယ့်စိတ်ကူးနဲ့ကိုယ် ပြုံးမိကာ အိပ်ရာထဲမှာ ငုတ်တုတ်ထိုင်လိုက်ရင်း သားကိုယ်လေးကို ဖွေ့ခနဲ ပွေ့ယူလိုက်၏။

"သား .. ဖေဖေ့ကို ချစ်လား"

"ချစ်တယ်"

"ဖေဖေကလည်း သားကို အရမ်းချစ်တယ်၊ မေမေ့ဆီပြန်သွားပြီး မေမေက ဖေဖေ့ဆီ ပြန်မလာရဘူးဆိုရင် မလာဘဲမနေနဲ့နော် .. ဖေဖေ့ကို ဖုန်းဆက်၊ လာခေါ်မယ်"

"ဖေဖေ"

"ပြော"

"ဖေဖေနဲ့မေမေက ဘာဖြစ်လို့ ဘူတုမနေတာလဲဟင်"

"ဖေ့မှာလေ .. သားရဲ့၊ သားရဲ့မေမေက ဖေဖေ့ကို နိုင်ငံခြားမှာ အကြာကြီးနေလို့ စိတ်ကောက်နေတာ"

"ဖေဖေက ချော့လိုက်ပေါ့"

"မရဘူး .. သားရဲ့မေမေက ... ကြီးတယ်"

"မကြီးပါဘူး .. မေမေက ... ကောင်းတယ်၊ သားရဲ့ဘကြီးချယ်ဆို မေမေက တအားခင်တာ၊ တီချယ်တို့က ပြောတယ်၊ လူလူ့ အမေက စကားပြောလို့ကောင်းတယ်၊ စိတ်ဓာတ်ပြည့်ဝတယ်တဲ့"

သားရဲ့ပါးလေးတစ်ဖက်ကို ငုံ့နမ်းရင်း တင်းနေအောင်ဖက်ထားမိသည်။ တကယ်ဆို ဒီအချိန် ဒီနေရာမျိုးမှာ မိသားစုသုံးယောက် ရယ်မောကြည်နူးနေရမယ့်အချိန် ..။

"သားရေ .. မြေး လာနိုးနေတာ မထသေးဘူးလား"

"လာပြီ မာမီ"

သားကို လက်တစ်ဖက်ဆွဲ ... လာတော့ မာမီက ပြုံးနေ





လျှက် ...

"မြေးလေးက သူ့အမေဆီရောက်မှ မနက်စာစားမှာတဲ့၊ မာမီ သွားပို့လိုက်ဦးမယ်"

"ဖေဖေနဲ့ သွားမှာလေ"

ဖအေ့လက်ကိုဆွဲထားသည့် မြေးလေးစကားကြောင့် နောက်မှာ ရောက်လာသည့် ဦးထွန်းမင်း က ...

"တော်တော်ချစ်ဖို့ကောင်းတဲ့ဖအေဆိုတော့ ချစ်နေရှာတာ"ဟု..၊

ကလေး နားမလည်လိုက်အောင် ခပ်ကြိတ်ကြိတ်ပြော၏။ ဒီထိ သာ လိုက်လာခဲ့ပေမယ့် ဦးထွန်းမင်း က ခေတ် ကို စကားဟဟ မပြောသေးပေ ..။

လင်မယားနှစ်ယောက် မြေးကို တစ်ယောက်တစ်လှည့် ချီပိုးလို့ မဝနိုင် ..။

"မြေးကို ခေါ်ခဲ့ .. ညကတည်းက ကလေး ဒီမှာအိပ်နေပြီဆိုတော့ မအေက စိတ်ဖြောင့်မှာမဟုတ်ဘူး"

ပြော၍ သူပဲ ကလေးကို လက်လေးလှမ်းဆွဲသည်။

"ဟုတ်တယ် သား .. မင်းနဲ့ မောင်ချစ်မင်း တို့ မွေးနေ့အတွက် စီစဉ်ရမှာမို့လား၊ နေရာတကာ သူများကိုပဲ ခိုင်းမနေပါနဲ့၊ သူတို့ခမျာ ဒါကို စိတ်မပါလို့တောင် ရှောင်ချထားတဲ့ဟာ၊ သွားလာလုပ်ကိုင်စရာတွေ ရှိကြမှာပေါ့ကွယ်"

"ဟာ .. အဲဒါကတော့ ရှိလို့မရဘူး မာမီ၊ ဟိုတယ်လ်ကို ကလေးက ဘာမှမသိခင် ကျွန်တော်ပဲ ကျော်ခွဦးစီးရဦးမှာ၊ အိမ်ခြံမြေရောင်းသလို ကက်ရှုဒေါင်းနဲ့ မပြီးဘူး"

"ကြီးကြီးကျယ်ကျယ်တွေ ပြောခွင့်ရအောင် သွားပြောမနေနဲ့၊ မြေးကို မအေဆီ သွားပို့လိုက်"

သူတို့ပြောနေတုန်း အဝင်တံခါးရှေ့မှာ ညို ရောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ .. ဟိုမှာ လိုက်လာပြီ"

ဦးထွန်းမင်း က ဖနီးကိုပြောသလိုလိုနှင့် ခေတ် ကို မှုန်ကုတ်ကုတ် လှမ်းကြည့်သည်။ ခေတ် မသိမသာ မျက်နှာလွှဲကာ ...

"သား .. ဖေဖေ့ဆီ ခဏလာဦး"

မကြည့်ဘဲ ခေါ်သည်။ ကလေးကလည်း ချက်ချင်းရောက်သွား လျှင် ဘေးမှာ ဒူးထောက်ထိုင်လိုက်ပြီး ကလေးနားနားမှာ ကပ်၍--

"မမေ့ကို ပြောပြလိုက် .. ဖေဖေက အရမ်းချစ်တယ်လို့"

"ဖေဖေ ပြောလေ .. ဖေဖေက သားနဲ့မလိုက်ဘူးလား"

တိုးတိုးပြောတာကို ကလေးက အကျယ်ချဲ့ပစ်လိုက်သဖြင့် ခေတ် ပြုံးစိစိ ဖြစ်သွား၏။ ဘာပြောလိုက်မှန်း ဦးထွန်းမင်း က ရိပ်မိသွား ပျော် ...

"ကလေးကို ဘာတွေပြောနေတာလဲကွ .. မိဘက ရှေ့က ဒီလို နေပြ ဒီလိုပြောပြ၊ ဘယ်လိုဆုံးမလို့မှ နားမထောင်ဘူး၊ ဒီတစ်ခါ အဖေ ကယ်ပါ၊ အမေ လာပါ မတ,နဲ့၊ ကိုယ်ဖြစ်ကိုယ်ခံ"

"ခံမှာပါ"

"ဘာကွ .."

"ခံမယ် ပြောတာလေ .. ဘာလို့ခံရမလဲပြောရင် ပြန်ပြောတယ် ဖြစ်ဦးမယ်"

**သားအဖနှစ်ယောက်** ဖုံးသမပါဘဲ ပစ်ခတ်နေကြသည့်စကား **တွေကြောင့် ဒေါ်ရွှေသဇင် ပြုံးနေမိသည်။** မိသားစုထဲမှာ ဒီလို အပြုံး အရယ်တွေ ပျောက်ဆုံးနေခဲ့တာ ကြာပါပြီ။

**ရှေ့ဆက်၍** ပျော်စရာတွေသာ ရရှိပြီး ကံဆိုးခြင်းတွေ ကုန်ပါစေ။

※ ※ ※





**အခန်း (၇၄)**

"ဟင် .. ရှင် ဘာလုပ်တာလဲ"

"ရေခဲသေတ္တာဖျက်နေတာဆို .. သား လာခေါ်လို့"

မှူလ မျက်လုံး သားဆီ ရောက်သွား၏။

"မေမေပဲ သွားပြောဆို .."

ကလေးရှေ့မှာမို့ မှူလ ဘာမှဆက်မပြောတော့ဘဲ သရက်သီး အခွံနွှာခြင်းကို ပြန်လုပ်၏။

"သားလေး လိုက်မသွားနဲ့လေ .. အလုပ်လုပ်ရမယ့်လူက ရှုပ်မှာ ပေါ့"

ညို က သားလက်လေးကို ဖြုတ်ယူ ဆွဲခေါ်ကာ ...

"မှူလ ငါတို့ ဘုန်းကြီးကျောင်း သွားလိုက်မယ်"

"သြော် .. နေပါဦး .. ညနေမှသွားလည်း ရတာပဲ"

"နင်ပဲ ခုနကတော့ ခုသွားလိုက်ပါဆို၊ ငါ အပြင်မထွက်ချင်လို့ ဆိုပြီးတော့ .."

ဒါက မှန်ပေမယ့် ညို တမင်လုပ်တာမှန်း သိလိုက်သဖြင့် မှူလ မျက်နှာတည်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ .. ဖေဖေ မပြန်သေးနဲ့နော်၊ သားနဲ့ ရေသွားကူးမယ်"

"မပြန်ဘူး .. သားကို လုံးဝစောင့်နေမှာ"

မူလ မျက်နှာကို ခိုးကြည့်လိုက်ပြီး ညို တစ်ဖက်လှည့်ရယ်မိသည်။ သားနဲ့ ညို တို့ ထွက်သွားသည်နှင့် မူလ သရက်သီးလှီးနေတာ မပြီးသေးဘဲ ချထားလိုက်သည်။

"ဟော့ .. ဘယ်ကိုလဲ၊ ဒီမှာ လာလုပ်ဦးလေ"

"ဘာလုပ်ရမှာလဲ .. ရှင် မလုပ်တတ်ရင် ထားခဲ့"

"ဟာ .. ဟော့ .. မင်း ဘယ်လိုလဲ၊ ကိုယ်က မလုပ်တတ်ဘဲနဲ့ လိုက်လာပါ့မလား၊ ဒီထဲကပစ္စည်းတွေ လာထုတ်ပေးမှပေါ့"

"အကုန်လုံး ကန်ချလိုက်လို့ ရတယ်၊ ကျွန်မ ရှင့်ကိုခေါ်ခိုင်းတာလည်း မဟုတ်ဘူး၊ ပြင်တတ်တဲ့ဆားဗစ်တစ်ဦး လွှတ်လိုက်ဖို့ ပြောခိုင်းတာ၊ ကလေးက နားမလည်လို့"

တစ်လှမ်းလှမ်းလိုက်တိုင်း တဟောဟောနှင့် လှမ်းတားနေသည်။ မူလ ကလည်း တားနေတဲ့ကြားက ဖွတ်ထွက်၏။

"ရှေးမူလ .."

ဘယ်လိုလှမ်းလိုက်မှန်းမသိ၊ ခေတ် မူလ ရှေ့ကို ချက်ချင်း ရောက်သွားသည်။ တံခါးကို ကိုမ်းခံနဲ့ ဆွဲပိတ်ပစ်လိုက်ပြီး ...

"တားလို့ရတဲ့နည်းနဲ့ တားလိုက်တာ .. ဆောရီး"

"ဘာဆောရီးလဲ .. ရှင် ဖယ်နော်၊ အဲဒီလို ရှုပ်ရှုပ်ယှက်ယှက်တွေ လာလုပ်မှာစိုးလို့ လုံးဝကို မပတ်သက်မိအောင် နေခဲ့တာ"

"ပတ်သက်မိရင်တော့ ရှုပ်ရှုပ်ယှက်ယှက်တွေ ဖြစ်လာမှာပဲဆိုတာ မင်း သိမှာပါ၊ ဒီမှာ မူလ .. မင်းနဲ့ကိုယ့်ကြားမှာ သားလေးရှိတယ်၊ အဲဒါကြောင့် မပတ်သက်ချင်လည်း မရဘူး၊ နောက်တစ်ချက်က ကိုယ်တို့ ကွာရှင်းခဲ့ကြတာ မဟုတ်ဘူး၊ မင်းရဲ့မွေးနေ့တိုင်း ချစ်ဇနီး ရှေးမူလ ထာဝရသစ္စာကြီးစွာ လက်တွဲမြဲတ်နိုးသွားမယ် ချစ်ခင်ပွန်း.သည်ခေတ်





လူ ဆိုတဲ့ မွေးနေ့ဆုတောင်း နှစ်စဉ် မပျက်မကွက် ကိုယ် လုပ်ခဲ့တယ်"

"ကျွန်မ ဘာမှ အသိအမှတ်မပြုဘူး"

"ပြုပြု မပြုပြု မင်းက ကိုယ့်ဇနီးအဖြစ် အမြဲတမ်းရှိနေခဲ့တာကို သိဖို့ပဲ၊ ဒါပေမယ့် အခု အပြစ်အားလုံးအတွက် 'ငါ့ကြောင့်'လို့ ခေါင်းခံပြီး မင်း ပြန်လည်ကြည်ဖြူလာတဲ့အထိ ကြိုးစားဖို့ ကိုယ်ဆုံးဖြတ်ထားခဲ့တာ"

"ရှင့်ဆုံးဖြတ်ချက်တွေ အလကားပဲဆိုတာ သေချာပြီးသား"

"ဒါက အချိန်က စကားပြောသွားမှာပါ"

"ရှင် အဲဒီလောက်သေချာနေရင် ကျွန်မဆန္ဒကိုပါ သေချာသိသွားအောင် နောက်တစ်ယောက်နဲ့ လက်ထပ်ပစ်လိုက်မယ်၊ မရှင်းတာ ဘာရှိသေးလဲ"

"ဟား .. အဲဒါကိုများ ကြောက်နေတယ်ထင်ရင် မင်း လုပ်ကြည့်လိုက်ပါ၊ ရည်းစားထားဖို့အတွက် နလုံးသားက ကြေးမများတတ်ပေမယ့် တကယ်ချစ်နိုင်ပြီဆိုရင် ဇီဇာကြောင်တတ်တယ်၊ မင်းက လူရှုပ်လို့ တစ်ချိန်လုံးထင်နေခဲ့ပေမယ့် အဲဒီကောင် ရင်ဘတ်ထဲမှာ မင်းမှမင်း"

မူလ ငိုချင်လာသဖြင့် တစ်ဖက်လှည့်ပစ်လိုက်ရသည်။ မင်းမှမင်း ဆိုတဲ့ယောကျ်ားတွေ ကြောက်စရာ ကောင်းလှချေလား ...။

နွယ် ကို လှတယ်ပြောပြီး ပွေ့ပိုက်ကျီစယ်နေသံတွေ ကိုယ့်နားနဲ့ ဆတ်ဆတ်ကြားခဲ့ရသည်။ သွားအတူ၊ လာအတူ ရယ်မောပျော်ရွှင်နေကြတာတွေရော ဒီက မမြင်ခဲ့လို့လား ...။ နွယ် တမင်လျှောက်ပြောတာလို့ ညို က မယုံဖို့ပြောပေမယ့် နားထဲမှာ ဒါပဲ စွဲနေသည်။

"သူက ဖောက်ပြန်သွားတာမျိုးကို မလိုချင်တာ"

"နင့်ဟာနင် စိတ်ပျက်ညည်းညူပြီး အော်ပြေးသွားတာပဲ ဖြစ်စေချင်တာလေ"



www.burmeseclassic.com

www.burmeseclassic.com



နွယ် ပြောတုန်းက သူမ ယုံသွားခဲ့တာ "သူပြောတာ ဟု ာ်ပါ့ မလား"လို့တောင် နှစ်ခါပြန်မတွေးမိခဲ့ပေ ..။

ဒါတွေကို ခုထိလည်း နားထဲ မျက်စိထဲမှာ စွဲနေတုန်းဖြစ်သည်။

"ရှင် ထွက်သွားပါ .. သွားပါတော့၊ ချစ်တာ မေတ္တာတွေ အကြောင်း ဘာမှမသိဘူး၊ မကြားရတဲ့အရပ်မှာပဲ ကျွန်မ နေချင်တယ်၊ နောက်ထပ် လာမနှောင့်ယှက်ပါနဲ့"

မူလ ငိုနေပြီမှန်း သိလိုက်ကာ ခေတ် မျက်နှာပျက်ကျသွားလျက် ဘာလုပ်ရမှန်းမသိသည့်လက်က ရှေ့ကို ဟန်ပြင်လာလိုက်၊ ဆံပင်တွေ ထဲ ရောက်လိုက် ..။

ပြီးတော့ လက်တွေကို ဘော ်းဘီအိတ်ထဲမှာပဲ သိမ်းဆည်းထိန်း ချုပ်ထားလိုက်ရကာ ...

"ဟုတ်ပြီ ကိုယ် မပြောတော့ဘူး၊ အဲဒီလိုတော့ ဖြစ်မသွားပါနဲ့"

ပြောရင်း နောက်ကိုပြန်ဆုတ်၍ စိုက်ကြည့်မိသည်။ ပြီးတော့ ရေခဲ သေတ္တာဆီ ပြန်လှည့်လာခဲ့ရင်း နှုတ်ခမ်းတွေ တင်းခနဲ စေ့သွား၏။

မြင်သာမြင်ရ မကြင်ရ ဆိုသည့် စကားဟောင်းကြီးက ခေတ်တွေ ဟောင်းသွားတိုင်းလည်း ခေတ်ဟောင်းထဲမှာ မကျန်ရစ်ပါလား ..။

'မြင်လည်းမြင်မယ်၊ ကြင်လည်းကြင်မယ်၊ မရဘူးဆိုတာ မရှိရ' ဆိုပြီး ဖြစ်စဉ်ဟောင်းတွေကို ကန့်လန့်တိုက်ပစ်ဖို့ကြိုးစားချင်ပေမယ့် မရ။

သူမရဲ့မျက်ရည်များနှင့် ခေါင်းခါခြင်းမှာ သူ ပြိုလဲခဲ့တာ အလဲလဲ အကွဲကွဲ ..။





## အခန်း (၇၅)

"ဟော .. သား"

ထမင်းစားပွဲကနေ အားရဝမ်းသာ လှမ်းခေါ်လိုက်ပြီးမှ မူလ မျက်နှာကို သတိရကာ ဒေါ်ရွှေသဇင် အသံတိတ်သွား၏။

"ဖေဖေ .. ဖေဖေ လာလေ၊ သားတို့နဲ့ အုန်းနို့ခေါက်ဆွဲ ဝင်စား"

"မြေး .. မြေး ဖြည်းဖြည်းဆင်းလေ၊ ဖေဖေက လက်ဖက်ရည် သောက်ပြီးပြီ မြေးရဲ့ .."

ခဏလေးပင်ငြိမ်သွားပြီး လူလူ က သူ့အရပ်လေးမီအောင် ခုဆင့် ပေးထားသည့်ခုံပေါ်ကနေ မရမက လျှောဆင်း၏။ ပြီးတော့ ...

"သား ဖေဖေနဲ့ တူတူစားချင်လို့"လို့ ပြော၍ ခေတ် ရပ်နေသည့် နေရာကို ပြေးသွား၏။

ဒေါ်ရွှေသဇင် က မူလနဲ့ ညို တို့ကို အားနာသွားသလိုကြည့်သည်။ မူလ က မျက်လွှာချနေပေမယ့် ညို က လှိုက်လှဲသည့်အပြုံးနှင့် ဦးထွန်းမင်း တို့ ဇနီးမောင်နှံကို ကြည့်ကာ ...

"စားခွင့်ကြုံလို့ ရောက်လာမှတော့ အတူတူပဲ စားကြတာပေါ့၊ ခုံတွေ အများကြီး ပိုနေသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြောနေရင်း ဇွန်းကိုပြန်ချကာ ခေတ် အတွက် ခေါက်ဆွဲတစ်ပွဲ သူမ ကိုယ်တိုင် ပြင်ပေး၏။

"ရပါတယ် သမီးရယ်၊ ဟို .. သမီး မူလ စိတ်အနှောင့်အယှက်ဖြစ်သွားမှာပဲ စိုးတာ"

"ရပါတယ် အမေ"

လူကြီးတွေကိုတော့ အားနာရသည်မို့ မူလ ခေါင်းညိတ်လိုက်ရသည်။ ဒီလူစုတွေနဲ့ ပြန်တွေ့ကြပြီဆိုကတည်းက ဒီတိုင်းဖြစ်လာမှာပဲဆိုတာ တွေးမိပြီးသား။

ဒေါ်ရွှေသဇင် တို့ကို ကိုယ့်မိဘတွေ အစားရသလို ခင်တွယ်ချင်သော်လည်း ...

"ကိုယ် ဝင်စားလို့ ရပါတယ်နော်"

"စားပါ"

မလိုအပ်ဘဲ တမင်မေးလိုက်တာကို စိတ်တိုသွားပေမယ့် လူကြီးတွေ ရှိနေသဖြင့် မူလ ကောင်းကောင်းမွန်မွန်ပဲ ပြန်ပြောလိုက်ရသည်။

ပြီးတော့ သို က ဒေါ်ရွှေသဇင် ဘေးကပ်လျက်မှာ ခေါက်ဆွဲပွဲကို ချပေးထားသည်။

သူက မူလ ဘေးကခုံမှာ ဝင်ထိုင်လိုက်ပြီး သားကို ကောက်ပွေ့ကာ ပေါင်ပေါ်တင်သည်။

ပြီးတော့မှ ခေါက်ဆွဲပန်းကန်ကို ဆွဲယူ၏။ အုန်းနို့ဟင်းရည်ပန်းကန်က စားပွဲအလယ်မှာရှိနေလျက် သို နဲ့ မူလ ရှေ့မှာ နီးနီးလေး..။

ခေတ် ကလည်း ဒီအတိုင်း စောင့်နေသည်။ သို ကလည်း ဟင်းရည်ထည့်ပေးဖို့ထိတော့ လက်က မရောက်ဘဲ မူလ ကို ကြည့်လိုက်၊ လူကြီးတွေဆီ မျက်လုံးရောက်လိုက် ..။

"မေမေက ဖေဖေ့ကို ဟင်းထည့်မပေးဘူးလား၊ ဒါဆို သား ထည့်ပေးမယ်"





"ဟဲ့ .."

"မလုပ်နဲ့ သား"

တာဝန်ကျတာက မူလ ပဲဖြစ်သွားကာ ငါးဖတ်တွေ၊ ဘဲဥတွေ စုံအောင်ထည့်ပေးရတဲ့အထိ။

"မာမီတို့က လမ်းလျှောက်ကြမလို့ မြေးကို လာခေါ်တာ သားရဲ့၊ အဲဒါ သမီးတို့က အုန်းနို့ခေါက်ဆွဲချက်နေကြတာနဲ့ ကြုံလို့ ဝင်စားနေတာ"

ပြောစရာမရှိတော့ ဖြစ်ပုံကို ဒေါ်ရွှေသဇင် က ရှင်းပြသည်။ အနေခက်နေတုန်းမို့ သို ကလည်း ဝင်၍ ...

"ကျွန်မက ပင်လယ်စာတွေ သိပ်မကြိုက်ဘူးလေ၊ မူလ လည်း အတူတူပဲ၊ အဲဒါကြောင့် ဒါလေးလုပ်စားဖို့ ပြေးလွှားစီစဉ်လိုက်တာ၊ ပြီးတာနဲ့ အန်တီတို့ကို လာပို့မလို့ ချိုင့်တောင် ဆေးပြီးနေပြီ"

"ဟုတ်လား .. အန်တီတို့ကလည်း သိပ်ကြိုက်တာ၊ အသက်ကြီးလာတော့ အများကြီးစားလို့လည်း မဖြစ်တော့ဘူးမို့လား၊ နည်းနည်းပါးပါးနဲ့ ဒုက္ခများတယ်ဆိုပြီး မစားဖြစ်တာ ကြာပြီ သမီးရဲ့.. အပြင်စာဝယ်စားတာလည်း ကိုထွန်း က မကြိုက်တော့ စားကိုမစားရပါဘူး"

သူ့နာမည် ပါလာပေမယ့် ဦးထွန်းမင်း က ဘာမှဝင်မပြောပါ။ အားလုံး စားပြီးကြတော့ ကလေးကို ခွံ့ကျွေးနေသည့် ခေတ် တို့ပဲ ကျန်နေသည်မို့ ...

"မင်း ရန်ကုန်ကို ဖုန်းဆက်သေးလား"

ဦးထွန်းမင်း က ရေနွေးထည့်သောက်ရင်း စကားစသည်။

"ဦးကောက် ဖုန်းဆက်တယ်၊ နှစ်ဆယ့်ရှစ်ရက်နေ့မှာ ချိတ်ပိတ်တင်ဒါတွေ ဖွင့်မယ်တဲ့"

"မင်းသွားရင် မီမလား"

"မီပါတယ် .. သားမွေးနေ့ပြီးမှပဲ .."



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေက သားကို မွေးနေ့လက်ဆောင် ဘာအရုပ် ဝယ်ပေးမှာလဲ ဟင် .."

"ပေးမှာပေါ့ .. သားက ဘာလိုချင်လို့လဲ"

ကော့နေသည့်မျက်တောင်ဖျားလေးတွေ ပင့်တက်နေအောင် မျက်နှာလေးပါ မော့၍ လူလူ က စဉ်းစားသည်။ ပြီးတော့ ခွံ့ကျွေးသည့် ခေါက်ဆွဲတစ်ဖွန်းကို ပါးစပ်ထဲမှာ ဝါးနေရင်း ...

"အဲဒါဆို သား စဉ်းစားလိုက်ဦးမယ်"

"အေးပါ၊ ကဲ .. သားဖေဖေ စားပါစေဦး၊ လာ .. အန်တီ့ဆီကို၊ သား အုန်းနို့ခေါက်ဆွဲတွေ သိပ်အများကြီး မစားရဘူးလေ"

ညို က စားပြီးနေပြီမို့ ကလေးခေါ်ပြီး နေရာက ထရပ်သည်။ ဦးထွန်းမင်း ကလည်း ထရပ်လိုက်ကာ ...

"မင်းတို့မြေးအဘွားပဲ လမ်းလျှောက်ကြတော့၊ ငါတော့ မိုက်ပြည့်သွားရင် ခဏ နားရမှ .."

တစ်ဆက်တည်း မူလ ကိုပါ နှုတ်ဆက်၍ ...

"မနက်ဖြန် အပြင်အဆင်တွေ စလိမ့်မယ်၊ သမီးစိတ်တိုင်းကျ နိုင်းလို့ရအောင် ဟိုဘက်ကို ကူးလာခဲ့ဦးနော်"

"ဟုတ်ကဲ့ ဖေကြီး"

"မြေးက အန်တီနဲ့ လိုက်သွားမှာလား"

ဒေါ်ရွှေသဇင် က ခုထိ ဖအေ့ပေါင်ပေါ်က မဆင်းဘဲ နေသည့် မြေးကို မေး၍ ညို့ ကိုလည်း သနားသလို ကြည့်သည်။

ကလေးကို ခေါ်ထုတ်သွားတာမျိုး .. လူကြီးတွေ ထထွက်ကုန်ကြတာမျိုးတွေ ခုချိန်မှာ မလုပ်စေချင်ပါ။ မူလ စိတ်ထဲမှာ အခြေအနေ တစ်ခုကို ဖန်တီးနေကြသည်လို့ မထင်စေချင် ..။

အားလုံးကတော့ စေတနာတွေ ထားကြတာ မှန်ပေမယ့် ...

"သားကတော့ လက်ဖက်ရည်သောက်ထားလို့ မဆာဘူးဆိုရင်





လည်း သွားနားရာရှိရင် သွားလေ .. မြေးကို .."

"ဟာ .. ဘွားဘွားကလည်း .. ဖေဖေ စားနေတာပါ၊ ဟုတ်တယ် မို့လား .. ဖေဖေ ဆာနေပါတယ်"

"စားမှာပေါ့ သားရဲ့ .. ဖေဖေက မိသားစု ချစ်ချစ်ခင်ခင် ကြည်ကြည်ဖြူဖြူပဲ ဝိုင်းဖွဲ့စားချင်တာ .."

ခုတော့ ဒီက မကြည်ဖြူတာကို မစားချင်ဘူးပေါ့ ..။

မူလ မျက်ခုံးလေး တွန့်သွားသည်။ မော့မကြည့်ပေမယ့် အဲဒီ မျက်နှာကို မြင်နေမိသဖြင့် စိတ်တွေ တိုလာ၏။ ကိုယ်တောင်မှ ကလေးရှေ့မှာ တော်ရုံဆို ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် ပြောဆိုခဲ့တာ မဟုတ် ..။

ကလေးကလည်း မိဘတွေရဲ့ပြဿနာကို မသိဘဲ သူ့အဖေ နိုင်ငံခြားက ပြန်လာပြီဆိုသည့်အသိလေးနှင့် ပျော်ရွှင်နေတာ ဖြစ်သည်။

ဒီလူ စကားပြောတာ မဆင်မခြင် ..။

"မေမေ .."

"ဟင် .."

"မေမေက စကားလည်း မပြောဘူး၊ ဖေဖေ့ကို မခေါ်ချင်လို့လား"

"သားကလည်း .."

ဒေါ်ရွှေသဇင် စကားတတ်သည့် မြေးလေးကို သဘောကျသွားပေမယ့် မူလ ကို အားနာကာ အကူအညီတောင်းသည့်အကြည့်တွေ ညို့ ရှိရာ ဝေ့၏။

သို့သော် ညို က မရှိတော့ပါ။

"မြေးကလည်းကွယ် .."

"လူလူ ရေ .. ငါတို့ စွန်လွှတ်ရအောင်"

အခက်တွေ့နေကြတုန်း အပြင်က ကလေးတွေ လာခေါ်သည့် အသံ ကြားလိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



"မြေးက ကစားဖော်တွေ အများကြီးပါလား၊ သူတို့က ညွှံသည်တွေ မဟုတ်ဘူးလား"

လူလူ့ ကို မေးတာပေမယ့် မူလ က ဝင်၍ ...

"'ချမ်းမြေ့'ဟိုတယ်လ်က ဝန်ထမ်းတွေရဲ့ကလေးတွေပါ အမေ။ ဟိုတစ်ခေါက် စရုံပေး စာချုပ်လာချုပ်တော့လည်း မူလ တို့ ဒီမှာ ဆယ်ရက်လောက် နေသွားတာလေ၊ အဲဒီကတည်းက ခင်နေကြတာ"

"ဟုတ်လား .. ဒါနဲ့ သမီး အဲဒီအခေါက်တုန်းက မောင်ချစ်မင်းနဲ့ မဆုံခဲ့ဘူးလား"

ချစ်မင်းဦး နဲ့ ဆုံခဲ့လျှင် ထိုစဉ်ကတည်းက သား သိမှာပေါ့ ..

မူလ ကလည်း ဒေါ်ရွှေသဇင် မေးလိုက်တာကို နားလည်သည်။

"မဆုံဘူး အမေ .."

"ဆုံစရာ အကြောင်းမရှိတာ သိလို့ စာချုပ်တာ မာမီရဲ့"

ခေတ် က ခပ်ချဉ်ချဉ်မျက်နှာနှင့် သားလက်မောင်းလေးကို ဖက်ထားရင်း မူလ ကို မျက်လုံးစွေကြည့်သည်။ ပြီးတော့ ...

"ချစ်မင်းဦး က ပြင်ဦးလွင်မှာလည်း ဟိုတယ်လ်တွေ ရှိတယ်လေ၊ အစတည်းကိုက ဒီမှာချည်းပဲ ထိုင်တာမဟုတ်ဘူး၊ မိန်းမရသွားတော့လည်း မနု နာမည်နဲ့ တန်းလုပ်လိုက်တာ၊ မနု က လုပ်တော့ လုပ်ကြည့်သေးတယ်၊ ဒါပေမယ့် ဟိုတယ်လ်လုပ်ငန်းကို ဝါသနာလည်း မပါဘူး၊ စိတ်လည်း မရှည်ဘူး၊ ရောင်းပစ်လိုက်ဖို့က သူ့ပဲ စီစဉ်တာ"

သေချာရှင်းပြပြီး မူလ ကို တည့်တည့်လှည့်ကြည့်ကာ ...

"မသို နာမည်နဲ့ စာချုပ်ထားတဲ့အထိ စေ့စပ်တာ၊ ဒါပေမယ့် ကျွန်တော်က ဥစ္စာရင်းမှန်တော့ .."

"ရှင် .. ဘာတွေ ပြောနေတာလဲ"

စိတ်တိုလွန်းသဖြင့် တစ်ခွန်းတော့ လှည့်အော်လိုက်မိသည်။





သားလေး မော့ကြည့်နေတာမြင်မှ မျက်နှာကို ပြေပြစ်အောင် ပြင်၍ ရှေ့ပြန်လှည့်ရ၏။

စားသောက်နေရတာလည်း ချိုသလား .. ငန်သလား မသိတော့ပေ ..၊ ပိုဆိုးသွားတာက ကလေးတွေ စွန်လွှတ်ဖို့ ခေါ်တာကို မလိုက်ဘဲ သားက ဖအေနဲ့ မအေကို တဖက်စီဆွဲထားပြီး ဂျီကျသည်။

"လာပါ မေမေကလည်း .. သား ဘွားဘွားနဲ့ လမ်းမလျှောက်တော့ဘူး၊ ဖေဖေရယ် .. မေမေရယ် .. သားနဲ့ စွန်လွှတ်မယ်လေ"

ဒါကိုတော့ မလိုက်လျောနိုင်တာမို့ မူလ ခေါင်းခါသည်။

"ဘာဖြစ်လို့လဲ မူလ .. သားရဲ့ အဖေနဲ့အမေ နေရာကနေ မင်းနဲ့ကိုယ် နုတ်ထွက်လို့ မရဘူးဆိုတာတော့ သတိထားမှပေါ့"

သားမျက်နှာလေး ငယ်သွားတော့ ဒေါ်ရွှေသဇင် စိတ်မကောင်းဖြစ်သွားပေမယ့် ဘာမှမပြောခဲ့ပါ။ ကိုယ့်မှာ အနိုင်အမာ ကတိပေးထားခဲ့တာမို့ ပြောခွင့်မရှိသည့် အဖြစ်မျိုး ..။

ခေတ် ကတော့ မူလ ဘေးကို ဖျတ်ခနဲ ကပ်လိုက်ပြီး ဖိအားပေးသည့်စကားတွေ ဆို၏။

မူလ မျက်နှာလေး တင်းသွားလျက် ...

"ရှင်လည်း အဲဒီလို ဖြစ်ချင်တာမို့လား .. နောက်တစ်ခါ တိုက်ဆိုင်တာတွေ မဖြစ်ရအောင် ဒီရေ့ကနေ ဖြတ်မလျှောက်မိအောင်နေပေး .."

သူ ကပ်ပြောသလို မူလ ကလည်း ကပ်ကြိမ်းလာတော့ ခေတ်မျက်နှာ မချိုမချဉ် ..၊ ကမ်းစပ်ကို ထွက်လာကြတော့လည်း သူနဲ့ ခုံးချင်း မယှဉ်မိအောင် သားနဲ့အမိ လိုက်လျှောက်ခဲ့သည်။ လူတွေ ရေကစားနေကြတာကို ဖြတ်ကျော်လာကြတုန်းက အကောင်း ..။

လူရှင်းသည့် သောင်ပြင်နုနုရောက်တော့ သူငယ်ချင်းတွေ လှမ်းခေါ်လိုက်သည်နှင့် လူလူ က ရစ်လုံးလေးကိုင်ပြီး ပြေးထွက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ဖအေနဲ့ မအေကို ပါအောင်ခေါ်ပြီး ဒီရောက်တော့ ဘာမှ သတိမရတော့ဘူး ထင်သည်။

မှူလ ရှေ့ကိုလည်း မမီ၊ နောက်ကလူ မီလာမှာလည်း စိုးကာ နီးစပ်ရာ ကျောက်တုံးလေးမှာပဲ ထိုင်ချပစ်လိုက်၏။

တစ်ယောက်စာ ထိုင်ရုံလေးနှင့် အောက်မှာ ရေတွေ စပ်စပ်ရှိနေကာ ခေတ် ဘယ်လိုမှ အနားရောက်လာဖို့ မရှိတော့ဘူးလို့ တွေးနေတုန်း—

"ငါတို့က အတွဲချောင်းမလို့ လာတာ၊ ဘယ်လိုဖြစ်လို့ အထီးကျန်ပန်းချီကားလေး ဖြစ်နေတာလဲ .."

"ဟင်!..."

မျက်နှာရှေ့ကို ဘွားခနဲ ရောက်လာသလို သူမအရွယ်လောက် လူရွယ်သုံးယောက်က မျက်နှာတွေ ပြုံးဖြီးဖြီးနှင့် ..၊

သုံးယောက်စလုံး စီးကရက်တွေ လက်ကြားညှပ်လျက် စောစောစီးစီး အရက်နံ့တွေပါ သူတို့ကိုယ်က ထွက်နေသေးသည်။

ခုကျမှ နောက်ကို ပြန်လှည့်ရှာတော့ ခေတ် ဘယ်မှာကျန်ခဲ့မှန်း မသိ ..။

"မဆိုးဘူးကွ .. ဆက်ဆီဒီဖိုင်းကတော့ မိုက်တယ်"

"ဆံပင်တွေနဲ့တင် တန်နေပြီ"

"ရှင်တို့ ဘာတွေလဲ .. မိန်းကလေးတစ်ယောက်ကို ကြည့်ပြီးတော့ .."

"ဟား .. အသံလေးကလည်း ကြိုးကြာလေးပဲကွ၊ လုပ်ပါ — ပြေပြေလည်လည်ပေါ့၊ ဘယ်မှာ တည်းတာလဲ၊ တစ်ခုခုအတွက် ညှိနေတာလား .."

"တောက် .."

ရှေ့မှာ ပိတ်ရပ်ထားကြသဖြင့် ရှက်လည်း ရှက်လာကာ တောက်ခေါက်မိ၏။





ကွေ့ရှောင်သွားဖို့ ပြင်တော့ တစ်ယောက်က ခြေတစ်လှမ်း ရွှေ့လိုက်ပြီး ပိတ်ပစ်၍ ...

"ခဏနေပါဦး .. ရုပ်ရှင်ထဲမှာ လူကြမ်းတွေလုပ်သလို သရုပ်ပျက်အောင် မလုပ်ဘူး၊ အေးအေး ပြောရုံပဲ"

"ဘာပြောဖို့မှ မရှိဘူး .. လူကို ဘယ်လိုအတန်းအစား မှတ်နေလဲ"

"အဲဒီလို မှတ်စရာလားကွာ .. ခင်ချင်လို့ မေးနေတာကို မိတ်ဆက်တဲ့သဘောပါ"

"မိတ်ဆက်ချင်ရင် ဒီဘက်လှည့်ကြည့်လိုက် .."

သုံးယောက်ရဲ့အောက်ကို ခေတ် ရောက်လာသည်။ သူတို့ လှည့်ကြည့်လိုက်တာနှင့် ခေတ် က မှူလ ကို မေးဆတ်ပြကာ ...

"သူ့နာမည်က ရွှေးမှူလ တဲ့၊ အခန်း (... ...)မှာ နေတယ်၊ ရန်ကုန်က .."

"ဩော် .. ဩော် .. မင်းက သိပြီးသားကိုး"

တစ်ယောက်က ခေတ် ကို လှောင်ပြောင်သည့်အကြည့်နှင့် မဲ့၍ မှူလ ဘက် ပြန်လှည့်ကာ ...

"ဘာဖြစ်လဲ .. ညီမ သူနဲ့ အဆင်ပြေနေလည်း ကိုယ်တို့နဲ့ ငြိလို့ရပါတယ်၊ ဘော်ဒါတွေပေါ့ မဟုတ်ဘူးလား"

"ဒါဆိုလည်း သူ့ကို ခွင့်မတောင်းနဲ့၊ အားလုံး ဒီဘက်လှည့်ကြည့်ပြော ..၊ ငါ ခွင့်ပြုမှ ဖြစ်မှာ"

"ဘာကွ .."

ဒီတစ်ခါ သူတို့မျက်နှာတွေ တင်းကုန်ကာ ...

"အရူးကွက် လာမနင်းနဲ့ .. ဒါမျိုးတွေ ရိုးနေပြီ"

"ဟုတ်မှာပေါ့ .. မင်းတို့ပုံစံတွေက ပျိုပျိုအိုအို [illegible] မရှိတာ၊ သူက ငါ့မိန်းမ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟား .."

"ကျွတ် .. ရပ်တည်ကြီးနဲ့ကွာ .."

သုံးယောက်စလုံး စီးကရက်တွေကို ပြိုင်တူ လွှဲပေါက်ပစ်လိုက်ကြကာ အတော်ကြီး တင်းနေသည့်မျက်နှာတွေ ဖြစ်ကုန်ကြလျှင် မူလ ဘယ်လိုမှ မနေနိုင်တော့ ..။

"ဟုတ်တယ် .. သူက ကျွန်မယောက်ျား၊ ရှင်တို့ ပြဿနာမရှာဘဲ လှည့်ပြန်သွားရင် ကောင်းမယ်"

"လုံးဝ မယုံဘူး"

"ဟုတ်တယ် .. မယုံလို့"

ဟု ပြောကာ အခြေအနေတွေက ဆိုးဝါးမည့်ဘက်ကို တိမ်းစောင်းလာခဲ့စဉ် ...

"ဖေဖေရေ .."

လူလူ က ခေါ်ရင်း ပြေးလာကာ ...

"ဖေဖေ လာပါဦး .. သားရဲ့စွန်ကို သူတို့ ဖြတ်မှာစိုးလို့၊ မေမေ ကလည်း လာကြည့်ပါဆို .."

ခေတ် နဲ့ မူလ ရဲ့လက်ကို တစ်ဖက်စီ ပြေးဆွဲ၏။ ကလေးက အခြေအနေကို မသိပေမယ့် သိသွားသည့် သုံးယောက်က တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြ၏။

ပြီးတော့ ထွက်သွားကြတာ ပေစောင်းစောင်း ရှုတည်တည်တွေ..။ မူလ ဒီတစ်ခါ တစ်ယောက်တည်း မနေရဲတော့ဘဲ သားအဖ စွန်လွှတ်နေသည့်ဘေးမှာပဲ ဟိုမတ်တတ် ဒီမတ်တတ် ဖြစ်နေခဲ့၏။

"ဟား .. ဟား .. ပြတ်ကျသွားပြီ"

"လူလူ နော် .. မင်းက မင်းအဖေနဲ့ ငါတို့ကို ဖဲ့တာ"

"ဘာဖြစ်လဲ .. မင်းတို့က ငါ့ထက် အသက်ပိုကြီးတယ်လေ၊ ဖေဖေ့ကို ငါခေါ်တာ ဘာဖြစ်လဲ"





သားကို ငုံ့ကြည့်ကာ ခေတ် က ရယ်သည်။ ပြီးတော့ ခေါင်းလေးကို ပွတ်၍ နားနားကပ်လိုက်ရင်း ...

"ဟုတ်တယ် .. သားကိုယ်တိုင် နိုင်အောင် လုပ်ရတယ်၊ အပြော မခံနဲ့ ကြိုးစား .."

သားရဲ့ဘေးကနေ သူ မကိုင်တော့ဘဲ ဘယ့်လိုရစ် .. ဘယ်လိုဆွဲ .. ဒီလိုရှောင် စသဖြင့် သင်ပေးနေသည့် မြင်ကွင်းကို မူလ ငေးနေခဲ့မိ၏။

ရင်ထဲမှာ ပျော်သလိုလို ကြေနပ်သလိုလို ..၊

သူ ဒေါသကြီးခဲ့တာတွေ .. ဟိုတစ်ယောက်နဲ့ ဖောက်ပြန်နေတာတွေ .. ပြီးတော့ ကိုယ် စွန့်လွှတ် အနစ်နာခံခဲ့ရသမျှ အားလုံးကို လုံးဝ မေ့လိုက်နိုင်ရင်တော့ ဒီအခြေအနေလေးကို သူမ ထာဝရ လိုချင်မိမှာ အမှန်ပင် ..။

ခုတော့ ခေတ် ရဲ့မျက်နှာချောချောကို ငေးမိ၍ ချောပါလားလို့ တွေးမိလိုက်တိုင်း နောက်ဆက်တွဲ ပါလာသည့် ရင်နာစရာတွေက ရင်နဲ့မဆံ့ ..။

"ငါ့ရဲ့ဂုဏ်သိက္ခာကို ရိုက်ချိုးပစ်တဲ့ မိန်းမ"

"ချစ်လွန်းလို့ မထင်နဲ့ .. အဲဒီ ပြစ်ဒဏ် .."

"လုံးဝ ကွာမပေးနိုင်ဘူး .. ငါ့လိုပဲ မင်း ပြန်ခံစားရမှ ကိုယ်ချင်းစာတတ်မှာ .."

ဗိုက်ထဲမှာ သားလေးကို လွယ်ထားရပြီဆိုမှ ဆုံးရှုံးခံရတဲ့ နူးညံ့မှုတွေဟာ ပိန်းပိတ်မှောင်အောင် ပိတ်ဆို့နေတဲ့ မီးခိုးတွေ ပျောက်ကွယ်သွားပေမယ့် မီးတောက်မီးလျှံတွေ အင်တိုက်အားတိုက် တောက်လောင်လာတာမျိုး ..၊

အေးချမ်းခဲ့ရတာ ဘာရှိလို့လဲ ..၊ ဆုံးရှုံးခဲ့ရတာလည်း အဆတန်၊ ထပ်ရလိုက်တာလည်း တနင့်တပိုး ..။



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်း မျက်ရည်ဝေ့လာရင်း ငုံ့ပစ်လိုက်မိ၏။

"ဖေဖေ့ .. သား ပြေးပြီ"

သားလေးရဲ့အသံရူးရူးလေးကြားမှ ပြန်မော့ကြည့်လိုက်တော့ ခေတ် က သူ့ဆီ လျှောက်လာနေကာ သားက ကလေးချင်း အပြေးပြိုင်ကြသလား .. ဘာလုပ်မှန်းမသိဘဲ ကမ်းစပ်မှာ ဝရုန်းသုန်းကား ပြေးလို့ ...။

"ကလေးကို ဘာဖြစ်လို့ ပြေးခိုင်းလိုက်တာလဲ .. ခုနကမှ စားသောက်ထားတာ"

"ခုနက မဟုတ်ပါဘူး .. ကြာပါပြီ၊ ကလေးပဲ ဆော့ပစေပေါ့"

မှူလ လှည့်ထွက်လာတော့ သားရဲ့နောက်ကို အတူတူ လျှောက်လိုက်လာသလို ရှိခဲ့ရင်း ...

"သားလေးက အဆော့သန်တယ်၊ ညီအစ်ကို မောင်နှမ နှစ်ယောက် သုံးယောက်လောက် ရှိမှ .."

"ခေတ် .. ရှင် တခြားစကား မပြောတတ်ဘူးလား"

"ပြောမှမပြောချင်တာ .. မင်းပဲ ခုနက ကိုယ့်ကို မင်းယောကျ်ားလို့ အတည်ပြုလိုက်ရတယ်လေ .. လုံခြုံနွေးထွေးတဲ့ မိသားစုဘဝဆိုတာ အဲဒါ .."

"မလုံခြုံပေမယ့် ကျွန်မတစ်ယောက်တည်းပဲ ရပ်တည်လာခဲ့တာ နှစ်နှစ်ကျော် သုံးနှစ်"

"ကိုယ့်ကို ပြန်လက်ခံဖို့ မင်း စဉ်းစားပေးပါလား မှူလ၊ တခြားပူတာအေးတာ အကြောင်းပြချက်တွေ မပါဘဲ ပြန်ပေါင်းကြဖို့အတွက်ပဲ .."

"သားနဲ့ ကျွန်မဘဝကလွဲရင် ဘာအတွက်မှ ကျွန်မ ခေါင်းထဲ မထည့်ဘူး"

"ကိုယ်ကလည်း မင်း ကိုယ့်နားမှာ မရှိတော့တဲ့အချိန်ကစပြီး





ကိုယ့်ခေါင်းထဲမှာ မင်းကလွဲပြီး ဘာမှမရှိဘူး၊ အခု သားလေး ပါလာပြီ၊ မင်းတို့သားအမိကို .."

"တော်ပါတော့ .. လင်မယား အိမ်ထောင်ဆိုတဲ့ ဘောင်တွေထဲမှာ ဒီတစ်ခါ ထပ်ပိတ်ခံရရင် ကျွန်မ ရူးသွားလိမ့်မယ်၊ ကိုယ့်စိတ်ကိုတောင် ချုပ်ကိုင်လို့ မရခဲ့တာ .. ဘယ်သူ့ကိုမှလည်း မယုံကြည်တော့ဘူး၊ အစိကက ရှင့်လိုလူပဲ"

ကမ်းစပ်ရဲ့ နံနက်ခင်းမှာ ကော်ဖီရောင်ဘောင်းဘီနှင့် သခွားရောင် ရှပ်အင်္ကျီလက်ရှည် ဝတ်ထားသော ရှင်းသန့်နေသည့် ခေတ် ရဲ့မျက်နှာကို အထင်အမြင်သေးသလို ခြေဖျားခေါင်းဖျား ဝေ့ကြည့်ပြီးမှ ...

"ကျွန်မလို မိန်းမကို ရှင် မေ့လိုက်ပါ၊ ရှင့်ပုံစံနဲ့ ခုခေတ် မိန်းမလှလေးတွေကို အကြည့်တစ်ချက်နဲ့တင် ဖြားယောင်းလို့ ရတယ်၊ အရင်တုန်းကလို မာနမျိုးတွေ ရှင် ထားလို့ရတာပဲ"

"ဘာ မာနလဲ .. မင်းနဲ့ ပတ်သက်ခဲ့သမျှ ကိုယ့်ဘက်မှာ မာနထားခဲ့တာ ဘာမှ မရှိဘူး"

"အို .. ဘာလုပ်တာလဲ"

လူတွေ စည်ကားနေတဲ့နားနဲ့ နီးလာတော့ ခေတ် က မှူလ လက်ကို ဆွဲထားလိုက်ပြီး ...

"ကိုယ်တို့ ပြောလို့ မပြီးသေးဘူး"

"ဟင့်အင်း .. ဖယ် .. ရှင့်စကားတွေကို ဘယ်တော့မှ နားမထောင်ဘူးလို့ ဆုံးဖြတ်ပြီးသား"

"ခဏပဲ"

မှူလ အတင်းပြန်ရုန်းပေမယ့် မရ၊ ခေတ် က လိုချင်တဲ့နေရာထိ ဆွဲခေါ်သွားခဲ့ပြီး ...

"မင်းကြောင့် .. ကိုယ် မချင့်မရဲဖြစ်ရတာတွေ၊ နာကျင်ခဲ့ရတာ



www.burmeseclassic.com

www.burmeseclassic.com



တွေ .. အဲဒါတွေကြောင့် ဖြစ်လာခဲ့ရင် ဒေါသပဲ၊ မာန မဟုတ်ဘူး"

"ရှင် လက်ကို လွှတ်နော် .. ဒါထက်လွန်လာရင် .. ကျွန်မ .."

"ဘာလုပ်မှာလဲ .. ရိုက်မှာလား၊ လုပ်လေ .."

"အို!..."

ပခုံးလေး နှစ်ဖက်ကို အတင်းအကျပ် ဖိကိုင်ပြီး မျက်နှာ တိုးပေးလိုက်တော့ မူလ ပြန်တွန်းထားမိကာ ချက်ချင်း ပြည့်ဝိုင်းလာတာ မျက်ရည်တွေ ဖြစ်၏။

"ရှင့်ကို .. ရှင့်ကို .. ကျွန်မ ဘယ်တော့မှ .."

"တော်တော့ .."

တိုးတိတ်သည့်အသံက လိုက်ခါနေသည်။ ပြီးတော့ မျက်ရည်တွေကို စိုက်ကြည့်ရင်း သူ့လက်တွေ ပြေကျသွားခဲ့၏။ ဒါပေမယ့် လက်ဖဝါးလေးကိုတော့ ဖိဆုပ်ထားမိကာ ...

"ဘယ်တော့မှ မချစ်ဘူးဆိုတဲ့စကားကို ပြောဖို့ အပင်ပန်းခံပြီး အားယူမနေပါနဲ့ .. မင်းရင်ထဲမှာ ကိုယ့်အတွက် အချစ်တွေ ရှိတယ်၊ မင်း ပေးချင်မယ့်တစ်နေ့ထိ ကိုယ်က သည်းခံဦးမှာပါ၊ ဟိုအရင်တုန်းကအတိုင်း မင်းချစ်တဲ့ယောက်ျား မဖြစ်ရသေးရင်တောင် မင်းရဲ့မောင် ပြန်ဖြစ်ချင်တယ်"

"ဟင့်အင်း .. မလုပ်နဲ့"

လက်ဖဝါးကို ဖျစ်ဆုပ်ထားရင်း လက်ခုံနုနုကို နှုတ်ခမ်းနဲ့ ဖိကပ်နမ်းလိုက်လျှင် မူလ ခေါင်းခါ၍ အတင်းပြန်ရုန်းသည်။

အချစ်ကို ကြောက်ရွံ့နေပါပြီဆိုမှ ရင်ခုန်သံတွေက မုန်းတီးစရာကောင်းလှသည်။

ဒီလူဟာ ကိုယ်ရဲ့ခင်ပွန်း ဖြစ်ခဲ့ဖူးသူ မဟုတ်ဘဲ ခုမှ အတင်းအကျပ် အဖြေတောင်းခံနေရသည့် ရှက်ရွံ့မှုမျိုး ...၊

သူ့ကို မုန်းတယ်ဆိုပြီး မေ့နိုင်ဖို့ ကြိုးစားခဲ့သည်။





ကြောက်ပါပြီ ဆိုပြီးတော့လည်း လှည့်မကြည့်စတမ်း ပြေးထွက်လာခဲ့တာ အားလုံးက နေသားတကျ ဖြစ်ခဲ့ပြီထင်၏။

ခု ဘယ်လိုလုပ်မလဲ ...။

"သားကို ရှင် ခေါ်ပါ .. အချိန်အကန့်အသတ်မရှိ ကလေးက ပျော်တယ်ဆိုရင် ကျွန်မ မကန့်ကွက်ဘူး၊ ကျွန်မကို နောက်ထပ် မနှောင့်ယှက်ပါနဲ့"

လက်ကို ဆောင့်ခါရုန်း၍ ဖျတ်ခနဲ လှည့်ထွက်ခဲ့သည်။ ခေတ်က နောက်ကနေ တစ်လှမ်းချင်း လျှောက်လိုက်လာ၏။

သူမသည် ကိုယ့်အခန်းကို တန်းရောက်လာခဲ့ပြီး ခေတ် က ကလေးတွေ ဆော့နေတဲ့ဘက်ဆီ ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇၆)

"စိတ်နည်းနည်း လျှော့လိုက်ပါ သမီးရယ် .. သူ့အဖေနဲ့ ပါသွားတာဆိုတော့ .."

"ဟုတ်ပါတယ် အမေ .. မူလ စိတ်ပူတာက ကလေးက အရမ်းငယ်သေးတယ်၊ နေ့ချင်းပြန် ဒီလောက် ခရီးဝေးကြီးကို သွားဖူးတာလည်း မဟုတ်ဘူး၊ မွေးနေ့နီးနေကာမှ ကျန်းမာရေး ထိခိုက်မှာ စိုးလို့ပါ .."

ဘွားအေဖြစ်သူခမျာလည်း ပူပင်ရတာက တစ်စိတ်၊ ချွေးမကိုလည်း ဖြေသိမ့်နေရသေးသည်။ ညို ကပဲ ဘေးကနေ မူလ ကို ကိုယ်အမူအရာ၊ နှုတ်အမူအရာတွေနှင့် သတိပေးနေရကာ ...

"တော်ရုံပဲ ပူပါလား မူလ ရယ် .. အန်တီ့ကို အားနာဖို့ ကောင်းပါတယ်၊ နင်လည်း နင့်သားပဲ .. သူ့ဘက်မှာလည်း တစ်ဦးတည်းသော မြေးလေးပါဟယ် .. ဖအေနဲ့ပါသွားတာ ဘာဖြစ်စရာ ရှိလို့လဲ၊ ဖြစ်ရင်တောင်မှ ပတ်ပတ်လည် မိဘဘိုးဘွားတွေနဲ့ -- နင် တစ်ယောက်တည်းမှ မဟုတ်တာ"

"လာပြန်ပြီ ညို ရယ် .. အမေ့ကိုလည်း ခုပဲ အဲဒီလို မဟုတ်ပါဘူးလို့ ရှင်းပြလိုက်ပြီးပြီ၊ သားလေး ခရီးပန်းပြီး ဖျားမှာစိုးလို့ပါ"





"ဖျားတော့လည်း နင်ရော ငါရော ဆရာဝန်တွေလေ .. သားလေး ဘာမှ အကြီးအကျယ်ဖြစ်ဖို့ မရှိဘူး၊ နောက်ပြီး သားက သူ့အဖေကို စတွေ့ကတည်းက ဖအေမှ ဖအေ၊ နင့်ကိုတောင် မေ့နေပြီလား မသိဘူး"

"ဟုတ်တယ်"

လို့ ပြောလိုက်သည့် မူလ အသံလေးက သနားစရာလေး ဖြစ်နေကာ ခံမှာထိုင်လိုက်တော့ အားအင်ပြတ်လပ်ပြီး ခွေကျသွားတဲ့ အတိုင်း ..။

"သူ့အဖေကတောင် ဒီလောက် မဟုတ်ဘူး၊ သားလေးက ဖအေကို ချစ်လိုက်တာ"

"သူ့အဖေက ဒီလောက်မဟုတ်ဘူးဆိုတာ နင်က ဘာကို ကြည့်ပြီး ပြောတာလဲ၊ မနု တို့ကတောင် ပြောတယ် .. ကိုခေတ် စီးပွားရေး မလုပ်တော့ဘဲ ကလေးထိန်းအင်တာဗျူး ဖြေတော့မယ် ထင်တယ်တဲ့၊ ကလေးနဲ့ပဲ အချိန်ပြည့် ရှိနေတာတဲ့၊ အရမ်း အဖော်မင်တဲ့ကလေးက သူ့အဖေနဲ့ကျမှ သူငယ်ချင်းတွေကိုလည်း သိပ်ဂရုမစိုက်တော့ဘူးတဲ့၊ သူ့သားလေးကို မချစ်ဘဲ နေပါ့မလား မူလ ရယ် .. ဟိုတုန်းကလည်း ကလေးလိုချင်တယ်လို့ သူပဲ စဖြစ်ခဲ့တာမို့လား၊ သူ့ကိုငဲ့ပြီး လိုက်လျောခဲ့တာကမှ ဝတ္တရားဆန်တယ်လို့ အပြစ်တင်လို့ ရသေးတယ်၊ ကိုယ့်ကိုယ်ကိုယ်လည်း ပြန်ကြည့်ပါဦး"

"ဒါပေမယ့် သူပဲ ပြောခဲ့တာ ညို ရဲ့ .. ချစ်လို့ လက်ထပ်ကြတဲ့ လူတိုင်း မျိုးဆက်ပြန့်ပွားရေးအတွက် တာဝန်ထမ်းဆောင်ကြတာ မဟုတ်ဘူးတဲ့၊ ငါ့ကိုချစ်လို့ ကလေးကို ချစ်တာတဲ့"

"ဒါ သူ မှန်တယ်လေ .. မိန်းမကိုမက်ပြီး ကလေးနဲ့ အညှာကိုင်ချင်တာနဲ့ နှုကလီးယားတွေ လွှတ်နေတဲ့ယောကျ်ားတွေ အများကြီးပဲ၊ ငါ့အစ်မဝမ်းကွဲတစ်ယောက်ဆိုရင် သူ့ခမျာ သက်တမ်းလည်း တို



www.burmeseclassic.com

www.burmeseclassic.com



ရှာပါတယ်၊ အိမ်ထောင်ကျတာလည်း စောတော့ သူ မဆုံးခင် ကလေးနှစ်ယောက် ရခဲ့တယ်၊ ယောက်ျားက ကန်ထရိုက်တာဆိုတော့ ရေလျှံတယ်ဟ၊ သူတို့လင်မယား ဟိုအကြောင်း ဒီအကြောင်းနဲ့ ခဏခဏ စကားများပြီး မသက် က အမေ့အိမ် ခဏခဏပဲ ဆင်းသွားတတ်တယ်၊ ကိုမြင့်ဇော် က လိုက်သွားတိုင်း ‘မင်း ပြန်မလာလည်း နေ၊ ငါ့သားနဲ့သမီးကို ငါ မခွဲနိုင်ဘူး’ဆိုပြီး ကလေးတွေကိုပဲ ပြန်ခေါ်သွားတာ”

“အဲဒါနဲ့ မအေက ပြန်လိုက်သွားရောလား”

“အေးပေါ့ .. သူက အညာကိုင်ထားတာကိုး”

“အညာကိုင်ခံရတယ်လို့ ခေါင်းစဉ်တပ်ပြီး ပြန်လိုက်သွားတဲ့ လူကရော အတူတူပဲ မဟုတ်ဘူးလား၊ သူ အညာကိုင်မှန်း သိရင် နေပစေပေါ့”

မှုလ က ပြောလိုက်မှ ညို ကြောင်တောင်တောင် ဖြစ်သွားကာ...

“အေးပါ .. မသက် ကလည်း ဟုတ်ချင် ဟုတ်နေမှာပေါ့၊ ဒါပေမယ့် ငါ ပြောချင်တာက မသက် မဟုတ်ဘူး၊ ကလေးတွေကို မခွဲနိုင်ပါဘူး .. ငါ့သားသမီးတွေက ငါ့ဘဝပါ ဘာညာနဲ့ ကလေးနောက်မိန်းမပါလာမှာမှန်း သိပြီး အညာကိုင်တတ်တဲ့ယောက်ျားမျိုးကိုပဲ ပြောတာ၊ အခု မသက် လည်း ဆုံးသွားရော ကလေးနှစ်ယောက်ကို ယောက္ခမအိမ် တစ်ယောက်၊ သူ့အမေနဲ့တစ်ယောက် ပေးထားပြီး နောက်မိန်းမ ယူသွားလိုက်တာ ကော့လို့၊ နောက်မိန်းမနဲ့ ထပ်ရလာတဲ့ ကလေးတွေကိုလည်း ငါ့ဘဝပါ .. ငါ့အသက်ပါနဲ့ ဖြစ်နေပြန်ပြီ၊ မသက် က မွေးခဲ့တဲ့ကလေးတွေ သူ့အိမ်ကို သိပ်မလာပါစေနဲ့တဲ့၊ သူ့မိန်းမ ငြိုငြင်မှာ စိုးလို့တဲ့၊ ကဲ ..”

“ဒါကတော့ ဖအေဆိုတာ ..”

“အေး .. သူများကျတော့ ဒါမျိုးတွေ ရှိကြတာပဲလို့ နင် ပြောပြီး





မညာတတ်တဲ့လူကျမှ ဘာဖြစ်လို့ လက်မခံနိုင် ဖြစ်နေတာလဲ၊ ခေတ်က နင့်ကို ချစ်တယ်ဆိုတာ ဘေးက အကဲခတ်ရတဲ့အတိုင်း ပြောရရင် ယုံကြည်ထိုက်တယ်လို့ ငါ ထင်တယ်၊ နင့်လိုပဲ သူလည်း နင့်အပေါ်မှာ နာကြည်းခဲ့ဖူးတယ်လေ၊ ဒါတောင် သူ ကြေကွဲနေရတာက သပ်သပ်၊ နင့်ကိုပဲ မရမက ရှာဖွေနေခဲ့တာမို့လား .. တကယ်တမ်း ပြောရရင် နွယ် စကားတွေထဲမှာ ယုံကြည်စရာ ဆယ်ချက်တစ်ချက် မပါမှန်း သိရက်နဲ့ နွယ် ပြောတိုင်း နင် သူ့ကို အထင်လွဲခဲ့တာ၊ နင်လုပ်လို့ သူ သိက္ခာကျခဲ့ရတာနဲ့စာရင် သူ တုံ့ပြန်ခဲ့တယ်ဆိုတာ ဘာမှ မဟုတ်သေးဘူး မှုလ ..၊ နွယ် က သေကြောင်းကြံတာလည်း သူနဲ့ ဘာမှ မဆိုင်ဘူးဆိုတာ အားလုံး ရှင်းခဲ့ပြီးပြီ”

“ဒီတိုင်းပဲ နေစမ်းပါ ညို ရယ် .. သားကို စိတ်ပူတယ် ပြောမိတာနဲ့ ဖြစ်စဉ်အားလုံးကို ပြန်လှန်မနေပါနဲ့၊ ပြောနေရင်း ငါ သူ့ကို ပြန်ပေါင်းသင့်တယ်ဆိုတဲ့အပိုင်း ပါလာတော့မယ်၊ အားလုံး ဒီအသံတွေပဲ ထွက်နေကြတာ ငါ အရမ်းကို စိတ်ညစ်နေပြီ သိလား”

မှုလ ဆံပင်တွေကို ရှေ့ဆွဲယူရင်း ကျစ်ဆံမြီးကျစ်မလို့ ပြင်ပြီးမှ မဖြစ်မြောက်ဘဲ နောက်မှာပဲ တစ်ပတ်လျှိုထုံးထားလိုက်၏။ ပြီးမှ...

“သူနဲ့ ပြန်ပေါင်းဖို့ မပြောနဲ့ .. သူတို့အားလုံး ငါ့နားနီးနီးလေးမှာ ရောက်လာကြတာနဲ့တောင် ဟိုတုန်းက ပူလောင်မှုတွေထဲ ပြန်ရောက်သွားသလိုပဲ၊ ငါ့ရင်ထဲမှာ မအေးချမ်းတော့ဘူး”

“နင် ကြောက်နေတာပါ မှုလ ရယ် .. နင် နောက်လူတစ်ယောက်ကို ချစ်မိရင်လည်း သားလေးက ပထွေးနဲ့နေရမှာ၊ ခေတ်က နောက်တစ်ယောက်ကို ယူသွားရင်လည်း သားလေး တစ်သက်လုံး အဖေခေါ်ခွင့် မရှိအောင် ဖြစ်သွားမှာပဲ၊ ခေတ် က အရည်အချင်း ရှိတယ်၊ အရမ်း ချမ်းသာတယ်၊ နင့်ကိုလည်း ချစ်နေတဲ့ ယောက်ျား ဘာလိုသေးလို့လဲဟင် .. နင်တို့ ငယ်ငယ်လေးတွေပဲ ရှိသေးတာ၊



www.burmeseclassic.com

www.burmeseclassic.com



ခုမှ ရည်းစားထားကြမှာလည်း မဟုတ်ပါဘူး မူလ ရယ် .. ကိုယ် လင်မယား ပြန်ပေါင်းကြတာ ဘယ်လောက် မင်္ဂလာရှိသလဲ”

“တော်ပါပြီ .. အဲဒါတွေ မပြောပါနဲ့တော့”

“ဟုတ်ပါတယ် မရှေး ရယ် ..”

ရောက်လာပြန်ပြီ နောက်ထပ် တစ်ယောက်၊ ချစ်မင်းဦး ရဲ့ဇနီး နုနုသစ် ဖြစ်သည်။ သူမ ဝင်လာပြီး နံရံကပ်မီးလုံးလေးတွေကိုပါ လျှောက်ဖွင့်လိုက်ပြီးမှ မူလ ရှေ့မှာ ဝင်ထိုင်သည်။

“ကျွန်မတို့တောင် ကိုခေတ် နဲ့ ခဏတဖြုတ်လောက်ပဲ စကား ပြောဖြစ်ကြတာ၊ ဒါပေမယ့် တစ်ခါကနှစ်ခါ ပြောမိလာတော့ သူ့ကို အံ့သြလာတယ်၊ အလုပ်တွေ ရှုပ်နေတဲ့ကြားက မရှေး ရဲ့သတင်းကို ကြားတာနဲ့ ချက်ချင်း ထလိုက်တယ်၊ မရှေး နဲ့ပတ်သက်လာရင် ဖုန်းဆက် သတင်းပေးလိုက်တာနဲ့ ချက်ချင်း ရောက်အောင်လာတယ်၊ ခေါင်းငိုက်စိုက်ကျ ပြန်သွားပေမယ့် စိတ်ပျက်ကြောင်း တစ်ခါမှမပြောဘူး၊ သူ့ရုပ်ရည် အရည်အချင်းနဲ့ဆို မိန်းမချောလေးတွေ ဝိုင်းဝိုင်းလည်အောင် ပျော်နေလို့ ရပါတယ်၊ လူလူ နဲ့ သားအဖနှစ်ယောက် ရယ်မောနေကြတော့ ကိုကိုချစ် ကတောင် ပြောတယ်သိလား .. ငါ့သူငယ်ချင်းလည်း သနားပါတယ်တဲ့၊ မရှေး ကို စပြီး လက်ထပ်တုန်းကတည်းက သူ သိပ်ချစ်တာတဲ့၊ နှယ် ဆိုလားဘာလား အဲဒီမိန်းမ သူ့ဟာသူ တစ်ဖက်သတ်ကြီးဖြစ်ပြီး လင်မယားကြားမှာ ခလောက်ဆန်သွားတာတဲ့”

“ဟုတ်တယ် မနု .. အဲဒါတွေ သူ့အို့ယောက်ျားလေးချင်း ပိုသိကြမှာပေါ့နော်”

ညို က ဒါတွေကို မူလ ကို သိစေချင်သည်။ မနု ပြောနေတုန်း စကားဖြတ်လိုက်မှာလည်း စိုးသောကြောင့် မူလ ပါးစပ်မဖွင့်နိုင်ခင် သူမနဲ့ စကားလမ်းလွှဲယူလိုက်ခြင်း ဖြစ်သည်။

မနု နဲ့ သူမ ပြောနေတာတွေ မူလ နားထောင်ပါစေ .. စဉ်းစားပါ





စေ ..။

“အဲဒီတစ်ယောက်ကို မရှေး ရဲ့ရှေ့မှာ ဘာလိုလိုထင်အောင် ရှုံ့တွဲပြတာတဲ့၊ ကွယ်ရာကျ မျက်နှာသာ တစ်ချက်မှမပေးဘူးတဲ့၊ ဒါပေမယ့် ဟိုအမျိုးသမီးက လည်တယ်ဆိုပဲ၊ သူ့ကို ကြိုက်သလို အသုံးချ မျက်နှာမပျက်ဘူးတဲ့၊ မရှေး ရဲ့ရှေ့မှာ တွဲပြသလို ကွယ်ရာမှာလည်း ဒီအတိုင်း အခွင့်အရေးပေးနေရင် ကျေနပ်တယ်လို့ ပြောင်ပြောတာတဲ့ သိလား .. ကိုခေတ် နဲ့ ခဏခဏ စကားများကြတယ်တဲ့၊ ဟိုလေ .. ကျွန်မတို့က လင်မယားချင်းဆိုတော့ ယောက်ျားချင်းပဲ ပြောကြတဲ့ ကိစ္စတွေပါ သိရတာပေါ့နော်”

ပြောရင်း မနု က မူလ ကို ကြည့်ကာ ...

“တကယ်ပါ .. မနွယ် ဆိုတဲ့အမျိုးသမီး လုပ်ကြံတာတွေချည်းပဲတဲ့၊ ကိုခေတ် က သူ့ကို ကျူးလွန်ဖို့ နေနေသာသာ ဒီလောက် လိုက်လျှာနေတာကို ပါးစပ်နဲ့တောင် အသားယူ ပြောဆိုတာမျိုး မရှိဘူးတဲ့၊ ဒါတွေက ယောက်ျားချင်းပဲ ပွင့်လင်းကြတဲ့ကိစ္စတွေပါ၊ ယုံပါ မရှေး ရယ် .. ကျွန်မတို့တွေက အချိန်တန်ရင် ကိုယ့်အိမ်ကိုယ်ပြန် ကိုယ့်လုပ်ငန်းခွင် ကိုယ် ဝင်ကြမှာ၊ မဆိုင်ပေမယ့် မဆိုင်သလို ဖုတ်ဖတ်ခါထွက်မသွားနိုင်ကြလို့ အားလုံးကို သာယာစေချင်တာ စေတနာ အမှန်ပါ”

“ဟုတ်ကဲ့ပါ .. အားလုံးကို မူလ နားလည်ပါတယ်၊ ခေတ် ကိုလည်း မုန်းမေ့ နာကြည်းချင်တာ မဟုတ်ဘူး၊ ဒါပေမယ့် ပြန်ပေါင်းဖို့လည်း မူလ မစဉ်းစားချင်လို့ပါ၊ ခုနစ်နာရီထိုးနေပြီ .. သားလေးကို သွားမျှော်လိုက်ဦးမယ် .. ခွင့်ပြုပါနော်”

မူလ လက်ကိုင်အိတ်လေး ကောက်ယူပြီး ထွက်သွားတော့ နုနုသစ် က အံ့သြသလို လိုက်ကြည့်နေ၏။ ညို က သက်ပြင်းချလိုက်ပြီး အားနာသည့်အပြုံးနှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မသူငယ်ချင်းက နူးနူးညံ့ညံ့လေးပေမယ့် အားတော့ မငယ်တတ်ဘူး-မနု ရဲ့ .. စိတ်ပျော့မလိုနဲ့ ခေါင်းလည်း မာတယ်၊ ဒါပေမယ့် ကိုခေတ် က လက်လျှော့မှာ မဟုတ်ပါဘူး၊ တစ်နေ့နေ့မှာတော့ အဆင်ပြေသွားမှာပါ"

"အင်းနော် .. ကိုခေတ် ချစ်နေမယ်ဆိုလည်း ချစ်ချင်စရာပဲ၊ မရှေး က ကိုယ်လုံးလေးလည်း လှတယ်၊ ဆံပင်ရှည်နဲ့လည်း လိုက်တယ်၊ နွဲ့နွဲ့ယဉ်ယဉ်လေးရယ် .. လှနေတာတွေထက် ပိုချစ်ဖို့ကောင်းတယ်၊ ဒါပေမယ့် ကိုခေတ်·ကလည်း ချောပါတယ်၊ မရှေး ကိုက စိတ်ခိုင်တာ သိလား .. တို့ဆိုရင် ကိုကိုချစ် ကို ဒေါသထွက်လို့ကို မရတာ၊ စိတ်တိုနေလည်း သူ တစ်ချက် ခေါင်းငုံ့လိုက်တာနဲ့ ပြီးရောပဲ"

လင်ခန်း မယားခန်းတွေပဲ ကြားနေရသဖြင့် ရယ်သာ ရယ်နေရသည်။ ညို့ မျက်နှာလေးတော့ အနီရောင်သမ်းနေပြီ ဖြစ်၏။

အချိန်အခါလေး ကောင်းနေတုန်းက ယောက်ျားယူထားခဲ့မိရင် အကောင်းသား ..။





## အခန်း (၇၇)

ည ခုနစ်နာရီခွဲလောက်မှာ ပြန်ရောက်လာကြသည်။

"မေမေရေ .. သားတို့ ပြန်လာပြီ" လို့ အပျော်လွန်နေသံလေးနဲ့ စူးခနဲ ကြားရပြီး လူက ပေါ်မလာခဲ့ပေ ..။

ညို နဲ့ မူလ တို့ သားဆီကို ရောက်သွားကြတော့ ကားကြီးရဲ့ နောက်ဖျားမှာ ပစ္စည်းတွေ တင်ချနေကြလျက် ခေတ် နဲ့ ချစ်မင်းဦး က လက်ပ်တော့ပ်ဖွင့်၍ ဘာတွေ တွက်ချက်နေကြမှန်း မသိ ..။

မူလ သားကို ခေါ်သွားမလို့ ကြည့်သော်လည်း သားက အထပ်ပုံထားသည့် ပစ္စည်းထုပ်တွေပေါ် တက်ကာ ခေတ် ရဲ့ပခုံးကို လှမ်း၍ လည်ပင်းထိ ဖက်ထား၏။

ခေတ် က ချစ်မင်းဦး ကို စကားပြောနေရင်း လက်ပ်တော့ပ်ကို ငုံ့ကြည့်ဖို့ ရှေ့တိုးလိုက် .. သား ပြုတ်ကျမှာစိုးလို့ ကိုယ်နဲ့ ပြန်ခံထားလိုက် ..။

နောက်တော့ သားကို ပွေ့ချီလိုက်ပြီး ချစ်မင်းဦး နား ထပ်တိုးကာ အလုပ်တစ်ဖက်၊ သားက တစ်ဖက် ..။

"ဩော် .. ဟိုသားအဖလည်း ဒုက္ခပဲ"



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ရွှေသဇင် လည်း မြင်သည်။ သွားခေါ်ချင်ပေမယ့် မခေါ်အဲ နေကာ မူလ မျက်နှာလေး ပျက်နေတာကြောင့် သူပဲ ခေါ်ပေးမလို့ ကားဆီ ဆင်းလာခဲ့မိ၏။

ညို က မူလ ကို အကဲခတ်၍ ဘာမှမပြောဘဲ ဒီတိုင်း ကြည့်နေလိုက်သည်။ ဘွားအေက ခေါ်တာလည်း လူလူ က မလိုက်ပေ ..။

ခေါင်းခါပြီး မူလ တို့ကို လှမ်းကြည့်၍ လက်လေးပါ ခါပြ၏။ ခေတ် က သူ့အာရုံနဲ့သူမို့ ဘယ်ကိုမှ မကြည့်တော့ မမြင် ..။

မနက်ဖြန် မွေးနေ့ပွဲကို တခမ်းတနားလုပ်မှာမို့ ဟိုတယ်လ်က လည်း ကိုယ်ပိုင်ပြောင်းတော့မှာဖြစ်ရာ ခေတ် က သူ့စိတ်ကူးနဲ့သူ လိုအပ်တာတွေ သွားဝယ်လာတာ ဖြစ်သည်။

မြင်ကွင်းကို လှမ်းကြည့်ရင်း မူလ ဘာကြောင့်မှန်းမသိ ဝမ်းနည်းလာ၏။

"ညို .."

"ဟင် .. ဘာလဲ"

"ငါတို့ မှောင်ထဲမှာရပ်နေတာ မဟုတ်ဘူးနော် .. သားလေး သေချာမြင်မှာပါ"

"မဟုတ်ပါဘူးဟယ် .. သားလေးက မြင်လို့ လက်လေးတောင် ပြသေးတဲ့ဟာ"

"သားကို ငါ ဂရုစိုက်ခဲ့တာ ဘာများ လိုအပ်ခဲ့လို့လဲဟင်၊ နင် ငါ့ကို ဘယ်လိုမြင်လဲ .."

"ဘယ်လို .."

သယ်သူ ရွှေ့သူတွေနှင့် မလှမ်းမကမ်းလေးမှာ သား မပါဘဲ လည်း လှည့်မပြန်နိုင်သဖြင့် မူလ တို့ ဒီတိုင်းပဲ ရပ်နေမိကြကာ ...

"ဘာကို မြင်နိုင်းနေတာလဲ မူလ .."

"ငါက မချစ်တတ်တဲ့ မိန်းမတစ်ယောက်နဲ့ တူနေသလား"





ကိုယ့်စကားကို နာကျင်ကာ မျက်ဝန်းမှာ မျက်ရည်ဝေ၏။ သူမ ချစ်တတ်ခဲ့သည် .. ဘဝပျက်အောင်လည်း ရင်နင့်ခဲ့ရသည်။

ဒါပေမယ့် ချစ်တာကို ချစ်မှန်းမသိတဲ့ မိန်းမ၊ ဒီလို ယောက်ျား ကို သူများလက်ထဲထည့်ဖို့ ကြံစည်တာ အသည်းမပါ၊ ဦးနှောက်ဗလာ နဲ့ တဲ့ ..။

သူမကို ပတ်ဝန်းကျင် အရပ်လေးမျက်နှာက ဤကဲ့သို့ ကဲ့ရဲ့ခဲ့ကြ၏။ ဘယ်သူတွေ သမုတ်ကြပါစေ သူမ ကိုယ့်အမှန်တရားနဲ့ကိုယ် ရပ်တည်ဖို့ သတ္တိမွေးခဲ့သည်။

ခုကျတော့ သူမအချစ်တွေ အရာမထင်ခဲ့တာ သားလေးအပေါ် မှာ ဖြစ်နေသည်။ ကိုယ် မြတ်နိုးယုယခဲ့တာ .. သားလေး လောက အပြင်ကို ရောက်မလာခင်တည်းကပါ။

မျက်နှာလေးကို မြင်ရတော့လည်း ချစ်လို့မဝနိုင်၊ ရှေ့ဆက်မယ့် ဘဝခရီးအတွက် ဒီသားလေးက အင်အား ..။

သားလေးကတော့ ခု ခဏလေးကျမှ ပြန်ဆုံလိုက်ရတဲ့ 'အဖေ' ဆိုတာကို သူမထက် အဆပေါင်းများစွာသော မြတ်နိုး အားကိုးခြင်း တွေ ပုံအောပေးနေလျက် ...

"မူလ .. နင် ဘာဖြစ်နေတာလဲ၊ သားက သူ့အဖေကို ချစ်နေလို့ ဝမ်းနည်းနေတာလား"

ညို က လက်မောင်းလေးကို ဖက်၍ ဂရုတစိုက် အကဲခတ်မေး ကာ ...

"မူလ ရယ် .. ကလေးက .."

"သူ့ကို ချစ်နေလို့ ငါ သဝန်တိုကာ မဟုတ်ပါဘူး၊ ဒါပေမယ့် ညို ရယ် .. တချို့ဆိုရင် ကလေးက စိမ်းနေလို့တောင်မှ ရင်းနှီးဖို့ ကြိုးစားရတယ်၊ ကလေးက မခင်တွယ်လို့ အခက်တွေ ကြုံရတယ်၊ သားလေးကတော့ သူ့ကို မြင်လိုက်တဲ့နောက်ပိုင်းမှာ သူမှသူ ဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



တာ၊ ငါနဲ့ ခွဲအိပ်တာတွေ၊ ငါကျွေးတဲ့ ထမင်းဟင်းကို မမက်တော့တာတွေ၊ အဲဒါတွေ .. ငါ အဲဒါတွေပဲ ငါ ရထိုက်လားဟင်၊ ငါ ဘယ်လောက်ချစ်ချစ် ငါ့အတွက် ပြန်ရတာ ဒီလောက်ပဲလား .."

ပြောနေရင်း ဝမ်းနည်းလာကာ မှောင်ရိပ်ထဲရောက်အောင် ပြန်ဆုတ်ရင်း ငိုမိလေသည်။

"မူလ ရယ် .. ငါ့အချစ်ကို မသိနားမလည်ကြဘူး၊ ငါ့အချစ်က မစူးရောက်နိုင်ဘူးလားလို့ နင် တွေးပြီး ရင်နင့်နေတာပါ၊ ဘာဆိုင်လို့လဲဟ .. နင် ခံစားခဲ့ရတာက အိမ်ထောင်ရေး၊ ခုဟာက မိဘမေတ္တာ၊ အမေဆိုတာ ကိုယ့်သားသမီးနဲ့ တခြားသူတွေ ချစ်ခင်နေရင် ကိုယ့်ဘက်မှာ ကျန်ကျန်မကျန်ကျန် .. ကွယ်ရာက ချောင်းကြည့်ရချောင်းကြည့်ရ ဆိုတာမျိုးပါ၊ သားလေးကို နင် သဝန်တိုစိတ်နဲ့ မဟုတ်ဘူးဆိုတာလည်း ငါ သိတယ်၊ သူ့အဖေကို တမ်းတနေတုန်း ပြန်ဆုံလိုက်ရတော့ တန်းချစ်သွားတာ ဘာဆန်းလို့လဲ မူလ ရဲ့ .. ဒီလို ပြန်ဆုံမှုတိုင်းမှာ ကလေးတိုင်းပဲ စိမ်းသက်မနေကြပါဘူး၊ သားလေးလည်း ဒီထဲက တစ်ယောက်ပဲလေ .."

"ဟုတ်ပါတယ် .. ဒါပေမယ့် .."

"ထားလိုက်ပါ မူလ ရယ် .. သူ့အဖေဆီမှာ နင် မပေးနိုင်တဲ့ ပျော်ရွှင်လွတ်လပ်မှုတွေ ရတယ်၊ ခေတ် ကလည်း နင့်ကို လွမ်းသရှ သားလေးနဲ့ပဲ အချိန်ကုန်ခဲ့ရတာ၊ သူတို့ချစ်ကြတာ ဘာဆန်းလို့လဲ .. ဒါပေမယ့် တစ်ခုရှိတာက မကြာခင် ကလေးက မေမေနဲ့ပဲ နေချင်တယ်လို့ တောင့်တလာဦးမှာပဲ၊ နင်တို့မိသားစု မပေါင်းစပ်သရွေ့ နင့်မှာရော သူ့ဘက်မှာပါ ဘယ်လိုမှ မပြည့်စုံနိုင်ဘူး၊ ပိုပြီး သနားဖို့ကောင်းလာမှာက သားလေး .."

"ငါတို့ ပြန်ရအောင်"

မူလ က စကားမဆက်ဖြစ်အောင် ချက်ချင်းလှည့်ပြန်၏။ အခန်း





ပြန်ရောက်တော့လည်း ခရီးပန်းလာတဲ့ သားလေးကို ဆီးကြို ချီပွေ့ခွင့်လေးတောင် မရလိုက်သဖြင့် ရင်ထဲမှာ ဟာနေသည်။

ဒီခရီးကို စလာမိတာကိုက သူမ မှားခဲ့သည်လား ..၊

ခေတ် နဲ့ သား ပြန်ဆုံပြီးကာမှ သားလေးကို ရင်ခွင်ထဲမှာ ပွေ့ပိုက်မအိပ်ခဲ့ရတာ တစ်ည နှစ်ညတည်း မဟုတ် ..။

ညနေပိုင်းကတည်းက ပြန်မလာဘဲနေတာတွေ၊ ခြေလက်ဆေးပြီး အိပ်ရာဝင်ပြီဆိုမှ ဖအေနဲ့ ဖုန်းပြောပြီး 'သား ဖေဖေနဲ့ သွားအိပ်ချင်တယ် မေမေ' ဆိုတာတွေ ..၊

"မအိပ်နိုင်သေးဘူးလား မူလ .. ဆယ်နာရီကျော်နေပြီ"

"အိပ်မှာပါ"

ညို က မွေ့ရာစပ်မှာ လာထိုင်၍ သက်ပြင်းချကာ ...

"အိပ်လို့မရရင်လည်း အပြင်ထွက် လမ်းလျှောက်မယ်လေ၊ ဒါမှမဟုတ် အပြင်မှာ ထိုင်ရအောင် .. ငါ စားစရာတစ်ခုခု လုပ်လိုက်မယ်"

"နေပါစေ ညို ရယ် .. နင်လည်း ငါ့ကြောင့် အလုပ်တွေ ပစ်ထားရတယ်နော်"

မူလ ငုတ်တုတ်လေး ထိုင်လိုက်တော့ ဆံပင်တွေက အိပ်ရာထက်မှာ အဖျားစလေးတွေ ခွေခေါက်နေလျက် မျက်နှာလေးက ဖွေးဖွေးနုနု ..။

ပုခွန်ဆီရောင် ညဝတ်အင်္ကျီပွပွလေးနှင့် ပါးမို့လေးတွေလည်း နီမြန်းနေ၏။

"တစ်သားမွေး တစ်သွေးလှုဆိုတာထက်တောင် ပိုမလားပဲ၊ နင်လွန်ခဲ့တဲ့ ငါးနှစ်လောက်ကထက် ပိုလှလာတာ အရမ်းသိသာတယ် မူလ၊ ရင့်ကျက်လာတာမျိုးလား .. အသားအရည် ပိုလှလာတာလား၊ ဘာပြောရမှန်း မသိဘူး၊ ဒါပေမယ့် ကိုယ်လုံးလုတာလည်း ပေါ်လွင်လာတယ်၊ အကုန်လုံးပဲ ထင်းထင်းလင်းလင်း ကြွတက်လာတာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတွေပြောလည်း ငါ ပျော်သွားမှာ မဟုတ်ဘူး ညို၊ လောလောဆယ် ငါ့ကို ပျော်နိုင်စေမှာ သားလေးရဲ့ တီတီတာတာ အသံလေးတွေ .."

"ငါက နင်ပျော်အောင် ဖန်တီးပြောနေတာ မဟုတ်ဘူး၊ နည်းနည်းလည်း အံ့သြလို့ .."

"ဘာ အံ့သြတာလဲ"

"ကလေးကနေ လူငယ်တွေအထိ သွေးသား ပြောင်းလဲသွားတယ်၊ ရုပ်ပြောင်းသွားတယ်နဲ့ အဲဒါတွေက မဆန်းဘူးလေ၊ ငါတို့တွေဆို လူငယ်တွေမှ မဟုတ်တော့တာ၊ ငါလည်း အပျိုဖြစ်ပြီးတော့ ဘာမှ ပြောင်းလဲမသွားဘူး၊ တကယ်ဆို အသားတွေဖြူပြီး ပိုလှလာပါလား"

ညို က လက်နှစ်ဖက် ဆန့်ချပြီး ထိုင်လျက်ကနေ ရင်ဘတ်လေးကော့ပြသဖြင့် မူလ ပြုံးလိုက်မိသည်။

"တကယ်ပြောတာ .. နင် လှလာတာ အရမ်း သိသာလို့"

"ကဲ .. ထားလိုက်ပါ ညို ရယ် .. ငါ စိတ်ညစ်နေတာကို ပြောခွင့်ပေးပါဦး၊ သားလေးဆိုက ဖုန်းလေးဖြစ်ဖြစ် ဆက်သင့်တယ်မို့လား၊ ဖအေကိုယ်တိုင်က သိတတ်ဖို့ ကောင်းတာကို .. မစာနာတာ"

"မဟုတ်လောက်ပါဘူး .. နင်ကလည်း ကလေးက ပင်ပန်းပြီး အိပ်ချင်အိပ်နေမှာပေါ့၊ ဒီပြတင်းကနေ နင် လာကြည့်ပါလား၊ ရီဆက်ပ်ရှင်ရှေ့မှာ လူတွေ ရှုပ်နေတုန်း၊ ကားကြီးတော့ မရှိတော့ဘူး၊ ခေတ် တို့ အလုပ်လုပ်နေတုန်း ထင်တယ်၊ တခြား ဧည့်သည်တွေတောင် ရပ်ကြည့်နေကြသေးတယ်"

ညို က ထ..ားပြီး ပြတင်းပေါက်ကနေ လှမ်းကြည့်လိုက် .. မူလ ကို ပြန်ပြော..ကနှင့် လာကြည့်ဖို့ကို ဆွဲခေါ်မတတ် ဖြားယောင်းရှာ၏။

မူလ က ဖုန်းကိုပဲ လှမ်းကြည့်ပြီး ထိုင်ရာမထ ..၊





ထိုစဉ် ဂစ်တာတီးသံတွေ ကြားလာရကာ လူငယ်တချို့၏ မြူးကြွဟစ်ကြွေးသံတွေကို ကြားလိုက်ရသည်။

"ဩော် .. ဒုက္ခပါပဲ၊ ကြားချင်တဲ့အသံ မကြားရဘူး .. လုပ်တော့မယ် ဘာစ်ညလုံး"

ဒီကိုရောက်တာ တစ်ခါမကတော့ပြီမို့ သိနေကြသည်။ ဂစ်တာသံ ကြားရသည့်ညဆို ညဉ့်နက်သန်းခေါင်ထိ ဒီအသံကို ကြားရတတ်တာ ..။

ညို နဲ့ မူလ စိတ်ညစ်စရာတွေချည်း ပြောရင်း ညိုလို့မရသည့် အဖြစ်တွေထဲမှာ ချာချာလည်ကာ ညဉ့်နက်မှ အိပ်ပျော်သွားကြသည်။

ဖုန်းသံ ကြားလိုက်ရမှ မူလ ဆတ်ခနဲ နိုးသွားကာ ချက်ချင်း ထထိုင်မိ၏။ ညို ကလည်း မျက်လုံးပွင့်လာကာ နာရီကြည့်လိုက်တော့ မနက် သုံးနာရီ ..၊

"အမေလားဟင်"

"... ... ..."

"ရှင်!... ဟုတ်ကဲ့ .. ဟုတ်ကဲ့ .. ခု လာပြီ"

"ဘာတွေဖြစ်ကုန်တာလဲ မူလ"

အေးဆေး နားဖွင့်ရင်းကနေ မူလ ပုံစံကိုမြင်ပြီး ညို ပျာပျာသလဲ ကျိုးထ၏။

"သားလေး ဖျားနေတယ် ညို"

"ဟင်!..."

လိုအပ်သည့် ဆေးပစ္စည်းတွေ စုဆောင်းကြည့်တော့ ဘာမှ စုံစုံလင်လင် သိပ်မရှိ ..။

ဆရာဝန်တွေပီပီ သွားလေရာကို သယ်တတ်ပိုးတတ်ပေမယ့် တကယ်လိုပြီဆိုမှ ပြုံးပြဲရာတော့ ဘာမှ မပြည့်စုံ ..။

ညို ကတော့ ပြေးလွှား လုပ်ကိုင်ပေးလိုက်ပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



"ငါ မလိုက်တော့ဘူးနော် .. ကလေးကိုပဲ အာရုံထဲမှာ ထား၊ ခေါ်သွားမယ် .. ပြန်တော့မယ်နဲ့ ဟိုမှာ သွားလုပ်မနေနဲ့၊ အချိန်မတော် ကြီး .."

တံခါးဝထိ လိုက်မှာနေသေးသည်။ မူလ အပေါ်အင်္ကျီ ထပ်ဝတ်ဖို့တောင် သတိမရဘဲ ဟိုကွယ်လ်ဘက်ကို ကူးလာခဲ့မိ၏။

ဦးထွန်းမင်း က လှမ်းကြည့်နေကာ ဒေါ်ရွှေသဇင် က မူလ ကို မြင်တော့ ရှေ့ထွက်လာ၏။

"အရမ်းတော့ မဆိုးပါဘူး သမီးရယ် .. ခရီးပန်းတာနဲ့ လေတိုးတာများပြီး ကိုယ် ပူနေတာပါ၊ မာမီက သမီးကို အသိမပေးရကောင်းလား ဖြစ်မှာစိုးလို့ ဖုန်းဆက်လိုက်တာ"

"သား အိပ်နေလား အမေ"

"မအိပ်ဘူး .. သူ့အဖေ ချီထားတယ် သမီး"

ခေတ် က ကလေးကို ပခုံးပေါ်မှာ ထမ်းကာ အငွေ့ ထောင်းထောင်းထနေသည့် ရေခွက်လေးကို တစ်ဖက်က ကိုင်ထားပြီး မှုတ်နေ၏။

မူလ ဝင်လာတာမြင်မှ ရေနွေးခွက်ကို ချထားလိုက်ပြီး သားကို ခေါ်သည်။

"အိပ်ပျော်သွားပြီ ထင်တယ်၊ ကိုယ် ဆေးတိုက်ထားတယ်"

"သားကို ဆေးတိုက်တယ် ဟုတ်လား .. ကောင်းကောင်း သောက်ရဲ့လား"

"ချော့တိုက်ရတာပေါ့၊ သားက လိမ္မာပါတယ်"

ဆေးသောက်လိုက်တာကို ဘဝင်ကျသွားသော်လည်း သူမ ဆေးတိုက်တိုင်း ခေါင်းတခါခါနှင့် ဓောင်ခေါင်းမြီးခြုံပစ်တတ်တာကို သတိရမိသည်။

ချော့တစ်ခါ ခြောက်တစ်လှည့် တိုက်ပြန်ရင်လည်း ပြန်အန်ချ





လိုက် .. ပြန်တိုက်လိုက်နှင့် ဆေး အရမ်းကြောက်တဲ့ ကလေး ..။

မူလ သားကို အဖျားတိုင်းပြီး ဆေးထိုးဖို့ ပြင်သည်။ မအေကို မြင်လိုက်သဖြင့် ပြုံးကြည်သွားသည့် မျက်နှာလေးက ဆေးထိုးလိုက်တာနှင့် ငိုမဲ့မဲ့ ဖြစ်သွားလေသည်။

ပြီးတော့ မူလ ကို ဖက်ထားကာ 'သားကို ဆေးပညာဆောင်းပါးတွေ ပြောပြ' ဟု ပူဆာလျှင် အားလုံး အံ့ကြကုန်ကြ၏။

ကလေးလေးကို အိပ်ရာဝင်ပြောတဲ့ ပုံပြင်တွေက ဆေးပညာဆောင်းပါးတွေလား ..၊ ခေတ် ကတော့ ပြုံးမလို မဲ့မလိုနှင့် မူလ ကို စိုက်ကြည့်ရင်း ဘေးတစ်ဖက်မှာ ဝင်ထိုင်သည်။

"သားက မေမေ့ကို လွှတ်လိုက်လေ .. သားလည်း အိပ်တော့၊ မနက်ဖြန် သား နေကောင်းမှ မေမေ့ဆီ ဖေဖေ လိုက်ပို့မယ်"

"ဟင့်အင်း .. မေမေက သားနဲ့အိပ်ဖို့ လာတာ"

မူလ နဲ့ ခေတ် မျက်လုံးချင်း ဆုံသွားသည်။

"မြေး .."

"ကဲ .. သူတို့သားအမိ ဘယ်လိုအကျင့်တွေ ရှိကြသလဲမှ မသိတာ၊ မင်း အသာနေလိုက်ပါ .. မိုးလည်း လင်းခါနီးနေပါပြီ"

ဦးထွန်းမင်း က ပြောပြီးသည်နှင့် ဒေါ်ရွှေသဇင် ကို အကြည့်တစ်ချက်နှင့် ခေါ်ထွက်သွား၏။ ခေတ် က မူလ အခက်တွေ့သွားတာကို သိကာ ...

"မင်း အိပ်လိုက်လေ .. ကိုယ် အပြင်မှာ သွားအိပ်မယ်၊ ကလေးကို ဟိုအခန်း ပြန်ခေါ်သွားဖို့တော့ စိတ်မကူးပါနဲ့ .. အချိန်မတော်မို့လို့ ပြောတာ"

"ရပါတယ် .. ကျွန်မက အိပ်ထားပြီးသား၊ ရှင် မအိပ်ရသေးဘူး မို့လား အိပ်ပါ"

"ဒီတိုင်း ထိုင်နေမလို့လား"



www.burmeseclassic.com

www.burmeseclassic.com



မူလ က မဖြေဘဲ သားရဲ့ဘေးမှာ ကိုယ်တစောင်းလေးလှဲ၍ တံတောင်တစ်ဖက်ထောက်၍ ကလေးသိပ်ရုံလေး နေ၏။

နောက်မှာ ထုံးထားသည့် တစ်ပတ်လျှို ဆံထုံးက ခပ်လျော့လျော့ ဖြစ်ကာ အိပ်ရာထက်မှာ ခွေဝိုက်ပုံကျနေလျက် .. တစောင်းလှဲနေသည့် တင်းပြည့်သော ခန္ဓာကိုယ်အလှက တမင်ပြထားသည့်နှယ် ..။

ခေတ် က ရူးခနဲ တစ်ချက်ကြည့်ရင်း နေရာက ရပ်လိုက်သည်။

"အဲကွန်း ပိတ်လိုက်ရမလား"

"ထားလိုက်ပါ .. အဲကွန်းမရှိရင် သားက အိပ်မှာ မဟုတ်ဘူး"

"ဒါဆို တစ်ခုခုလိုရင် ပြောလေ"

အခန်းထဲမှာပဲ ဒရင်းဘက်ဒ်ခင်း၍ ခေတ် က လှဲလိုက်သည်။ မျက်လုံးတွေက ကျိန်းစပ်နေပေမယ့် သူမရဲ့ အလှအပတွေဆီမှာ ယစ်မူးနေချင်မိကာ အိပ်လို့လည်း မရ ..။

မူလ သိနေသည်။ နောက်မှာ သူ ငြိမ်သက်နေတာ အိပ်နေတာ မဖြစ်နိုင် ..၊ သားလေးကလည်း တလှုပ်လှုပ်နှင့် မအိပ်သေး ..။

မနက်မိုးလင်းမှ သူမ ဒီထဲက ထထွက်သွားရင် သိနေတဲ့လူတွေ ဘယ်လို ထင်ကြမလဲ ..၊ လင်မယားပေမယ့် သူ့အတွက် ဒုတိယမြို ဘဝပျက်ရဖို့ ရှိ၏။

ဘာမှ ဟုတ်ဟုတ်မဟုတ်ဟုတ် လူတွေပါးစပ်က ကြောက်စရာ ကောင်းသည်။

"ဖေဖေ .. ဖေဖေ .. နေဦး"

"သား .."

တိတ်ဆိတ်နေတုန်း သားလက်ကလေး မြှောက်လာပြီး ခေါ် လိုက်သဖြင့် မူလ ထိုလက်ကလေးကို ဖိဆုပ်လိုက်ရင်း သားမျက်နှာ လေးကို စိုးရိမ်တကြီး ကြည့်မိ၏။

"သား ဘာဖြစ်တာလဲ"





ခေတ် အနားရောက်လာပြီး တင်ပါးလွှဲ ထိုင်လိုက်တော့ ကိုယ့် နောက်နားမှာ နီးနီးလေး ..၊ နှင်လွှတ်လို့လည်း မကောင်း၊ စိတ်လည်း ရှုပ်ကာ မူလ သားရဲ့လက်ကလေးကို ဆုပ်နယ်ပေးနေရင်း သူ့ကို မကြည့်ဘဲ ...

"ယောင်အော်တာပါ"

"သား အဖျားကျရဲ့လား"

ကလေးရဲ့နဖူးကို စမ်းလာတော့ မူလ သူ့ရင်ခွင်တစ်ခြမ်းထဲ အလိုလိုရောက်၏။

"ကျွန်မက သူ့အမေပါ၊ ရှင့်လိုပဲ စိုးရိမ်တတ်တယ်"

"မင်းကို ဆရာဝန်မှန်းလည်း ကိုယ် သိတယ် မူလ၊ ဒါနဲ့ ကိုယ် က မစိုးရိမ်ရတော့ဘူးလား"

မသိတတ်လေခြင်းဆိုသည့် အကြည့်က နီးကပ်နေသည့် မျက်နှာ ပေါ် တည့်တည့်ရောက်ကာ ...

"ကလေးကို မစိုးရိမ်ရဘူးလို့ ကျွန်မ မပြောဘူး၊ ရှင် အနေ အထိုင် ဆင်ခြင်ဖို့ သတိပေးတာ၊ သားအတွက် ငဲ့ပြီး ဒီအိပ်ရာပေါ် ကျွန်မ ရောက်လာခဲ့ရတာ၊ အဲဒါကို ရှင် အခွင့်အရေးမယူသင့်ဘူးလေ"

"မင်းကို ကိုယ် ဘာတွေပြောမိလို့လဲ၊ ကိုယ့်မှာ ဘယ်လို အမူ အရာတွေ ဖြစ်နေသလဲ .. မင်း ထင်နေတာတွေ ပြောစမ်းပါဦး"

အသံကျယ်ကျယ် ပြောလို့ မဖြစ်သည်မို့ သတိပေးလိုက်ကာမှ ပို၍ နီးကပ်သွားရခြင်းကို မကျေနပ်ဖြစ်နေတော့လည်း အပို ..။

မူလ မျက်နှာလွှဲပစ်လိုက်ကာ ...

"ဘာမှ ပြောစရာမရှိဘူး၊ ရှင် နောက်ဆုတ်နေပါ"

"ဒီထက် မကဲမိအောင် ကိုယ် ထိန်းနိုင်တာကိုပဲ ကျေးဇူးတင်ပါ တယ်လို့ မင်း ပြောသင့်သေးတယ် သိလား .. မင်း အရမ်းလှလာတော့ ငါက မင်းကို သိပ်ချစ်နေတဲ့ကောင် .. ဘယ်လောက်ထိ ဆင်ခြင်ရမှာလဲ



www.burmeseclassic.com

www.burmeseclassic.com



မလဲ၊ မင်းရဲ့အလှတွေကို ထိုင်ကြည့်ပြီး ရင်ခုန်နေရတဲ့အဖြစ်မှာပဲ ကျေနပ်ပေးနေတာ နည်းသေးလို့လား ..”

“သည်ခေတ်လူ”

“ပြော ..”

“ရှင့်ရဲ့စည်းဝိုင်းထဲကို ဝင်လာတဲ့အချိန်မှာတော့ စောင့်ထိန်းသင့်တယ်ဆိုတာ နားလည်သင့်တယ်”

“စည်းဆိုတာ မင်း သတ်မှတ်ခွဲခြမ်းထားတာပဲ၊ ကိုယ့်အတွက် မင်းက ထာဝရ ကိုယ့်ရဲ့ဇနီး၊ ချစ်နေတဲ့စိတ်ဟာ ပေါင်းသင်းခြင်း၊ မပေါင်းသင်းခြင်းနဲ့ မဆိုင်တဲ့အတွက် မင်းက ကိုယ့်အတွက်ပဲ”

သားလေး ပြန့်အိပ်ပျော်သွားတော့ လက်ဖဝါးတစ်ဖက်က သားရဲ့ခေါင်းအောက်မှာမို့ ခပ်စောင်းစောင်း လှဲနေသည့်ပုံစံကနေ ရုတ်တရက် ပြင်လို့မရ ..။

အလိုမကျခြင်းနှင့်အတူ စိတ်ကျဉ်းကျပ်လာကာ သူ့အကြည့်တွေ ရှေ့ကနေ စိတ်လိုက်မာန်ပါ ထွက်သွားချင်မိ၏။

“ဆောရီးပါ .. မင်း မကြားချင်မှန်း သိရက်နဲ့ မင်းကို ပိုင်ဆိုင်ချင်စိတ်တွေ ဖြစ်လာရင်း စိတ်ကိုက ဇွတ်တရွတ်ဆန်ချင်လာတာ”

တောင်းပန်စကားပြောပြီး ခေတ် သက်ပြင်းချသည်။ ပြီးတော့ ခုတင်ပေါ်ကနေ ခြေနစ်ဖက်ချ၍ မှူလ ကို ကျောခိုင်းသလို ထိုင်လိုက်ပြီး မျက်နှာကို ဖိပွတ်နေ၏။

“ကိုယ်တို့ ပြန်လာတုန်းက မင်းနဲ့ မညို ရောက်လာတယ်တဲ့၊ ကိုယ် အလုပ်ရှုပ်နေလို့ လှည့်မကြည့်မိလိုက်ဘူး၊ မှောင်ရိပ်ထဲကနေ ရပ်ကြည့်နေပြီး မင်း ငိုနေတယ်လို့ မာမီ ပြောတယ်”

မှူလ ဟင် .. ခနဲ ဖြစ်သွားသည်။ အမေ ဘယ်လိုမြင်သွားတာလဲ မသိလိုက်ပေမယ့် သိသွားမှန်း ကြားလိုက်ရတော့ မျက်နှာပူသွားမိ၏။

ကိုယ့်သူငယ်ချင်းရှေ့မှာမို့ စိတ်ထဲရှိတဲ့အတိုင်း ငိုချလိုက်မိတာ





တကယ်ဆို ဒါက ကလေးဆန်တာပဲ ဖြစ်သည်။ သူတို့ ကဲ့ရဲ့နေကြတာလား ..။

“မင်းစိတ်ထဲမှာ သား ကိုယ့်ကို ခင်တွယ်အောင် ဖြားယောင်းနေတယ်လို့ ထင်နေသလား .. ဒါမှမဟုတ် ကလေးက ကိုယ့်ကို ခင်နေတာကို မကြိုက်တာလား”

“မသိဘူး .. ဒါပေမယ့် ကျွန်မ ခံစားမိလိုက်တာ အဲဒါမျိုးတော့ မဟုတ်ဘူး ထင်တယ်”

“ဒါဆို ပြောပြပါလား .. ကိုယ့်ဘက်ကလည်း မင်းကို သိစေချင်တာ ရှိတယ်၊ ဘာလဲဆိုတော့ ကလေးကို အရင်ပါအောင် ဖြားယောင်းပြီးမှ မအေကို ရအောင်ယူဖို့ ကိုယ် ဘယ်တော့မှ မကြိုးစားဘူးဆိုတာပဲ၊ မင်း ကိုယ့်ကို ဘယ်လိုထင်နေနေ .. ဘယ်လောက်မုန်းမုန်း .. မင်း ပြန်ချစ်လာအောင် ကိုယ့်နည်းကိုယ့်ဟန်နဲ့ ကြိုးစားယူမှာ၊ ဘာ အကူအညီမှ မလိုဘူး”

လေသံကို ပျော့ပျောင်းနေအောင် တော်တော် ကြိုးစားထားရပုံပါပဲ။ ဒါပေမယ့် ပြောသမျှ စကားလုံးတွေက ‘ငါနဲ့ ငါသာ နိုင်းစရာ’ ဆိုတာမျိုး ..။

ကိုယ်ကလွဲပြီး ဘယ်သူ့ကိုမှ အထင်မကြီးတတ်တဲ့ ကာရိုက်တာ အပြည့် ..၊ မှူလ မကြည်လင်သည့်မျက်ဝန်းတွေနှင့် ကြည့်မိဆဲမှာ ဖျတ်ခနဲ ငဲ့ကြည့်လာသည့် ခေတ် ရဲ့မျက်ဝန်းတွေ ဆုံမိသွားသည်။

ချက်ချင်း မျက်နှာလွှဲလိုက်ပေမယ့် ခေတ် က စိုက်ကြည့်နေဆဲ ဖြစ်ကာ ...

“ဘာဖြစ်လို့ အလှတွေ ပြင်လာတာလဲ”

မှူလ မဖြေဘဲ သားရဲ့အောက်မှာ ဝင်နေသည့် လက်ကိုပဲ သာသာလေး ဆွဲထုတ်ဖို့ ကြိုးစား၏။ ကိုယ်ပူ လုံးဝ စိတ်ချသွားရပြီဖြစ်ကာ မိုးစင်စင်မလင်းခင် ပြန်တော့ဖို့ ဆုံးဖြတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခေတ် က ဒူးနှစ်ဖက်ပေါ်မှာ တံတောင်နှစ်ဖက် တင်ထားရင်း ငုံ့ကြည့်နေသည့် မျက်လုံးတွေကိုတော့ နည်းနည်းမှ မလွှဲခိုင်ဘဲ ...

"ကိုယ် သေလောက်အောင် ပြေးလွှားရှာဖွေနေရတဲ့အချိန်မှာ မင်းကတော့ စိတ်ချမ်းသာနေပုံပဲနော် .. အရမ်းကို လှနေတာ"

"ဒါ သေလုလောက်အောင် ပြေးလွှားနေရတဲ့ပုံလား" ဆိုသည့် စကား နှုတ်က မထွက်လိုက်ဘဲ မူလ ရဲ့အကြည့်တစ်ချက် သူ့ဆီ ရောက်သွား၏။

မပြောပေမယ့် ခပ်တွန့်တွန့်မဲ့သွားသည့် နှုတ်ခမ်းလေးကြောင့် ခေတ် က သဘောပေါက်သွားကာ ...

"ကိုယ် ဘာပြောပြော မင်း ယုံမှာ မဟုတ်ဘူး၊ အစကတည်းကမှ အယုံအကြည်မရှိခဲ့တာ၊ မင်းရဲ့ နှယ်တသို ကို ငါ စိတ်နဲ့တောင် မပြစ်မှားဘူး၊ အဲဒါရော ယုံလား .. သူ အခု စိတ်ကျန်းမာရေးဆေးရုံ ရောက်နေတယ်၊ သူ့ကျန်းမာရေး ပြန်ကောင်းအောင် ငါပဲ တာဝန်ယူနေတာ ဘာဖြစ်လို့လဲ သိလား၊ သူ ကျခံရမယ့်ပြစ်ဒဏ်ထက် သူ့ရဲ့ ထွက်ဆိုချက် လိုတယ်၊ မင်းရှေ့မှာ သူကိုယ်တိုင် ဝန်ခံစေရမယ်"

ထင်လို့လား .. ကြားလိုက်ရတာ ဟားတိုက် ရယ်ပစ်ချင်မိ၏။ နှယ့် စိတ်ကို ကိုယ့်ထက် ဘယ်သူ ပိုသိမှာလဲ ..၊ အသက်နဲ့ရင်းပြီးမှ ရလိုက်ရတဲ့သင်ခန်းစာအရ စိတ်မကျန်းမာ ဖြစ်နေသည်ဆိုတာလည်း သူမ အမူအရာတွေ ကောင်းနေတာပဲ ဖြစ်လိမ့်မည်။

သူမရဲ့နှလုံးသား ဒါမှမဟုတ် ဦးနှောက် ဘယ်အစိတ်အပိုင်းတွေပဲ ပျက်စီးနေနေ ဘာမှမဖြစ်ဘဲ အကောင်းတိုင်း ရှိနေတာဖြစ်ဖြစ် နှယ့် ပါးစပ်က အမှန်တရားကို ဘယ်သောအခါမှ ထွက်ဆိုမှာ မဟုတ်ပေ ...။

ပိုသေချာတာက သည်ခေတ်လူ ဆိုသည့် ယောက်ျားကို သူမ အရူးအမူး ချစ်နေခဲ့၏။ အခု တကယ်ရူးနေပြီဆိုလျှင် ခေတ် ကို





ချစ်တဲ့အချစ်တွေနဲ့ ရူးသွပ်သွားခြင်းသာ ..။

"ပြန်တော့မလို့လား"

လက်ကို အောင်မြင်စွာ ဆွဲထုတ်၍ ကိုယ်ကို မတ်မတ်ပြင်ထိုင်ကာ သားလေးကို သေချာ စောင်ခြုံပေးလိုက်တော့ ခေတ် သိသွား၏။

"တစ်ခုလောက် ပြောချင်တယ်"

"ရှင် အများကြီး ပြောပြီးပြီပဲ၊ ဖယ်ပေးပါ"

အိပ်ရာဘေးမှာ နှစ်ယောက်စလုံး ရပ်လိုက်ကြပြီးဖြစ်လျက် ခေတ် ရဲ့အကြည့်တွေက စူးစိုက်ရီဝေနေကာ မူလ မျက်နှာလေးက တင်းနေ၏။

"ကိုယ်ပဲ ပြောနေရတော့ မင်းကို ဘာမေးခဲ့လို့လဲ"

"မေးလည်း အပိုပဲ"

ဒေါသနှင့်ပြောပြီးမှ သားလေးကို သတိရကာ အသံကို ပြန်နှိမ့်ချ၍ ...

"ရှင် သိထားတဲ့အတိုင်း ထပ်ပြောမယ်၊ ရှင့်ကို ကျွန်မ ဘယ်တော့မှ ယုံမှာမဟုတ်ဘူး"

"မင်း ကိုယ့်ကို ချစ်တော့ ချစ်ခဲ့တယ်မို့လား"

မဟုတ်ဘူး ငြင်းမလို့ပြင်ပြီးမှ ညို တစ်ခုခု ပြောလိုက်သလားလို့ တွေးမိသွားပြီး ခဏလေး ဆွံ့အသွားစဉ် ...

"အို .. ရှင် ဘာလုပ်တာလဲ"

"နည်းနည်းတော့ ရိုင်းချင်နေတယ်"

ဘယ်လိုမှ ပြန်ရုန်းမရတော့အောင် အတင်းအကျပ် ပွေ့ဖက်ထားကာ ခေတ် ရဲ့အနမ်းတွေ ပြောတဲ့အတိုင်း ခပ်ရိုင်းရိုင်း ..။ မွန်းကျပ် ရှက်ရွံ့ကာ လွတ်မြောက်ဖို့ ကြိုးစားပေမယ့် မရ ..၊ ထိုစဉ်...

တံခါးခေါက်သံနှင့်အတူ ခြေသံတချို့က အခန်းရှေ့မှာ ရပ် သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"တိတ်လို့ပါလား"

"အိပ်နေကြတာ ဖြစ်မှာပေါ့၊ မင်းကို ပြောသားပဲ .. သွားပါကွာ၊ ကိုယ့်အလုပ် ကိုယ်သွားလုပ်"

"အဆင်မပြေဖြစ်သံ မကြားဘူးနော်၊ သားနဲ့သမီး အဆင်ပြေသွားပြီ ထင်တယ်"

"ကဲ .. လာပါဆိုကွာ .."

စကားသံတွေက ခပ်ကြိတ်ကြိတ် ပြောနေတာတွေပါ။ ဒါပေမယ့် ဒီတိုင်းကြားနေရသည်။ အသံတွေ ပြန်လည် တိတ်ဆိတ်သွားမှ သူ့လက်တွေထဲက လွတ်မြောက်ခဲ့ပြီး မူလ မျက်ရည်တွေ ပိုးပိုးပေါက် ပေါက် ကျလာ၏။

ပြီးတော့ သူ့ရင်ဘတ်ကို စိတ်ရှိလက်ရှိ ထုနှက်ပစ်ရင်း နှုတ်ခမ်းလေးကိုက်၍ ရှိုက်ငိုလျက် ...

"လူညစ် .. ရှင့်ကို မုန်းတယ် သိလား .. အရမ်းမုန်းတယ်"

ငိုနေသည့် လက်သီးဆုပ်လေးတွေမှာ အင်အားမဲ့နေရာ ခေတ်က လက်လေးတွေကို ဖမ်းကိုင်ထားပြီး တစ်ကိုယ်လုံးကို တယုတယ သိမ်းဖက်ထားလိုက်၏။

ထို့နောက် ဆံနွယ်ရှည်များနှင့် ကျောပြင်လှလှလေးကို မြတ်နိုး စွာ တို့ထိ ကိုင်နေရင်း ...

"နမ်းတာလေးနဲ့တော့ ထပ်မမုန်းပါနဲ့ .. မင်းကို ကိုယ် ဒီထက် ပိုင်ခွင့်ရှိအောင် ကြိုးစားဦးမှာ"

သူ့ကို သဘောတူ ကြည်ဖြူတာလည်း မဟုတ်၊ အရှုံးပေးလိုက် တာလည်း မဟုတ်ပါ ..။ ဒါပေမယ့် သူ့ရင်ခွင်ထဲမှာ မူလ ရှိုက်သံလေး တွေ မလွတ်မြောက်ခဲ့တာ သေချာ၏။





**အခန်း (၃၈)**

ချောင်းသာမှာ ရှိနေသမျှ ညှော့သည်တွေ အကုန်လုံးပဲ တက် ရောက် အားပေးကြသလား မသိ ..၊ လူလူ့ ရဲ့မွေးနေ့ပွဲက ဟိုတယ်လ်ရှေ့ တစ်ပြင်လုံးသာမက ကမ်းခြေဘက်အထိ ပရိသတ်တွေနဲ့ ပြည့်နေ၏။

ခင်းကျင်းထားတာလည်း တခမ်းတနားရှိကာ ဟိုတယ်လ်ပိုင်ရှင် လွှဲပြောင်းခြင်း၊ မွေးနေ့လက်ဆောင်အဖြစ် ထပ်မံ လွှဲအပ်ခြင်း စသည့် အစီအစဉ်များနှင့် ထူးခြားနေသေးသည်။

ခေတ် က သားလေးနှင့်ဆင်တူ အဖြူရောင် အနောက်တိုင်း ဝတ်စုံနှင့်ဖြစ်ကာ မူလ က တမင်တကာ ကွဲပြားအောင် မီးခိုးရောင် ပိုးပျော့လေးကို ရိုးရိုးလေးပဲ ဝတ်ထား၏။

သို့သော် ဆံးကွင့်တွေနှင့် ကျောက်နက်လေးတွေ ပြိုးပြက်လက် နေသဖြင့် သူမက မပေါ်လွင်အောင် တမင် လုပ်ပေမယ့် ပိုလှနေခဲ့ သည်။

ဆံပင်ကို ဒီတိုင်း ကလစ်နဲ့ ညှပ်ချထားမည်ဆိုသဖြင့် သို့ ကပဲ ဖွတ်အတင်း ထုံးဖွဲ့ပေးရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်သားလေးရဲ့ မွေးနေ့လေ မူလ ရဲ့ .. ပြင်ဆင်ထားတဲ့ အခမ်းအနားကိုလည်း ကြည့်ပါဦး၊ ဒါကို လက်ခံခဲ့ပြီးကာမှတော့ တူတူတန်တန်ဖြစ်အောင် ပြင်ရမှာပဲ"

"မဟုတ်ဘူး .. ဒီပွဲကြောင့် ငါ ဘာတွေ ရင်ဆိုင်ရမလဲဆိုတာ ငါ့ကိုယ်ငါ ကြိုသိနေတယ် ညို ..၊ ခေတ် သက်သက် ငါ့ကို ချောင်ပိတ်ဖမ်းဖို့ စီစဉ်ထားတာ"

"အစတည်းကလည်း လင်မယားတွေပဲ မူလ ရယ် .. လူတွေ ထင်အောင် သူလုပ်တော့လည်း ထင်ကြပစေပေါ့၊ တကယ်တမ်း နင် လက်မခံဘဲ သူ ဇွတ်ပေါင်းလို့ မရပါဘူး"

ညို က ဒိုင်ခံ ဖျောင်းဖျပြီး ဆံပင်ရှည်တွေကို သုံးစုခွဲ၍ တစ်စု ချန်ထားပြီး ထုံးဖွဲ့သည်။ မြင့်မြင့်ထောင်ထောင်ကြီး မဟုတ်ဘဲ ရှေ့မရောက် နောက်မကျ ပွပွလေး ထုံး၍ ကျန်သည့် ဆံပင်တို့ကို ရှေ့မှာ ရင်ညွန့်လောက်ထိ မတိုမရှည်လေး ပြန်ချပေးသည်။

ခရမ်းရင့်နှင့် အဖြူကျားသော သစ်ခွပန်းလေး သုံးပွင့်လောက် ကပ်ပန်ပေးလိုက်တာနှင့် မူလ မျက်နှာလေးက ဖွေးဖွေးနုနုနှင့် ကြည့်မဝချင်ဖွယ် ဖြစ်သွားသည်။

"လှနေတာကို မလှအောင် ဘယ်လိုလုပ်လုပ် ရကို မရတာ" ဟု မူလ ကို မကြာခဏလှမ်းကြည့်ဖြစ်ရင်း တစ်ယောက်တည်း ပြောမိသေးသည်။

ဒီညဟာ ကမ်းခြေရဲ့ အလှဆုံးည ထင်သည်။ တခြား ဧည့်သည်တွေကတော့ မူလ တို့ အိမ်ထောင်ရေးအကြောင်းကို မသိကြဘဲ ပျော်စရာမိသားစုလေးလို့ မြင်ကာ အားကျဝမ်းသာသည့် အကြည့်တွေနှင့်..။

အစီအစဉ်တွေ တစ်ခုပြီးတိုင်း လက်ခုပ်သံတွေနှင့်အပြိုင် မီးရှူးမီးပန်းတွေ တဒိုင်းဒိုင်း ထိုးတက်သွားကာ ပွဲ-ပွဲ ခုန်ပေါက် အော်၏။

"ဟိုက။ ပ်လ်က သူ့ဒွေးအသစ် ပြောင်းသွားတာလား .. ငယ်ငယ်





လေးတွေပဲ"

"ခေတ် .. ဟိုမှာ မင်းတို့လင်မယားနဲ့ မိတ်ဆက်ချင်လို့တဲ့"

စကားသံတွေ တစ်ယောက်တစ်မျိုးထဲမှာ မိတ်ဆက်ချင်သူတွေ ရှိလာတိုင်း မူလ ခေါင်းကြီးသည်၊ သားရဲ့မင်္ဂလာညမှာ သားလေး ကိုယ်တိုင်က လူမမာ နာလန်ထလေး ဖြစ်သည်။

ထို့ပြင် ကလေးမသိခဲ့သော မိဘတို့၏ အိမ်ထောင်ရေးကို ဒီ အချိန်ကျမှ မသိစေလိုပေ။ ထို့ကြောင့် ...

သိနေပြီးတဲ့လူတွေက 'သည်လင်မယား အိုခေသွားပြီလို့' သူတို့ချင်း တိုးတိုးတိတ်တိတ် အဖြေထုတ်နေကြတာ ကြားလည်း မဖြေရှင်းနိုင် ..။

မသိတဲ့လူတွေက ပုံမှန်မိသားစုလေးလို့ ထင်ပြီး စုံတွဲနှုတ်ဆက်ချင်တာကိုလည်း လိုက်လျောနေရ၏။

တစ်ခါတစ်ခါ ခေတ် ရဲ့လက်က ပခုံးပေါ်ကနေ ခါးလှလှလေးဆီ ကျကျနန နေရာယူသေးသည်။

တခြားလူတွေထက် သိနေကြတဲ့လူတွေ သွားအဖြီးသားနဲ့ ကြည့်ကြတာကို မူလ ရှက်လို့မဆုံး ..၊ တချို့ကျတော့ ကလေးတွေချင်း မှန့်တွေခွံ့ပြီး ပုတ်ခတ် ခုန်ပေါက် ဆော့နေတာကို ကြည့်၍ ဟိုပြော ဒီပြော ..။

"ကလေး ဒီအရွယ်ရှိနေကာမှ နောက်ထပ်တစ်ယောက်တော့ ထပ်ယူသင့်နေပါပြီ"

"အေးလေ .. ကလေးဆိုတာ မွေးချင်းမောင်နှမ မရှိရင် ဥတစ်လုံး တစ်ကောင်ကြွက်ပဲ၊ အရမ်း သနားဖို့ကောင်းတာ၊ စည်းစိမ်ခြွေရံတွေ ရှိနေတာနဲ့ မောင်နှမအရင်းတွေရှိတာ မတူဘူးလေ"

"ဟုတ်တယ် .. နောက်တစ်ယောက် ထပ်ယူဖို့ နည်းနည်းပါးပါး လုံ့လစိုက်ပါဦး" ဆိုတာတွေ မသိတဲ့လူတွေက မသိလို့ ပြောတာကို



www.burmeseclassic.com

www.burmeseclassic.com



ခေတ် ရဲ့မျက်လုံးတွေက ကိုယ့်ဆီမှာ တဝဲဝဲ ...။

"အရမ်းလိုက်ဖက်တဲ့ ဇနီးမောင်နှံပါဗျာ .. ဒီမိသားစု ရာသက်ပန် ချစ်ခင်မြဲမြဲစွာ စည်းလုံး ပေါင်းဖက်နိုင်ပါစေ"

"သည်လင် သည်မယား ဒီသားလေးနဲ့ နောက်ထပ် သားသားမီးမီးတွေနဲ့ ရာသက်ပန် ချမ်းမြေ့ ပျော်ရွှင်ပါစေ"

ဆုတောင်းသံတွေထဲမှာ မနေ့တစ်နေ့က အခြေအနေတွေ လုံးဝမပါ ...။ ပွဲပြီးတော့ ညဥ့် နှစ်နာရီလောက်ရှိပြီ ဖြစ်သည်။ ဒါတောင် မီးပုံပွဲတွေ ဆက်လုပ်ကြ၊ သီချင်းဖွက်ကြနှင့် ကမ်းခြေမှာ လူတွေ လျော့ပါးမသွားသေးပေ ...။

"သမီးနဲ့ သားတို့ သွားနားကြတော့လေ၊ မြေးလေး နေမကောင်း ဖြစ်တည်းက အားလုံး အိပ်ရေးပျက်ထားကြတာကို"

'သမီးနဲ့ သားတို့ နားကြတော့'ဆိုကတည်းက ခေတ် ရဲ့လက်က မူလ ရဲ့လက်လေးတစ်ဖက်ကို ဆုပ်ကိုင်ထားပြီးသား ...။

မူလ ပြန်ရှန်းပစ်ကာ ...

"သားလေးရော အမေ"

"မြေးက သမီးတို့ ကံစမ်းမဲ ဖွင့်ပေးနေကတည်းက သူ့အဘိုးနဲ့ အထဲဝင်သွားတာ"

"မြေးက အိပ်နေတာ ကြာလှပြီ"

ဦးထွန်းမင်း ကလည်း အဝတ်အစားလဲပြီးပြီဖြစ်ကာ နောက်ကနေ ရောက်လာပြီး ...

"ဒီမှာ ဆူညံနေတာဆိုတော့ ပြောဆို မကောင်းဘူး၊ သမီးလည်း ပြောချင်တာတွေ ရှိနေမှာပဲ၊ သမီးနဲ့ တစ်နေရာရာမှာ ဆွေးနွေးကြလေ"

လိုရင်းကိုပဲ ဦးတည်ပေးလိုက်လျှင် ဒေါ်ရွှေသဇင် ကလည်း စိတ်ကောင်းသည့်မျက်နှာနှင့် ခပ်ငိုင်ငိုင် ဖြစ်သွားကာ ...

"[illegible]ပါတယ် .. ဒီအခြေအနေ ဖြစ်သွားခဲ့တာ မရမက ဖန်တီး





ယူခဲ့တာတော့ မဟုတ်ဘူးဆိုတာ သမီး ယုံပါကွယ် .. မွေးနေ့ကျင်းပခြင်းရဲ့နောက်မှာ အလိုအလျောက် ဖြစ်သွားခဲ့တာပါ၊ အခု ဘာလိုလို ဖြစ်ကျန်ခဲ့တဲ့ အခြေအနေကို သမီးပဲ ဆုံးဖြတ်ပါ၊ သမီး သဘောအတိုင်းပါပဲ"

လူကြီးတွေ စကားဆုံးသည်နှင့် ခေတ် က မူလ လက်လေးကို ဆွဲခေါ်သွားခဲ့၏။ မလင်းမမှောင် နေရာလေးမှာ အသံတွေနဲ့ အလှမ်းဝေးသွားတာနှင့် တုံ့ခနဲ ရပ်ပစ်လိုက်ကာ ...

"ကိုယ်ကတော့ မင်းသဘောအတိုင်း ဆုံးဖြတ်ခွင့် မပေးနိုင်ဘူး"

ယတိပြတ် ကြေညာသည်။ လက်ကိုရှန်းတော့ ပခုံးနှစ်ဖက်ကို ဖိညှစ်ဆုပ်ကိုင်လိုက်ပြီး ...

"ဒီပွဲက ဒုတိယအကြိမ် ကိုယ်တို့ရဲ့ ရွှေရတုပဲ၊ ဒီပွဲမှာ မင်းကို ပြန်သိမ်းပိုက်မယ်ဆိုတာ အစကတည်းက သေချာထားပြီးသား၊ နောက်ထပ် ရှင်းအောင်ပြောရရင် ဒီညကစပြီး မင်းကို ပြန်ခွင့်မပြုနိုင်ဘူး"

"ရှင် ဖယ်စမ်းပါ"

မူလ သူ့လက်တွေကို အကြမ်းပတမ်း ပုတ်ထုတ်ပစ်သည်။ ပြီးတော့ သူ့ရင်ဘတ်ကိုပါ တွန်းပစ်လိုက်မိကာ ...

"ရှင့်ရဲ့ သိမ်းပိုက်ခြင်းတွေကို ပွေ့ပိုက်ပြီး အဲဒီမှာ လဲသေလိုက်"

"ဘယ်ရမလဲ .."

"ရှင် .. လွှတ်နော်"

ဆွဲလားရှန်းလား ဖြစ်သွားတာ ခဏလေးဖြစ်လျက် မူလ သူ့လက်တွေထဲမှာ အချုပ်ခံလိုက်ရပြန်၏။

"ဟုတ်တယ် .. မင်းကို ဆုံးရှုံးရရင် ကိုယ် သေမလောက် ဖြစ်သွားဦးမှာပဲ၊ ဒါပေမယ့် ခုတစ်ခါ ဒီတိုင်း မကျန်ခဲ့နိုင်ဘူး"

"ဘာလုပ်တာလဲ .. ရှင် .. ခေတ် .. အဲဒါ ဘာလဲ၊ မေးနေတာကို



www.burmeseclassic.com

www.burmeseclassic.com



ပြော ..''

လက်တစ်ဖက်ကိုဆွဲပြီး လူတွေ စုရုံး ပျော်ရွှင်နေတဲ့ဆီ တောက်လျှောက်သွား၏။ မူလ ဘာမှန်းမသိပေမယ့် လန့်ဖျန့်ပြီး တအား ပြန်ရုန်း၍ ...

''ရှင် ဘာလုပ်တာလဲ .. မေးနေတာကို မကြားဘူးလား''

''ကြားတယ် .. မဖြေချင်လို့ လက်တွေ့ပြရအောင် ခေါ်လာတာ''

''ဘာ!...''

''ဟုတ်တယ် .. သားရဲ့မွေးနေ့ပွဲကို တက်တဲ့လူတွေ ခုထိ ရှိနေကြသေးတယ်၊ မိုးလင်းသွားလည်း ဒီမှာ ရှိနေကြဦးမယ့်လူတွေပဲ၊ ဒီခါ မင်း ကြေညာလေ၊ ညက အားလုံး ထင်သလို မဟုတ်ပါဘူး၊ ကျွန်မတို့ ကွဲနေကြတာ ကြာပါပြီ၊ ဒီလူ စားပြုတိုက်သလို ပေါင်းသင်းဖို့ ကြိုးစားနေတာပါ၊ မင်း ပြောနိုင်သလောက် ပြောပြလိုက်၊ ငါ့ကို သေအောင် မုန်းနေရင် ဒီကလေးက သူ့သား မဟုတ်ပါဘူးလို့ပါ လုပ်ကြဲပြော ..၊ မင်းရဲ့နောက်မှာ တစ်ခွန်းမှ မဖြေရှင်းဘဲ ငါ ခေါင်းငုံ့ပြီး ရပ်နေပေးမယ်''

''ကြည့်စမ်း .. ရှင် .. ရှင် သားလေးကိုတောင် ပြောရက်တယ်''

နင့်နေအောင် ကြေကွဲခြင်းသည် ရက်စိတ်တွေကြောင့် မီးရှူးတွေလို တိုးဆောင့်ကာ လက်ကို ရိုပ်ခနဲ ပါသွား၏။

ခေတ့် မျက်နှာ ဖြောင်းခနဲ လည်ထွက်သွားသည်။ ရိုက်ပစ်လိုက်ပြီးမှ လက်ကို ဖိညှစ်ဆုပ်ပစ်ပြီး မူလ ရှိုက်ငို၏။

ခေတ် က မျက်နှာ ပြန်လှည့်လာ၍ ဖွာထွက်သွားသည့် ဆံပင်တွေကို လက်နဲ့ ထိုးသိပ်တင်သည်။ ပြီးတော့ အကြာကြီး ငေးကြည့်နေပြီးမှ ...၊

တရှိုက်ရှိုက်ငိုနေသည့် မူလ ကိုယ်လေးကို ရင်ခွင်ထဲသို့ ဆွဲသွင်း၍ တင်းတင်းကျပ်ကျပ် ဖက်ထားလိုက်ပြီး ...





''မင်းကို အရမ်းချစ်တယ် မူလ .. ကိုယ်ကို ခွဲမသွားပါနဲ့၊ ကိုယ်ရှုံးအောင် ထပ်မနိုပ်စက်ပါနဲ့ မူလ ရယ် .. မင်းက ကိုယ့်ရဲ့ဘဝ၊ ကိုယ့်အတွက် မင်း မရှိလို့ မဖြစ်ဘူး၊ မင်းကလွဲပြီး ဘယ်သူ့ကိုမှလည်း မချစ်နိုင်ဘူး၊ ကိုယ့်ကို ယုံကြည်ပေးပါ ..''

စကားတွေ ဆိုနေရင်း မူလ မျက်နှာလေးကို မက်မောမြတ်နိုးသည့်အနမ်းတွေနှင့် ကြာရှည်စွာ မွှန်းကျပ်စေခဲ့၏။

ပါးပြင်မှာ မျက်ရည်လက်စတွေ မကျန်အောင် သူ့အနမ်းတွေ ဖြန့်ခင်းသွားသည်။ မျက်တောင်ဖျားတွေကအစ မျက်ရည်တွေ ခြောက်သွေ့စေခဲ့၏။

မူလ သူ့လက်တွေကို ဖယ်ချပစ်ဖို့ မေ့နေခဲ့လေသည်။ ကိုယ်တိုင် မသိခဲ့သည့် လက်တို့က ခေတ် ရဲ့ကျောပြင်ကို ပြန်လည် ဖက်ထားမိ၏။

သူမ ကျေနပ်လိုက်ပြီလား ..၊ ဘယ်တော့မှ မယုံနိုင်ပါဘူးဆိုပြီး ယုံကြည်ပေးပါဆိုသည့် သူ့စကားတစ်ခွန်းနဲ့ပဲ ယုံလိုက်တာလား ..။

ဒါမှမဟုတ်လျှင် ပါးတစ်ချက်ရိုက်လိုက်တာနဲ့ပဲ အတိတ်က အရာရာတွေကို ပြည်ဖုံးကားချလိုက်နိုင်သည်လား ..။

မေးခွန်းတိုင်းမှာ အဖြေမရှိခဲ့သော်လည်း သူ့အနမ်းတွေကို ရင်ခုန်သံများက စည်းချက်ညီညီ လက်ခံနေခဲ့ကြသည်။

ချစ်မိသွားတာလား .. သူက ချစ်သလားလို့ ဒီတစ်ခါ မေးရင်ရော ...

''ချစ် ..''

ဟင်!...

ပူးယှက်ငြိမ်သက်နေတုန်း ဖလက်ရှ်ရောင် ဝင်းခနဲ ဖြစ်သွားသဖြင့် လန့်သွားကြ၏။ ချစ်မင်းဦး ရယ် .. လူငယ်နှစ်ယောက်ရပ်ကသွားတွေ အဖွေးသားပေါ်အောင် ရယ်နေလျက် ...



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီးနော် .. ဆောရီး၊ ဒါကို ပျောက်ပျက်မခံနိုင်လို့ မှတ်တမ်းတင်ထားလိုက်ရတာ၊ ဟဲ .. ဟဲ .."

"ဟုတ်တယ် ဖိုးခေတ် .. မင်းတို့လင်မယား ပြန်ပေါင်းထုပ်တာကို လာချောင်းတာ မဟုတ်ဘူး၊ ကလေး နိုးနေပြီ၊ သူ့အမေနဲ့အဖေ ဘယ်မှာလဲဆိုလို့ လိုက်ရှာတာ"

"အင်းနော် .. အဖေနဲ့ အမေက ဒီမှာ လာချိန်းတွေ့နေတာ"

"ကဲ တော်ပါကွာ .. ချစ်မင်းဦး .. မင်း ပြန်တော့"

"ပြန်မှာပါ"

စကားတွေ မပြတ်ကြစဉ် မူလ ရှက်လွန်းသဖြင့် သားဆီ သွားချင်တာတောင် ခေါင်းမဖော်ရဲဘဲ ဖြစ်နေ၏။

"ပြန်သွားကြပြီ"

ခေတ် က မူလ လက်ဖဝါးလေးကို ဆုပ်ယူပြီး ပခုံးလေးပေါ် လက်တင်ကာ ...

"ကိုယ့်ကို ဒီတစ်ခါ ယုံကြည်မယ်မို့လားဟင်၊ မော့ပါဦး .."

"မူလ .."

မျက်ရည်ဝဲ့နေသည့် မျက်ဝန်းလေးတွေက တုန်ယင်လှုပ်ခတ်နေသော မျက်တောင်များတို့ကြောင့် ချစ်ဖို့လည်း ကောင်းသည်၊ သနားခံနေပုံလေးလည်း ရှိကာ ...

"အရင်အတိုင်း ပြန်ဖြစ်ကြရင် အရင်လို ပူလောင်မှုတွေပဲ ရမှာကို ကျွန်မ ကြောက်တယ်"

"မူလ လို့ပဲ ပြောပါ၊ မင်းကို ကိုယ် ဒီလောက်ထိ ချစ်နေတာတောင် ကြောက်စရာ ဘာရှိလို့လဲ ..၊ ဘာကို မယုံသေးတာလဲ မူလရယ် .. အရင်လို မောင်လို့ ခေါ်သံလေးလည်း ကိုယ် ပြန်ကြားချင်တယ်၊ ကိုယ့်ကို ပါးရိုက်လိုက်မိပြီး မင်းစိတ်တွေ နူးညံ့သွားတာဆိုရင် နောက်ထပ် ပါးတစ်ဖက်ပေးမယ်၊ မောင်လို့ ပြန်ခေါ်မလား"





စိုနေသည့် မျက်ရည်စတို့က မျက်ဝန်းမှာ ချက်ချင်း ပြည့်တက်လာကြ၏။ သူ့ကို မော့ကြည့်ရင်း မူလ မျက်နှာလေး ငိုမဲ့မဲ့ ဖြစ်သွားကာ ...

"မူလ မှားသွားပါတယ် .. ကိုယ်လည်း မှားခဲ့သားနဲ့ ရှင့်ကို.."

"ဘယ်သူမှားမှား အဲဒါတွေကို ထားခဲ့လိုက်ကွာ .."

သူ မူလ မျက်ရည်တွေ ပါးပေါ်ကျမလာခင် ပွတ်တိုက် ဖျက်ပစ်ပေးရင်း နဖူးလေးကို ငုံ့နမ်းသည်။

"မင်းစိတ်လေး ဘယ်လောက် ဖြူစင်နူးညံ့တယ်ဆိုတာ ကိုယ်သိတယ်၊ အဲဒါကြောင့် နွယ် လုပ်ကြံလိုက်တော့ ကိုယ် အရမ်း ပေါက်ကွဲခဲ့တာ၊ မညို ရှင်းပြတဲ့အချိန်ကျမှ မင်းကို ပိုနားလည်ခဲ့ပေမယ့် ကိုယ့်အပေါ် ရက်စက်တယ်လို့ ထင်နေရက်နဲ့ပဲ မင်း ပျောက်သွားတော့ ရူးမတတ် ခံစားရတယ်၊ မင်း ကိုယ့်အတွက် သားလေးကို ယူခဲ့တာတွေ၊ တစ်ယောက်တည်း ကြိတ်ခံစားခဲ့တာတွေ အားလုံး သိရတော့ မင်း နာကျင်ထိတ်လန့်နေခဲ့တဲ့ အပေါ်ယံ ရုပ်ထွေးမှုတွေရဲ့နောက်မှာ ကိုယ့်အတွက် အချစ်တွေ ရှိနေတယ်ဆိုတာ ယုံကြည်သွားတယ်"

ပါးနှစ်ဖက်မှာ ကိုင်ထားသည့် သူ့လက်တွေကို မူလ ထပ်အုပ်ကိုင်ကာ ...

"သားလေးဆီ သွားရအောင်"

"ကိုယ်တို့ ဆွေးနွေးနေတာ ပြေလည်သွားပြီမှန်း ဒက်ဒီတို့ သိနေမှာပါ၊ သားကို ကျေနပ်အောင် ထိန်းထားကြလိမ့်မယ်၊ ဒီမှာ.."

သူ မူလ မျက်နှာလေးကို မော့ယူလိုက်ကာ ...

"ကိုယ့်ကို ချစ်တယ်မို့လားဟင်"

မူလ နှုတ်ခမ်းလေး စေ့သွားတော့ သူ မထိတထိလေး ငုံ့နမ်းလိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဟိုအရင်ကတည်းက ကိုယ် လိုချင်တဲ့ အချစ်ကြောင့် ရင်ခုန်သံအားလုံးက မင်းဆီမှာပဲ ရှိခဲ့တာပါ၊ အရမ်းလှနေတဲ့ ကိုယ့်မိန်းမကို ပြန်တွေ့လိုက်ရတော့ မင်းကို ပြန်ပိုင်ဆိုင်ရဖို့အတွက်ဆို မိုးကိုပဲ ဒူးနဲ့ ပြေးတိုက်ရတိုက်ရ .. မိုက်တီမိုက်ကန်းကို လုယူချင်တာ၊ ပြိုင်ဘက်မရှိဘဲ တစ်ယောက်တည်း မောနေတာ သိလား .. သားက မေမေနဲ့ ဖေဖေ ဘာဖြစ်လို့ ခုထိ မခေါ်ကြတာလဲလို့ ခဏခဏ မေးတယ်၊ သူ သိတာက ကိုယ် အိမ်ပြန်နောက်ကျလို့ မင်း စိတ်ဆိုးနေတယ်လို့လေ .."

"ရှင်ကို .."

"မောင်လို့ မခေါ်ချင်သေးဘူးလား .. ကိုယ့်ပါးတစ်ဖက် ပေးပါ့မယ်ဆို .."

ပြောပြီး ရယ်ကျဲကျဲနှင့် သူ့ပါးတစ်ဖက် ထိုးပေးသည်။ မှူလ ရင်နင့်သွား၏။ ထိုပါးပြင်ကို ခြေဖျားလေးထောက်၍ နမ်းမိကာ ...

"မှူလ ကို နောင်ထပ် မခွဲနဲ့ပါနဲ့ မောင် .."

"ဟား .. အရမ်းချစ်ဖို့ကောင်းတဲ့ ကိုယ့်မိန်းမ"

ခေတ် အပျော်လွန်ကာ မှူလ တစ်ကိုယ်လုံးကို တင်းခနဲ ဖက်သည်။

"နောက်ဆို ကိုယ်တို့ ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ နေကြမယ်၊ ဒေါသဖြစ်စရာတွေ့ရင်လည်း အုန်းအုန်းဒိုင်းဒိုင်း ရန်ထဖြစ်မယ်ကွာ၊ ကိုယ်လည်း သည်းခံတတ်တာ မဟုတ်ဘူး၊ မင်းလည်း မျိုသိပ်မထားနဲ့၊ စိတ်ထဲမှာ ဘာမှ မထားရဘူး၊ ကိုယ့်တစ်ကိုယ်လုံးကို မောင်းထဲပဲ ထည့်ထောင်းထောင်း ကြိုက်သလို စီရင်၊ ကိုယ်က ပြန်ပေါက်ကွဲရင်လည်း မင်းရဲ့အသားကိုတော့ ထိမှာ မဟုတ်ဘူး၊ အိမ်မှာ ရှိသမျှတွေပဲ ကုန်မှာ"

ပြောလိုက်ပြီး ခပ်ကြိတ်ကြိတ် ရယ်ကာ ...





"ရန်ဖြစ်ပြီးရင် ပြန်ချစ်လို့ ရတယ်၊ မျိုသိပ်တာ၊ သည်းခံတာတွေကို ကိုယ် မလိုချင်ဘူး၊ မင်း ကြောက်နေတာက တစ်မျိုး၊ ကိုယ် ကြောက်နေတာက မင်းကို နောက်တစ်ခါ စွန့်လွှတ်လိုက်ရမှာပဲ၊ အဲဒါကြောင့် ကိုယ်နဲ့ပတ်သက်ပြီး တလွဲထင်စရာရှိလာရင် ခွင့်မလွှတ်နဲ့ .. သည်းမခံနဲ့"

"မောင်ကလည်း မှူလ ကို ရွဲ့နေသလိုပဲ"

"ဟာ .. လုံးဝ မဟုတ်ဘူး၊ ဒီလောက် ချစ်နေတာကို ရွဲ့စရာလား၊ နှစ်တွေအများကြီး ခွဲနေခဲ့ရတဲ့မိန်းမကို ခုမှ ချစ်ခွင့်ရတာ၊ ကိုယ် ဘယ်လောက် ပျော်နေသလဲ သိလား .. နောက်ထပ် ဘယ်မိန်းမနဲ့မှလည်း ထင်စရာ မြင်စရာဖြစ်အောင် ကိုယ် မနေဘူး၊ မင်းကို ဘာမှ မလုပ်နိုင်းဘဲ ကိုယ့်ဘေးမှာပဲ ထားမယ်၊ သေချာတယ် .. ကိုယ်တာနေ့ာယကျ့ဖြစ်တော့မှာ"

"မှူလ ကို အဲဒီလောက်ထိ တကယ် ချစ်တာလားဟင်"

"မိုတာပေါ့ .. ဒီကောင် ပလီနေတာလို့ထင်မှာ စိုးလို့၊ လက်တွေ့ပြဖို့ ချန်ထားတာ"

"မောင့်ကိုလည်း မှူလ ချစ်တယ်"

"ဟုတ်ပြီ .. ဆက်ပြော .."

"မောင်ကလည်း .. ဟိုမှာ သူတို့ ပြန်လှည့်ကြည့်နေကြတာ"

ခေတ် က အတင်းဖက်ကာ မှူလ ရင်ဘတ်လေးပေါ်ထိ ငုံ့ချလာပြီး နှာနှဲ့ ထိကပ်ထား၏။ ခါးလေးကို ဖက်ထားတာမို့ ရုန်းလို့လည်း မရ ...။

"ကြည့်ပလေစေ .. ဒီကောင်တွေ ဝါသနာပါတယ်၊ ဆက်ပြောပါကွာ .. ဘယ်လောက်ထိ ချစ်လဲ"

"မောင့်ကိုပဲ ပထမဆုံး ချစ်ခဲ့ဖူးတာ၊ အခုလည်း မောင့်ကိုပဲ နောက်ဆုံး စုံပြီး .."



www.burmeseclassic.com

www.burmeseclassic.com



"ဟင် .. ပြောလေ .. ဘာလို့ ရပ်သွားတာလဲ"

"လွှတ်ပါ မောင်ရယ် .. ခုနကလို သူတို့ခေါတ်ပုံ ရိုက်နေကြဦးမယ်"

"ရိုက်တော့ ဘာဖြစ်လဲ"

ခေတ် က မူလ ရဲ့ လည်တိုင်နုနုလေးကို နမ်းသည်။ ပြီးတော့ မေးဖျားလေးကနေ နောက်ထပ် အနမ်းများနဲ့ မွေမူးခဲ့ရင်း ...

"မင်း သတိရလား .. ကိုယ်တို့ ချောင်းသာမှာပဲ မင်္ဂလာဦးည ဖြစ်ခဲ့တာ .."

"အင်း .."

"ဒီည ကိုယ်တို့ရဲ့ ဒုတိယမြောက် မင်္ဂလာဦးည"

"ဘယ်သူက ပေးမယ် ပြောလို့လဲ"

"ဒီလိုလား .."

"မောင်နော် .. သွား .."

ရင်ခုန်သံတွေကို မကြားရဲပေမယ့် သူ့ရင်ခွင်မှာ မှေးမှိုလိုက်သည်နှင့် နှစ်ဦးစလုံး၏ ရင်ခုန်သံတွေက ဆူညံနေသည်။

မောင်နဲ့ ထာဝရ ချစ်ပါရစေ ..။

**လရောင်ကျူးရင့်**



BURMESE CLASSIC .com

www.burmeseclassic.com